
www.burmeseclassic.com

တက္ကသိုလ်

# နှောင့်ဒေါင်

ဝမ်အင်း၏စုန်းစိုဂူးချိန်

## အမွေခံတာပည့်မိုက်



www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

# အမွေခံတပည့်မိုက်

(ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၁၁၈၈၁၀၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၂၃၀၁၁၁၀

၂၀၁၁ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဦးကျော်ဟင်း။ (ယုံကြည်ချက် စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း။
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း။ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅-လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

BURMESE CLASSIC .com

**နိုင်ငံတော်ဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စုမပြိုကွဲရေး — နိုင်ငံ့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — နိုင်ငံ့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — နိုင်ငံ့အရေး

**ပြည်သူ့သဘောထား**

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- ☆ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com



## သတ္တိခဲ

ညနေဆည်းဆာအချိန် ....

ခရီးသွားကုန်သည်တစ်စုသည် တောလမ်းကလေးအတိုင်း ခရီးနှင်နေကြလေသည်။ နေမဝင်မီ... တောလမ်းလေးကိုဖြတ်ကျော်နိုင်ရန် ကုန်သည်များအားခဲကာ ခရီးသော့သော့နှင်နေကြခြင်းဖြစ်လေသည်။

တောလမ်းလေးမှာ နေဝင်မိုးချုပ်သည်နှင့် အန္တရာယ်များလှကြောင်း ခရီးသည်တိုင်း သဘောပေါက်ထားကြသောကြောင့် ဖြစ်သည်။

မကြာမီ မိုးချုပ်သွားမည့်အရေးကိုတွေးတောပူပန်မိသော ခရီးသွားကုန်သည်တစ်ယောက်က....

“နေဝင်တာကလဲ သိပ်မြန်လွန်းလှတယ်ဗျာ... မိုးမချုပ်ခင် မြို့လေးကိုတောင် ရောက်နိုင်ပါ့မလားပဲ”

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ထိုလူ၏အဖော်ဖြစ်သူက ....

"မြို့ကိုရောက်တာ မရောက်တာ အရေးမကြီးဘူး၊ ဒီတောလမ်းကလွန်မြောက်သွားဖို့အရေးကြီးတယ်၊ သိပ်စိတ်ချရတာမဟုတ်ဘူး၊ တောတွင်းထဲမှာ ဓားပြတွေခိုအောင်းနေနိုင်တယ်ကွ"

ဤတွင် လူငယ်တစ်ယောက်က ခါးတွင်ချိတ်ထားသောဓားကိုလက်ဖြင့်ပွတ်လိုက်ပြီး ....

"အို.... သတ္တိရှိရင် လာကြစမ်းပါစေ၊ ကျွန်တော် သူတို့ကို ကောင်းကောင်းကြီးဆုံးမပြလိုက်မယ်"

လူငယ်၏စကားသံအဆုံးတွင် ဟက်ခနဲ ရယ်သံတစ်ချက်ထွက်ပေါ်လာသည်။ လူငယ်က ရယ်သံထွက်ပေါ်လာရာဆီသို့ ဖျတ်ခနဲလှမ်းကြည့်လိုက်သည်။ ထိုအခါမှ မြင်းလှည်းတောင့်တစ်နေရာမှ ကုန်ပစ္စည်းများကြား ကတ်သီးကတ်သတ်လိုက်ပါလာသည့်အဘိုးအိုက ရယ်မောလိုက်ခြင်းဖြစ်ကြောင်း တွေ့ရလေသည်။

ထိုအဘိုးအိုသည် မြင်းလှည်းခရီးတစ်ထောက်နားခဲ့စဉ် လမ်းကြုံလိုက်ခွင့်တောင်းသဖြင့် ကုန်သည်ခေါင်းဆောင်က လက်ခံခေါ်ဆောင်လာခဲ့သူဖြစ်သည်။

အဘိုးအိုကရယ်လိုက်သဖြင့် ထိုလူငယ်မှာ မကျေမနပ်ဖြစ်သွားပြီး ....



"ခင်ဗျား ဘာရယ်တာလဲဗျ"

ဟု အသံမာမာဖြင့်လှမ်းမေးလိုက်သည်။

အဘိုးအိုက....

"မောင်ရင်လေးကိုသဘောကျလို့ပါကွယ်"

"ဘာဗျ"

"ဓားပြနဲ့တွေ့ရင် မောင်ရင်လေးကဆုံးမမယ်ဟုတ်လား"

"ဟုတ်တယ်လေ... အဲဒါဘာဖြစ်သလဲ"

"လူဆိုးဓားပြတွေက ခုခံရဲတဲ့လူတွေအပေါ်မှာသာ အနိုင်ကျင့်ဗိုလ်ကျရဲတာမဟုတ်လား။ သူတို့ကိုဆုံးမမဲ့လူနဲ့တွေ့ရင် ကြောက်လန့်ပြီးထွက်ပြေးသွားကြမှာပဲ၊ မောင်ရင်လေးက မတရားမှုကိုခေါင်းငုံ့မခံဘဲရင်ဆိုင်မှာမို့ သဘောကျပြီးရယ်လိုက်မိတာပါ"

အဘိုးအို၏စကားကြောင့် လူငယ်စိတ်ဆိုးပြေသွားသည်။

"ကျွန်တော် တကယ်ပြောတာဗျ။ ဓားပြတွေနဲ့တွေ့ရင်တော့ ကောင်းကောင်းကြီးဆုံးမပြလိုက်မယ်၊ ဓားပြတွေသာ ထွက်လာကြစမ်းပါစေ"

သူ့စကားကြောင့် ပုပုဝဝတုန်သည်ခေါင်းဆောင်က....

"ဟေ့.... မဦးမချွတ်ပြောမနေစမ်းပါနဲ့ကွာ"

ဟုလှမ်းရှုပ်ဖြန့်တားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ဓားပြတွေကို တာကယ်ဆုံးမပစ်မှာဗျ။ သူတို့ သာထွက်လာရဲ ....."

သူ၏စကားမဆုံးမီမှာပင် ....

"ဟိတ်.... ရပ်လိုက်စမ်း"

"အားလုံးသေကုန်မယ်.... တစ်ယောက်မှမလှုပ်နဲ့"

ခက်ထန်ကြမ်းတမ်းသောအော်သံများ ရုတ်တရက်ထွက်ပေါ်လာသည်။ မရှေးမနှောင်းမှာပင် လူဆိုးဓားပြတစ်စုသည် တောအုပ်ထဲမှပြေးထွက်လာပြီး မြင်းလှည်းတန်းအားဝိုင်းရံထားလိုက်ကြလေတော့၏။

၀၀၀၀



လမ်းဓားပြများသည် လူအင်အားနှစ်ဆယ်ခန့်ရှိလေသည်။ ဓားပြခေါင်းဆောင်မှာ လူဘီလူးကြီးတစ်ကောင်ပမာ သန်မာထွားကျိုင်းလှပေသည်။

အလွန်ခက်ထန်ကြမ်းတမ်းပြီး ရက်စက်ကြမ်းကြုတ်မည့်အသွင်ရှိလေသည်။ အထူးသဖြင့် သနားညှာတာစိတ်လုံးဝကင်းမဲ့သူဖြစ်ကြောင်း ထင်ရှားနေ၏။

အသွားထက်လှသော သံပုဆိန်ကြီးကိုဝှေ့ယမ်းရင်း ....

"ဟိတ် ဘာလုပ်နေကြတာလဲ၊ လှည်းပေါ်ကတစ်ယောက်မကျန်ဆင်းကြစမ်း။ အောက်ကိုရောက်ရင် လက်နှစ်ဖက်ခေါင်းပေါ်တင်ပြီး ဒူးထောက်ထိုင်နေကြ၊ ငါ့စကားနားမထောင်ဘဲ အူကြောင်ကြောင်လုပ်တဲ့ကောင် တစ်ခါတည်းသေသွားမယ်၊ ဘီလူးကြီးဖုံးဆိုတာငါပဲ"

မိုးခြိမ်းသံပမာ ကျယ်လောင်သောအသံဝါကြီးဖြင့် ကြိုးဝါးလိုက်လေသည်။ ဤလမ်းခရီးတွင် ဘီလူးကြီးဖုံးအမည်သည် အလွန်ကျော်ကြားလျက်ရှိနေပေသည်။

ဘီလူးကြီးဖုံးလက်ချက်ဖြင့် ဒုက္ခရောက်သွားသူများ သေဆုံးသွားရသူများ မနည်းတော့ချေ။

ဘီလူးကြီးဖုံးနှင့်တွေ့လျှင်....

www.burmeseclassic.com

www.burmeseclassic.com



နိုင်းသမျှလုပ်ပေးပြီး ပါသမျှပေးလျှင်သော်မှ ကံကောင်းမှ အသက်ရှင်မည်ဟုပင် ပြောစမှတ်တွင်နေလေသည်။

ခရီးသွားကုန်သည်များသည် ဘီလူးကြီးဖုံး၏အမိန့် အတိုင်း လက်နှစ်ဖက်ခေါင်းပေါ်တင်ကာ မြေပေါ်ဒူးထောက်လိုက်ကြလေသည်။

"ဟား .... ဟား .... ဟား"

ဘီလူးကြီးဖုံးက ကျေနပ်သဘောကျစွာဖြင့်ရယ်မောလေသည်။ သို့သော်.... သူ၏ရယ်မောသံသည် တစ်ခဏအတွင်းပင် ရပ်တန့်သွားလေသည်။ အကြောင်းမှာ ....

မြင်းလှည်းတစ်စီးပေါ်၌ မဆင်းဘဲနေသူ နှစ်ယောက်ရှိနေသည်ကိုတွေ့မြင်လိုက်ရခြင်းကြောင့်ဖြစ်သည်။ ခါး၌ဓားချိတ်ထားပြုများနှင့်တွေ့လျှင် ခုံးမမည်ဟုပြောသောလူငယ်နှင့် လမ်းကြုံလိုက်လာသောအဘိုးအိုတို့ဖြစ်လေသည်။

လူငယ်သည် မျက်စိမျက်နှာပျက်နေ၏။

အသားများ တဆတ်ဆတ်တုန်နေ၏။

ခြေလက်များအကြောဆိုင်းကာ လှုပ်ရှား၍မရတော့သည့်အလား မြင်းလှည်းပေါ်တွင် ငုတ်တုတ်ကြီးဖြစ်နေလေသည်။ အဘိုးအိုကမူ ခပ်အေးအေးပင်ရှိနေသည်။



ထိတ်လန့်တုန်လှုပ်နေသောလူငယ်ကို....

"မင်းရဲ့ဓားကိုဖြုတ်ပြီး ပစ်ထားလိုက်ရင် ကောင်းမယ်ကွ၊ တော်ကြာ မင်းရဲ့ခါးမှာဓားချိတ်ထားတာတွေ့ပြီး ရန်မူနေဦးမယ်"

လူငယ် ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

ချက်ချင်းပင် ခါးမှဓားကိုဖြုတ်ကာ မြင်းလှည်းပေါ်တင်လာသည့်ကုန်ပစ္စည်းများကြားသို့ ထိုးသွင်းပစ်ထားလိုက်လေသည်။

"ဒါဘာလုပ်တာလဲ"

ဘီလူးကြီးဖုံး အနီးသို့ခွေ့ခနဲရောက်လာပြီး လူငယ်၏ကုပ်ကိုဆွဲကာ....

"ခွေးကောင်... လှည်းပေါ်ကမဆင်းသေးတာ ဘာသဘောလဲ၊ ငါ့ကိုအာခံတာပေါ့လေ၊ သွားစမ်း"

"မလုပ်ပါနဲ့ဗျာ.... ကြောက်ပါပြီ"

လူငယ်က အော်ဟစ်တောင်းပန်လိုက်သော်လည်း ဘီလူးကြီးဖုံးလက်မှမလွတ်နိုင်ချေ။

"ဝုန်း"

"အမယ်လေးဗျ"

ကိုယ်ပေါက်ခံရသည့်အရှိန်ဖြင့် လူငယ်မှာ လွင့်စဉ်ထွက်သွားပြီး မြေပေါ် ခြေကားရား လက်ကားရားကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြေပေါ်အရောက်တွင် စန့်စန့်ကြီးဖြစ်ကာ သတိလစ်သွားလေတော့၏။

"ဟား .... ဟား .... ဟား"

လူဆိုးဓားပြများက သဘောကျစွာဖြင့် ဟားတိုက်ရယ်မောလိုက်ကြလေသည်။ ဘီလူးကြီးဖိုးက ....

"ကဲ .... ခင်ဗျားကော"

အဘိုးအိုကိုဟောက်လိုက်၏။

အဘိုးအိုက ....

"မင်းက ငါ့ကိုကိုင်ပေါက်ချင်လို့လား"

"ဪ .... ခင်ဗျားကစမ်းကြည့်ချင်လို့ကိုး၊ ရပါတယ်ဗျာ"

ဘီလူးကြီးသည် လက်တစ်ဖက်ဆန့်ထုတ်ကာ အဘိုးအို၏ လည်ကုပ်ကိုဆုပ်ကိုင်လိုက်၏။ လူငယ်ကဲ့သို့ အဘိုးအိုအားကိုင်ပေါက်ပစ်ရန်ဟန်ပြင်သည်။

သို့သော် ....

အဘိုးအိုမှာ မတုန်မလှုပ် ကျောက်ရုပ်ပမာရှိနေ၏။

ဘီလူးကြီးဖိုးက အားစိုက်ပြီးဆွဲလိုက်၏။

သို့သော် လှုပ်ပင်မလှုပ်ဘဲရှိရာ ဘီလူးကြီးဖိုး မျက်လုံးပြူးသွားလေသည်။



"ခင် .... ခင်ဗျား"

အဘိုးအိုကပြုံးပြရင်း ....

"ဘယ်လိုလဲ.... မင်းဘာမှမတတ်နိုင်တော့ဘူးလား"

အဘိုးအိုစကားကြောင့် ဘီလူးကြီးဖိုး ဒေါသခြောင်းခြောင်းထွက်သွားသည်။

"ခင်ဗျား ခုချက်ချင်းအောက်ဆင်းလာခဲ့စမ်း"

အဘိုးအိုကရယ်မောလိုက်ပြီး ....

"မင်း ငါ့ကိုဆွဲမချနိုင်ဘူးလား၊ ငါကဆင်းလာရမှာလား"

ခရီးသွားကုန်သည်များသည် အဘိုးအိုက အာခံနေသည်ကို မြင်သည့်အခါ တအံ့တသြဖြစ်ကုန်ကြလေသည်။

"ဒုက္ခပဲ.... ဒီအဘိုးကြီးတော့သေတော့မှာပဲ"

"ဒီအဘိုးကြီး ရူးများရူးနေပြီလားမသိဘူး"

"ဟေ့ တိုးတိုးပြော... သူကဓားပြတွေကိုမကြောက်ဘူးကွ"

"ဓားပြတွေကိုဆုံးမလိုက်ရင် သိပ်ကောင်းမှာပဲ"

တစ်ယောက်တစ်ပေါက် တီးတိုးဝေဖန်သံများထွက်ပေါ်လာလေသည်။ ဘီလူးကြီးဖိုးက ....

"ဟေ့ .... ပါးစပ်ပိတ်ထားလိုက်ကြစမ်း"

ခရီးသွားကုန်သည်များ ချက်ချင်းငြိမ်ကျသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘီလူးကြီးဖုံးက တစ်ဆက်တည်းမှာပင် ....

"ဟေ့ကောင်တွေ... ဘာလုပ်နေကြတာလဲ၊ ခေါင်းမာတဲ့ အဘိုးကြီးကို လှည်းပေါ်ကဆွဲချလိုက်ပါတော့လား"

ဟု သူ၏တပည့်များအား အမိန့်ပေးလိုက်လေသည်။

ဓားပြများသည် ချက်ချင်းပင် အဘိုးအိုရှိသောမြင်းလှည်း အနီးသို့ပြေးလာကြပြီး မြင်းလှည်းကိုဝိုင်းရံထားလိုက်ကြသည်။

ဓားပြတစ်ယောက်က ....

"အဘိုးကြီး မြင်းလှည်းပေါ်ကဆင်းလိုက်စမ်း"

ဟု အော်ငေါက်လိုက်၏။ အဘိုးအိုက ....

"ငါ့ကိုဆွဲချလို့ရရင်တော့ ဆင်းပါ့မယ်ကွာ"

"တောက်.... ခင်ဗျားကသေချင်ပြီကိုး၊ ကဲ သတိသာထား ပေတော့"

ဓားပြသုံးယောက်သည် ဓားကိုယ်စီဖြင့်အဘိုးအိုကိုဝိုင်းခုတ် လိုက်ကြလေတော့သည်။ အဘိုးအိုက ....

"မင်းတို့ကဓားကိုင်ပြီး ဓားကိုဘယ်လိုအသုံးပြုရမယ်ဆိုတာ သိလို့လား"

ပြောပြောဆိုဆို ဓားပြတစ်ယောက်၏လက်ထဲမှဓားကို လု ယူပြီးဝှေ့ယမ်းလိုက်ရာ ....



"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာပြီး....

ဓားပြများ ဝရုန်းသုန်းကားဖြစ်သွားကြလေသည်။

"ဟာ"

ဘီလူးကြီးဖုံး မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်သွားလေသည်။ အဘိုးအိုမှာ ခေသူမဟုတ်ကြောင်းသဘောပေါက်သွားကာ....

"ဟေ့ကောင်တွေ.... ဝိုင်းတိုက်ကြပါတော့လား"

ကြောင့်အမ်းအမ်းဖြစ်နေကြသည့် သူ၏လူများအား အမိန့်ပေးလိုက်သည်။ ထိုအခါ ....

"သေပေတော့"

"ယား"

သွေးဆာနေကြသောဓားပြများသည် အဘိုးအိုထံပြေးဝင် လာပြီးတရကြမ်းတိုက်ခိုက်လိုက်ကြလေသည်။

ထိုအချိန်တွင် အဘိုးအိုသည် မြင်းလှည်းပေါ်မှဆင်းလာပြီ ဖြစ်သည်။ မြေပေါ်ခြေချမိသည်နှင့် ခန္ဓာကိုယ်တစ်ပတ်လှည့်ကာဝိုင်း ရံလာကြသည့်ဓားပြများအား တိုက်ခိုက်ပစ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓားရောင်များ ဖွေးဖွေးလှုပ်သွားသည်။

သံသံချမ်း ပြင်းထန်စွာ ထိတွေ့မိသောအသံများထွက်ပေါ်လာပြီးမရှေးမနှောင်းမှာပင် ....

"အား"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှသောအော်ဟစ်သံများထွက်ပေါ်လာကာ ဓားပြများ ထွေးခနဲ ထွေးခနဲ လဲကျသွားလေသည်။ လူမဆန်သော ရက်စက်ကြမ်းကြုတ်သည့်ဓားပြများကို အဘိုးအိုက ပြင်းထန်ပြတ်သားသော နည်းလမ်းဖြင့် တုံ့ပြန်လိုက်ခြင်းဖြစ်လေသည်။

ဓားပြများသည် ယခုလိုအဖြစ်မျိုးနှင့် တစ်ကြိမ်မှမကြုံဖူးသဖြင့် ထိတ်လန့်သွားကြတုန်သည်။

အဘိုးအို၏တိုက်ခိုက်မှုကို ကြောက်ရွံ့သွားကြလေသည်။

"ဟာ .... မဖြစ်ဘူးဟေ့၊ နောက်ဆုတ်"

"အဘိုးကြီးမလွယ်ပါလား"

"ဟာ .... သေတော့မှာပဲ"

တစ်ယောက်တစ်ပေါက် အလန့်တကြားအော်ပြောလိုက်ကြပြီး ဒရောသောပါး နောက်ဆုတ်သွားကြလေတော့သည်။



အဘိုးအိုက သဘောကျစွာရယ်မောရင်း ....

"လက်ကြောတင်းအောင်လုပ်မစားဘဲ လုယက်တိုက်ခိုက်ချင်တဲ့အချောင်သမားတွေ၊ ခု မင်းတို့ဘာတတ်နိုင်ကြသေးလဲ"

ဘီလူးကြီးဖုံး ဒေါသခြောင်းခြောင်းထွက်သွားလေသည်။

"တောက် ဒီကနေ့ ခင်ဗျားကိုမရှင်းပစ်ရင် ကျုပ် လူမလုပ်ဘူး"

ကြုံးဝါးရင်းရှေ့သို့ခုန်ဝင်ကာ သူ၏လက်စွဲတော်သံပုဆိန်ဖြင့်ဓေ့ယမ်းတိုက်ခိုက်လိုက်လေသည်။

"ဝှီး .... ဝှီး .... ဝှီး"

လေတိုးသံ ကျယ်လောင်စွာထွက်ပေါ်လာလေသည်။

သံပုဆိန်ဓေ့ယမ်းရာမှ ထွက်ပေါ်လာသောအရိပ်များသည် အဘိုးအို၏တစ်ကိုယ်လုံးကို လွှမ်းခြုံသွားလေသည်။ ဘီလူးကြီးဖုံး၏ ဝင်ရောက်တိုက်ခိုက်မှုကြောင့် အဘိုးအို လဲကျသေဆုံးသွားရတော့မည်ဟု အားလုံးကထင်မှတ်သွားကြ၏။

ခရီးသွားကုန်သည်များဆိုလျှင် မျက်စိမျက်နှာပျက်ကာ ခြေကိုင်မိ လက်မကိုင်မိဖြစ်သွားကြကုန်သည်။

အကြောင်းမှာ.... အဘိုးအိုသေဆုံးသွားပါက သူတို့အား ခြားဦးလှည့်လာမည်စိုးသောကြောင့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခတော့ရောက်ပါပြီ"

ခရီးသွားကုန်သည်များသည် ညည်းတွားရင်းငိုရမလိုဖြစ်နေကြတော့သည်။ ထိုစဉ် ....

"ခြွမ်း"

"အား"

စူးရှကျယ်လောင်သောအသံနှင့်အတူ ဘီလူးကြီးလက်ထဲမှသံပုဆိန်ကြီးသည် အဝေးသို့လွင့်စဉ်သွားကာ သစ်ပင်တစ်ပင်တွင် ဒုတ်ခနဲစိုက်ဝင်သွားသည်။

ဘီလူးကြီးဖုံးကိုယ်တိုင်လည်း....

ဒယိမ်းဒယိုင်ဖြင့် နောက်ဆုတ်သွားရလေတော့သည်။

အဘိုးအိုရယ်မောလိုက်သည်။

"မင်းမှာ လက်နက်မရှိတော့ဘူးဆိုတော့ ငါကလဲ လက်နက်မသုံးတော့ပါဘူးကွာ"

အဘိုးအိုကပြောရင်း လက်ထဲမှဓားကိုပစ်ချလိုက်သည်။

ဘီလူးကြီးဖုံး ခံပြင်းဒေါသထွက်နေသည်။

"ခင်ဗျားဘယ်သူလဲ.... ဘာကြောင့် ကျုပ်တို့ကို ဒုက္ခပေးတာလဲ"

ထိုစကားကြောင့် အဘိုးအို မျက်နှာရှုံ့မဲ့သွားသည်။



"ကောင်းကွာ... မင်းလိုလူဆိုးဓားပြတစ်ယောက် ဒီမေးခွန်းမျိုးပြန်မေးရသေးတယ်၊ ရယ်စရာကောင်းလိုက်တာ၊ ငါကမင်းတို့လိုလူဆိုးဓားပြတွေကို ဆုံးမဖို့ တမင်လိုက်လာတာကွ"

"သတ္တိရှိရင် ခင်ဗျားဘယ်သူလဲဆိုတာပြောပါ"

"ဟား .... ဟား .... ဟား .... ငါ့နာမည်ပြောပြဖို့ မင်းနဲ့မတန်သေးဘူးကွ၊ ဧဲ .... မင်းကိုမေးမယ်၊ မှန်မှန်ဖြေစမ်း"

"ဘာဗျ ...."

"ဒီနယ်မှာ ဖြစ်ပျက်ခဲ့တဲ့ဓားပြမှုဆယ့်ရှစ်မှုမှာ မင်းနဲ့အတူပါဝင်ခဲ့တဲ့လူနှစ်ယောက်ဟာ ဘယ်သူတွေလဲ"

"ဟင် ...."

ဘီလူးကြီးဖုံးမျက်လုံးပြူးသွားသည်။

"ခင်.... ခင်ဗျား"

"ငါမေးတာမှန်မှန်ပြောစမ်း"

ဘီလူးကြီးဖုံး ပါးစပ်ပိတ်ထားသဖြင့် အဘိုးအိုက....

"မင်းမဖြေလဲငါသိတယ်၊ အဲဒီလူနှစ်ယောက်ဟာ ကျားခံတပ်ကမဟုတ်လား"

ဘီလူးကြီးဖုံးကခေါင်းငြိမ့်ပြနှင့်....

"ဟုတ်တော့ကော ဘာဖြစ်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုကမဲ့ပြုံးတစ်ချက်ပြုံးကာ ....

"ဘာဖြစ်တယ်ဆိုတာ မကြာခင်သိရမှာပေါ့၊ ကဲ .... မင်း ငါ့သိုင်းကွက်တစ်ကွက်ကိုရှောင်ဖို့သာပြင်တော့"

"ကျုပ်ကဂရုစိုက်ရမှာလား"

ပြောပြောဆိုဆိုပင် ဘီလူးကြီးဖုံးသည် ဝှက်ထားသောဓားမြှောင်တစ်လက်ကို တိတ်တဆိတ်ထုတ်ယူကာ အဘိုးအိုအား ပစ်ပေါက်လိုက်လေသည်။

အလစ်ချောင်းကာ အကောက်ကြံလိုက်ခြင်းဖြစ်သည်။

"မင်းအကြံ ဒါအကုန်ပဲလား"

အဘိုးအိုက ဘီလူးကြီးဖုံးပစ်ပေါက်လိုက်သောဓားကို ဖမ်းယူပြီး ပြန်လည်ပစ်ပေါက်လိုက်ရာ....

"ဝှစ်"

"ဒုတ်"

"အား ...."

ဓားမြှောင်သည် ဘီလူးကြီးဖုံးသည်မျိုသို့ တည့်မတ်စွာစိုက်ဝင်သွား၏။ ဘီလူးကြီးဖုံးသည် တစ်ချက်သာအောင်နိုင်ပြီး ခွေခနဲလဲကျသွားလေသည်။

ဘီလူးကြီးဖုံး အမိုက်ဓာတ်သိမ်းသွားသည်နှင့်....



ကျန်ဓားပြများသည် မိုက်သွေးမပြနိုင်ကြတော့ဘဲ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ထွက်ပြေးသွားကြလေတော့၏။

၀၀၀၀

ဓားပြများ ထွက်ပြေးသွားကြပြီဖြစ်သည်။

ခရီးသွားကုန်သည်များ ယခုမှ သက်ပြင်းချနိုင်တော့သည်။

အဘိုးအိုအနီးသို့ ဝိုင်းအုံကာ ကျေးဇူးတင်စကား ပြောလိုက်ကြလေသည်။

အဘိုးအိုက ....

"ကျုပ်ကို ကျေးဇူးတင်စရာမလိုပါဘူးဗျာ၊ ကျုပ်က လူဆိုးဓားပြတွေကိုတမင်လိုက်ရှာပြီးဆုံးမနေတာပါ၊ ကဲ အချိန်ရှိတုန်း ခရီးဆက်ကြပေတော့၊ ရှေ့ဆက်သွားရမဲ့ခရီးလမ်းမှာ နှောင့်ယှက်မဲ့လူတွေ့ရတော့မှာမဟုတ်တော့ပါဘူး"

ကုန်သည်ခေါင်းဆောင်က ....

"မိတ်ဆွေကြီးက ကျုပ်တို့နဲ့အတူမလိုက်တော့ဘူးလား"

"ကျုပ်မှာ တခြားကိစ္စလေးတွေရှိနေသေးလို့ မလိုက်တော့ပါဘူး၊ ကဲ.... ကျုပ်ကိုသွားခွင့်ပြုပါဦးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးသည်နှင့် အဘိုးအိုသည် ခြေလှမ်းကျဲကျဲဖြင့်ထွက်ခွာသွားလေသည်။ ကုန်သည် ငေးမောကြည့်နေဆဲမှာပင် အဘိုးအိုသည် အဝေးသို့ရောက်ရှိသွားပြီး မြင်ကွင်းမှကွယ်ပျောက်သွားလေတော့သည်။

ထိုအချိန်တွင် ....

မြေပေါ်၌ လဲကျသတိလစ်နေသောလူငယ်သည် သတိရလာပြီး ဟိုဟိုသည်သည်ကြည့်လိုက်၏။ မြေပေါ်၌ သွေးသံရဲရဲဖြင့် လဲကျသေဆုံးနေသည့်ဓားပြများကိုတွေ့ရသည့်အခါ ....

"အမယ်လေးဗျ"

ဒူးများပျော့ခွေကာ မြေပေါ်ပြန်လဲကျသွားပြီး သတိလစ်မေ့မြောသွားပြန်လေတော့၏။

၀၀၀၀



အတင်းအကျဉ်

ချန်အန်းမြို့ ....

ချန်အန်းမြို့သည် စည်ကားသိုက်မြိုက်လှသော မြို့တော်ကြီးတစ်ခုဖြစ်သည်။ ခရီးသည်များ၊ ကုန်သည်ပွဲစားများ၊ ဒေသန္တရဗဟုသုတရှာဖွေသူများ၊ သိုင်းလောကသားများ ဝင်ထွက်သွားလာမစဲတသဲသဲရှိသော မြို့တစ်မြို့ဖြစ်လေသည်။

ချန်အန်းမြို့တော်ကြီးတွင်....

မင်းစိုးရာဇာများ၊ သူဌေးသူကြွယ်များနေထိုင်လျက်ရှိကြသည့်နည်းတူ သိုင်းလောကမှထင်ရှားသောသိုင်းဆရာကြီးများလည်း နေထိုင်လျက်ရှိကြပေသည်။

ချန်အန်းမြို့၌မှီတင်းနေထိုင်ကြသော သိုင်းဆရာကြီးများတွင် အရှေ့ဘက်ဆင်ခြေဖုံးအရပ်၌ခြံဝင်းကျယ်ကြီးဖြင့် နေထိုင်လျက်ရှိသောသိုင်းရာဇာတောင်မင်းသည်လည်း....

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အပါအဝင်ဖြစ်သည်။

သိုင်းရာဇာတင်မင်းသည် သူ၏ ထူးခြားထက်မြက်သော ကေရာဇ်ဓားသိုင်းဖြင့် သိုင်းရာဇာဘွဲ့ထူးကိုဆွတ်ခူးခဲ့သူဖြစ်သည်။

သိုင်းရာဇာတင်မင်းသည် ဇနီးသည်ကွယ်လွန်ပြီးနောက် သားဖြစ်သူတင်ရှောင်နှင့်အတူ အေးချမ်းစွာနေထိုင်ခဲ့လေသည်။

သိုင်းလောကသားများသည်....

သိုင်းရာဇာတင်မင်းအား ရိုသေလေးစားကြသည်။

ကြည်ညိုကြသည်။

သိုင်းလောကအား အနက်ရောင်သိုင်းသမားများနှင့်ခုစရိုက်သမားများကနှောင့်ယှက်လာကြသောအခါ သိုင်းရာဇာတင်မင်းသည် အဖြူရောင်သိုင်းသမားများအားကာကွယ်ခဲ့ပေသည်။

သို့သော်....

သိုင်းရာဇာတင်မင်း၏တကာယ်စရိုက်မှန်ကို သူကိုယ်တိုင်ကလွဲပြီး မည်သူမျှသိနိုင်ကြလိမ့်မည်မဟုတ်ချေ။

အမှန်ဆိုလျှင်.... သိုင်းရာဇာတင်မင်းသည် သိုင်းလောကသားတို့ဖြစ်လေ့ဖြစ်ထရှိသည့်အတိုင်း သိုင်းလောက၌ ယှဉ်ပြိုင်နိုင်သူမရှိသော ပြိုင်ဘက်ကင်းသိုင်းသမားကြီးဘဝကို မက်မောသူဖြစ်လေသည်။



တစ်နေ့နေ့တစ်ချိန်ချိန်တွင် ပြိုင်ဘက်ကင်းသိုင်းသမား ဖြစ်လာရမည်ဟု သန္နိဋ္ဌာန်ချကာလျှို့ဝှက်စွာကြံစည်ကြိုးစားနေသူလည်းဖြစ်လေသည်။

၀၀၀၀

သိုင်းရာဇာတင်မင်းသည် စကြိုလမ်းအတိုင်းလျှောက်လာပြီး အဆောင်လေးတစ်ခုအတွင်းသို့ဝင်လိုက်သည်နှင့် စားပွဲတစ်လုံးတွင်ထိုင်ကာ စာဖတ်နေသော လူငယ်တစ်ယောက်အား တွေ့မြင်လိုက်ရလေသည်။

ထိုလူငယ်မှာယောကျ်ားပီသစွာချောမောခန့်ညားပြီး ဖျော့ဖျော့ဖျောင်းဖျောင်းရှိလေသည်။

အခန်းတွင်းသို့ သိုင်းရာဇာတင်မင်းဝင်လာသည်ကိုပင်သတိမပြုမိဘဲ စာအုပ်ကိုသဲကြီးမဲကြီးဖတ်ရှုနေ၏။

ထိုလူငယ်မှာ....

သိုင်းရာဇာတင်မင်း၏တစ်ဦးတည်းသောသား တင်ရှောင်ဖြစ်ပါသည်။

သိုင်းရာဇာတင်မင်းသည် သားဖြစ်သူကို တစ်ချက်ကြည့်ပြီး စိတ်ပျက်သောအမူအရာများဖြစ်ပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဟမ်း ...."

သူ ချောင်းတစ်ချက်ဟန့်လိုက်တော့မှ တင်ရှောင်သည် သတိဝင်လာပြီး ခေါင်းမော့ကြည့်လာလေသည်။

သိုင်းဆရာတင်မင်းကိုတွေ့လျှင် ....

"ဟင် .... ဖေဖေ"

စာအုပ်ကို စားပွဲပေါ်ချကာ ထိုင်ရာမှ ကပျာကယာထလေသည်။ သိုင်းဆရာတင်မင်းက ....

"သားကိုသိုင်းပညာသင်ဖို့ဖေဖေပြောခဲ့တာ အကြိမ်ပေါင်း မနည်းတော့ဘူး။ ဒါကြောင့် နောက်ဆုံးအနေနဲ့ ဖေဖေ ပြင်းပြင်းထန်ထန်သတိပေးခဲ့တယ်၊ တစ်လအချိန်ယူပြီး စဉ်းစားပါ၊ တစ်လပြည့်ရင် အဖြေပေးရမယ်၊ သားပေးတဲ့အဖြေပေါ်မူတည်ပြီး သားရဲ့ဘဝရှေ့ရေးအတွက် ဖေဖေဆုံးဖြတ်မယ်လို့ပြောခဲ့တယ်နော်၊ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဖေဖေ"

"ကဲ.... ဒီနေ့ဟာတစ်လပြည့်တဲ့နေ့ပဲ၊ ဖေဖေခွင့်ပြုတဲ့အချိန် စေ့သွားပြီ၊ သားရဲ့သဘောထားကိုပြောပေတော့"

တင်ရှောင်အကျပ်ရိုက်သွားသည်။ ဖခင်ဖြစ်သူက သူ့အား သိုင်းပညာသင်ကြားစေလိုသည်။



သူကမူ သိုင်းပညာကို လုံးဝဝါသနာမပါချေ။

စာပေပညာကိုသာ ဝါသနာထုံမိသည်။

တစ်နေ့တွင် စာဆိုတော် အကျော်အမော်ကြီးဖြစ်လိုသည်။

ဖခင်ဖြစ်သူ၏ဆန္ဒနှင့် သူ၏ဆန္ဒမှာ တောင်နှင့်မြောက်လို ကွခြားစီဖြစ်နေပေတော့သည်။

တင်ရှောင်ငြိမ်နေသဖြင့် သိုင်းဆရာတင်မင်းက ....

"ကဲ.... သား ဘယ်လိုဆုံးဖြတ်ထားသလဲ"

ဟုဆပ်မေးလေသည်။

တင်ရှောင်က ....

"ဖေဖေ ကျွန်တော် သိုင်းပညာမသင်လို့မဖြစ်ဘူးလားဟင်"

သိုင်းဆရာတင်မင်းမှာ မသိမသာမျက်နှာပျက်သွားလေသည်။ သားဖြစ်သူအား သိုင်းပညာသင်ရန်ပြောရသည်မှာ လက်စင်လှသည်။ စိတ်လည်း ရှည်ချင်တော့ပေ။

"ဒီမှာသား ဖေဖေဟာ သိုင်းဆရာဆိုတဲ့ဘွဲ့ထူးကိုပိုင်ဆိုင်ပြီး သိုင်းလောကတစ်ခုလုံးရဲ့ ကြည်ညိုလေးစားမှုကိုခံရတာတောင် ဖေဖေ့ကိုယ်ဖေဖေ ပြည့်စုံပြီလို့မယူဆသေးဘူး၊ သိုင်းပညာဆိုတာ အဆုံးအစမရှိအောင် နက်ရှိုင်းကျယ်ပြန့်တဲ့သဘောရှိတယ်၊ မျက်ခြည်ပြတ်ကြိုးစားလေ့လာနေရဆဲပဲဆိုတာ သိတယ်မဟုတ်လား"

www.burmeseclassic.com



"ဟုတ်ကဲ့ သိပါတယ်ဖေဖေ"

မှန်ပေသည်။

သိုင်းရာဇာတင်မင်းသည်.... သိုင်းပညာနှင့်ပတ်သက်လာလျှင် အရွန်လောဘကြီးသူတစ်ယောက်ဖြစ်ကြောင်း တင်ရှောင်ကောင်းစွာသိရှိထားလေသည်။

သိုင်းရာဇာတင်မင်းက ....

"ဖေဖေ နှစ်ပေါင်းများစွာအပင်ပန်းခံပြီး ခွဲလှုလနဲ့ ရထားခဲ့တဲ့သိုင်းပညာရပ်တွေကို သားက အမွေဆက်မခံရင် ဘယ်လောက်နှမြောစရာကောင်းလိုက်မလဲ၊ တွေးကြည့်စမ်းပါ။ ဖေဖေ့ရဲ့မျိုးဆက်ပြတ်သွားမှာကို ဖေဖေမလိုလားဘူး။ ကေရာစ်ဓားသိုင်းလို ဆန်းပြားထက်မြက်တဲ့ဓားသိုင်းမျိုး သိုင်းလောကမှာ များများစားစား ရှိတာမှမဟုတ်ဘဲ၊ ကဲ .... ဖေဖေ့သိုင်းပညာအမွေကိုဆက်ခံတဲ့အနေနဲ့ သားသိုင်းပညာသင်မယ်မဟုတ်လား"

သူက အာပေါက်အောင်ရှင်းပြသော်လည်း တင်ရှောင်မှာနားမဝင်ဘဲ မတုန်မလှုပ်ရှိနေလေသည်။

သိုင်းရာဇာတင်မင်းသည် အေးတိအေးစက်ရှိနေသောသားဖြစ်သူကိုကြည့်ကာ ခံပြင်းလာ၏။

"ကဲ .... သား ဘယ်လိုဆုံးဖြတ်ထားသလဲ ပြောပါ"



တင်ရှောင်က ....

"ဖေဖေ .... ကျွန်တော် မသင်ချင်လို့မရဘူးလား"

"ဘာ ...."

သိုင်းရာဇာတင်မင်း၏အသံ ကျယ်လောင်စွာထွက်ပေါ်လာလေသည်။

တင်ရှောင် ငြိမ်နေ၏။

သိုင်းရာဇာတင်မင်းက ....

"မင်း ဘယ်လို ဆုံးဖြတ်ထားသလဲဆိုတာ ပြတ်ပြတ်သားသားပြောစမ်း"

"ဖေဖေ ကျွန်တော်...."

"မင်း ဘယ်လိုဆုံးဖြတ်ထားသလဲပြော"

"ကျွန်တော် ...."

"အို.... ကြာပါတယ်၊ သိုင်းပညာသင်မလား မသင်ဘူးလားပြော...."

"ကျွန်တော် ...."

သိုင်းရာဇာတင်မင်း စိတ်မရှည်တော့ပါ။

"မင်း ဒီလောက် မပြောဝံ့အောင်ဖြစ်နေတာ ဘာလဲ၊ သိုင်းပညာမသင်ချင်လို့မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



တင်ရှောင်မပြောသာတော့ဘဲ ခေါင်းညိတ်လိုက်ရသည်။

"ဟုတ်ပါတယ်ဖေဖေ"

"တောက် ...."

သိုင်းရာဇာတင်မင်း ဒေါသအကြီးတောက်ခေါက်လိုက်လေသည်။ တင်ရှောင်သည် လူပုံဖျော့ညှိုသော်လည်းအလွန်ခေါင်းမာသူဖြစ်နေသည်မဟုတ်ပါလား။

သိုင်းရာဇာတင်မင်းက ....

"နေစမ်းပါဦး... မင်းကဘာကြောင့်သိုင်းပညာမသသင်ချင်ရတာလဲ"

"ကျွန်တော် ဝါသနာမပါလို့ပါဖေဖေ"

"ဘာကွ.... သိုင်းသမားရဲ့သားဟာ သိုင်းပညာသင်ရမှာကို ဝါသနာမပါဘူးဟုတ်လား"

"ကျွန်တော်က သိုင်းပညာထက်စာပေပညာကိုပိုပြီးဝါသနာပါပါတယ်ဖေဖေ"

သိုင်းရာဇာတင်မင်း မျက်နှာကြီးရှုံ့မဲ့သွား၏။

"ကောင်းကွာ... မင်း တကယ်မသင်ချင်ဘူးဟုတ်လား"

"ဟုတ်ကဲ့ဖေဖေ"

သိုင်းရာဇာတင်မင်း၏မျက်နှာ ခက်ထန်တင်းမာသွား၏။



"ကောင်းပြီ မင်းကငါ့သဘောကိုမလိုက်ဘဲ ကိုယ့်သဘောနဲ့ကိုယ်ဆိုရင် ငါကလဲ ပြတ်ပြတ်သားသားဆုံးဖြတ်ရမှာပေါ့"

တင်ရှောင်ခေါင်းငုံ့ထားလိုက်သည်။

သိုင်းရာဇာတင်မင်းက ....

"မင်းသဘောနဲ့မင်းငြင်းတဲ့အတွက် ငါ့အိမ်ကမင်းထွက်သွားပေတော့၊ မင်းကို သားတစ်ယောက်လို ငါသဘောမထားနိုင်တော့ဘူး။ မင်းနဲ့ပတ်သက်ပြီး ငါဘာမှတာဝန်မယူနိုင်တော့ဘူး"

"ဖေဖေ"

ဖခင်ဖြစ်သူ၏ပြတ်သားသောစကားကြောင့် တင်ရှောင်ထိတ်လန့်တုန်လှုပ်သွားသည်။

"ဖေဖေ .... ကျွန် .... ကျွန်တော်"

သိုင်းရာဇာတင်မင်းက လက်ကာပြလိုက်သည်။

"မင်း.... ဘာမှပြောမနေနဲ့တော့၊ မင်းကြိုက်တဲ့လမ်းကို မင်း ရွေးလိုက်သလို ငါကလဲ ပြတ်ပြတ်သားသားဆုံးဖြတ်ရမှာပဲ၊ အေး.... တစ်ခုတော့ရှိတယ်၊ သိုင်းပညာသင်မယ်လို့ ဆုံးဖြတ်လိုက်ပြီဆိုရင်တော့ အိမ်ကို အချိန်မရွေးပြန်လာနိုင်တယ်၊ ကဲ .... မင်းရဲ့ အဝတ်အစားတွေသိမ်းပြီး ထွက်သွားပေတော့"

စကားအဆုံးတွင်...

www.burmeseclassic.com

www.burmeseclassic.com



သိုင်းရာဇာတင်မင်းသည် ချာခနဲလှည့်ကာ အဆောင်လေးထဲမှထွက်သွားလေသည်။

သားဖြစ်သူက သူ့ကိုတောင်းပန်တိုးလျှိုးလာမည်လောဟု နောက်ဆံငင်နေသေးသည်။

သို့သော် .... တင်ရှောင်က တုတ်တုတ်မျှမလှုပ်သဖြင့် သိုင်းရာဇာတင်မင်း ဗိုလ်ဒေါသထွက်ကာ ခြေသံပြင်းပြင်းနင်းပြီးထွက်သွားလေတော့၏။

၀၀၀၀



ယနေ့ ....

သိုင်းရာဇာတင်မင်းတစ်ယောက် ဒေါသခြောင်းခြောင်းထွက်နေလေသည်။ သားဖြစ်သူတင်ရှောင်က သူ၏စကားကိုနားမထောင်ဘဲ ပယ်ရှားလိုက်ပြီမဟုတ်ပါလား။

သိုင်းရာဇာတင်မင်းသည် လက်နှစ်ဖက်နောက်ပစ်ကာ ညွှန်းဆောင်ထဲခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ဂနာမငြိမ်ဖြစ်နေလေသည်။

ခဏအကြာတွင်.... တင်ရှောင်သည် အထုပ်အပိုးသယ်ကာ အိမ်မှထွက်သွားပြီဖြစ်ကြောင်း အိမ်ထိန်းကြီးက လာရောက်သတင်းပို့လေသည်။

"တောက် .... ဘာမှ အသုံးမကျတဲ့အကောင်၊ ဆန်ကုန်မြေလေး ဒီလိုကောင်မျိုးကို သားတော်ရတာတောင် ရှက်စရာကောင်းနေပြီ"

သိုင်းရာဇာတင်မင်းသည် မကျေမနပ်ဖြင့် တတွတ်တွတ်ရေရွတ်ရင်း သိုင်းရာဇာခြံဝင်းမှ မည်သူမဆို တင်ရှောင်အား အကူအညီမပေးရ၊ လျစ်လျူရှုထားရမည်ဟု အမိန့်ထုတ်လိုက်လေသည်။

တင်ရှောင်ကို နောင်ကြဉ်အောင်ပစ်ပယ်ထားမည်ဟု ဆုံးဖြတ်လိုက်ခြင်းဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဆိုစေ .... တင်ရှောင်သည် သူ၏သားဖြစ်ပါသည်။

ထို့ကြောင့် တင်ရှောင်နှင့်ပတ်သက်ပြီး အကြီးအကျယ်စိတ်ဆင်းရဲနေရလေတော့သည်။

သိုင်းရာဇာတင်မင်း နေမထိထိုင်မသာဖြစ်နေစဉ် အစောင့်တစ်ယောက်ရောက်လာပြီး ဦးညွတ်ဂါရဝပြုကာ ....

“သခင်ကြီးခင်ဗျား ညွှံသည်တစ်ယောက် ရောက်လာပြီး သခင်ကြီးကိုတွေ့ခွင့်တောင်းနေပါတယ်”

သိုင်းရာဇာတင်မင်း မျက်မှောင်ကုတ်သွားသည်။

“ညွှံသည် ဟုတ်လား”

“ဟုတ်ပါတယ်သခင်ကြီး”

“ဘယ်ကညွှံသည်လဲ၊ ငါဒီမှာစိတ်ရှုပ်နေတာ မင်းမသိဘူးလား။ ဘယ်ညွှံသည်ကိုမှ လက်ခံမတွေ့နိုင်ဘူး”

“ဟို... ဟို... ညွှံသည်လေးက သခင်ကြီးအတွက် လက်ဆောင်ပစ္စည်းလာပို့တာပါ၊ မြောက်ကျွန်းကလာတာလို့ပြောပါတယ်”

“ဟေ ....”

သိုင်းရာဇာတင်မင်း အံ့ဩသွားသည်။

“မြောက်ကျွန်းကလာတာဟုတ်လား”

“အဲဒီလိုပြောပါတယ်သခင်ကြီး”



“ဒါဖြင့် သူဟာ ရှမ်းအမျိုးအနွယ်ပေါ့ဟုတ်လား”

“သူ့နာမည်ရှမ်းစုလို့ခေါ်ပါတယ်”

သိုင်းရာဇာတင်မင်းက ....

“အင်း... ငါဟာ တစ်နေ့တည်းနဲ့ ကိစ္စထူးနှစ်ခုကြုံလိုက်ရတာကို။ ကောင်းပြီ ညွှံသည်ကိုခေါ်လာခဲ့ပါ”

အစောင့် ချက်ချင်းပြန်ထွက်သွားသည်။ တစ်ခဏအတွင်းမှာပင် လူငယ်တစ်ယောက်ကိုခေါ်ဆောင်ကာ ပြန်လည်ရောက်ရှိလာလေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ညှေ့သည့် လူငယ်တစ်ယောက်ဖြစ်ပါသည်။

ယောက်ျားပီသစွာ ချောမောခံ့ညားပြီး အသက်နှစ်ဆယ် ကျော်ခန့်ရှိသည်။ အစိမ်းရောင်အဝတ်အစားဝတ်ဆင်ထားသည်။

ကျောပေါ်တွင် အဝါရောင်ကျောပိုးအိတ်တစ်လုံးလွယ်ထား ကာ ခါး၌ဓားတစ်လက်ချိတ်ဆွဲထား၏။ ထိုလူငယ်ညှေ့ခန်းထဲသို့ ဝင်ရောက်လာသည်နှင့်အေးစိမ့်သောဓား၏အငွေ့အသက်များ လွှမ်းခြုံသွားလေသည်။

လူငယ်သည် ဓားတစ်လက်ကဲ့သို့ ထက်မြက်မှုရှိကြောင်း ထင်ရှားပေါ်လွင်နေပေသည်။ သိုင်းရာဇာတင်မင်းသည် လူငယ်ကို မျက်တောင်မခတ် အကဲခတ်ကြည့်လိုက်၏။

ဝါရင့်သိုင်းသမားကြီးတစ်ယောက်ဖြစ်ရာ ထိုလူငယ်သည် နောင်တစ်နေ့တွင် ထိပ်တန်းသိုင်းသမားတစ်ယောက်ဖြစ်လာမည်ဟု ခန့်မှန်းမိလိုက်သည်။

ထိုလူငယ်၏ ရုပ်သွင်မှ တည်ငြိမ်ခံ့ညားသော်လည်း အလွန် တိကျပြတ်သားသူ.... ဆုံးဖြတ်ချက်ချပြီးလျှင် မဖြစ်မနေလုပ်ကိုင် ဆောင်ရွက်တတ်သူ.... သံမဏိစိတ်ထားရှိသူဖြစ်ကြောင်း အကဲခတ် ၍ရသည်။ ထိုလူငယ်နှင့်တင်ရှောင်တို့မှာ အသက်အရွယ်ချင်း မတိမ်း မယိမ်းရှိကြလိမ့်မည်ဖြစ်သည်။



သိုင်းရာဇာတင်မင်းသည် အစိမ်းရောင်ဝတ်လူငယ်ကိုကြည့် ကာစိတ်ထဲဖော်မပြတတ်နိုင်သောခံစားချက်များ ဖြစ်ပေါ်ခံစားလာ ရလေသည်။

ထိုလူငယ်နှင့်သူ့သားတင်ရှောင်တို့မှာ ကွာချင်တိုင်းကွာခြား နေသည်မဟုတ်ပါလား။

သိုင်းရာဇာတင်မင်းက မျက် တောင်မခတ် အကဲခတ်ကြည့် နေစဉ်မှာပင် လူငယ်သည် လက်နှစ်ဖက်ဆုပ်ကာဦးညွှတ်အရိုအသေ ပြုလာလေသည်။

"ကျွန်တော်ရှမ်းစုက ဦးရီးတော်သိုင်းရာဇာကို ဂါရဝပြုပါ တယ်ခင်ဗျာ"

သူ၏လေသံသည် အသံကြည်ရှိပြီး မိမိကိုယ်ကို ယုံကြည် စိတ်ချသူဖြစ်ကြောင်း ပို၍ထင်ရှားလာစေသည်။

ငေးငိုင်နေသောသိုင်းရာဇာတင်မင်း ပြန်လည်သတိဝင်လာ လေသည်။

"မင်း မြောက်ကျွန်းကလာခဲ့တာဟုတ်လား"

ဟုမေးလိုက်၏။

ရှမ်းစုအမည်ရှိလူငယ်က ....

"ဟုတ်ပါတယ်... ဦးရီးတော်ကိုလာပြီးဂါရဝပြုတာပါ"

www.burmeseclassic.com

www.burmeseclassic.com



သိုင်းရာဇာတင်မင်းက ရှမ်းစုအား မျက်မှောင်ကုပ်၍ကြည့်ကာ ....

"မင်း ရှမ်းကျူးလွေနဲ့ဘယ်လိုပတ်သက်နေသလဲ"

ရှမ်းစုက ....

"ကျွန်တော်ဟာ မြောက်ကျွန်းပိုင်ရှင်ရှမ်းကျူးလွေနဲ့မေ့ကျိုဝါးတို့ရဲ့တစ်ဦးတည်းသောသားဖြစ်ပါတယ်၊ မေမေဟာ လွန်ခဲ့တဲ့ ငါးလလောက်ကစပြီး နေထိုင်မကောင်းဖြစ်ခဲ့တာ ခုဆိုအိပ်ရာထဲက မထနိုင်တော့ပါဘူး ဖေဖေနဲ့မေမေတိုင်ပင်ပြီး ကျွန်တော့်ကို ဦးရီးတော်ဆီလွှတ်လိုက်ကြတာဖြစ်ပါတယ်"

သိုင်းရာဇာတင်မင်းက ခေါင်းတဆတ်ဆတ်ညိတ်ကာ....

"ဩော်... မင်းမိဘတွေက လွှတ်လိုက်ကြတာကိုး၊ ကဲ .... သူတို့က ဘာတွေမှာလိုက်ကြတယ်ဆိုတာပြောပါဦး"

ရှမ်းစုကကိုယ်ကိုမတ်လိုက်ပြီး....

"ကျွန်တော်ဟာ မြောက်ကျွန်းစုမှာသိုင်းပညာသင်ခဲ့ရပေမဲ့ မပြည့်စုံဘူးလို့ ကျွန်တော့်မိဘတွေက ယူဆကြပါတယ်၊ ဒါကြောင့် ဦးရီးတော်ဆီမှာတပည့်ခံပြီး ကေရာဇ်ဓားသိုင်းကိုသင်ယူဖို့ စေလွှတ်လိုက်ကြတာပါခင်ဗျား"

သိုင်းရာဇာတင်မင်း မျက်နှာကွက်ခနဲပျက်သွားသည်။



ကေရာဇ်ဓားသိုင်း ....

ကေရာဇ်ဓားသိုင်းသည် ယခုအချိန်တွင် လောကပေါ်၌ သူတစ်ဦးတည်းသာ တတ်မြောက်ထားသောပညာဖြစ်သည်။

သူ၏ပညာကို သားဖြစ်သူတင်ရှောင်အား အမွေပေးရန် ရည်ရွယ်ထား၏။

သို့သော်.... တင်ရှောင်တလက်မခံသည့်အပြင် သိုင်းပညာ မသင်လိုသဖြင့် အိမ်မှပင်ထွက်ခွာသွားခဲ့ပြီဖြစ်သည်။

ယခု ရှမ်းစုအမည်ရှိလူငယ်သည် ကေရာဇ်ဓားသိုင်းပညာ သင်ယူရန် အလွန်ဝေးလံသော မြောက်ကျွန်းမှနေ၍ရောက်ရှိလာလေပြီ။ သိုင်းရာဇာတင်မင်းအနေဖြင့် ရှမ်းစုအား သူ၏အစွမ်းထက်လှသည့်ကေရာဇ်ဓားသိုင်းကို သင်ကြားပေးရမည်လော။

ရှမ်းစုက ....

"ကျွန်တော့်ဖေဖေဟာ ဦးရီးတော်နဲ့အတူ တစ်ဆရာတည်းမှာသိုင်းပညာသင်ကြားခဲ့ကြတဲ့ ပညာသင်ဘက် ညီအစ်ကိုတွေဖြစ်တယ်လို့ပြောပါတယ်၊ ပြီးတော့ ကျွန်တော့် မေမေဟာ ဦးရီးတော်တို့ဆရာရဲ့သမီးရင်းဖြစ်တယ်လို့လဲဆိုပါတယ်၊ ဒါကြောင့် ကျွန်တော်ဟာ ကေရာဇ်ဓားသိုင်းကို ဦးရီးတော်ဆီမှာ သင်ယူခွင့်ရှိတယ်လို့ သိရပါတယ်ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



သိုင်းရာဇာတင်မင်း မျက်မှောင်ကုတ်သွားသည်။

အထက်ပါစကားအရ ရှမ်းစုသည် မိမိတို့၏အတိတ်ဇာတ်ကြောင်းကို သိတန်သလောက်သိနေသူဟုသဘောပေါက်လိုက်၏။

ထို့ပြင်....

ဓကေရာဇ်ဓားသိုင်းအား သင်ယူခွင့်ရှိသူဟု သဘောပေါက်ထားသည့်ရှမ်းစုမှာ ထက်မြက်သောလူငယ်တစ်ယောက်ဖြစ်ကြောင်း ငြင်းမရချေ။

သို့သော်....

ရှမ်းစုအနေဖြင့် သိုင်းလောကနှင့်ဘဝအတွေ့အကြုံတွင်မူ သိုင်းရာဇာတင်မင်းအား မီနိုင်မည်မဟုတ်ပါ။

သိုင်းရာဇာတင်မင်းက ....

"အင်း ငါ့တူကြီးပြောတာတွေမှန်ပါတယ်ကွယ်၊ ဝေးလံလှတဲ့ မြောက်ကျွန်းကလာခဲ့ရတာရယ်၊ ငါ့တူကြီးမိဘတွေရဲ့ မျက်နှာရယ်ကြောင့် ဦးရဲ့ ဓကေရာဇ်ဓားသိုင်းကိုသင်ပေးရမှာပါ၊ ဒါပေမဲ့ ...."

သူက စကားတစ်ပိုင်းတစ်စနှင့်ရပ်ထားလိုက်သဖြင့်....

"ဦးရီးတော် ဘယ်လိုအကြောင်းကိစ္စများရှိနေလို့လဲဗျာ"

ရှမ်းစုက ဖျာဖျာသလဲမေးလိုက်သည်။

သိုင်းရာဇာတင်မင်းက ....



"တူတော်မောင် တစ်နေ့ ကျုပ်ဆီကိုရောက်လာလိမ့်မယ်ဆိုတာ ကျုပ်မသိခဲ့ပါဘူး၊ ဒါကြောင့် ကျုပ်ရဲ့သားကိုတောင် သင်မပေးခဲ့တဲ့ဓကေရာဇ်ဓားသိုင်းပညာကို ကျုပ်အတွက် ကိစ္စသုံးခုဖြေရှင်းဆောင်ရွက်ပေးနိုင်တဲ့လူကိုသာသင့်ပေးမယ်လို့ သန္နိဋ္ဌာန်ချထားလို့ပါကွယ်"

ရှမ်းစုက အံ့သြသွားဟန်ဖြင့်....

"ဦးရီးတော်ရဲ့သားကိုတောင် သင်မပေးခဲ့ဘူး၊ ဟုတ်လားဟင်"

သိုင်းရာဇာတင်မင်း ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်... ကျုပ်ရဲ့သားဟာ သူ့ကို ဓကေရာဇ်ဓားသိုင်းသင်မပေးလို့ စိတ်ဆိုးပြီး ဒီကနေ့ပဲ အိမ်ကထွက်သွားပါတယ်၊ ခုလို တူတော်မောင်ရောက်လာတာဟာ ထူးခြားတဲ့တိုက်ဆိုင်မှုတစ်ခုလို့ ဆိုရတော့မှာပဲ၊ ဘာပဲဖြစ်ဖြစ်လေ ကျုပ်အတွက် ကိစ္စသုံးခုဆောင်ရွက်ပေးနိုင်မယ်ဆိုရင်တော့ ကျုပ်က တူတော်မောင်ကို ဆရာစားမချန် ဓကေရာဇ်ဓားသိုင်းတစ်ခုလုံးသင်ပေးလိုက်မယ်လို့ ကတိပေးပါတယ်ကွယ်"

ရှမ်းစုသည် တင်ရှောင်ကဲ့သို့ အားတုံ့အားနာဖြစ်သွားသည့်အသွင်မရှိသလို....

www.burmeseclassic.com

www.burmeseclassic.com



တွေးတောစဉ်းစားခြင်း၊ ငေးမောနေခြင်းမျိုးလည်း လုံးဝမရှိသူဖြစ်သည်။

သိုင်းရာဇာတင်မင်း၏စကားဆုံးသည်နှင့်….

"ဘယ်လိုကိစ္စမျိုးဆောင်ရွက်ပေးရမလဲဆိုတာ အမိန့်ရှိပါခင်ဗျာ"

ဟုချက်ချင်းမေးလိုက်လေသည်။

သိုင်းရာဇာတင်မင်းသည် မျက်နှာတည်နေသော်လည်း သူ၏မျက်လုံးများတွင် ပြုံးရိပ်သန်းလာလေသည်။

"တူတော်မောင်က ကျုပ်အတွက် ဆောင်ရွက်ပေးနိုင်မယ်ဆိုတဲ့သဘောလား"

သွေးတိုးစမ်းသလိုမေးရာ ရှမ်းစုက ….

"ဟုတ်ပါတယ်၊ ကျွန်တော်ဆောင်ရွက်ပေးပါ့မယ်"

ဟုပြတ်ပြတ်သားသားပြောလေသည်။

သိုင်းရာဇာတင်မင်းက ….

"တူတော်မောင် ဘယ်ကိစ္စမဆို အလောတကြီးမဆုံးဖြတ်စေချင်ဘူး၊ အလောတကြီးဆုံးဖြတ်ရင် မှားယွင်းမှုနဲ့ ကြုံတွေ့ရတတ်တယ်ဆိုတာ တူတော်မောင်ကြားဖူးမှာပေါ့နော်"

ရှမ်းစုပြုံးလိုက်သည်။



"ကိစ္စမရှိပါဘူး… ကျွန်တော်ဟာ ကေရာဇ်ဓားသိုင်းသင်ယူဖို့ မြောက်ကျွန်းကလာခဲ့တာပါ၊ ဘယ်လိုအခက်အခဲတွေ့တွေ့ နောက်ဆုတ်သွားမှာမဟုတ်ပါဘူး၊ ကေရာဇ်ဓားသိုင်းကိုသင်ယူတတ်မြောက်ဖို့ မီးကိုဒူးနဲ့တိုက်ရမယ်ဆိုရင်လဲ တိုက်ဝံ့ပါတယ်"

ရှမ်းစု၏ရဲရဲတောက်စကားကိုကြားသည့်အခါ သိုင်းရာဇာတင်မင်းသဘောကျသွား၏။

ဦးခေါင်းတဆတ်ဆတ်ညိတ်ကာ…

"အင်း …. တူမောင်ရဲ့စိတ်ဓာတ်ကတော့ ချီးကျူးစရာပါပဲ၊ ကဲပါလေ… ကျုပ်အတွက် ကိစ္စသုံးခုကူညီဆောင်ရွက်ပေးမယ်ဆိုရင် ကေရာဇ်ဓားသိုင်း တူမောင့်ကိုသင်ပေးလိုက်ပါ့မယ်"

"စိတ်ချပါ… ကျွန်တော့်ဘက်က ဦးစေခိုင်းတဲ့အတိုင်း တစ်သဝေမတိမ်း အောင်မြင်အောင်လုပ်ပေးပါ့မယ်"

"ကောင်းပြီလေ…. တူတော်မောင် အနားယူနိုင်ပါပြီ၊ ပြီးမှအေးအေးဆေးဆေးတိုင်ပင်ဆွေးနွေးကြတာပေါ့"

"ကောင်းပါပြီခင်ဗျာ"

သိုင်းရာဇာတင်မင်းက အစေခံတစ်ယောက်ကိုခေါ်ကာ ရှမ်းစုအတွက် နေရာထိုင်ခင်းပြင်ဆင်ခိုင်းလိုက်သည်။

ရှမ်းစုမှာ….

www.burmeseclassic.com

www.burmeseclassic.com



ယနေ့မှ ကောရာစ်ခြံဝင်းသို့ရောက်လာခဲ့သော်လည်း....

သိုင်းရာဇာတင်မင်းက အိမ်သားတစ်ယောက်ပမာ အခွင့်အရေးပေးပြီး လက်ခံထားလိုက်လေသည်။

ရှမ်းစုနှင့်သိုင်းရာဇာတင်မင်းတို့ အပေးအယူတည့်သွားကြပြီဟုဆိုရပေတော့မည်။

oooo

## အကြံထုန် ဂျူနီဆားချက်

"ခွပ် .... ခွပ် .... ခွပ် .... ခွပ်"

မြင်းခွာသံများ စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်နေ၏။ မြင်းစီးသမားနှစ်ယောက်သည် မြင်းညိုကြီးများကို ခြေလှမ်းမှန်မှန်စီးနင်းလာကြလေသည်။ သူတို့၏မြင်းပေါ်တွင် အထုပ်အပိုးများတင်ဆောင်လာကြ၏။

သူတို့၏မျက်နှာများလည်း ပြုံးရွှင်နေကြ၏။

ထိုလူနှစ်ယောက်မှာ ကျားခံတစ်ပိုင်ရှင်ပုလောက်၏ အားထားရသော လက်ရုံးနှစ်ဆုဖြစ်လေသည်။

ဂိုဇာ်းချုပ်၏လက်ဝဲရုံပေါင်းယုံနှင့် လယ်ယာရုံဟာန်ကျိုးတို့ဖြစ်ကြသည်။ သူတို့သည် ကျားခံတစ်ပိုင်ရှင်ပုလောက်၏အမိန့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ကြပြီး....

www.burmeseclassic.com

www.burmeseclassic.com



ယခု ကျားခံတပ်သို့ အပြန်ခရီးနှင်လာခဲ့ကြခြင်းဖြစ်လေသည်။ ကျားခံတပ်သည် အင်အားတောင့်တင်းသော သိုင်းအဖွဲ့အစည်းတစ်ခုဖြစ်သည်။

အများအမြင်တွင်.... သိုင်းလောကအကျိုး၊ အများအကျိုးသယ်ပိုးဆောင်ရွက်နေသည့် အဖြူရောင်သိုင်းအဖွဲ့ တစ်ဖွဲ့ဖြစ်လေသည်။ သို့သော် .... နောက်ကွယ်တွင် ဒုစရိုက်မှုများ ကျူးလွန်နေပြီး အနက်ရောင်သိုင်းလောကသားများနှင့် အဆက်အသွယ်ရှိသောအဖွဲ့ဖြစ်သည်။

ကျားခံတပ်၏သရုပ်မှန်ကိုသိရှိသူဟူ၍ အနည်းအကျဉ်းမျှသာရှိပေသည်။

ပေါင်းယုံနှင့် ဟန်ကျီးတို့သည် ခရီးနှင်လာကြရင်း မြို့ငယ်လေးတစ်မြို့သို့ရောက်ရှိလာကြလေသည်။

ပေါင်းယုံက ....

"ဟိတ် ဟန်ကျီး ဒီမှာခဏနေပြီး အရက်တစ်အိုးစီလောက်သောက်ကြရင်မကောင်းဘူးလား"

"ဟား .... ဟား .... ဟား .... သိပ်ကောင်းတာပေါ့ကွာ၊ ငါတို့မှာ အလောတကြီးလုပ်စရာ ဘာမှရှိတာမှမဟုတ်ဘဲ"

ဟန်ကျီးက ရယ်ရယ်မောမောထောက်ခံလိုက်လေသည်။



သို့ဖြင့် သူတို့သည် စားသောက်ဆိုင်တစ်ဆိုင်ရှေ့တွင် မြင်းများကိုရပ်တန့်လိုက်ကြသည်။ ထို့နောက် .... အထုပ်အပိုးများ သယ်ဆောင်က စားသောက်ဆိုင်ထဲသို့ဝင်သွားကြလေသည်။

ဆိုင်ထဲ၌ လူရှင်းနေသည်။

ပေါင်းယုံနှင့်ဟန်ကျီးတို့သည် စားပွဲတစ်လုံးတွင် နေရာယူလိုက်ကြပြီး ....

"ဟေ့ .... အရက်နှစ်အိုးနဲ့ အသားဟင်းသုံးမျိုးယူလာခဲ့"

သူတို့နှစ်ယောက်သည် လက်နက်ကိုယ်စီကိုင်ဆောင်ထားကြပြီး ခက်တန်ကြမ်းတမ်းသည့်အသွင်ရှိရာ ဆိုင်လုလင်များ မှာမှာသလဲဖြစ်သွားကြလေသည်။

ချက်ချင်းပင် ပေါင်းယုံတို့အတွက် အရက်နှင့် စားသောက်ဖွယ်ရာများ ပြင်ဆင်ပေးလိုက်ကြလေသည်။

ပေါင်းယုံနှင့်ဟန်ကျီးတို့ အားရပါးရစားသောက်လိုက်ကြလေသည်။ ပေါင်းယုံသည် အရက်သုံးခွက်ဆင့်သောက်လိုက်ပြီး အသားဟင်းသုံးလေးတုံးစားလိုက်သည်။ ပြီးမှ ....

"ဟန်ကျီး .... ငါတစ်ခုစွေးမိတယ်ကွ"

ဟု ပြောလာလေသည်။

ဟန်ကျီးက ....

www.burmeseclassic.com

www.burmeseclassic.com



"မင်းစကားကထူးထူးဆန်းဆန်း.... ဘာများလဲ ပြောစမ်းပါဦး"

ပေါင်းယုံက ....

"ငါတို့သယ်လာတဲ့ပစ္စည်းတွေ တန်ဖိုးမနည်းဘူးမဟုတ်လားကွ"

"အေးလေ .... အဲဒါဘာဖြစ်သလဲ"

"ဘာဖြစ်ရမလဲ.... ဒီပစ္စည်းတွေက မင်းနဲ့ငါ ဘီလူးကြီးဖုံးနဲ့ ပေါင်းပြီးတိုက်ခိုက်လုယက်လို့ရလာတာမဟုတ်လား"

ဟန်ကျိုးက ....

"နေပါဦး.... မင်းပြောသလိုမဟုတ်ဘူးလို့ ဘယ်သူကပြောနေလို့လဲ"

"ခက်ပါလားကွာ ငါပြောတာကို ခင်းကသဘောမပေါက်ဘဲကိုး၊ ဒီလိုကွ... ဒီပစ္စည်းတွေဟာ ငါတို့လုယက်တိုက်ခိုက်လို့ရလာတဲ့ပစ္စည်းတွေဖြစ်တယ်၊ ကျားခံတပ်ရောက်ရင် ဆရာပုလောက်လက်ထဲအပ်ရမှာပဲ"

"ဟုတ်တယ်လေ ကျားခံတပ်ရဲ့တစ်နှစ်တစ်နှစ်အသုံးစရိတ်ကနည်းမှမနည်းတာ၊ ဝင်ငွေမယ်မယ်ရရမရှိတော့ နောက်ကွယ်က နေလုယက်တိုက်ခိုက်ပြီး လိုအပ်တဲ့အသုံးစရိတ်ကို ဖြည့်ဆည်းပေးနေရတာပဲမဟုတ်လား"



ပေါင်းယုံက ....

"ငါတို့အသက်နဲ့ရင်းပြီးတိုက်ခိုက်လုယက်ခဲ့တာ ဟိုရောက်လို့ ဆရာပုလောက်လက်ထဲထည့်လိုက်ရင် ကုန်စွပြတ်သွားမယ်၊ ငါတို့လဲအကျိုးရှိအောင် ခုကတည်းက အနည်းအကျဉ်းလောက်ခွဲယူပြီး ဖွက်ထားလိုက်ရင် မကောင်းဘူးလား"

ဟန်ကျိုး၏မျက်နှာပြုံးယောင်သန်းလာလေသည်။

"ဘယ်လိုပြောလိုက်ပါလိမ့်ကွာ၊ သိပ်ကောင်းတာပေါ့"

"ကဲ .... ပြောနေကြာပါတယ်ကွာ၊ ခုပဲ ခွဲယူထားလိုက်ကြတာပေါ့"

"ကောင်းတယ်"

သူတို့သယ်ဆောင်လာသည့်အထုပ်များတွင် လုယက်တိုက်ခိုက်ခဲ့သည့် ရွှေငွေရတနာများပါရှိလေသည်။ ပေါင်းယုံနှင့်ဟန်ကျိုးတို့ တိတ်တဆိတ်ဝေစုခွဲယူထားကြရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင်....

"သနားသဖြင့် ပေးကမ်းစွန့်ကြဲကြပါဗျာ"

သူတောင်းစားတစ်ယောက် ဆိုင်ထဲဝင်လာပြီး ဟန်ကျိုးတို့ထံသို့ ဦးတည်လှမ်းလာကာ....

www.burmeseclassic.com

www.burmeseclassic.com



သနားစဖွယ်တောင်းရမ်းလိုက်လေသည်။

ဟန်ကြီးက ....

"ကောင်းကွာ ဝေစုခွဲမယ်ကြံကာရှိသေးတယ်၊ လာတောင် တဲ့လူနဲ့တွေ့နေရပြီ"

ပေါင်းယုံမှာ စိတ်ရှုပ်နေသည့်အလျောက် ....

"ကဲပါ .... နည်းနည်းပါးပါးလောက်ပေးလိုက်စမ်းပါကွာ"

ဟုပြောရာ ဟန်ကြီးက ....

"ရော့ .... ရော့ ...."

ငွေတုံးလေးတစ်တုံးနှိုက်ကာ သူတောင်းစားအား ပေးကမ် စွန့်ကြဲလိုက်သည်။

သူတောင်းစားက ....

"ခုလိုပေးကမ်းစွန့်ကြဲတဲ့အတွက်ကျေးဇူးပါပဲဗျာ၊ ဒီထက် ပြီး ပေးကမ်းစွန့်ကြဲနိုင်ပါစေ"

ဟုဆုတောင်းပေးသည်။ သို့သော် .... ထွက်မသွားသေး လက်ထဲမှခွက်ကို တချောက်ချောက်ခေါက်ရင်း ဆက်လက်ရပ်နေ ဖြင့် ပေါင်းယုံက ....

"ငွေရပြီမဟုတ်လား.... ဘာရပ်နေတာလဲ၊ သွားတော့လေ

သူတောင်းစားက ....



"ဒီထက်မကပေးကမ်းစွန့်ကြဲနိုင်ပါစေလို့ ကျုပ်ပြောနေတာ ပဲဗျာ"

"ဘာ...."

ပေါင်းယုံနှင့်ဟန်ကြီးတို့ ဒေါမွသွားကြသည်။

ပေါင်းယုံက...

"ဘယ်လိုလဲကွ .... မင်းတို့ဆိုင် သူတောင်းစားတွေ ဝင် သောင်းကျန်းနေတာကို ဒီအတိုင်းလက်ပိုက်ကြည့်နေတာပဲလားကွ"

သူ့အော်သံကြောင့် ဆိုင်ရှင်ချက်ချင်းရောက်လာပြီး ....

"ဟေ့.... ထွက်သွားစမ်း"

သူတောင်းစားကို အော်ငေါက်မောင်းထုတ်လိုက်သည်။

သူတောင်းစားက ....

"ကျုပ် သွားပါ့မယ်ဗျာ၊ ဒါပေမဲ့ သူတို့ ကျုပ်ကိုထပ်စွန့်ကြဲမှ ကျုပ်သွားမှာ"

"ဘာ .... ဘာပြောတယ်"

"တို့က ထပ်ပြီးစွန့်ကြဲရဦးမယ်ဟုတ်လား"

ပေါင်းယုံနှင့်ဟန်ကြီးတို့ မကျေမနပ်ဖြစ်သွားကြသည်။

သူတောင်းစားက....

"ဟုတ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းယုံကနှာခေါင်းရှုံ့လိုက်ပြီး ....

"ဘာလဲ.... တို့ပါလာတဲ့ပစ္စည်းတွေ အကုန်လုံးလိုချင်တယ်ပေါ့လေ"

အရွဲ့တိုက်ကာပြောလိုက်သည်။

သူတောင်းစားက ....

"ဒါ့ထက်ပိုပြီး လိုချင်ပါသေးတယ်ဗျာ"

"ဘာ"

"နေစမ်းပါဦး.... မင်းကဘာများပိုလိုချင်သေးလို့လဲ"

"ခင်ဗျားတို့ရဲ့အသက်ကိုပါ လိုချင်လို့ပါ"

"တောက်"

ပေါင်းယုံနှင့်ဟန်ကျိုးတို့ ဒေါသမထိန်းနိုင်ကြတော့ချေ။

မြို့ပေါ်ရောက်ရှိနေသောကြောင့် အတတ်နိုင်ဆုံးစိတ်ထိန်းထားကြခြင်းဖြစ်သည်။ သူတို့အား ကျားခံတပ်မှဖြစ်ကြောင်း သိသူရှိနေပါက သူတောင်းစားတစ်ယောက်ကိုအနိုင်ကျင့်သည်ဟု အပြောမခံလို၍ဖြစ်သည်။

ယခုကဲ့သို့ သူတောင်းစားက သူတို့အသက်ကိုခြိမ်းခြောက်လာသောအခါ ဘာကိုမှအမှုမထားတော့ဘဲ ....

"ခြွမ်း .... ခြွမ်း"



ဓားများဆွဲထုတ်ကြပြီး သူတောင်းစားအား တိုက်ခိုက်လိုက်ကြလေတော့သည်။

"အမယ်လေးဗျ"

ဆိုင်ရှင်ထိတ်လန့်သွားပြီး ကပျာကယာနောက်ဆုတ်လိုက်လေသည်။ ပေါင်းယုံနှင့်ဟန်ကျိုးတို့၏ဓားချက်ဖြင့် သူတောင်းစားသေဆုံးသွားလိမ့်မည်ဟုထင်မိသည်။ သို့သော်... သူတောင်းစားသည် လက်ထဲမှခွက်ကိုလွှတ်ချပြီး ပေါင်းယုံတို့၏ဓားများကို လုယူလိုက်သည်။

တစ်ဆက်တည်းပင်... ပေါင်းယုံနှင့်ဟန်ကျိုးတို့၏ရင်ဝသို့ ပြန်လည်ထိုးသွင်းလိုက်၏။ သူ၏လှုပ်ရှားမှုမှာ လျှပ်ပြက်သလို လျင်မြန်လွန်းလှရာ ပေါင်းယုံနှင့် ဟန်ကျိုးတို့ ရှောင်တိမ်းရန်ပင် အချိန်မရလိုက်ကြချေ။ ထိုသို့ဖြစ်လာမည်ဟုလည်း လုံးဝမျှော်လင့်မထားခဲ့ကြပါ။ သူတို့၏လက်နက်များသည် သူတို့၏ရင်ဝသို့ ပြန်လည်ထိုးသွင်းမိပြီး ....

"အား"

"အမယ်လေး"

စူးစူးရှရှအော်ဟစ်သံနှင့်အတူ ကြမ်းပြင်ပေါ်သို့ ဝရုန်းသုန်းကား လဲကျသွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ...."

ဆိုင်ရှင် ပါးစပ်အဟောင်းသားဖြစ်သွား၏။ သူတောင်းစားကရယ်မောရင်း လက်ထဲမှခွက်ကိုလွှင့်ပစ်လိုက်သည်။

"ဟဲ .... ဒီအထုပ်တွေထဲက ရွှေငွေရတနာတွေကို ဆင်းရဲနွမ်းပါးသူတွေဝေငှပေးလိုက်ပါ"

ထို့နောက် ကြမ်းပြင်ပေါ် လဲကျသေဆုံးနေသည့် ပေါင်းယုံနှင့်ဟန်ကျိုးတို့အားညွှန်ပြလိုက်ပြီး ....

"သူတို့နှစ်ယောက်ကို ဘယ်သူ ဆုံးမသွားသလဲလို့မေးရင် သက်ခြေလက်လို့ပြောလိုက်ပါ"

ဆိုင်ရှင် မျက်လုံးပြူးသွားသည်။ သက်ခြေလက်ဟူသော အမည်ကို လူည်းနေလှေအောင်း မြင်းဇောင်းမကျန် ကြားဖူးသားကြသည်မဟုတ်ပါလား။

သူတောင်းစားသည် ဒုစရိုက်သမားတို့၏သေမင်း သက်ခြေလက်ဖြစ်နေသည်။ သက်ခြေလက်သည် မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ ဆိုင်ထဲမှအေးအေးဆေးဆေးပင် ထွက်ခွာသွားလေသည်။

oooo



ကျားခံတပ် ....

ပေါင်းယုံနှင့်ဟန်ကျိုးတို့ လုပ်ကြံခံလိုက်ရသည့်သတင်းသည် ကျားခံတပ်သို့ ချက်ချင်းရောက်ရှိသွားလေသည်။

လက်ရုံးနှစ်ဆူ လုပ်ကြံခံလိုက်ရသည့်အဖြင့် ကျားခံတပ်၏သို့ ဝှက်ချက်များ ပေါ် ပေါက်သွားသဖြင့် ခံပြင်းဒေါသထွက်နေလေတော့သည်။

"တောက် ...."

ကျားခံတပ်ပိုင်ရှင်ပုလောက် ဒေါသတကြီးတောက်ခေါက်လိုက်သည်။ သူ့ရှေ့တွင် လက်ရွေးစင်သိုင်းသမားများ စီတန်းရပ်နေကြပြီးခေါင်းငုံ့ထားကြလေသည်။

ကျားခံတပ်ပိုင်ရှင်ပုလောက်က ....

"ဒီသက်ခြေလက်ဆိုတဲ့ကောင် တော်တော်လူပါးဝတာပဲ၊ ငါ့လူနှစ်ယောက်ကို ခုလိုလုပ်ကြံလိုက်တာ ငါက သည်းခံမယ်ထင်နေသလား။ မင်းတို့အားလုံး အသင့်ပြင်ထားကြ၊ သက်ခြေလက်ဟာ ဒီနေ့ကစပြီး ကျားခံတပ်ရဲ့ရန်သူဖြစ်သွားပြီ၊ သူ့ကိုလိုက်ရှာပြီး ဆုံးမရမယ်"

ကျားခံတပ်တွင် သိုင်းပညာထူးချွန်သော လက်ရွေးစင်သိုင်းသမားအများအပြားရှိလေသည်။

www.burmeseclassic.com



ကျားခံတပ်က သက်ခြေလက်အား ရန်သူအဖြစ်ကြေညာ တိုက်ခိုက်မည်ဆိုပါက သိုင်းလောကအတွင်း ပြင်းထန်သောတိုက်ပွဲများ ပေါ်ပေါက်လာမည်မှာ မလွဲကေန်ဖြစ်သည်။

လက်ရွေး စင်သိုင်းသမားများသည် ခံတပ်ပိုင်ရှင်ပုလောက်၏စကားအဆုံး၌ လှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။

ခံတပ်ပိုင်ရှင်ပုလောက်က ....

"ခုချိန်ကစပြီး မင်းတို့အားလုံး ငါးယောက်တစ်ဖွဲ့ အဖွဲ့ပေါင်းဆယ်ဖွဲ့ခွဲပြီးသိုင်းလောကထဲဆင်းရမယ်၊ သက်ခြေလက်သတင်းကို ရအောင်စုံစမ်းခဲ့ကြ၊ ဒါပဲ"

ကျားခံတပ်သည် တိုက်ပွဲတစ်ပွဲဆင်နွှဲရန် တာစူနေပြီဖြစ်သည်။ ခါတိုင်းဆိုလျှင် ပြဿနာတစ်ခုခု ပေါ်ပေါက်လာပါက ကျားခံတပ်မှလူများသည် အလွန်တက်တက်ကြွကြွရှိကြသည်။

ယခုမူ .... ကျားခံတပ်မှလူများသည် စိတ်မပါသဲဖြစ်နေကြသည်။ သက်ခြေလက်အား ရင်ဆိုင်ရန် ဝန်လေးနေကြခြင်းပင်ဖြစ်ပေတော့သည်။ မည်သို့ဆိုစေ .... ခံတပ်ပိုင်ရှင်ပုလောက်၏အမိန့်ကို မလွန်ဆန်ရဲကြသဖြင့် အလျှိုလျှိုထွက်သွားကြလေတော့သည်။

၀၀၀၀



ကျားခံတပ်မှလက်ရွေးစင်သိုင်းသမားများ အလျှိုလျှိုထွက်သွားကြပြီဖြစ်သည်။ ခံတပ်ပိုင်ရှင်ပုလောက်က ....

"သက်ခြေလက် .... မင်းဘယ်လောက်ပြေးနိုင်မလဲ၊ ကြည့်သေးတာပေါ့"

ဟုကြုံးဝါးလိုက်သည်။ ထိုစဉ် ....

"ဖေဖေ"

ခေါ်သံနှင့်အတူ လူငယ်တစ်ယောက်လှမ်းဝင်လာသည်။

ထိုလူငယ်မှာ... ခံတပ်ပိုင်ရှင်ပုလောက်၏သား သခင်လေးပုအိမ်းဖြစ်၏။ သခင်လေးပုအိမ်းသည် မျက်စိမျက်နှာပျက်ဖြင့် ဖခင်ဖြစ်သူထံလှမ်းလာခြင်းဖြစ်သည်။

ခံတပ်ပိုင်ရှင်ပုလောက် မျက်မှောင်ကုတ်သွားပြီး ....

"ဘာဖြစ်တာလဲ"

ဟုမေးလိုက်ရာ သခင်လေးပုအိမ်းက ....

"ဖေဖေ့အိပ်ခန်းထဲမှာ ထူးထူးဆန်းဆန်းစာတစ်စောင်တွေ့ရလို့ပါ"

"ဟေ ...."

မျှော်လင့်သောစကားကြားလိုက်ရခြင်းကြောင့် ပုလောက် အံ့သြသွားသည်။

www.burmeseclassic.com



"ဘာပြောတယ်... ငါ့အိပ်ခန်းထဲက စာတစ်စောင်ရတယ် ဟုတ်လား"

"ဟုတ်ပါတယ်ဖေဖေ.... ဖေဖေ့အိပ်ရာပေါ်ကပါ"

"ပြစမ်း .... ဘာစာလဲ"

"ဟောဒီမှာပါ"

သခင်လေးပုအိမ်းက အသင့်ယူလာသောစာတစ်စောင်ကို ပေးလိုက်သည်။

ပုလောက်က စာကိုယူကာဖတ်ကြည့်လိုက်သည်။

စာထဲ၌ ....

*"ကျွန်းခံတပ်ပိုင်ရှင်ပုလောက်*
*ပေါင်းယုံနဲ့ဟန်ကျီးတို့အလှည့်ပြီးရင်*
*ဘယ်သူ့အလှည့်ဆိုတာစဉ်းစားကြည့်ပါ"*

*သက်ခြေလက်*

"ဟာ ...."

ပုလောက် လွှတ်ခနဲအသံထွက်သွားသည်။

လက်ထဲမှစာပင် လွှတ်ကျသွားလေသည်။

သက်ခြေလက်၏စာသည်....

သူ့အိပ်ခန်းထဲသို့ဝင် ဝင်ရောက်လာနိုင်သည်ဆိုလျှင်....



"လက်ရွေးစင်သိုင်းသမားတွေကို ခုချက်ချင်းပြန်ခေါ်လိုက်၊ သက်ခြေလက်ကို လိုက်ရှာစရာမလိုတော့ဘူး"

ပုလောက်က ချက်ချင်းအမိန့်ပေးလိုက်သည်။

မှန်သည်။

သူတို့ လိုက်ရှာစရာမလိုတော့ပါ။

သက်ခြေလက်သည် သူတို့ထံရောက်လာလိမ့်မည်မဟုတ်ပါလား။

၀၀၀၀

www.burmeseclassic.com



တစ်ရက်....

နှစ်ရက်....

သုံးရက်....

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။

သက်ခြွေလက်သည် ကျားခံတပ်သို့ ရောက်ရှိလာခြင်းမရှိသေးပါ။ သို့သော် ခံတပ်ပိုင်ရှင်ပုလောက်မှာ သက်ခြွေလက်ရောက်လာလျှင် ဒုက္ခရောက်မည့်အရေးကိုတွေးကာ စိုးရိမ်ပူပန်နေသည်။

သူ၏သိုင်းပညာသည် ထိပ်တန်းအဆင့်၌ ရှိသော်လည်း သက်ခြွေလက်ကိုမူ ရင်ဆိုင်နိုင်မည်ဟုမယူဆပေ။

ထို့ကြောင့် ထိတ်လန့်တုန်လှုပ်စိတ်ဖြင့် စားမဝင်အိပ်မပျော်ဖြစ်ကာ ရက်ပိုင်းအတွင်းပိန်ချုံးသွားသလို မျက်တွင်းဟောက်ပက်ဖြစ်သွားတော့သည်။

ကျားခံတပ်တွင် အစောင့်အကြပ်များကို ခါတိုင်းထက်ပို၍ချထားလိုက်၏။ နေ့ညမပြတ် ဂရုစိုက်စောင့်ကြပ်စေသည်။ ခံတပ်ပိုင်ရှင်ပုလောက်သည် လေးဘက်လေးတန်အုတ်နံရံကာရံထားသောသူ့အခန်းတွင်းမှမထွက်တော့ချေ။

မည်သို့ဆိုစေ .... ခံတပ်ပိုင်ရှင်ပုလောက်သည် မိမိကိုယ်ကိုလုံခြုံရှိသည်ဟုမထင်ချေ။



ဤအတိုင်းဆိုလျှင် ပုလောက်သည် မကြာမီ ရူးသွပ်သွားနိုင်သည်ဟု အားလုံးကတွေးမိကြသည်။ ဖခင်ဖြစ်သူ၏အရိပ်အခြည်ကိုကြည့်နေသည့်သားဖြစ်သူပုအိမ်းမှာ မနေသာတော့ဘဲဖခင်ဖြစ်သူအားဝင်ရောက်တွေ့ဆုံရလေတော့သည်။

"ဖေဖေ .... ကျွန်တော်တို့ ဒီအတိုင်းအနေလို့မဖြစ်ဘူးထင်တယ်၊ သက်ခြွေလက်ရောက်လာမဲ့အချိန်ကိုထိုင်စောင့်နေကြမဲ့အစားလှုပ်ရှားမှုတစ်ခုခုလုပ်ကြရင် ကောင်းမယ်ထင်တယ်"

"နေပါဦး သက်ခြွေလက်ဟာ ဘယ်လိုလူစားမျိုးလဲဆိုတာမင်းသိလို့လား။ မင်းသိရင် ဒီစကားမျိုး ငါ့ကိုလာပြောမှာမဟုတ်ဘူး"

ပုလောက်က ခပ်မာမာပင်ပြန်ပြောလိုက်သည်။

ယခု.... ပုလောက်သည် ဘာကိုမျှအလိုမကျသော၊ ဘာကိုမျှကျေနပ်မှုမရှိနိုင်သော ဘာကိုမျှ ကြံစည်တွေးတောမရသော လူတစ်ယောက်အဖြစ် ပြောင်းလဲသွားပြီဖြစ်လေသည်။

ထို့ကြောင့် သားဖြစ်သူ၏စကားကို နားမဝင်ဘဲ ငေါက်ငမ်းလိုက်ခြင်းဖြစ်ပေသည်။

သားဖြစ်သူပုအိမ်းက လက်မလျှော့ဘဲ....

"ကျွန်တော် တွေးမိတာတစ်ခုရှိလို့ပါဖေဖေ"

ပုလောက်ကနှာခေါင်းရှုံ့ကာ....

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ.... အားလုံး သက်ခြွေလက်ဆီသွားပြီး ဒူးထောက်တောင်းပန်ဖို့လား"

"မဟုတ်ပါဘူးဖေဖေ သက်ခြွေလက်အနေနဲ့ ဘယ်လောက်ပဲတော်တော် တစ်ယောက်နဲ့အများ ယှဉ်လို့ရမှာမဟုတ်ပါဘူး၊ သိုင်းလောကမှာ သက်ခြွေလက်လိုပဲ ပြိုင်ဘက်ကင်းတယ်လို့ ထင်ရှားတဲ့သိုင်းသမားတွေအများကြီးရှိနေတာပဲ၊ ကျွန်တော်တို့က မိတ်ဆွေတွေဆီအကူအညီတောင်းမယ်ဆိုရင် သက်ခြွေလက်ကို ကောင်းကောင်းကြီးရင်ဆိုင်နိုင်မှာပါ"

ပုအိမ်းကစိတ်ရှည်လက်ရှည်ရှင်းပြလိုက်သည်။

ပုလောက်ကမကျေမနပ်လေသံဖြင့် ....

"ငါကဘယ်သူ့ဆီသွားအကူအညီတောင်းရမှာလဲ၊ ပြောစမ်းပါဦး"

ပုအိမ်းက ....

"အမျိုးသမီးကိုဏ်းနဲ့ ဓားနှစ်လက်ဂိုဏ်းဟာ ဖေဖေ့မိတ်ဆွေရင်းချာတွေပဲမဟုတ်လား၊ သူတို့ရဲ့သိုင်းပညာလဲ မခေပါဘူး၊ သူတို့ကိုအကူအညီတောင်းမယ်ဆိုရင် သက်ခြွေလက်ကို ကောင်းကောင်းကြီးရင်ဆိုင်နိုင်မှာပါ"

ပုလောက်က လက်ဝှေ့ယမ်းလိုက်သည်။



"တော်စမ်းပါကွာ၊ ဒီအသုံးမကျတဲ့လူတွေအကြောင်းမပြောစမ်းပါနဲ့၊ သူတို့ဟာ ကိုယ်ကျိုးမပါရင် ဘာမှလုပ်တဲ့သူတွေမဟုတ်ဘူး၊ သူတို့အကြောင်းကို မင်းမသိပါဘူး"

ပုအိမ်းက ....

"သူတို့ ဖေဖေ့ကိုကူညီချင်လာအောင် မက်လုံးပေးလိုက်လို့ရတာပဲဖေဖေရယ်၊ ဖေဖေ့ဆီမှာရှိတဲ့ပစ္စည်းတစ်ခုကို သိုင်းလောကတစ်ခုလုံးကလိုချင်နေကြတာမဟုတ်လား၊ တကယ်လို့ ဖေဖေ့ဆီမှာရှိနေမှန်းသာသိသွားကြရင် ကျားခံတပ်အမှန်ဖြစ်တာကြာပြီပေါ့"

ထိုစကားကိုကြားသည့်အခါ....

ပုလောက်မှာ ဒေါသခြောင်းခြောင်း ထွက်သွားတော့သည်။

"ခွေးကောင်.... မင်းပါးစပ်ပိတ်ထားလိုက်စမ်း"

ပြောပြောဆိုဆို သားဖြစ်သူအား ပါးရိုက်ချရန် လက်ရွယ်လိုက်သည်။ ပုအိမ်းက မလှုပ်မယှက်ရပ်နေ၏။ သူ့စကားကြောင့်ဖခင်စိတ်ဆိုးသွားမည်ကို ကြိုတင်သိရှိထားပုံရသည်။

ပုလောက်သည် ရိုက်ရန်လက်ရွယ်လိုက်ပြီးမှ ပြန်လည်ရုပ်သိမ်းကာ ....

"ဒီစကားမျိုး နောက်ဘယ်တော့မှမပြောနဲ့.... ငါ့ရဲ့လျှို့ဝှက်ချက်ပေါက်ကြားသွားရင် ငါ့ရဲ့သားဖြစ်ပေမဲ့.... ငါညှာမှာမဟုတ်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ကဲ.... ပါးစပ်လုံအောင်ပိတ်ထားပြီး သွားတော့”

“ကောင်းပါပြီဖေဖေ”

ပုအိမ်းက ထွက်သွားရန် ဟန်ပြင်လိုက်သည်။

သို့သော် ....

ပုလောက်သည် မည်သို့စိတ်ပြောင်းသွားသည်မသိ ....

“နေဦး”

ဟုဟန့်တားလိုက်သည်။

ပုအိမ်းက လှည့်ကြည့်လိုက်သောအခါ ....

“လာဦး”

ပုလောက် လက်ယပ်ခေါ်သဖြင့် ပုအိမ်းသည် ဖခင်အနီးသို့ လှမ်းသွားလိုက်ရပြန်လေသည်။

ပုလောက်က ....

“ငါ့ဆီမှာ ထိုက်စန်းအဘိုးအိုရဲ့ရှစ်ကွက်အင်းရှိတယ်လို့ မင်းဘယ်သူ့ကိုများပြောမိသေးသလဲ၊ ပြောစမ်း”

ပုအိမ်းခေါင်းခါယမ်းလိုက်သည်။

“ဘယ်သူ့ကိုမှမပြောဖြစ်ခဲ့သေးပါဘူးဖေဖေ၊ ဒီကိစ္စကို အသက်နဲ့ထပ်တူ လျှို့ဝှက်ထားရမယ်ဆိုတာ ကျွန်တော်ကောင်းကောင်းသဘောပေါက်ပါတယ်ဖေဖေ”



ပုလောက်က ....

“အေး ...., ငါ့ဆီမှာရှိနေတာ သတင်းပေါက်ကြားသွားလို့ကတော့ မင်းကောငါကောသက်သာမှာမဟုတ်ဘူး။ ထိုက်စန်းအဘိုးအိုဟာ ငါ့အဖေရဲ့ဆရာပဲ၊ ငါ့အဖေက သူ့ဆရာကိုလုပ်ကြံပြီး ရှစ်ကွက်အင်းကိုရယူခဲ့တာ၊ သိုင်းလောကသားတွေဟာ ထိုက်စန်းအဘိုးအိုကို ကြည်ညိုလေးစားကြတယ်၊ ငါ့အဖေရဲ့လုပ်ရပ်ကိုသိသွားရင် ဘယ်လွယ်မလဲ၊ ငါ့အဖေဟာ ရှစ်ကွက်အင်းကိုရခဲ့ပေမဲ့ အသုံးမပြုရခဲ့ဘူး၊ သေတဲ့အထိလျှို့ဝှက်ထားခဲ့တယ်၊ အခု ငါ့လက်ထဲရောက်လာပြန်တော့လဲ ဘာထူးသေးသလဲ၊ ရှစ်ကွက်အင်းရဲ့လျှို့ဝှက်ချက်ကိုဖော်ထုတ်နိုင်ရင် သိုင်းလောကရဲ့ရတနာသုံးပါးရမယ် ဆိုတာသိထားပေမဲ့ ဟုတ်တိပတ်တိမလှုပ်ရှားရဲခဲ့ဘူး၊ ထိုက်စန်းအဘိုးအိုအကြောင်း မမေ့ကြသေးတဲ့သိုင်းလောကသားတွေက ငါတို့ကို မျက်ခြည်မပြတ်စောင့်ကြည့်နေကြမယ်ဆိုတာ ငါသိတာပေါ့”

ပုအိမ်းက ဘာမှမပြောပါ။

သူ့အဘိုးသည် ဆရာဖြစ်သူကို အကောက်ဉာဏ်ဆင်၍ လုပ်ကြံခဲ့သူဖြစ်သည်။

သူ့၏ဖခင်သည် အဖြူရောင်သိုင်းသမားအမည်ခံကာ ကြည်ရာတွင် ဒုစရိုက်မှုများကျူးလွန်နေသူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးနှင့်အဖေကိုယ်တိုင်က ထင်ရာစိုင်းနေကြသူများဖြ
ရာ သူ့အနေဖြင့် ဘာများပြောနိုင်ပါမည်နည်း။

သူ၏အာရုံတွင် အဘိုးနှင့် အဖေသည် မည်သို့သောလူစာ
မျိုးဖြစ်ပါစေ အရေးမကြီးပါ။ အရေးကြီးသည်မှာ ကျားခံတပ်ပျက်စီး
မသွားဖို့ဘဲဖြစ်သည်။

ကျားခံတပ် အရှည်သဖြင့် ဆက်လက်တည်တံ့နေမည်ဆို
ပါလျှင် နောင်တစ်ချိန်တွင် သူသည် ကျားခံတပ်ပိုင်ရှင်ဖြစ်လာလိမ့်
မည်မဟုတ်ပါလား။

ပုလောက်က ....

"ရှစ်ကွက်အင်းရဲ့ လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်မယ်ဆိုရင်
အကျိုးကျေးဇူးအများကြီးရှိတယ်ဆိုပေမဲ့ ငါကမလှုပ်ရှားဝံ့တော့ ငါ့
လက်ထဲမှာရှိနေပေမဲ့ အသုံးမကျအရာမဝင်ဖြစ်နေတယ်၊ ဒါကြောင့်
အသက်တစ်ချောင်းနဲ့ လဲလိုက်တာအကောင်းဆုံးပဲ"

ပုအိမ်းမျက်မှောင်ကုပ်သွားသည်။

"ဖေဖေ ဘယ်သူ့အသက်နဲ့လဲမလို့လဲ"

ပုလောက်ကမချိုပြုံးပြုံးကာ ....

"မင်းပေးတဲ့အကြံကို ပြောင်းပြန်လှန်လိုက်တာပေါ့ကွာ"

"ဗျာ"



"မင်းက သက်ခြေလက်ရဲ့ အန္တရာယ်ကကာကွယ်ပေးမဲ့လူ
ကို ရှစ်ကွက်အင်းနဲ့ ကျေးဇူးဆပ်မယ်လို့များခေါ်ဖို့ အကြံပေးတယ်
မဟုတ်လား"

"ဟုတ်ပါတယ်ဖေဖေ"

ပုလောက်က ....

"ငါက ကာကွယ်စောင့်ရှောက်မဲ့လူကိုမလိုချင်ဘူး။ သက်ခြေ
လက်ကိုသုတ်သင်ရှင်းလင်းပေးမဲ့လူကိုပဲလိုချင်တယ်"

ပုအိမ်းသည် ဖခင်ဖြစ်သူ၏စိတ်နေသဘောထားကိုသိထား
သည်ဖြစ်ရာ ဘာမှမပြောဘဲနေလိုက်သည်။

ပုလောက်က ....

"ကဲ.... သက်ခြေလက်ကို ဘယ်သူသုတ်သင်ပေးနိုင်မယ်လို့
မင်းထင်သလဲ"

ပုအိမ်း အနည်းငယ်စဉ်းစားလိုက်သည်။ ပြီးမှ....

"အနက်ရောင်သိုင်းလောကမှာဆိုရင်တော့ နွေမိုးဆောင်း
ဆိုတဲ့ လူထူးလူဆန်းကြီးသုံးယောက်ပဲရှိပါတယ်၊ အဖြူရောင်သိုင်း
လောကမှာတော့ အတော်များများရှိကြပါတယ်၊ ဒါပေမဲ့ သက်ခြေ
လက်ရဲ့ မိတ်ဆွေအဖြစ်ခံယူထားတဲ့လူကို ဖေဖေက ကူညီမယ်အခွင့်
နဲ့သွားချဉ်းကပ်မိရင် အခြေအနေပိုဆိုးကုန်ပါလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



သားဖြစ်သူမှာ ယေယေရွှယ်ရွှယ်နှင့် သိုင်းလောကအတွေ့အကြုံကြွယ်ဝနေသည်မှာ ဂုဏ်ယူစရာပင်ဖြစ်ပါသည်။

သို့သော် ပုလောက်မှာ ဂရုမစိုက်နိုင်အားဘဲ ....

"ဒါဖြင့် ငါ့ကိုကူညီနိုင်တာ နွေမိုးဆောင်းဆိုတဲ့လူထူးဆန်းကြီးသုံးယောက်ပဲရှိတော့တာပေါ့၊ ဟုတ်လား"

ဟု ပြောလိုက်၏။

ပုအိမ်းကတွေးတွေးဆဆဖြင့် ....

"ကျွန်တော့်မျက်စိထဲမှာတော့ သူတို့အပြင် ကူညီနိုင်သူတစ်ယောက်ရှိသေးတယ်ထင်ပါတယ်၊ ဒါပေမဲ့ ဖေဖေ သူ့ကိုသဘောကျပါ့မလားတော့မသိဘူး"

ပုလောက် မျက်မှောင်ကုပ်သွားသည်။

"မင်းစကားက ဘာအဓိပ္ပါယ်လဲကွ၊ ရှင်းရှင်းပြောစမ်းပါ"

မကျေနပ်သလိုလေသံဖြင့် ပြောလိုက်သည်။

ပုအိမ်းက....

"ကေရာစ်ဓားသိုင်းနဲ့ ကျော်ကြားနေတဲ့ သိုင်းရာဇာတင်မင်းကိုပြောတာပါ"

သိုင်းရာဇာတင်မင်းဟူသောအမည်ကို ကြားလိုက်သည်နှင့် ပုလောက်မှာ လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။



"ဘာတွေ.... သိုင်းရာဇာတင်မင်းဟုတ်လား"

"ဟုတ်ပါတယ်ဖေဖေ"

"သူက ကေရာစ်ဓားသိုင်းကိုတတ်ထားတဲ့အပြင် ရတနာဓားတစ်လက်ကိုလဲရထားတယ်ဆိုတော့ တစ်လောကလုံးကို တူတယ်တန်တယ်လို့မထင်ဘဲ ဘဝင်မြင့်နေတဲ့လူဆိုတာ မင်းမသိဘူးလား"

"ကျွန်တော်သိပါတယ်ဖေဖေ.... သူဟာ သိုင်းပညာနဲ့ပတ်သက်လာရင် သူများထက်ပိုပြီး လောဘကြီးတဲ့လူတစ်ယောက်ဆိုတာလဲ သိပါတယ်ဖေဖေ"

ပုလောက်သည် သားဖြစ်သူအား မျက်မှောင်ကုပ်ကာစိုက်ကြည့်လိုက်သည်။ ပုအိမ်းက ....

"ကျွန်တော်ရှင်းပြနိုင်ပါတယ်... လွန်ခဲ့တဲ့ရှစ်နှစ် လောက်က ရှောင်လင်ကျောင်းကိုသွားပြီး ရှောင်လင်ကျောင်းရဲ့ ထိပ်တန်းဓားပညာဖြစ်တဲ့နဂါးနိုင်ဓားပညာကို လေ့လာခွင့်ပြုဖို့ တောင်းဆိုခဲ့ဖူးပါတယ်၊ ရှောင်လင်ကျောင်းထိုင်က ခွင့်မပြုခဲ့ပါဘူး၊ ဒါနဲ့ပဲ သူက သူ့ရဲ့ ကေရာစ်ဓားသိုင်းဟာ နဂါးနိုင်ဓားသိုင်းထက် ပိုပြီးအစွမ်းထက်တယ်လို့ပြောခဲ့တယ်၊ ဒါကြောင့် သိုင်းလောကသားအတော်များများက သူ့ကိုပြက်ရယ်ပြုခဲ့ကြတယ်၊ သူလဲအရှက်ရပြီး သိုင်းလောကထဲ ထွက်တော့ဘူး၊ ချန်အန်းမြို့က ကေရာစ်ခြံဝင်းထဲမှာပဲနေတော့တယ်၊

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုပြက်ရယ်ပြုခဲ့တဲ့လူတွေကို တစ်နေ့ဆုံးမပြမယ်ဆိုပြီး တိတ်တဆိတ်ကြုံးဝါးနေတယ်လို့သိရပါတယ်”

ပုလောက်သည် သားဖြစ်သူ၏စကားကို နားထောင်ရင်း မျက်လုံးများ အရောင်တဖိတ်ဖိတ်တောက်ပလာလေသည်။

“ဒီအတိုင်းဆို သိုင်းရာဇာတင်မင်းဟာ စိတ်ထင်ရာလုပ်မဲ့လူတစ်ယောက်ပေါ့”

“ဒါ သေချာပါတယ်ဖေဖေ”

“အင်း... သူ့ရဲ့နောက်ကြောင်းက သိပ်ပြီးရှင်းရှင်းလင်းလင်း မရှိဘူးလို့ ငါကြားဖူးတယ်၊ တကယ်လို့ သူက ငါ့ကိုကူညီမယ်ဆိုရင်တော့ ....”

ပုအိမ်းက ....

“သူကကူညီမယ်ဆိုရင်တော့ သက်ခြေလက်ကိုမှုစရာမလိုတော့ဘူးလို့ ကျွန်တော်ထင်ပါတယ်”

ပုလောက်ခေါင်းညိတ်လိုက်သည်။

“ကောင်းပြီ... နက်ဖြန်ကျရင် ချန်အန်းမြို့ကိုငါသွားမယ်၊ ခရီးထွက်ဖို့ အားလုံးအသင့်ပြင်ထားလိုက်”

၀၀၀၀



ဆုံတွေ့ခြင်းနိဒါန်း

ချန်အန်းမြို့သည်... နောက်ဘက် လီပေါင်းသုံးဆယ်အကွာတွင်ကျန်ရစ်ခဲ့ပြီဖြစ်လေသည်။ တင်ရှောင်သည် ကြာဖြူကန်မှစာဆိုတော်ဗိမာန်ဆီသို့ ဦးတည်ခရီးနှင်နေသည်။

သူ၏ဘဝတစ်သက်တာတွင်....

ကြာဖြူကန်မှ စာဆိုတော်ဗိမာန်သို့ သွားရောက်လိုသောစိတ်ဆန္ဒမှာ အခြားအရာများထက်ပို၍ပြင်းပြခဲ့လေသည်။

သို့သော်.... သူသည် သိုင်းပညာမသင်ဘဲ စာပေပညာကိုသာလေ့လာလိုက်စားနေသဖြင့် ဖခင်ဖြစ်သူက သူ့အား စာဆိုတော်ဗိမာန်ကို လုံးဝမသွားရဟုအတင်းအကျပ်ပိတ်ပင်ထားခဲ့လေသည်။

ထို့ကြောင့် တင်ရှောင်သည် တစ်နေ့တွင် စာဆိုတော်ဗိမာန်သို့ အရောက်သွားမည်ဟူသော စိတ်ကူးသာထားနိုင်ခဲ့သည်။

လက်တွေ့အနေဖြင့် သွားရောက်နိုင်ခြင်းမရှိခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ယခု.... ဖခင်ဖြစ်သူက သူ့အား အိမ်မှနှင်ထုတ်လိုက်ပြီဖြစ်သည်။ ယင်းအတွက် တင်ရှောင်သည် စိတ်ထိခိုက်ဝမ်းနည်းခြင်း မဖြစ်သည့်အပြင် လှောင်အိမ်မှလွတ်သောငှက်ငယ်ပမာ ပျော်ရွှင်မြူးတူး၍ပင်နေလေတော့၏။

စိတ်မပါဘဲ သိုင်းပညာအတင်းအကျပ်သင်ယူရမည့်ဘေးအန္တရာယ်မှကင်းလွတ်ခဲ့ပြီဖြစ်ရာ စိတ်ထဲလွတ်လပ်ပေါ့ပါးသွားသည်။

သူလုပ်ချင်ရာလုပ်နိုင်တော့မည်မဟုတ်ပါလား။

ထို့ကြောင့်....

သူသည် ချုန်အန်းမြို့မှထွက်ခွာလာသည်နှင့် ကြာဖြူကန်စာဆိုတော်ဗိမာန်သို့ဦးတည်ကာ ခရီးပြင်းနှင်လာခဲ့ခြင်းဖြစ်ပေတော့သည်။

၀၀၀၀



ကြာဖြူကန်....

စာဆိုတော်ဗိမာန်....

ကြာဖြူကန်မှာ ကျယ်ဝန်းသောရေကန်ကြီးတစ်ခုဖြစ်၏။ ကန်ရေမှာအောက်ခြေသို့တိုင်ဖောက်တွေ့မြင်ရလောက်အောင် ကြည်လင်နေသည်။ လှပသောကြာဖြူပန်းများလည်းဖူးပွင့်နေပြီးဝန်းကျင်တစ်ခုလုံးအား မွှေးကြိုင်သင်းပျံ့စေသည်။

စိမ်းလန်းသောတောအုပ်များ.... တောင်ကမူများဖြင့် သာယာလှပသောရှုမျှော်ခင်းများလည်းရှိသည်။

သဘာဝအလှအပများသည် ရင်သပ်ရှုမောဖွယ်အောင်ရှိသဖြင့် နာမည်ကျော်သည့်အပြင် စာဆိုတော်ဗိမာန်သည်လည်း အနီးအနားတွင်တည်ရှိနေသဖြင့် ပို၍ထင်ရှားကျော်ကြားခဲ့ရခြင်း ဖြစ်ပေသည်။

စာဆိုတော်ဗိမာန် ....

စာဆိုတော်ဗိမာန်သည် ကျောက်ဖြူဖြင့်ဆောက်လုပ်ထားသည့်ကျယ်ဝန်းသောဗိမာန်ကြီးဖြစ်သည်။ ဗိမာန်ကြီး၏အတွင်း၌ အဆောင်ဆောင်အခန်းခန်းရှိပြီး တိုင်းပြည်နှင့်အဝှမ်း ထင်ရှားကျော်ကြားသည့်စာဆိုတော်ကြီးများ၏ရုပ်ကြွင်းများကို ဂူသွင်းမြှုပ်နှံသဂြိုဟ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစာဆိုတော်ကြီးများ၏ ပို့၊ ကဗျာ၊ စာပေ လက်ရာများကိုလည်း ကျမ်းစာပေစာများဖြင့်မှတ်တမ်းတင်ကာသိမ်းဆည်းထား၏။ စာပေဝါသနာပါသူ မည်သူကိုမဆို စာဆိုတော်ဗိမာန်၌ စုဆောင်းသိမ်းဆည်းထားသော ကျမ်းစာပေစာများကိုလာရောက် ဖတ်ရှုလေ့လာခွင့်ပြုထားသည်။

ထို့ကြောင့် .... စာပေဝါသနာထုံလှသည့်တင်ရှောင်သည် ရတနာသိုက်ကြီးနှင့်တူလှသော စာဆိုတော်ဗိမာန်သို့ ခုန်းစိုင်းနှင်လာခဲ့ခြင်းဖြစ်ပေတော့သည်။

၀၀၀၀

သုံးရက် ....

တင်ရှောင်သည် စာဆိုတော်ဗိမာန်သို့ ရောက်ရှိလာခဲ့သည်မှာ သုံးရက်ရှိပြီဖြစ်သည်။

သုံးရက်အတွင်း စာဆိုတော်ဗိမာန်အား ထိန်းသိမ်းစောင့်ရှောက်ထားသူများထံ ခွင့်ပြုချက်တောင်းခံကာ သိမ်းဆည်းထားသော စာပေကျမ်းစာများကို လေ့လာဖတ်ရှုခဲ့ပေသည်။

သုံးရက်လုံးလုံး နံနက်မိုးလင်းသည်မှစ၍ ညဉ့်နက်သည်အထိ ထမင်းမေ့ဟင်းမေ့ဖတ်ရှုလေ့လာနေခဲ့ခြင်းဖြစ်သည်။



အလွန်ဆာလောင်မွတ်သိပ်မှသာ အသင့်ဝယ်လာသောမုန့်ခြောက်များစားကာ ရေသောက်လိုက်သည်။

အဆာပြေသည်နှင့် ဆက်လက်လေ့လာဖတ်ရှုနေလိုက်ပြန်သည်။ အမှန်တော့ .... စာဆိုတော်ဗိမာန်တွင် တင်ရှောင်အနေနှင့်ဖတ်ရှုလေ့လာစရာမကုန်မခန်းနိုင်အောင် ရှိနေပါသည်။

သုံးလေးနှစ်မျှ မရပ်မနားဖတ်ရှုသွားသည့်တိုင် ကုန်ခမ်းနိုင်မည်မဟုတ်ချေ။ တင်ရှောင်သည် အကျေနပ်ကြီးကျေနပ်နေသည်။ စာပေကျမ်းဂန်များကို အလွန်ခက်ခဲနက်နဲသောပညာရပ်များထက် ပို၍အလေးထားလေ့လာခဲ့လေသည်။

အထူးသဖြင့် .... စာပေဝိဇ္ဇာ 'သုတုံးကျုန်း'၏စာပေများကိုသူသဘောအတွေ့ဆုံးဖြစ်သည်။

စာပေဝိဇ္ဇာသုတုံးကျုန်းပြုစုခဲ့သည့်ကျမ်းစာများသည် အလွန်ခက်ခဲနက်နဲရှုပ်ထွေးသည်။

ပဟေဠိဆန်သည်။ စကားထာဝှက်သကဲ့သို့ အဓိပ္ပာယ်သိုဝှက်ကာ လက်ရာများဖြင့် တန်ဆာဆင်ထား၏။

ထို့ကြောင့် စေ့စေ့တွေးကြည့်မှ ဆိုလိုရင်းအဓိပ္ပါယ်ကိုသိရှိနိုင်ကာ.... မည်သို့သောအကြောင်းအရာကို ဦးတည်ရေးသားထားကြောင်း မှန်းဆနိုင်မည်ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



စာပိုဒ်များသည်လည်း တစ်ပိုဒ်နှင့်တစ်ပိုဒ် အဆက်အစပ်ပြတ်တောက်နေသဖြင့် စာပိုဒ်များ၏အဓိပ္ပာယ်ကိုခြုံငုံတွေးတောပြီးမှသို့ဝှက်ဆက်နွယ်နေကြောင်းသိရလေသည်။

တင်ရှောင်မှာ စာပေ၏သိမ်မွေ့နက်နဲမှုကိုကောင်းစွာနားလည်သဘောပေါက်သူပီပီ ဖတ်ရှုလေ့လာ၍မဝနိုင်အောင်ဖြစ်နေရလေသည်။ ထို့ပြင် ....

"စာဆိုတော်ကြီးတွေဟာ တကယ့်ကိုအရည်အချင်းပြည့်ဝကြပါပေတယ်၊ တကယ့်ကိုတော်ကြတတ်ကြပါပေတယ်"

စိတ်ထဲမှ အထပ်ထပ်ချီးကျူးမဆုံးအောင်ဖြစ်မိလေသည်။ သူ့အနေနှင့် စာပေပညာကျွမ်းကျင်နှံ့စပ်မှုရှိသော်လည်း စာဆိုတော်ကြီးတစ်ယောက်ဖြစ်လာရန်မှာမူ အလွန့်အလွန်လိုအပ်နေသေးသည်ကို ကိုယ့်ကိုယ်ကိုဆင်ခြင်မိလေသည်။ သို့ဖြင့် တင်ရှောင်သည် စာပေကျမ်းဂန်များကိုလေ့လာဖတ်ရှုရင်း လောကကြီးတစ်ခုလုံးကိုမေ့နေလေတော့၏။

ဝဝဝဝ



တင်ရှောင်သည် စာပေပညာကိုအထူးပင်ဝါသနာထုံသူ ဖြစ်ကြောင်း စာဆိုတော်ဗိမာန်မှတာဝန်ရှိသူများ အသိအမှတ်ပြုလိုက်ကြပြီဖြစ်သည်။ ထို့ကြောင့်.... သီးသန့်သိမ်းဆည်းထားသော ရှေးဟောင်းစာပေများကို လေ့လာခွင့်ပြုလိုက်ကြ၏။

ထိုအခါ.... တင်ရှောင်မှာ လျှို့ဝှက်ဆန်းကြယ်သော တီဗက်လားမားများ၏ဂမ္ဘီရပညာရပ်များ၊ ဆေးကျမ်းများ၊ ဝက်ပါအတတ်၊ ယန္တရားအတတ်ပညာများ၊ စကားထာများ စသည်စသည်ဖြင့် ခက်ခဲပြီး လျှို့ဝှက်နက်နဲသောပညာရပ်များကို လေ့လာခွင့်ရခဲ့လေသည်။

တင်ရှောင်သည် နေ့ညမဟူ၍အချိန်မရွေးတော့ဘဲ သဲကြီးမဲကြီးဖတ်ရှုလေ့လာနေလိုက်ရာ ရက်အတန်ကြာသော် တစ်ကိုယ်လုံးညောင်းညာကိုက်ခဲလာလေသည်။ မျက်စိများပြာဝေကာ ဇက်ကြောတက်လာသည်။ ခေါင်းထဲမူးနောက်ရီဝေလာသည်။ ကိုယ်လက်မအီမသာဖျားနာချင်သလိုဖြစ်လာရကာ ခေတ္တခဏအနားယူ အပန်းဖြေရန် လိုအပ်လာလေသည်။

ထို့ကြောင့် .... တစ်ခုသောနံနက်ခင်းတွင် ကြာဖြူရေကန်သို့ထွက်လာခဲ့လေသည်။ ဤတွင် .... ထူးခြားသော ဖြစ်ရပ်တစ်ခုနှင့်ဆုံတွေ့လိုက်ရလေတော့၏။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



ကြာဖြူရေကန်သည် သဘာဝအတိုင်း သာယာလှပနေလေသည်။ ကန်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသည့်လေပြည်သည် ကြာပန်းရနံ့သင်းကာ သန့်ရှင်းလတ်ဆတ်လှပေသည်။

တင်ရှောင်သည် ကြာဖြူရေကန်အနီး အညောင်းပြေ၊ အညာပြေလမ်းလျှောက်ရင်း နံနက်ခင်းလေကို တစ်ဝကြီးရှူရှိုက်နေမိလေသည်။ တင်ရှောင်သည် ချမ်းသာကြွယ်ဝမှုအပေါင်းကိုလက်လွှတ်ခဲ့ရပြီး အိမ်ခြေယာခြေမဲ့ဘဝရောက်ခဲ့သည်။ သို့သော် စာပေသမားဘဝကို လုံးလုံးလျားလျားခံယူလိုက်နိုင်သဖြင့် ဝမ်းသာကျေနပ်နေမိလေသည်။

ကျေးငှက်သာရကာလေးများသည် ပင်ယံမြင့်ထက်ဝယ် ဟိုမှသည်ပျံဝဲရင်း သာယာဖွယ်တေးသီပာစ်ကြွေးနေကြသည်။ ရွှန်းလက်တောက်ပသောနေခြည်က ကမ္ဘာမြေပေါ် ရွှေရောင်ပက်ဖျန်းကျရောက်နေသလိုရှိလေသည်။ နှင်းရည်ဆွတ်ဖျန်းထားသော သစ်ရွက်များမှာ ပို၍စိမ်းလန်းလတ်ဆတ်နေသည်။

တင်ရှောင်သည် သဘာဝအလှများကိုငေးမော၍ကြည့်ရင်း စိတ်ထဲပျော်ရွှင်နေမိသည်။ သဘာဝအလှအပများအကြောင်း ရေးဖွဲ့ထားသည့်ကဗျာတစ်ပုဒ်ကို တီးတိုးကျူးရင့်မိလိုက်လေသည်။

ထိုစဉ် ....



"ခြွမ်း .... ခြွမ်း .... ခြွမ်း"

"ဝုန်း"

စူးရှကျယ်လောင်သောအသံများနှင့်အတူ တိုက်ခိုက်သတ်ပုတ်သံများ ရုတ်တရက်ထွက်ပေါ်လာသည်ကိုကြားလိုက်ရသည်။

"ဟင် ...."

တင်ရှောင်၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွား၏။ နံနက်ခင်း၏သာယာလှပမှုကို စူးရှကျယ်လောင်သောအသံများကဖျက်ဆီးပစ်လိုက်လေပြီ။ တင်ရှောင် မကျေမနပ်ဖြစ်သွားလေသည်။

"တော်တော်ဆိုးတဲ့ကောင်တွေ၊ တိုက်ခိုက်စရာနေရာရှားလို့ ဒီနေရာကိုမှလာပြီးတိုက်ခိုက်ကြရသလား"

တင်ရှောင်သည် ထိုလူများအား မောင်းထုတ်ပစ်သင့်သည် ဟူသောအတွေးဖြင့် အသံထွက်ပေါ်လာရာသို့လှမ်းသွားမိသည်။

အသံဗလံများသည် ရေကန်ကြီး၏ဝဲဘက်ရှိတောအုပ်ထဲမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ တင်ရှောင်သည် သစ်ပင်များကြားမှ ဖြတ်လျှောက်သွားရာ ခဏအကြာတွင် တောအုပ်အတွင်းရှိ မြေကွက်လပ်တစ်ခု၌ တိုက်ပွဲဖြစ်ပွားနေသည်ကိုတွေ့လိုက်ရလေသည်။

တိုက်ပွဲနှင့်တကယ်တမ်းရင်ဆိုင်ရသည့်အခါ တင်ရှောင်မှာ မှင်သက်မိသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲသည် သူနှင့်လားလားမျှမသက်ဆိုင်သောဖြစ်ရပ်တစ်ခုပင်မဟုတ်ပါလား။

ဟန့်တားရန်မဆိုထားနှင့်.... အနီးအနားသို့ပင် မသွားသင့်ကြောင်းဆင်ခြင်မိလိုက်သည်။ တိုက်ပွဲကိုမနှစ်မြို့သောစိတ်ဖြင့်လှမ်းလာပြီးကာမှ နောက်ဆုတ်ရန်လည်း မဖြစ်နိုင်တော့ပေ။

တင်ရှောင်သည် မျက်နှာရှုံ့မဲ့သွားပြီး တိုက်ပွဲကိုကြည့်လိုက်သည်။ ထိုအခါ .... အနက်ရောင်ဝတ်ဆင်ထားသူလေးယောက်သည် အဖြူရောင်ဝတ်မိန်းမပျိုတစ်ယောက်အား ဝိုင်းရံတိုက်ခိုက်နေကြသည်ကိုတွေ့မြင်လိုက်ရလေသည်။

မြေပေါ်တွင် အနက်ရောင်ဝတ်ထားသူတစ်ယောက် လဲကျနေသဖြင့် တင်ရှောင်မျက်မှောင်ကုပ်သွားသည်။

တိုက်ပွဲကို ဘုမသိ ဘမသိဆက်ပြီးကြည့်နေလိုက်မိသည်။

အနက်ရောင်ဝတ်ဆင်ထားသူလေးယောက်က မိန်းမပျိုအား ငြာသံပေးကာ ပြင်းထန်စွာတိုက်ခိုက်နေကြသည်။

နေရောင်ခြည်အောက်တွင် ဓားရောင်များဖွေးဖွေးလှုပ်နေသည်မှာ အသည်းယားစရာကောင်းလှတော့၏။ အကယ်၍....

ဓားတစ်ချက်သာအထိခံလိုက်ရလျှင် .... မိန်းမပျိုအနေဖြင့် သက်သာလိမ့်မည်မဟုတ်ချေ။



ယောက်ျားကြီးလေးယောက်က မိန်းမပျိုတစ်ယောက်အား ကြမ်းတမ်းစွာတိုက်ခိုက်နေသည်ကိုတွေ့ရသောအခါ တင်ရှောင်မှာ မနေနိုင်တော့ဘဲ ....

"ဟေ့လူတွေ.... မတရားမလုပ်ကြပါနဲ့"

ရုတ်တရက်ထွက်ပေါ်လာသော တင်ရှောင်၏အသံကြောင့် အနက်ရောင်ဝတ်ဆင်ထားသူလေးယောက်လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။ ထိုတစ်ဒင်္ဂအချိန်လေးအတွင်းမှာပင် ....

"ယား"

မိန်းမပျိုသည် ငြာသံပေးကာ ခြေလက်ဆန့်ထုတ်တိုက်ခိုက်လိုက်ရာ ....

"ဝုန်း"

"အား"

"အမယ်လေး"

အနက်ရောင်ဝတ်ဆင်ထားသူများ ဝရုန်းသုန်းကားဖြစ်သွားကြကုန်တော့သည်။

"ဟာ ...."

တင်ရှောင်ကြောင်အမ်းအမ်းဖြစ်သွား၏။ သူသည် မိန်းမပျိုအတွက် စိုးရိမ်ပူပန်သွားမိသော်လည်း ....

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုကမူ ထိုသူများကို လုံးဝဂရုစိုက်ပုံမရှိသောကြောင့် ဖြစ်သည်။ မိန်းမပျိုက သဘောကျစွာရယ်မောလိုက်ပြီး....

"ကဲ.... ရှင်တို့ဘာတတ်နိုင်ကြသေးလဲ၊ ကျွန်မလက်ကပြေး လို့လွတ်မယ်ထင်သလား"

တင်ရှောင်မှာ ကြောင်အမ်းအမ်းဖြင့်ပင် ငေးကြည့်နေလေ သည်။ အခြေအနေကိုကြည့်ရသည်မှာ အနက်ရောင်ဝတ်ထားသူများ က သူမအား ရန်ရှာနေခြင်းမဟုတ်ဘဲ သူမကလိုက်လံရှာဖွေတိုက် ခိုက်နေသည့်သဘောမျိုးရှိနေသည်ကိုတွေ့ရသည်။

အနက်ရောင်ဝတ်ထားသူလေးယောက်သည် ဒဏ်ရာကိုယ် စီရကာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားကြသော်လည်း ချက်ချင်း ပြန်လည်စုရုံးမိသွားကြ၏။

တစ်ယောက်က ....

"ကျုပ်တို့က မင်းကိုကြောက်မယ်များမှတ်သလား၊ သေဖို့ ပြင်ထား"

အော်ငေါက်ကာ ဓားမြှောင်ဖြင့် ပစ်ပေါက်လိုက်သည်။

"ဝှစ်"

ဓားမြှောင်သည် မိန်းမပျို၏ရင်ဝဆီသို့ တည့်တည့်မတ်မတ် ပစ်လွင့်သွားလေသည်။



တင်ရှောင် ထိတ်လန့်သွားပြန်သည်။

"ဒီမိန်းကလေးတော့ သေတော့မှာပဲ"

နှုတ်မှလည်း လွှတ်ခနဲညည်းညူမိလိုက်လေသည်။

"ဘာရှင့်"

တင်ရှောင်၏ရေရွတ်သံကိုကြားသွားသည့်မိန်းမပျိုက မ ကျေမနပ်ဖြင့် လှည့်ကြည့်လာသည်။ သူမသည် ပစ်လွင့်လာသည့် ဓားမြှောင်ကိုပင် ဂရုမစိုက်ဘဲ ....

"ကျွန်မက ဂရုစိုက်နေရမှာလား"

ဟုတင်ရှောင်ကိုလှမ်း၍ရန်တွေ့လိုက်သည်။

တင်ရှောင်မှာ ဘာပြန်ပြောရမှန်းမသိဖြစ်သွားသည်။

သူမ ဒုက္ခရောက်မည်ကို စိုးရိမ်သဖြင့် ဝိုင်းဝန်းပူပန်ပေးခဲ့ သော်လည်း.... မိန်းမပျိုကကျေးဇူးမတင်သည့်အပြင် ပြန်၍ပင် ရန် တွေ့နေသည်မဟုတ်ပါလား။

သူ့အား ရန်တွေ့သည်ကအကြောင်းမဟုတ်ပါ။

အနက်ရောင်ဝတ်ထားသူပစ်ပေါက်လိုက်သော ဓားမြှောင် က သူမထံသို့တန်းတန်းမတ်မတ်လွင့်သွားလျက်ရှိသည်။ အချိန်မီ ရှောင်တိမ်းနိုင်ပါက သူမ၏အသက်ကို သေချာပေါက်နှုတ်ယူသွား ပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တင်ရှောင်ကစိုးရိမ်တကြီးဖြင့် ....

"ဓားမြှောင်.... ဓားမြှောင်"

ဟု ရေးကြီးသုတ်ပျာအော်ပြောလိုက်မိလေသည်။ မိန်းမ ကလှည့်ပင်မကြည့်ဘဲ လက်နောက်ပြန်ဖွေ့ယမ်းကာ ဓားမြှောင် ဖမ်းယူထားလိုက်လေသည်။

"ဖပ်"

ဓားမြှောင်သည် သူမ၏လက်ထဲသို့ရောက်သွားလေသည်

"ဟာ ...."

တင်ရှောင် လွှတ်ခနဲရေရွတ်မိလိုက်သည်။ မိန်းမပျိုသ သူထင်မှတ်ထားသလို အနိုင်ကျင့်ခံနေရသူမဟုတ်ကြောင်း ထင်ရ နေသည်မဟုတ်ပါလား။

မိန်းမပျိုက....

"ရှင့်ဓားမြှောင် ရှင်ပြန်ယူသွား"

လှည့်ပင် မကြည့်ဘဲ လက်ပြန်ဖွေ့ယမ်းလိုက်ရာ ဓားမြှော သည် မြားတစ်စင်းပမာ လှစ်ခနဲပြန်လည်ပစ်လွှင့်သွားပြီး ဓားမြှော ပစ်ပေါက်ခဲ့သူ၏ရင်ဝသို့ တည့်တည့်မတ်မတ်စိုက်ဝင်သွားလေတေ သည်။

"ဒုတ်"



"အား"

ဓားမြှောင်ပိုင်ရှင်ခမျာ မိန်းမပျိုကိုထိအောင်မပစ်နိုင်ခဲ့သလို မိန်းမပျိုကပြန်ပစ်လိုက်သောအခါတွင်လည်း မရှောင်တိမ်းနိုင်ခဲ့ချေ။ ထို့ကြောင့် ဓားချက်ထိမှန်ခံရကာ မြေပေါ်လဲကျသွားလေတော့၏။

ထိုလူလဲကျသွားသည်နှင့် ကျန်လူသုံးယောက်မှာ ဒေါသ ခြောင်းခြောင်းထွက်လာကာ ....

"သေပေတော့"

"ယား"

ကြုံးဝါးကာ တရကြမ်းတိုက်ခိုက်လိုက်ကြ၏။

"ရှင်တို့ သေချင်ကြပြီထင်တယ်"

မိန်းမပျိုကငေါက်ငမ်းရင်း ချာခနဲလှည့်ကာ လက်ဝါးနှစ်ဖက် ခန့်တန်းရိုက်ထုတ်လိုက်ရာ....

"ဝုန်း ...."

"အား ...."

စူးရှကျယ်လောင်သောအော်ဟစ်သံများနှင့်အတူ ထိုလူသုံး ယောက်မှာ ဓားတခြား လူတခြားလွင့်စဉ်ကာမြေပေါ်လဲကျသွားကြ လေတော့သည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်ဝတ်ဆင်ထားသူ ငါးယောက် မြေပေါ်လဲကျ နေကြပြီဖြစ်သည်။

"ဟင်း.... ဟင်း.... ကဲ.... ခုတော့ ရှင်တို့ ဘာတတ်နိုင်ကြ သေးသလဲ"

မိန်းမပျိုကရယ်မောရင်း ပြောလိုက်သည်။

တင်ရှောင် အံ့ဩသွားလေသည်။

တကယ်တမ်းကြောက်စရာကောင်းသူမှာ... ဝတ်စုံနက်နှင့် ယောကျ်ားသားများမဟုတ်ဘဲ မိန်းမပျိုသာဖြစ်ကြောင်း သိလိုက်ရ မဟုတ်ပါလား။

အနက်ရောင်ဝတ်ထားသူငါးယောက်က ဝိုင်းပြီးအနိုင်ကျင့် နေသည်ဟုထင်မြင်ယူဆမိခြင်းမှာ အမှားကြီးမှားနေပြီဟုလည်း သဘောပေါက်လိုက်ပြီဖြစ်လေသည်။

မိန်းမပျိုက တင်ရှောင်ဘက်သို့လှည့်လိုက်ပြီး ....

"ကဲ.... ကျွန်မဒုက္ခရောက်တာလား၊ သူတို့ဒုက္ခရောက်တာ လား၊ ဘယ်သူဒုက္ခရောက်သွားပြီလဲ ပြောပါဦး"

မိန်းမပျိုကနှာခေါင်းရှုံ့ပြီးမေးရာ တင်ရှောင်က ....

"အမှတ်တမဲ့ဆိုတော့ သူတို့ဝိုင်းပြီးတိုက်နေကြတဲ့အတွက် ခင်ဗျားဒုက္ခရောက်တော့မယ်ထင်ပြီး ကျုပ်ကပြောလိုက်မိတာပါ"



"အခုဘယ်သူဒုက္ခရောက်သွားပြီလဲဆိုတာ ရှင်မြင်ပြီမဟုတ် လား"

"သူတို့သေသွားကြပြီလား"

တင်ရှောင်က သူသိလိုသည့်ကိစ္စကိုသာ ပြန်မေးလိုက်လေ သည်။ မိန်းမပျိုက ....

"မသေပါဘူး... မေ့နေတာပါ။ ဒါပေမဲ့ သူတို့သတိပြန်ရလာ ရင် အလကားလူတွေဖြစ်သွားကြလိမ့်မယ်"

"ဘာဖြစ်လို့လဲဗျ"

"သူတို့ရဲ့ သိုင်းပညာကို ကျွန်မဖျက်ဆီးပစ်လိုက်ပြီလေ၊ သူ တို့ ဘယ်တော့မှသိုင်းပညာအသုံးပြုနိုင်ကြတော့မှာမဟုတ်ဘူး"

"ဗျာ ...."

တင်ရှောင်လွတ်ခနဲရေရွတ်လိုက်မိသည်။

သူကိုယ်တိုင်က သိုင်းပညာသင်ယူလိုခြင်းမရှိသော်လည်း သိုင်းလောကနယ်ပယ်တွင်နေထိုင်ခဲ့ခြင်းကြောင့် သိုင်းသမားတို့၏သဘော ကိုကောင်းစွာသိရှိထားပေသည်။

သိုင်းသမားများသည်....

အသက်ဆုံးရှုံးရမည်ထက် သိုင်းပညာဆုံးရှုံးရသည်ကို ပိုမို ကြောက်ရွံ့ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်ဝတ်ထားသူလေးယောက် သတိပြန်ရလာကြသည့်အခါ သိုင်းပညာဆုံးရှုံးသွားပြီဖြစ်ကြောင်း သိကြမည်ဆိုလျှင် မည်သို့ခံစားရမည်နည်း။

တင်ရှောင် ပင့်သက်ရှိုက်လိုက်ပြီး ....

"သူတို့က ခင်ဗျားကိုနှောင့်ယှက်ခဲ့ကြလို့လားဗျာ"

ဟုမေးလိုက်လေသည်။

မိန်းမပျိုက နှာခေါင်းရှုံ့ကာ...

"ဟွန်း .... သူတို့လား ကျွန်မကိုနှောင့်ယှက်ရဲကြမှာ"

"ဟင်.... ဒါဆို"

"သူတို့ကျွန်မကိုဝိုင်းတိုက်နေကြတယ်လို့ ရှင်ကထင်နေတာကို၊ ဟင်း .... ဟင်း .... ကျွန်မကလိုက်ပြီးတိုက်တာ သူတို့ ထွက်ပြေးလို့မလွတ်တာနဲ့ ပြန်ပြီးခုခံနေတာရှင့်"

တင်ရှောင်ခေါင်းခါယမ်းလိုက်သည်။

တိုက်ပွဲအတွေ့အကြုံမရှိသဖြင့် သူ၏အထင်အမြင် တခြားစီဖြစ်နေသည်မဟုတ်ပါလား။ သူသည် မိန်းမပျိုအား ခြေဆုံးခေါင်းဆုံးအကဲခတ်လိုက်ပြီး ....

"သူတို့က ခင်ဗျားနဲ့ဘယ်လိုများပတ်သက်နေကြလို့လဲဗျ"

မိန်းမပျိုကမဲ့ပြုံးပြုံးကာ ....



"သိပ်ပြီးပတ်သက်တာပေါ့၊ သူတို့ဟာ ကျွန်မတို့ဂိုဏ်းက သစ္စာဖောက်တွေပဲ"

"သစ္စာဖောက်တွေ ...."

"ဟုတ်တယ်"

"ဪ"

တင်ရှောင်သက်ပြင်းချလိုက်မိ၏။ ကြံကြံဖန်ဖန် သိုင်းအဖွဲ့တစ်ဖွဲ့၏ပြဿနာအရှုပ်အရှင်းတစ်ခုနှင့်မှ လာရောက်ဆုံတွေ့မိချေသည်။ မိန်းမပျိုက ....

"သူတို့ငါးယောက်ဟာ ကျွန်မတို့ဂိုဏ်းဝင်ဖြစ်ခဲ့ကြတာ ကြာပြီ၊ ခုမှဘယ်လိုဖြစ်ပြီးစိတ်ပြောင်းသွားကြတယ်မသိဘူး၊ ကျွန်မတို့ဂိုဏ်းကို စွန့်ခွာထွက်ပြေးသွားချင်ကြတယ်လေ"

တင်ရှောင်မျက်မှောင်ကုပ်သွားသည်။

"သူတို့က ခင်ဗျားတို့ဂိုဏ်းမှာမနေချင်တော့လို့ ထွက်သွားကြတာပေါ့ဟုတ်လား"

"ဟုတ်တယ်"

"သူတို့မှမနေချင်တာ၊ ထွက်သွားချင်လဲ ထွက်သွားကြပါစေပေါ့ဗျာ"

မိန်းမပျို နှာခေါင်းရှုံ့လိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ..... ဒီလိုထွက်သွားလို့ရရိုးလားရှင်"

"သူတို့မှမနေချင်တာ"

မိန်းမပျိုခေါင်းခါယမ်းလိုက်သည်။

"ဒါတွေနားမလည်ဘူး၊ ကျွန်မတို့ဂိုဏ်းထဲဝင်ပြီးရင် ဘယ်သူမှပြန်ထွက်ခွင့်မရှိဘူး။ ပြန်ထွက်ရင် သေဒဏ်ပဲရှင့်"

"ဟာ ..... မဟုတ်တာ"

"ဘာ မဟုတ်တာလဲ"

တင်ရှောင် ဘာမှမပြောဘဲနေလိုက်သည်။

မိန်းမပျိုက.....

"ကျွန်မတို့ ဓားနှစ်လက်ဂိုဏ်းကို ဝင်ချင်တိုင်းဝင်လို့မရဘူး၊ ထွက်ချင်တိုင်းလဲထွက်လို့မရဘူး။ စည်းကမ်းဖောက်ဖျက်ရင်သေဒဏ်အပြစ်ပေးခံရမှာပဲ၊ သူတို့တောင် ကျွန်မနဲ့တွေ့လို့ ကံကောင်းသွားတာရှင့်၊ ကျွန်မဖေဖေနဲ့သာတွေ့ရင် တစ်ခါတည်းသတ်ပစ်မှာ၊ ကျွန်မကသိုင်းပညာဖျက်ဆီးပြီး သက်သက်သာသာအပြစ်ပေးလိုက်တာ"

"ကောင်းကွာ"

တင်ရှောင့်စကားကြောင့် မိန်းမပျိုဒေါသခဲနဲ့ဖြစ်သွားပြီး .....

"ဘာပြောတယ်ရှင့်"

တင်ရှောင်က .....



"ခင်ဗျားတို့ ဓားနှစ်လက်ဂိုဏ်းက တော်တော်ရက်စက်ကြတာပဲ"

သူက မကွယ်မဝှက်စိတ်ထဲရှိသည့်အတိုင်းပွင့်ပွင့်လင်းလင်းပြောလိုက်ခြင်းဖြစ်သည်။

"ဘာပြောတယ်"

မိန်းမပျိုခံပြင်းသွားသည်။

တင်ရှောင်က .....

"ရက်စက်တယ်လို့ပြောတာလေ"

"ရှင် ..... ရှင်"

"ဘယ်သူမဆို ကိုယ်မလုပ်ချင်တဲ့အလုပ်ကို မလုပ်ဘဲနေနိုင်ကြတာပဲ၊ သူတို့ဆက်မနေချင်တော့ရင် သွားပါစေပေါ့၊ ခုတော့ ....."

"နေပါဦး... ရှင်နဲ့ဘာဆိုင်လို့လဲ"

"ကျုပ်နဲ့တော့ဘာမှမဆိုင်ပါဘူး။ ဒါပေမဲ့ တရားမျှတမှုမရှိလို့ပြောနေတာပါ"

မိန်းကလေးကမြေပေါ်ခြေဆောင့်လိုက်ပြီး .....

"ဩော်... ရှင်ကကျွန်မတို့ဓားနှစ်လက်ဂိုဏ်းကိုဝေဖန်တယ်ပေါ့လေ"

တင်ရှောင်ခေါင်းယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝေဖန်တာမဟုတ်ပါဘူး၊ ခင်ဗျားတို့ရဲ့ ချွတ်ယွင်းချက်ကို ထောက်ပြတာပါ"

"ဘာပဲဖြစ်ဖြစ်... စားနှစ်လက်ဂိုဏ်းကို ဝေဖန်ရင်သေဒဏ် အပြစ်ပေးခံရမယ်ဆိုတာ ရှင်မသိဘူးလား"

"ကျုပ်က ခင်ဗျားတို့ဂိုဏ်းကမှမဟုတ်တာ၊ ခင်ဗျားတို့ဂိုဏ်း ရဲ့စည်းကမ်းတွေကို ဘယ်လိုလုပ်သိနိုင်ပါ့မလဲဗျာ"

"ရှင် .... ရှင်"

အချေအတင်ပြောရင်း မိန်းမပျိုမှာပို၍ဒေါသထွက်လာ၏။

သူမသည် အံတင်းတင်းကြိတ်လိုက်ပြီး ....

"ရှင်ဟာ ကိုယ်နဲ့မဆိုင်ဘဲခြေဝင်ရှုပ်တယ်၊ စားနှစ်လက် ဂိုဏ်းကိုဝေဖန်တယ်၊ ရှင့်ကိုဘယ်နည်းနဲ့မှချမ်းသာမပေးနိုင်တော့ ဘူး"

ပြောပြောဆိုဆိုပင် မိန်းမပျိုသည် ရှေ့သို့ တစ်လှမ်းချင်း တိုးလာလေသည်။ တင်ရှောင်သည် ရက်စက်ကြမ်းကြုလှသော ထို မိန်းမပျိုအား သဘောမကျနိုင်အောင်ဖြစ်သွားလေသည်။

"ကျုပ်ကမှန်တာပြောတာ၊ ခင်ဗျားမကျေနပ်လဲ မတတ် နိုင်ဘူး"

မိန်းမပျိုကနှာခေါင်းရှုံ့ကာ ....



"ရှင့်ကိုသတ်ပစ်ရမှ ကျွန်မကျေနပ်မယ်"

စကားဆုံးသည်နှင့် လျှပ်တစ်ပြက်ရှေ့တိုးလာပြီး လက်ဝါး ဖြင့်ရိုက်ချလိုက်လေတော့၏။ သူမ၏လှုပ်ရှားမှု အလွန်လျင်မြန်လှ ပေသည်။

တင်ရှောင်ကလည်း သူ့အား တကယ်စာမ်းတိုက်ခိုက်လာ လိမ့်မည်ဟုထင်မှတ်မထားချေ။

ထို့ကြောင့်... ရုတ်တရက်ကြောင်အမ်းအမ်းဖြစ်သွားသည်။

မိန်းမပျိုအနေဖြင့် ဤမျှရက်စက်ကြမ်းကြုတ်လိမ့်မည်ဟု လည်း မထင်ချေ။

မိန်းမပျိုက သူ့အနီးသို့ လှစ်ခနဲရောက်လာပြီး လက်ဝါးဖြင့် ရိုက်ချလိုက်သည့်အခါမှ ထိတ်လန့်တကြားဖြစ်သွားကာ ....

"ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ"

အော်ပြောရင်း ရှောင်တိမ်းရန်ကြိုးစားလိုက်၏။

သိုင်းပညာတတ်မြောက်ထားသူပင်လျှင် လျင်မြန်သွက် လက်လှသောမိန်းမပျို၏လက်ဝါးရိုက်ချက်ကို လွတ်အောင်ရှောင်ရန် လွန်စွာခက်ခဲလိမ့်မည်ဖြစ်ရာ ....

တင်ရှောင်ကဲ့သို့သိုင်းပညာလုံးဝမတတ်သူအဖို့ကား အထူး ဆိုဖွယ်ရာမရှိတော့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

"အား"

ရုန်းရှုစွာအော်ဟစ်သံနှင့်အတူ တင်ရှောင်မှာ မြေပေါ်လဲကျသွားလေတော့၏။

ဝဝဝဝ

"အား"

တင်ရှောင်သည် တစ်ချက်အော်ဟစ်ပြီး မြေပေါ်လဲကျသွားလေသည်။ မိန်းမပျို၏လက်ဝါးရိုက်ချက်က သူ၏ရင်ဝတည့်တည့်သို့ထိမှန်သွားသည်မဟုတ်ပါလား။

မိန်းမပျိုသည် ဒေါသဖြစ်ဖြစ်နှင့်ခပ်ပြင်းပြင်းရိုက်ချမိလိုက်ခြင်းဖြစ်သည်။ သူမ၏လက်ဝါးရိုက်ချက်ကြောင့် တင်ရှောင်လဲကျသွားသည်ကိုမြင်သည့်အခါ မိန်းမပျိုမျက်မှောင်ကုတ်သွား၏။

ထပ်မံတိုက်ခိုက်ခြင်းမပြုတော့ဘဲ ....

တင်ရှောင်ကိုငေးကြည့်သည်။

တင်ရှောင် ကယောင်ကတမ်းလူးလိမ့်ထလိုက်၏။

သူ၏နှုတ်ခမ်းထောင့်မှ သွေးများယိုစီးကျလာသည်။

မိန်းမပျိုကိုမျက်လုံးပြူး၍ကြည့်ရင်း ....



"မင်း .... မင်း"

စကားဆုံးအောင် မပြောနိုင်ဘဲ ....

"ဝေါ့"

ပါးစပ်ထဲမှသွေးများအန်ထွက်လာလေသည်။

မိန်းမပျိုသည် မျက်လုံးအဝိုင်းသားဖြစ်ကာ...

"ရှင် .... ရှင် သိုင်းပညာမတတ်ဘူးဟုတ်လား"

တင်ရှောင် ဘာမှမပြောနိုင်တော့ပါ။

"ဝုန်း"

မြေပေါ်လဲကျသွားလေတော့သည်။

"ဟင် .... ရှင် .... ရှင်"

မိန်းမပျိုမှာ ခြေမကိုင်မိ လက်မကိုင်မိဖြစ်သွားလေသည်။ တင်ရှောင်ကား မြေပေါ်လဲကျနေပြီး တုတ်တုတ်မျှမလှုပ်တော့ချေ။

"ရှင် .... ရှင် .... ဘယ်လိုဖြစ်သွားသလဲ"

မိန်းမပျို၏အမေးကို တင်ရှောင် အဖြေမပေးနိုင်ပါ။

သူသည် မြေပေါ်တွင် မလှုပ်မယှက်ဖြင့် သတိလစ်မေ့မြောနေပြီမဟုတ်ပါလား။

"အင်း .... ရှင်သိုင်းပညာမတတ်မှန်းသိရင် ကျွန်မရှင့်ကို တိုက်ခိုက်မိမှာမဟုတ်ပါဘူးရှင်"

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုက စိတ်မကောင်းဖြစ်သွားဟန်ဖြင့် ရေရွတ်လိုက်လေသည်။

ယခုအခါ ....

မိန်းမပျို၏မျက်နှာပေါ်မှ ရက်စက်ကြမ်းကြုတ်သည့်ဟန်မူရာနှင့်မာန်မာနကြီးသည့်အသွင်များသည် ....

နေရောင်တွေ့သောနှင်းမှုန်များပမာ ....

ပျက်ပြယ်လွင့်ပါးသွားကြပြီဖြစ်ပါသည်။

စိုးရိမ်ပူပန်သည့်အရိပ်အယောင်များကသာ အစားထိုးဝင်ရောက်လာကြလေပြီ။

သူမသည် တင်ရှောင်အနီးသို့ချဉ်းကပ်သွားပြီး မြေပေါ်ဒူးထောက်လိုက်သည်။ ထို့နောက် တင်ရှောင်၏လက်ကောက်ဝတ်ကို အသာစမ်းကြည့်လိုက်လေသည်။

သွေးခုန်နှုန်း အလွန်နှေးကွေးနေသလို အသက်လည်းမျှင်းမျှင်းသာရှူရှိုက်နေကြောင်း စမ်းသပ်တွေ့ရှိရသည်။

မိန်းမပျိုခေါင်းခါယမ်းလိုက်သည်။

"ဒုက္ခပဲ သူ .... သူ အတွင်းအဆိပ်ပြင်းပြင်းထန်ထန်ရသွားပြီ"

တင်ရှောင်သည် သိုင်းသမားတစ်ယောက်မဟုတ်သဖြင့် ခံနိုင်ရည်မရှိချေ။



အချိန်မီဆေးဝါးကုသနိုင်ခြင်းမရှိလျှင် ရရှိထားသောအဆိပ်ရာဖြင့်သေဆုံးသွားမည်ဖြစ်ကြောင်း ဆင်ခြင်မိသည့်အခါ ....

မိန်းမပျိုသည် မနေနိုင်တော့ဘဲ....

တင်ရှောင်ကိုပွေ့ထူကာ ပခုံးပေါ်ထမ်းလိုက်သည်။

ထို့နောက် ....

ရေးကြီးသုတ်ပျာပြေးထွက်သွားလေတော့၏။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



## လောဘသားကောင်

သိုင်းရာဇာခြံဝင်း ....

သိုင်းရာဇာတင်မင်းသည် စားပွဲတွင်ထိုင်ကာ ဆေးတံဖွာရှိုက်နေ၏။ သူ့ရှေ့စားပွဲပေါ်တွင် ရေနွေးကြမ်းကရားရှိနေ၏။ သိုင်းရာဇာတင်မင်းသည် ဆေးတံကိုသုံးလေးဖွာမျှရှိုက်ပြီးနောက် ရေနွေးကြမ်းတစ်ခွက်ငှဲ့သောက်လိုက်၏။

ရေနွေးကြမ်းသည် အကောင်းစား လက်ဖက်ခြောက်ခပ်ထားသောရေနွေးကြမ်းဖြစ်သည်။

ထို့ကြောင့် ရေနွေးကြမ်းကိုအရသာခံသောက်နေသည်ဟု ထင်မှတ်လျှင်အမှားကြီးမှားပေလိမ့်မည်။ ထို့အတူ ဆေးတံဖွာရှိုက်နေခြင်းသည်လည်း စိမ်ခံနေခြင်းမဟုတ်ပါ။

အမှန်တော့ .... သိုင်းရာဇာတင်မင်းသည် အကြံထုတ်နေခြင်းသာဖြစ်ပါသည်။



သူက အရေးကြီးသောကိစ္စများစဉ်းစားစရာရှိလျှင် ရေနွေးကြမ်းကိုအရသာခံကာသောက်ပြီး ဆေးတံကိုစိမ်ခံဖွာရှိုက်နေလေ့ရှိပသည်။

ထိုသို့သောအချိန်အခါမျိုးတွင် သိုင်းရာဇာခြံဝင်းမှ မည်သူ သွားရောက်နှောင့်ယှက်ခြင်းမပြုဝံ့ကြချေ။

ယခုကဲ့သို့သိုင်းရာဇာတင်မင်း အချိန်ယူတွေးတောစဉ်းစားနေသည်မှာ အကြောင်းနှစ်ခုကြောင့်ဖြစ်သည်။ ပထမအကြောင်းကိစ္စာ သားဖြစ်သူတင်ရှောင်အိမ်မှထွက်သွားပြီးနောက် သားဖြစ်သူ၏သတင်းအစအနကိုမကြားရခြင်းဖြစ်သည်။

ဒုတိယအကြောင်းကိစ္စမှာ... မြောက်ကျွန်းမှရောက်ရှိလာသည့်ရှမ်းစုနှင့်ပတ်သက်နေသည်။ ရှမ်းစုသည် သူ၏ပညာသင်ဘက်ခက်ကိုဖြစ်သောရှမ်းကျူးလွှေနှင့် သူ၏ဆရာကေရာဇ်ဓားပိုင်ရှင် ပေ့သင်းလုံ၏သမီးပေ့ကျိုဝါးတို့၏သားဖြစ်သည်။

ထို့ကြောင့်.... ရှမ်းစု၏သိုင်းပညာမခေမှန်းရိပ်မိလေသည်။

သို့သော်....

ကေရာဇ်ဓားပိုင်ရှင်ပေ့ထင်းလုံသည် ကေရာဇ်ဓားနှင့်တကွ ဓားသိုင်းသုံးဆယ့်ခြောက်ကွယ်ကို သမီးနှင့်သမက်ကို သင်မပေးဘဲ သူတစ်ယောက်တည်းကိုသာသင်ကြားပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းကျူးလွှေနှင့် ပေ့ကျိုဝါးတို့ တတ်မြောက်ထားခြင်းမှ သဖြင့် သူတို့၏သား ရှမ်းစုလည်း တတ်မြောက်စရာအကြောင်းမှ ချေ။ ကေရာဇ်ဓားပိုင်ရှင် ပေ့ထင်းလုံသေဆုံးသွားပြီဖြစ်ရာ သင်ပေ နိုင်မည်မဟုတ်တော့ချေ။

လောကပေါ်တွင် ကေရာဇ်ဓားသိုင်းတတ်မြောက်ထားသ မှာ သိုင်းရာဇာတင်မင်းတစ်ယောက်သာလျှင် ရှိပေတော့သည်။

ရှမ်းစုက သူ့အဘိုး၏ပညာအမွေကိုဆက်ခံလို၍ မြောက် ကျွန်းမှနေပြီး သိုင်းရာဇာခြံဝင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာ ခဲ့ပြီဖြစ်ပါသည်။

သိုင်းရာဇာတင်မင်း သက်ပြင်းချလိုက်သည်။

"ငါကရှမ်းစုကို ကေရာဇ်ဓားသိုင်းသင်ပေးရမှာလား"

ဟု တီးတိုးရေရွတ်လိုက်လေသည်။ သူသည် သားဖြစ်သူ တင်ရှောင်အား သင်ပေးလိုသည်။ သို့သော် တင်ရှောင်က လုံးဝ စိတ် မဝင်စားသည့်အပြင် အိမ်မှထွက်သွားပြီဖြစ်သည်။ ရှမ်းစုကမူ သင်ယူ လိုသောအာသာဆန္ဒပြင်းပြစွာဖြင့် မြောက်ကျွန်းမှအရောက်လာ ခဲ့သည်။

တစ်ခါတစ်ရံ လောကကြီးက ရယ်စရာကောင်းလှသည်ဟု ဆိုရမလိုဖြစ်နေချေပြီ။



သိုင်းရာဇာတင်မင်းသည် အတန်ကြာသည့်တိုင်အောင် အ ပြန်ပြန်အလှန်လှန် တွေးတောစဉ်းစားလိုက်ပြီးနောက်....

"အင်း .... တင်ရှောင်ကို သိုင်းပညာသင်ဖို့ ချော့ပြောလဲမရ၊ ခြောက်ပြောလဲမရနဲ့ အချိန်တွေသာကုန်သွားတယ် ထူးခြားမလာ ဘူး။ သူဟာ ဒီတစ်သက် သိုင်းပညာသင်ဖို့စိတ်ကူးတော့မှာမဟုတ် ဘူးထင်ပါရဲ့"

ဟု ညည်းတွားလိုက်မိသည်။ တင်ရှောင်ကို စိတ်ပျက်သွား သောအခါ ရှမ်းစုဘက်သို့စိတ်ရောက်လာသည်။

"ဒီကောင်လေးရဲ့ လိုချင်ဆန္ဒပြင်းပြနေပုံမျိုးနဲ့ ငါသာသင် ပေးလိုက်ရင် တစ်နေ့ သိုင်းလောကမှာ လျှမ်းလျှမ်းတောက်ဖြစ်လာ မှာသေချာတယ်"

တင်ရှောင်သည် ဖွေဝေငေးမောနေသူဖြစ်သည်။ ရှမ်းစု သည် တက်ကြွတတ်သားသူဖြစ်သည်။ တင်ရှောင်သည် စိတ်ကူးယဉ်သ လောက် ရှမ်းစုကလက်တွေ့ကျလှသည်ဟု သိုင်းရာဇာတင်မင်း ထင်မိလေသည်။

သူ့အနေနှင့် ရှမ်းစုကဲ့သို့ တပည့်တစ်ယောက်ရမွေးထုတ်ရ လျှင် မဆိုးဟုတွက်မိသည်။

သို့သော် ....

www.burmeseclassic.com

www.burmeseclassic.com



"ဇာဝည့်ဆိုတာပညာ့စုံရင် ဆရာကိုအာခံတတ်တဲ့သဘော ရှိတာပဲ"

ဟု တွေးလိုက်ပြန်သည်။ ရှမ်းစုသည် သူနှင့်ပတ်သက်ဆက် နွယ်သူ သိုင်းလောကဆွေမျိုးရင်းချာဖြစ်သည်ဆိုနိုင်၏။

မည်သို့ဆိုစေ .... သိုင်းရာဇာတင်မင်းသည် ရှမ်းစုနှင့်တကွ အခြားမည်သူ့အပေါ်တွင်မှ ယုံကြည်စိတ်ချခြင်းရှိသည်မဟုတ်ချေ

သိုင်းရာဇာတင်မင်းသည် အမျိုးမျိုးစဉ်းစားပြီးမှ ....

"ကေရာဇ်ဓားသိုင်းမှာ ဓားကွက်သုံးဆယ့်ခြောက်ကွက်ရှိ တယ်၊ သူ့ကိုပြည့်စုံအောင်သင်မပေးဘဲ သိုင်းကွက်သုံးဆယ်လောက် သင်ပေးလိုက်လဲဖြစ်တာပဲ"

ထိုသို့ဆင်ခြင်မိသည့်အခါ ရှမ်းစုအားလက်ခံရန်ဆုံးဖြတ် လိုက်သည်။ သူ့အနေဖြင့် လိုလိုလားလားမဟုတ်သည့်တိုင် ဆရာနှင့် ပညာသင်ဘက်အစ်ကိုတို့၏မျက်နှာကို ထောက်ထားပြီး လက်ခံ မည်သာဖြစ်ပေသည်။

သိုင်းရာဇာတင်မင်းသည် ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက် လိုက်ပြန်သည်။

ယခု .... သူ၏ဦးခေါင်းထဲ၌ အတွေးကောင်း အကြံကောင် များ တစ်ခုပြီးတစ်ခုထွက်ပေါ်လာနေပေပြီ။



တစ်ချိန်က .... ရှောင်လင်ကျောင်းသို့သွားကာ နဂါးနိုင်ဓား သိုင်းကိုလေ့လာခွင့်ပြုပါရန် မေတ္တာရပ်ခံခဲ့ဖူးသည်။ ကေရာဇ်ဓား သိုင်းနှင့်နဂါးနိုင်ဓားသိုင်း၏ထက်မြက်မှုကို ယှဉ်ကြည့်လို၍ဖြစ်သည်။

သို့သော် .... ရှောင်လင်ကျောင်းမှ နဂါးနိုင်ဓားသိုင်းအား လေ့လာခွင့်မပြုဘဲငြင်းဆန်ခဲ့သည်။ သိုင်းရာဇာတင်မင်း စိတ်ဆိုး ဒေါသထွက်ကာ သူ၏ကေရာဇ်ဓားသိုင်းက နဂါးနိုင်ဓားသိုင်းထက် ပို၍အစွမ်းထက်သည်ဟု မခံချင်စိတ်ဖြင့်ဟိတ်ဟန်ထုတ်၍ပြောခဲ့မိ သည်။

သူ၏စကား သိုင်းလောကသို့ပျံ့နှံ့သွားသည့်အခါ သူ့အား ပြက်ရယ်ပြုလှောင်ပြောင်ပြောဆိုသူများ ထွက်ပေါ်လာခဲ့လေသည်။

သိုင်းရာဇာတင်မင်း ခံပြင်းဒေါသထွက်သွားသည်။

သို့သော် ပြက်ရယ်ပြုသူများအား စိန်ခေါ်မည်ဆိုလျှင် ပို၍ နာမည်ပျက်သွားမည်ဖြစ်ရာ မသိကျိုးကျွန်ပြု၍ကျိတ်မှိတ်သည်းခံခဲ့ ရသည်။ သူ၏စိတ်ထဲ၌မူ ....

"တစ်နေ့ ငါ့အကြောင်းသိရမယ်"

ဟုကြုံးဝါးမိခဲ့သည်။

သိုင်းရာဇာတင်မင်း ထိုအကြောင်းကိစ္စများကို တွေးတော စဉ်းစားနေသည်မှာအကြောင်းရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ရှမ်းစုအား အသုံးချရန်စိတ်ကူးထားခြင်းကြောင့် ဖြစ်သည်။ သိုင်းရာဇာတင်မင်းသည် နေ့ဝက်ခန့်အချိန်ဖြုန်းနေပြီးမှ ထိုင်ရာမှထလိုက်သည်။ သူသည် ရှမ်းစုအား သိုင်းပညာသင်ပေးမည်ဖြစ်သည်။ ထို့အတူ.... ရှမ်းစုကလည်း သူ့အတွက်ကျေးဇူးတုံ့ပြန်ဆောင်ရွက်ပေးရလိမ့်မည်ဖြစ်သည်။

၀၀၀၀

ပန်းဥယျာဉ်ထဲ၌ မွှေးကြိုင်သင်းပျံ့သောပန်းရနံ့များလွင့်ပျံ့နေသည်။ သိုင်းရာဇာတင်မင်းသည် ပန်းဥယျာဉ်အတွင်း၌ လက်နှစ်ဖက်နောက်ပစ်ကာ လေညင်းခံနေ၏။

ထိုစဉ် .... ပျော့ပါးသောခြေသံများထွက်ပေါ်လာပြီး ရှမ်းစုရောက်ရှိလာလေသည်။

ရှမ်းစုက လက်နှစ်ဖက်ဆုပ်ကာဦးညွှတ်လိုက်ပြီး ....

"ဦးရီးတော်က ကျွန်တော့်ကိုခေါ်ခိုင်းလိုက်တယ်ဆိုလို့ပါ။ ဦးရီးတော်ကို ဂါရဝပြုပါတယ်"

သိုင်းရာဇာတင်မင်းက လှည့်ကြည့်လိုက်ပြီး ....

"ဟုတ်တယ် ငါမင်းကိုသိုင်းပညာသင်ပေးဖို့ဆုံးဖြတ်လိုက်ပြီ၊ ဒါကြောင့် ခေါ်ခိုင်းလိုက်တာပဲ"



ရှမ်းစု၏မျက်နှာပြုံးရွှင်သွား၏။

ချက်ချင်းပင် ဒူးထောက်ချလိုက်ပြီး ....

"ဆရာ့ကိုဂါရဝပြုပါတယ်"

ဦးသုံးကြိမ်ချကာ ရှိခိုးကန်တော့လိုက်သည်။

ဦးရီးတော်ဟုခေါ်နေရာမှ ဆရာဟုချက်ချင်းပြောင်းလဲခေါ်လိုက်သည်။ သိုင်းရာဇာတင်မင်းက ....

"အေး.... မင်းကို ငါကပညာသင်ပေးဖို့ ဆုံးဖြတ်လိုက်သလို မင်းကလဲ ငါ့အတွက်ကိစ္စသုံးခုဆောင်ရွက်ပေးရလိမ့်မယ်"

ရှမ်းစုက ....

"ကျွန်တော် ကိစ္စဆယ်ခု ဆောင်ရွက်ပေးရမယ်ဆိုရင်လည်း ဆောင်ရွက်ပေးပါ့မယ်ဆရာ"

ဟုပြောလိုက်သည်။ သိုင်းရာဇာတင်မင်းက ....

"မလိုပါဘူး ငါ့အတွက် သုံးခုလုပ်ပေးရင်တော်ပါပြီ၊ မင်းကို ကေရာဇ်ဓားသိုင်းရဲ့ သိုင်းကွက်ပေါင်းသုံးဆယ်ထဲက ပထမဓားဆယ်ကွက်ကိုသင်ပေးလိုက်မယ်၊ သိုင်းကွက်ဆယ်ကွက်တတ်မြောက်သွားတာနဲ့ ငါ့အတွက်ပထမဆုံးကိစ္စဆောင်ရွက်ပေးရမယ်"

"စိတ်ချပါဆရာ ကျွန်တော် မဖြစ်မနေကြိုးစားဆောင်ရွက်ပါ့မယ်လို့ ကတိပေးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ….ဒီနေ့ကပဲစပြီးသင်ကြတာပေါ့"

ဟု သိုင်းရာဇာတင်မင်းကပြောလိုက်လေသည်။

၀၀၀၀

သိုင်းရာဇာတင်မင်းသည် သီးသန့်အဆောင်တစ်ခုအတွင်း၌ရှမ်းစုအား ဧကရာဇ်ဓားသိုင်းမှ ပထမဓားဆယ်ကွက်ကို သင်ကြားပြသပေးလိုက်သည်။ အမှန်တော့ …. ဧကရာဇ်ဓားသိုင်းကို သုံးပိုင်းခွဲမည်ဆိုလျှင် ပထမဓားကွက်များသည် ဆယ့်နှစ်ကွက်ရှိရမည်ဖြစ်လေသည်။

သို့သော် …. ရှမ်းစုသည် သိုင်းရာဇာတင်မင်းသင်ပေးသည့်ဓားဆယ်ကွက်ကိုဂရုစိုက်လေ့ကျင့်လိုက်သည်။ လက်တွေ့သင်ကြားပေးသည့်အခါမှ ရှမ်းစုသည် အလွန်ဉာဏ်ထက်သူတစ်ယောက်ဖြစ်ကြောင်းသိလိုက်ရသည်။ ဓားကွက်တစ်ကွက်ကို တစ်ရက်မျှသာသင်လိုက်ရသည်။ ဓားဆယ်ကွက်ကို ဆယ်ရက်အတွင်းတတ်မြောက်သွားလေ၏။

သိုင်းရာဇာတင်မင်းကိုယ်တိုင်ပင် ရှမ်းစု၏ကြိုးစားမှု၊ ဉာဏ်ပညာထက်မြက်မှုနှင့် စိတ်အားထက်သန်မှုကိုသြချရလေတော့၏။

၀၀၀၀



ဆယ့်တစ်ရက်မြောက်နေ့ ….

သိုင်းရာဇာတင်မင်းသည် ရှမ်းစုအား သိုင်းကွက်ဆယ်ကွက်သင်ပေးပြီးသည်နှင့် ….

"ကဲ ငါ့ဘက်ကတော့တာဝန်ကျေပြီ၊ မင်းဘက်က ကျေးဇူးဆပ်ဖို့ပဲကျန်တော့တယ်"

ဟု စကားစလိုက်သည်။

"ဟုတ်ကဲ့… ကျွန်တော် ဘယ်လိုကိစ္စဆောင်ရွက်ပေးရမယ်ဆိုတာပြောပါခင်ဗျာ"

သိုင်းရာဇာတင်မင်းက ….

"တစ်ချိန်က ငါ့ကိုပြက်ရယ်ပြုခဲ့တဲ့လူတစ်ယောက်ကိုသုတ်သင်ရှင်းလင်းပေးရမယ်"

"ဟုတ်ကဲ့…. ဘယ်သူလဲဆိုတာအမိန့်ရှိပါဆရာ"

"အဲဒီလူဟာ ကရုဏာသီလရှင်ဆိုတဲ့လူပဲ"

ရှမ်းစုက ….

"ကရုဏာသီလရှင် ဘယ်မှာရှိတယ်ဆိုတာ သိခွင့်ရှိမလားဆရာ"

သိုင်းရာဇာတင်မင်းခေါင်းညိတ်လိုက်သည်။

"အေး… ငါပြောပြမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းစုက ကရုဏာသီလရှင်သည် မည်သို့သောလူစားမျိုး ဖြစ်သည်၊ သိုင်းပညာအဆင့် မည်မျှရှိသည်၊ သိုင်းရာဇာတင်မင်းနှင့် မည်သို့ပတ်သက်နေသည် စသည်စသည်တို့ကို တစ်လုံးတစ်ပါဒမျှ မမေးချေ။ သိုင်းရာဇာတင်မင်းက ခွင့်ပြုလိုက်သည်နှင့် ချက်ချင်းပင် ထွက်ခွာသွားလေသည်။

၀၀၀၀

ရှမ်းစုထွက်သွားပြီး နောက်တစ်နေ့မှာပင် ....

သိုင်းရာဇခြံဝင်းသို့ ဧည့်သည်များရောက်ရှိလာလေသည်။ သိုင်းရာဇာတင်မင်း နံနက်စာစားသောက်ပြီး အနားယူနေချိန်တွင် အစောင့်တစ်ယောက်ရောက်ရှိလာပြီး ....

"သခင်ကြီးခင်ဗျာ ဧည့်သည်တစ်ယောက် တွေ့ခွင့်တောင်း နေပါတယ်"

အစောင့်၏မျက်နှာတွင် စိုးရိမ်ပူပန်သည့်အရိပ်အယောင် များရှိနေသည်ကိုတွေ့ရသဖြင့် သိုင်းရာဇာတင်မင်း မျက်မှောင်ကုတ် သွားသည်။ အကြောင်းထူးတစ်စုံတစ်ခုရှိနေကြပြီဟုလည်း သဘော ပေါက်သွားသည်။

ထို့ကြောင့် ....



"ဘယ်ကဧည့်သည်လဲဟေ့"

ဟု အသံမာမာဖြင့်မေးလိုက်သည်။ အစောင့်က ....

"ကျားခံတပ်ပိုင်ရှင်ပုလောက်ရောက်လာတာပါသခင်"

"ဟေ ...."

သိုင်းရာဇာတင်မင်း ကြောင်အမ်းအမ်းဖြစ်သွားလေသည်။ ကျားခံတပ်၊ ဓားနှစ်လက်ဂိုဏ်းနှင့်အမျိုးသမီးဂိုဏ်းတို့သည် သိုင်း လောက၌ ထင်ရှားနိုင်နေကြသော သိုင်းအဖွဲ့များဖြစ်ကြောင်း သူသိ ရှိထားသည်။

ကျားခံတပ်ပိုင်ရှင်ပုလောက်မှာ ခေသူမဟုတ်ဘဲ ကျားနိုင် လက်ဝါးဖြင့် ထင်ရှားကျော်ကြားနေသူဖြစ်သည်။

"ကျားခံတပ်ပိုင်ရှင် ပုလောက်ကိုယ်တိုင် ရောက်လာတာ ဟုတ်လား"

သိုင်းရာဇာတင်မင်းက သေချာအောင်မေးလိုက်သည်။

အစောင့်က ....

"ဟုတ်ပါတယ်သခင် ကျားခံတပ်ပိုင်ရှင်ပုလောက်နဲ့ သူ့သား ပုအိမ်းတို့နှစ်ယောက်ရောက်လာကြတာပါ"

သိုင်းရာဇာတင်မင်း မနေနိုင်တော့ပေ။

"ကောင်းပြီလေ... သူတို့ကို ဧည့်ခန်းထဲမှာအကောင်းဆုံး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင် ဧည့်ခံထားလိုက်ပါ၊ ငါအခုချက်ချင်းလာခဲ့မယ်"

"စိတ်ချပါသခင်"

အစေခံဖြစ်သူ ချက်ချင်းထွက်သွားလေသည်။ သိုင်းရာဇာတင်မင်းသည် အဝတ်အစားလဲလှယ်ပြီးထွက်လာခဲ့လေသည်။

ဧည့်ခန်းတွင်းသို့ရောက်လျှင် ကျားခံတပ်ပိုင်ရှင်ပုလောက်နှင့်သားဖြစ်သူပုအိမ်းတို့ ရောက်ရှိနေကြသည်ကိုတွေ့ရ၏။

သိုင်းရာဇာတင်မင်း၏လူများသည် စားသောက်ဖွယ်ရာများ အရက်များဖြင့် လိုလေသေးမရှိအောင် စီစဉ်ဧည့်ခံထားကြသည်ကိုတွေ့ရသည်။ ကျားခံတပ်ပိုင်ရှင်ပုလောက်တို့သားအဖသည် သိုင်းရာဇာတင်မင်းရောက်ရှိလာသည်ကိုမြင်သည့်အခါ ထိုင်ရာမှထကာ လက်နှစ်ဖက်ဆုပ်၍ ဦးညွှတ်လိုက်ကြလေသည်။

"ကျုပ်တို့သားအဖက မိတ်ဆွေကြီးကိုလာရောက်ဂါရဝပြုပါတယ်ခင်ဗျာ"

သိုင်းရာဇာတင်မင်း၏စိတ်ထဲ ထွေခနဲဖြစ်သွားသည်။

"ဒီဘက်များတဲ့သားအဖ ငါ့ကိုလာပြီးမျက်နှာချိုသွေးနေကြတာအကြောင်းရှိလိမ့်မယ်"

မည်သို့ဆိုစေ တင်မင်းသည် ဟန်ဆောင်ကာ ပြုံးရွှင်သောမျက်နှာထားဖြင့် ....



"မိတ်ဆွေကြီးတို့ ကြွရောက်လာတဲ့အတွက် ကျုပ်တို့သိုင်းရာဇာခြံဝင်းထဲကလဲဂုဏ်ယူပါတယ်ဗျာ၊ ကဲ ထိုင်ကြပါ၊ အမောပြေစားလိုက်သောက်လိုက်ကြပါဦး"

ကျားခံတပ်ပိုင်ရှင်ပုလောက်က ....

"ကျုပ်မှာအရေးကြီးတဲ့ကိစ္စတစ်ခုရှိလို့ မိတ်ဆွေကြီးဆီကိုအားကိုးတကြီးပြေးလာခဲ့မိတာပါဲဗျာ"

လာရင်းကိစ္စနှင့်ပတ်သက်၍ စကားဦးသန်းလိုက်သည်။

သိုင်းရာဇာတင်မင်းက ....

"အရေးကြီးတဲ့ကိစ္စဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"ဘယ်လိုအရေးကြီးတဲ့ကိစ္စများလဲဗျ"

ပုလောက်တ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။ သိုင်းရာဇာခြံဝင်းမှ အစေခံအကြပ်များသည် အသင့်အနေအထားဖြင့် မလှမ်းမကမ်းမှ စောင့်ကြပ်နေကြသည်။

ကျားခံတပ်ပိုင်ရှင်အား ယုံကြည်စိတ်ချခြင်းမရှိဘဲ မျက်ခြည်မပြတ် စောင့်ကြည့်နေကြသည့်သဘောမျိုးဖြစ်သည်။ ပုလောက်၏အကြည့်ကိုရိပ်မိလိုက်သော သိုင်းရာဇာတင်မင်းက ....

"ကိစ္စမရှိပါဘူးဗျာ.... ဒီမှာပြောလို့ဖြစ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်သည်။

ပုလောက် လက်မခံချေ။

"မဖြစ်လို့ပါဗျာ တာကယ့်ကိုအရေးကြီးတဲ့ကိစ္စမို့ပါ၊ မိတ်ဆွေ နဲ့ကျုပ်နှစ်ယောက်တည်းပြောမှဖြစ်မှာပါ"

စကားဆုံးလျှင် ....

"သား.... မင်းခြံထဲမှာတစ်ပတ်လောက်စောင့်ကြည့်လိုက် ပါလား .... ဆရာကြီးတင်မင်းရဲ့ခြံဝင်းဟာ သာယာလှပတဲ့နေရာမှာ နာမည်ကြီးပဲ"

ဟုပြောလိုက်ရာ ပုအိမ်းကလည်း ....

"ကောင်းပါပြီဖေဖေ"

ဟုပြောရင်း ထိုင်ရာမှထလိုက်၏။ သိုင်းရာဇာတင်မင်း မျက် မှောင်ကုတ်သွားသည်။ ပုလောက်သည် သူ့အား အကောက်ကြံမည် မဟုတ်ဟုလည်းရိပ်မိလိုက်၏။ ထို့ကြောင့် ....

"ကဲဟေ့ .... ကျွန်းခံတပ်ကသခင်လေးကို ခြံဝင်းထဲလှည့် ပြီးပြသပေးလိုက်ကြပါ၊ ပြီးရင် ငါမခေါ်ဘဲဧည့်ခန်းထဲကို ဘယ်သူမှ ဝင်မလာကြနဲ့"

အစောင့်အကြပ်များသည် ချက်ချင်းဝင် ပုအိမ်းအား ခေါ် ဆောင်ကာထွက်သွားကြလေသည်။



အကယ်၍ ပုလောက်က အကောက်ကြံမည်ဆိုလျှင်လည်း သိုင်းရာဇာတင်မင်းက မမှုပါ။ ပုလောက်၏သားပုအိမ်းသည် သူ၏ အစောင့်အကြပ်များလက်တွင်း၌ရှိနေပြီမဟုတ်ပါလား။

ထို့ပြင် .... ပုလောက်၏သိုင်းပညာသည် သူ၏ကျော် ...းသိုင်းကိုယှဉ်နိုင်မည်မဟုတ်ဟုလည်း ယုံကြည်ထားလေသည်။

အခန်းတွင်း၌ နှစ်ယောက်တည်းကျန်ရစ်ခဲ့တော့မှ ....

"ကဲ ဘယ်လိုအရေးကြီးတဲ့ကိစ္စများလဲ၊ ပြောစမ်းပါဦးဗျာ"

ဟု သိုင်းရာဇာတင်မင်းကမေးလိုက်ရာ ပုလောက်က ....

"အတော့်ကိုအရေးကြီးပါတယ်ဗျာ၊ ကျုပ်အတွက် မိတ်ဆွေ ...အကူအညီလိုအပ်နေပါတယ်၊ ကျုပ်ကိုကူညီရင် မိတ်ဆွေလဲအကျိုး ...ယုတ်စေရပါဘူးလို့ အာမခံပါတယ်ဗျာ"

ဟုအလောတကြီးပြောလေသည်။ သူသည် သက်ခြေလက် ...ဝတ်သက်၍ စိုးရိမ်ထိတ်လန့်ခဲ့ရသည်မှာကြာပြီမဟုတ်ပါလား။ ...င်းရာဇာတင်မင်းကသာ ကူညီခြင်းမပြုလျှင် သူ့အားကူညီနိုင်မည့် ...ူ မရှိတော့ဟုယုံကြည်နေတော့သည်။

သိုင်းရာဇာတင်မင်းက ....

"ခင်ဗျားမှာ ဘယ်လိုအကြောင်းကိစ္စတွေ ရှိနေတယ်ဆိုတာ ...င်ဆုံး ကျုပ်သိပါရစေဦးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



စကားတစ်ခွန်းနှစ်ခွန်းပြောလိုက်သည်နှင့် ကျားခံတပ်ပိုင်ရှင်ပုလောက်ပျာယာခတ်နေကြောင်း သိုင်းရာဇာတင်မင်းရိပ်မိလိုက်လေသည်။ ပုလောက်က ....

"တခြားတော့မဟုတ်ပါဘူး။ လူတစ်ယောက်က ကျုပ်ရဲ့အသက်ကိုအန္တရာယ်ပြုမယ်လို့ ခြိမ်းခြောက်နေတဲ့ကိစ္စပါပဲဗျာ"

"ဟင် ...."

သိုင်းရာဇာတင်မင်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

ကျားခံတပ်ပိုင်ရှင်ပုလောက်အား ခြိမ်းခြောက်ခံသူသည် နယ်နယ်ရရမဟုတ်ကြောင်းလည်း နားလည်သဘောပေါက်လိုက်လေသည်။

"နေပါဦး မိတ်ဆွေကိုဘယ်သူကများခြိမ်းခြောက်နေလို့လဲ၊ ကျုပ်ကိုနောက်ပြောင်ကျီစယ်နေတာတော့ မဟုတ်ပါဘူးနော်"

"မပြောချင်တော့ပါဘူးဗျာ ကျုပ်ရဲ့အသုံးမကျတဲ့တပည့်နှစ်ယောက်ကြောင့်ပေါ့ဗျာ၊ သူတို့က ကျုပ်မသိအောင် နောက်ကွယ်ကနေမကောင်းမှုတွေလုပ်နေကြတယ်လေ၊ ဒါကို သက်ခြေလက် သိသွားပြီး ကျုပ်တပည့်နှစ်ယောက်ကိုရှင်းပစ်တဲ့အပြင် ကျုပ်မှာလဲတာဝန်ရှိတယ်ဆိုပြီး ခြိမ်းခြောက်လာတာပါပဲဗျာ"

သိုင်းရာဇာတင်မင်းပြုံးလိုက်သည်။



ပုလောက်သည် နောက်ကွယ်တွင် မကောင်းမှုများပြုလုပ်နေသူဖြစ်ကြောင်း သိထား၍ဖြစ်သည်။ ပုလောက်က ....

"သက်ခြေလက် ပရမ်းပတာလျှောက်လုပ်နေတာကို ကျုပ်သည်းမခံနိုင်ဘူး၊ ဒါပေမဲ့ ကျုပ်တစ်ယောက်တည်း မတတ်နိုင်တာသေချာတယ်၊ ဒါကြောင့် မိတ်ဆွေဆီကို အားကိုးတကြီးလာပြီး အကူအညီတောင်းရတာပါပဲဗျာ"

သိုင်းရာဇာတင်မင်းက ....

"သက်ခြေလက်က သိပ်ပြီးကြောက်စရာကောင်းတယ်လို့နာမည်ကြီးနေတယ်ဗျ"

"ဒါပေမဲ့ မိတ်ဆွေရဲ့ကျောရာဓားသိုင်းကိုတော့ ကျော်နိုင်တာမဟုတ်ပါဘူးဗျာ"

ပုလောက်ကမြှောက်ပင့်လိုက်သည်။

သိုင်းရာဇာတင်မင်းက ....

"ကျုပ် သိုင်းလောကထဲမထွက်တာ အတော်ကြာသွားပြီ၊ ..မကိုင်တာလဲကြာပြီဆိုတော့ အင်း.... သိုင်းလောကထဲထွက်ဖို့ဆိုတာ အတော့်ကိုစဉ်းစားရမဲ့ကိစ္စဖြစ်နေပါတယ်ဗျာ"

မြွေမြွေချင်း ခြေမြင်ဆိုသကဲ့သို့ သိုင်းရာဇာတင်မင်းက ဈေး..ိုင်နေခြင်းဖြစ်ကြောင်းပုလောက်ရိပ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ....

"မိတ်ဆွေအတွက် အကျိုးမယုတ်စေရဘူးလို့ ကျုပ်ပြောခဲ့ပြီးပါပြီ၊ ကျုပ်က သက်ခြေလက်နဲ့သိုင်းလောကရဲ့ ရတနာပစ္စည်းတစ်ခုကို အလဲအလှယ်လုပ်မဲ့သဘောပါ"

သိုင်းရာဇာတင်မင်းမျက်မှောင်ကုပ်သွားသည်။

"သိုင်းလောကရဲ့ ရတနာပစ္စည်းဟုတ်လား"

စိတ်ဝင်စားဟန်ပြလိုက်ခြင်းဖြစ်သလို ပုလောက်ထံမှစကားအစ်လိုက်ခြင်းလည်းဖြစ်သည်။ ပုလောက်က ....

"ဟုတ်ပါတယ်ဗျာ... ရှင်းရှင်းပြောရရင် သိုင်းလောကတစ်ခုလုံးလိုချင်မက်မောနေကြတဲ့ပစ္စည်းပါပဲ"

သိုင်းရာဇာတင်မင်းပြုံးလိုက်သည်။

"ဘယ်လိုပစ္စည်းမျိုးလဲ၊ ပြောစမ်းပါဦး"

"ထိုက်စန်းအဘိုးအိုရဲ့ရှစ်ကွက်အင်းကို မိတ်ဆွေကြားဖူးမှာပေါ့"

"ဟင် ...."

သိုင်းရာဇာတင်မင်းသည် ရှစ်ကွက်အင်းဟူသည့်စကားကိုကြားလိုက်ရသည်နှင့် ချက်ချင်းလှုပ်လှုပ်ရှားရှား ဖြစ်သွားလေတော့သည်။ ထိုက်စန်းအဘိုးအို၏ရှစ်ကွက်အင်းသည် ကျားခံတပ်တွင်



ရှိနေနိုင်သည်ဟု သိုင်းလောကဌ်ဖြစ်ပေါ်နေသောသတင်းစကားကို သူကြားဖူးခဲ့သည်မဟုတ်ပါလား။

ပုလောက်က ....

"ထိုက်စန်းအဘိုးအိုရဲ့ တစ်ဦးတည်းသောတပည့်ဟာ ကျုပ်ရဲ့အဘိုးဖြစ်ပါတယ်ဗျာ၊ ကျုပ်အဘိုးဟာ ကျားခံတပ်ကိုထူထောင်ခဲ့သူလဲဖြစ်ပါတယ်"

သိုင်းရာဇာတင်မင်းက နားမလည်နိုင်ဟန်ဖြင့် ....

"ရှစ်ကွက်အင်းနဲ့သက်ခြေလက်ကို ကျုပ်ဘယ်လိုမှဆက်စပ်လို့မရဘူးဖြစ်နေတယ်ဗျ"

"ရှင်းပါတယ်ဗျာ ကျုပ်အတွက် သက်ခြေလက်ကို မိတ်ဆွေကရင်ဆိုင်ပေးပါ၊ ကျုပ်က ရှစ်ကွက်အင်းကို ပြန်ပြီးကျေးဇူးပြုပါ့မယ်"

သိုင်းရာဇာတင်မင်းသည် ဝမ်းသာစိတ်ကြောင့် အမူအရာပျက်မသွားအောင်ပင် မနည်းထိန်းထားလိုက်ရလေသည်။

သို့သော် .... စဉ်းစားစရာအကြောင်းတစ်ခုရှိနေသေးသည်ဟု ချက်ချင်းဆင်ခြင်မိလိုက်သဖြင့် ....

"ခင်ဗျားဆီမှာ ရှစ်ကွက်အင်းရှိနေတယ်ဆိုရင် ဘာကြောင့်ထိုက်စန်းရတနာပစ္စည်းတွေကို ရယူဖို့မကြိုးစားဘဲနေခဲ့ရတာလဲ"

ပုလောက်က ....

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်အဘိုးဟာ ထိုက်စန်းအဘိုးအိုရဲ့ တပည့်ဖြစ်ခဲ့တယ်လို့ ကျုပ်ပြောပြီးပါပြီဗျာ"

"ခင်ဗျားဆိုလိုတာက ...."

"ထိုက်စန်းအဘိုးအိုရဲ့ ရှစ်ကွက်အင်းကို ကျုပ်အဘိုး ရသွားလိမ့်မယ်လို့ သိုင်းလောကတစ်ခုလုံးကယုံကြည်ထားကြပါတယ်၊ ဒါကြောင့် ကျုပ်လုပ်ရှားလိုက်တာနဲ့ချက်ချင်းရိပ်မိပြီး ကျုပ်နောက်ကို သဲကြီးမဲကြီးလိုက်ကြတော့မယ်လေ၊ ဒါဆိုရင် ကျားခံတပ် ဘယ်လိုဖြစ်သွားမလဲဆိုတာ စဉ်းစားကြည့်ပေါ့ဗျာ"

မှန်ပေသည်။ ကျားခံတပ်တွင် ရှစ်ကွက်အင်းရှိနေကြောင်း သာသိုင်းလောကသားများသိသွားကြလျှင် ကျားခံတပ်သည် နေ့ချင်းညချင်း အဖျက်ဆီးခံလိုက်ရမည်မှာသေချာနေသည်။

"ကျုပ်ကိုယ်တိုင်မပြောနဲ့ ကျုပ်လူတွေကိုတောင် ထိုက်စန်းတောင်ဘက်ခြေဦးမလှည့်ဖို့ အမိန့်ထုတ်ထားခဲ့ရပါတယ်ဗျာ"

သိုင်းရာဇာတင်မင်း ခေါင်းညိတ်လိုက်သည်။

"အင်း .... ခင်ဗျားစကားကစိတ်ဝင်စားစရာပါပဲဗျာ"

ပုလောက် အားမလိုအားမရဖြစ်သွားသည်။

"ခုထိ မိတ်ဆွေက စိတ်ဝင်စားစရာကောင်းတယ်လို့ ထင်နေတုန်းပဲလားဗျာ"



သိုင်းရာဇာတင်မင်းက ....

"မိတ်ဆွေပြောတဲ့စကားတွေဟာ တကယ့်ကို စိတ်ဝင်စားစရာကောင်းတာမှန်ပါတယ်၊ ဒါပေမဲ့ လက်တွေ့ကျတော့ ...."

သူ၏စကားမဆုံးမီ ပုလောက်ကကြားဖြတ်ပြောလိုက်၏။

"ကျုပ် တကယ်ပြောတာပါ၊ သက်ခြေလက်ကိုသာရှင်းပေးပါ၊ ရှစ်ကွက်အင်းကိုပေးပါ့မယ်"

သိုင်းရာဇာတင်မင်းက ....

"ဒီကိစ္စဟာ ရှေ့ပဏ္ဍမြား ရှေ့နဂါးလုပ်ဖို့အတော်ခက်တဲ့ကိစ္စပဲ"

သိုင်းရာဇာတင်မင်းသည် ရှစ်ကွက်အင်းကိုသာ ရမည်ဆိုလျှင် ဘာမျှဂရုမစိုက်ဘဲသူ့အားကူညီလိမ့်မည်ဖြစ်ကြောင်းပုလောက်နားလည်လိုက်သည်။ ထို့ကြောင့် ....

"မိတ်ဆွေ ဒီကိစ္စကိုသဘောတူမယ်ဆိုရင် ကျုပ်ကရှစ်ကွက်အင်းကို အလယ်ကနေထက်ဝက်ပိုင်းပြီး တစ်ပိုင်းကိုပေးထားပါ့မယ်၊ သက်ခြေလက်ကို ရှင်းပြီးတဲ့အခါ ကျန်တဲ့တစ်ဝက်ကိုပေးရင် ပြီးတာပဲ မဟုတ်လားဗျာ"

"တကယ်လို့ ခင်ဗျားရဲ့ရှစ်ကွက်အင်းဟာ အတုဖြစ်နေမယ်ဆိုရင်ကော"

www.burmeseclassic.com

www.burmeseclassic.com



သိုင်းရာဇာတင်မင်းက အားမနာတမ်းမေးလိုက်လေသည်။

"မိတ်ဆွေ လက်ထဲကို တစ်ဝင်ရောက်လာတဲ့အခါ စစ်ဆေးကြည့်နိုင်ပါတယ်၊ ရှစ်ကွက်အင်းရဲ့ထူးခြားချက်တွေကို မိတ်ဆွေလဲ ကြားသိထားတာပဲမဟုတ်လားဗျာ"

သိုင်းရာဇာတင်မင်း ငြိမ်ကျသွားသည်။

ပုလောက်၏စကားသည် လက်မခံနိုင်စရာအကြောင်း မရှိပေ။ ပုလောက်က ....

"ဘယ်လိုလဲ ကျုပ်ကိုကူညီမယ်မဟုတ်လား"

သိုင်းရာဇာတင်မင်းက ချင့်ချိန်စဉ်းစားဟန်ဖြင့်....

"အင်း .... မိတ်ဆွေကိုလဲ ကူညီချင်တယ်၊ သက်ခြေလက်ဟာ သိုင်းလောကရဲ့မိတ်ဆွေလဲဖြစ်နေတယ်၊ ဒါကြောင့် စဉ်းစားရ အတော်ခက်နေပါတယ်ဗျာ"

ပုလောက် ပြုံးလိုက်သည်။

"ကောင်းပြီလေ... မိတ်ဆွေမှာ အခက်အခဲရှိနေမယ်ဆိုရင် လဲဘယ်တတ်နိုင်ပါ့မလဲ၊ တခြားအကူအညီပေးနိုင်တဲ့လူတစ်ယောက် ဆီကိုသွားရတော့မှာပေါ့ဗျာ၊ ကဲ .... ကျုပ်ကိုခွင့်ပြုပါဦး"

စကားဆုံးသည်နှင့် ထိုင်ရာမှထလိုက်သည်။ သိုင်းရာဇာတင်မင်းကိုပြန်ပြီးဈေးကိုင်လိုက်ခြင်းဖြစ်သည်။



ယခု သူတို့နှစ်ယောက်စလုံး တစ်ယောက်ကိုတစ်ယောက် လှည့်စား၍မရနိုင်ကြောင်း သဘောပေါက်သွားကြပြီဖြစ်ခလေသည်။

"ဟား .... ဟား .... ဟား"

သိုင်းရာဇာတင်မင်းက သဘောကျစွာရယ်မောလိုက်ပြီး....

"မိတ်ဆွေ တယ်လဲစိတ်လောတာကိုးဗျ၊ ရှစ်ကွက်အင်းကို ရမယ်ဆိုမှတော့ ကျုပ် ဘယ်သူ့ကိုမှမမှုတော့ပါဘူးဗျာ၊ မိတ်ဆွေကို ကူညီရမှာပေါ့"

ပုလောက်ကျေနပ်သွားသည်။ သိုင်းရာဇာတင်မင်းက ....

"ကဲ ... ကဲ .... ကျုပ်သက်ခြေလက်ကိုရှင်းလင်းပေးပါ့မယ်၊ ဟုတ်ပြီလား"

စကားဆုံးသည်နှင့်လက်ဝါးဖြန့်လိုက်သည်။

ပုလောက်ကလည်း လက်မနှေးပါ။ အသင့်ယူလာသည့် ဝါကြင့်ကြင့်စာရွက်တစ်ပိုင်း ထုတ်ယူပေးလိုက်လေသည်။ သိုင်းရာဇာတင်မင်းကလက်ခံလိုက်၏။ သူတို့နှစ်ယောက်သည် လျှို့ဝှက်သော အလုပ်တစ်ခုလုပ်ရန် သဘောတူညီမှုရရှိသွားကြပြီဖြစ်သည်။

ယင်းသို့ဖြင့် သိုင်းလောက၌ရှုပ်ထွေးသောပြဿနာရပ်များ ဖြစ်ပေါ်လာရန် တာစူလေတော့သည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## ချစ်ခြင်းအစ

ဂမုန်းတောင်ကြား။

ကာရအာဒသီလရှင်သည် ဂမုန်းတောင်ကြားတွင် နေထိုင်လျက်ရှိလေသည်။ ထို့ကြောင့် .... ရှမ်းစုသည် သိုင်းရာဇာတင်မင်းက စေခိုင်းလိုက်သည်နှင့် ဂမုန်းတောင်ကြားသို့ ဦးတည်ခရီးနှင်လေတော့သည်။

မြည်မသို့ရောက်လာသည်မှာ မကြာသေးသဖြင့် လမ်းခရီးကျွမ်းကျင်မှုမရှိပေ။ သိုင်းရာဇာတင်မင်းက သေချာပြောလိုက်သည့်တိုင် လမ်းခရီး၌ စုံစမ်းမေးမြန်းပြီးသွားရလေသည်။

သို့ဖြင့် .... ဂမုန်းတောင်ကြားအနီးရှိ မြို့လေးတစ်မြို့သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိသွားလေတော့သည်။

၀၀၀၀



မြို့လေးမှာ စည်ကားသိုက်မြိုက်နေပေသည်။ ရှမ်းစုသည် မြို့ထဲသို့ရောက်လျှင် လမ်းဘေး၌ မနုံသီးရောင်းချနေသည့် အမျိုးသမီးကြီးတစ်ယောက်ထံတွင် ဂမုန်းတောင်ကြားအကြောင်း စုံစမ်းလိုက်လေသည်။

သူက ပန်းသီးနှစ်လုံးဝယ်ယူလိုက်ပြီး ....

"ဒေါ်ဒေါ် .... ဂမုန်းတောင်ကြားကို ဘယ်လိုသွားရမလဲ ဆိုတာသိရင် လမ်းညွှန်ပေးပါလားဗျာ"

အမျိုးသမီးကြီး အံ့ဩသွားလေသည်။

"ဂမုန်းတောင်ကြားကို သွားမလို့မဟုတ်လား"

"ဟုတ်ပါတယ် ဒေါ်ဒေါ်"

"မင်းသွားလို့ ဘယ်ဖြစ်မလဲ၊ ဒုက္ခရောက်သွားမှာပေါ့"

"ဗျာ ...."

"ဂမုန်းတောင်ကြားကို ယောကျ်ားတွေသွားလာခွင့်မရှိဘူးကွယ့်၊ သွားခဲ့ရင် အသတ်ခံရမှာပဲ"

ရှမ်းစု မျက်မှောင်ကုတ်သွားသည်။

"ဘာဖြစ်လို့လဲ ဒေါ်ဒေါ်ရဲ့"

"ဂမုန်းတောင်ကြားအကြောင်းကို မင်းမှမသိသေးဘဲကိုး၊ ဂမုန်းတောင်ကြားမှာ အမျိုးသမီးဂိုဏ်းကကြီးစိုးနေတာ၊ သူတို့က

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားဆိုရင် သိပ်မုန်းကြတာကွယ့်၊ သူတို့ဂိုဏ်းရဲ့ပိုင်နက်ဖြစ်တဲ့ ဂမုန်းတောင်ကြားထဲကိုမင်းဝင်သွားမယ်ဆိုရင် အသက်ရှင်လျက် ပြန်ထွက်လာရမှာမဟုတ်ဘူး"

ရှမ်းစုသည် သိုင်းရာဇာတင်မင်းကိုမကျေမနပ်ဖြစ်သွားလေသည်။

"သူက ဘာကြောင့်အမျိုးသမီးဂိုဏ်းအကြောင်း ငါ့ကိုပြောမပြလိုက်တာလဲ"

အမှန်ဆိုလျှင် သိုင်းရာဇာတင်မင်းသည် ကရုဏာသီလရှင်အားသုတ်သင်ရာ၌ မည်သို့သောအခက်အခဲအန္တရာယ်ကြုံတွေ့နိုင်သည်ကို ကြိုတင်ပြောပြထားသင့်သည်မဟုတ်ပါလား။

ပြောမပြဘဲနေခြင်းမှာ သူ့အား တမင်သေတွင်းထဲပို့လိုက်လေသလော။

"ကေရာဇ်သိုင်းမှာ သိုင်းကွက်ပေါင်းသုံးဆယ့်ခြောက်ကွက်ရှိပေမဲ့ သူကသိုင်းကွက်သုံးဆယ်ပဲရှိတယ်လို့ပြောတာ သူဟာ ငါ့အပေါ် မရိုးသားတာထင်ရှားနေတာပေါ့"

ရှမ်းစု အံကြိတ်လိုက်သည်။

"ကျုပ်တို့ တစ်နေ့တွေ့ကြသေးတာပေါ့ဗျာ"

ဟုကြုံးဝါးလိုက်လေသည်။



သူက တွေးတောစဉ်းစားရင်း အသံထွက်ကာ ကြုံးဝါးလိုက်မိခြင်းကြောင့် ပန်းသီးသည်အမျိုးသမီးကြီးမှာ ထိတ်လန့်သွားလေတော့သည်။

"မင်း .... မင်းဘယ်လိုဖြစ်တာလဲ"

ရှမ်းစုသတိဝင်သွားပြီး ....

"သြော်.... ဘာမှမဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော်အရေးကြီးတဲ့ကိစ္စရှိလို့သွားလိုက်ပါဦးမယ်"

ဟုပြောကာ ကပျာကယာထွက်လာခဲ့လေတော့သည်။

၀၀၀၀

ရှမ်းစုသည် မြို့လေးသို့ရောက်လာသည့်မှာ နေ့ဝက်ခန့် အချိန်ကုန်သွားပြီဖြစ်လေသည်။ သို့သော် .... ဂမုန်းတောင်ကြား အကြောင်းကို စုံစမ်း၍မရသေးချေ။ အကြောင်းမှာ သူမေးမြန်းစုံစမ်းလိုက်သည်နှင့် ထိတ်တလန့်တုန်လှုပ်သွားကြပြီး မသွားဖို့တားမြစ်ကြခြင်းကြောင့်ဖြစ်သည်။ မည်သို့မည်ပုံသွားရမည်ကို ပြောပြခြင်းမရှိကြတော့ပါ။ ကြာတော့ ရှမ်းစုစိတ်ပျက်လာလေတော့သည်။

"ငါ ဒီအတိုင်းစုံစမ်းနေလို့မဖြစ်တော့ဘူး။ ပြတ်ပြတ်သားသားလုပ်ရတော့မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟုဆုံးဖြတ်လိုက်၏။ ထိုစဉ် ....

"ခွပ် .... ခွပ် .... ခွပ် .... ခွပ်"

မြင်းခွာသံများပေါ်လာပြီး မြင်းလှည်းတစ်စီးမောင်းနှင်လာသည်ကိုတွေ့ရလေသည်။ ရှမ်းစုသည် မြင်းလှည်းကိုကြည့်ပြီး အကြံတစ်ခုပေါ်လာသဖြင့် မြင်းလှည်းကိုဟန့်တားလိုက်လေသည်။

"ဟေး .... ဟေး"

မြင်းလှည်းသမားသည် မြင်းများကို အော်ငေါက်ရပ်တန့်လိုက်သည်။ ရှမ်းစုက ....

"မြင်းလှည်းငှားမလို့ အားတယ်မဟုတ်လား"

"အားပါတယ်၊ ညီလေးက ဘယ်လိုသွားမလို့လဲ"

"မြို့စွန်ကိုသွားမလို့ပါ"

"ငွေတစ်ဆယ်ကျမယ်"

"ရတယ်... ပေးမယ်"

"ဒါဆိုတက်ပါ"

ရှမ်းစု မြင်းလှည်းပေါ်တက်လိုက်သည်။

"ဟေး .... ဟေး"

မြင်းလှည်းသမားသည် မြင်းများကို အော်ငေါက်မောင်းနှင်လိုက်သည်။ ရှမ်းစုက အေးအေးဆေးဆေးထိုင်လိုက်သွားသည်။



မကြာပါချေ။ မြို့စွန်တစ်နေရာသို့ ရောက်ရှိသွားကြသည်။ မြို့စွန်ဖြစ်သည့်အားလျော်စွာ လူနေအိမ်ခြေကျဲပါးသလို လူသူကင်းရှင်းနေသည်။ မြင်းလှည်းသမားက မြင်းလှည်းကိုအရှိန်သတ်ရပ်တန့်လိုက်ပြီး ....

"ညီလေး .... မြို့စွန်ကိုရောက်ပြီ"

ရှမ်းစု မြင်းပေါ်မှဆင်းလိုက်သည်။ သို့သော် .... ချက်ချင်းပင် မြင်းလှည်းမောင်းသူနံဘေးသို့ခုန်တက်ကာ ပခုံးချင်းယှဉ်ပြီးထိုင်ချလိုက်၏။ သူ၏အပြုအမူကြောင့် မြင်းလှည်းသမား ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဟဲ့ညီ .... မင်းက"

သူ၏စကားမဆုံးမီ ရှမ်းစုကကြားဖြတ်ပြောလိုက်သည်။

"ကျုပ်ရဲ့ခရီးကမဆုံးသေးဘူး။ ရှေ့ဆက်သွားရဦးမှာဗျ"

"ဟင် ဘယ်အထိခရီးဆက်မှာလဲ"

"ဂမုန်းတောင်ကြားအထိသွားမလို့လေ"

"ဟာ ...."

မြင်းလှည်းသမား မျက်လုံးပြူးသွားသည်။

"မင်း .... မင်း သေသွားမှာပေါ့ကွ"

"ကိစ္စမရှိဘူး။ ကျုပ်မကြောက်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မင်း တော်တော်ခက်ပါလား"

ရှမ်းစုက ....

"ကဲ .... မြင်းလှည်းမောင်းပေတော့"

ဟုပြောလိုက်၏။

"ဟေ"

မြင်းလှည်းသမား အလန့်တကြား ထ,ခုန်လိုက်ပြီး ....

"ကျုပ် .... ကျုပ်က ...."

"ဘာမှပြောမနေနဲ့ .... ဂမုန်းတောင်ကြားရောက်အောင် ခင်ဗျားလိုက်ပို့ပေးရလိမ့်မယ်"

"ဟာ .... မ .... မလုပ်ပါနဲ့ဗျာ"

မြင်းလှည်းသမားသည် ရှိခိုးမတတ်တောင်းပန်လိုက်သည်။

"ကျုပ် လိုက်မပို့ပါရစေနဲ့ တောင်းပန်ပါတယ်ဗျာ"

ရှမ်းစုက ....

"ခင်ဗျားလိုက်မပို့နိုင်ရင် ဂမုန်းတောင်ကြားကိုဘယ်လိုသွားရမလဲဆိုတာ ပြောပါ"

"ကျုပ် ...."

"ခင်ဗျား ပြောရင်ပြော၊ မပြောရင်တော့ ခင်ဗျားကိုယ်တိုင် လိုက်ပို့ပေးနေရလိမ့်မယ်"



မြင်းလှည်းသမားမှာမနေနိုင်တော့ဘဲ ဂမုန်းတောင်ကြားသို့ သွားရမည့်ခရီးကို ပြောပြလိုက်ရလေတော့သည်။

၀၀၀၀

ဂမုန်းတောင်ကြား ....

ဂမုန်းတောင်ကြားသည် မြင့်မားမတ်စောင့်သောကျောက်တောင်ကြီးနှစ်လုံးကြားမှ သာယာလှပသော တောင်ကြားတစ်ခုဖြစ်လေသည်။ ရှမ်းစုသည် ဂမုန်းတောင်ကြားသို့ ဦးတည်ကာ ခပ်သွက်သွက်လှမ်းသွား၏။ တောင်ကြားလမ်းဝသို့ရောက်လျှင် ....

"ရပ်လိုက်"

ဟန့်တားသံထွက်ပေါ်လာလေသည်။

လမ်းဘေးတစ်ဖက်တစ်ချက်ရှိ ကျောက်တုံးကျောက်ခဲများကြားမှ လူရိပ်နှစ်ရိပ်ခုန်ပျံထွက်လာသည်ကိုတွေ့မြင်လိုက်ရသည်။

ရှမ်းစုခြေလှမ်းရပ်ကာ သတိထား၍ အကဲခတ်ကြည့်လိုက်သည်။ အနီးသို့ရောက်လာမှ မိန်းကလေးနှစ်ယောက်ဖြစ်နေသည်ကို တွေ့ရလေသည်။ ရှမ်းစုပြုံးလိုက်သည်။

မိန်းကလေးတစ်ယောက်က ....

"ရှင်ဘယ်သူလဲ... ဘာကြောင့် ဒီနေရာကိုလာရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



အသံမာမာဖြင့်မေးလာလေသည်။ ရှမ်းစုက .....

"ကရုဏာသီလရှင်ကိုတွေ့ဖို့ လာခဲ့တာပဲ"

မိန်းကလေးနှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ ပြီးမှ တစ်ယောက်က .....

"ရှင် ဘယ်သူနဲ့ပဲတွေ့ချင်တွေ့ချင် ဒီတောင်ကြားထဲကိုဝင်ခွင့်မပြုနိုင်ဘူး"

ရှမ်းစုမဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်ကလဲ ရအောင်ဝင်ပြီး ကရုဏာသီလရှင်နဲ့ တွေ့ရမှာပဲဗျ"

ရှမ်းစုသည် ဂမုန်းတောဝင်ကြားမှအမျိုးသမီးကိုဏ်းနှင့်ရင်ဆိုင်ရမည်ကိုနားလည်ထားပြီးဖြစ်ရာ အမှုမထားတော့ချေ။

မိန်းကလေးနှစ်ယောက်သည် ချက်ချင်းပင် ဓားများကိုဆွဲထုတ်လိုက်ကြသည်။ တစ်ယောက်က .....

"ကျွန်မတို့ရဲ့ဓားကိုကျော်နိုင်ရင်တော့ ရှင်ဝင်လို့ရပါတယ်"

"ကောင်းပြီ"

ရှမ်းစုကစကားဆုံးသည်နှင့်ရှေ့သို့လှမ်းကာ မိန်းကလေးနှစ်ယောက်ကြား တိုးဝင်လိုက်လေသည်။

"ယား"



မိန်းကလေးနှစ်ယောက်ကလည်း ဓားများဝှေ့ယမ်းကာ တိုက်ခိုက်လိုက်ကြ၏။

ဓားရောင်များဝင်းလက်သွား၏။

မိန်းကလေးနှစ်ယောက်က ပြင်းပြင်းထန်ထန်တိုက်ခိုက်လိုက်ကြခြင်းဖြစ်သည်။

ရှမ်းစုအား ဟန့်ထားတိုက်ခိုက်နိုင်မည်ဟုယုံကြည်ထားကြပုံရသည်။

သို့သော် ..... အော်သံဟစ်သံမကြားရသလို ပြန်လည်ခုခံတိုက်ခိုက်ခြင်းလည်းမရှိဘဲ ရှမ်းစုပျောက်ခြင်းမလှပျောက်သွားခြင်းကြောင့် ကြောင်အမိအမ်းဖြစ်သွားကြလေသည်။

ဓားများကို ချက်ချင်းရုပ်သိမ်းကာ ဟိုဟိုသည်သည် ကြည့်လိုက်ကြသည်။

ထိုအခါ ..... ရှမ်းစုသည် မလှမ်းမကမ်းသို့ရောက်နေပြီး တောင်ကြားအတွင်းသို့ ဆက်၍ဝင်သွားသည်ကိုတွေ့ရလေသည်။

မိန်းကလေးနှစ်ယောက်ထိတ်လန့်သွားကြသည်။

"ဒီလူဟာ လူမှဟုတ်ရဲ့လား"

"ဘာပဲဖြစ်ဖြစ် သူ့ကိုမတားနိုင်ရင် ငါတို့ အပြစ်ပေးခံရမယ်။ မြန်မြန်လာ"

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးနှစ်ယောက် သတိဝင်လာပြီး ရှမ်းစုနောက်သို့ ပြေးလိုက်သွားကြ၏။ သို့သော် ....

"ကျုပ်ကိုမီအောင်လိုက်နိုင်ရင် လိုက်ခဲ့ကြပေတော့"

ရှမ်းစုကပြောပြီး ပြေးလွှားသွား၏။

မိန်းကလေးနှစ်ယောက် ပြေးလိုက်သွားကြသော်လည်း မမီတော့ချေ

၀၀၀၀

တောင်ကြားအတွင်းဘက်၌ တစ်စထက်တစ်စကျယ်ဝန်းလာလေသည်။ ကျောက်တုံးကျောက်ခဲများ၊ သစ်ပင်ပန်းမာလာများ၊ တောအုပ်များတွေ့မြင်လာရသည်။

ရှမ်းစုသည် မိန်းကလေးနှစ်ယောက်အား မျက်ခြည်ပြတ်ကာ တောင်ကြားအတွင်းဘက်သို့ဝင်လာခဲ့ပြီး တောအုပ်တစ်ခုအနီးသို့ရောက်လျှင် ခြေလှမ်းတုံ့ခနဲရပ်သွားလေသည်။

အကြောင်းမှာ .... တောအုပ်ရှေ့ရှိ သစ်ပင်တစ်ပင်အောက်၌ရပ်နေသည့်အမျိုးသမီးတစ်ယောက်အား တွေ့မြင်လိုက်ရခြင်းကြောင့်ဖြစ်သည်။ ထိုအမျိုးသမီးသည် ပန်းရောင်အဝတ်အစားများဝတ်ဆင်ထားပြီး ....



ခါး၌ ဆွဲများပါရှိသည့်ကျာပွတ်တစ်ခုချိတ်ထားလေသည်။

ရှမ်းစုက ....

"ကျုပ်ကိုရှေ့ဆက်မသွားနိုင်အောင် ခင်ဗျားကပာနီထား မလို့လား"

အမျိုးသမီး ခေါင်းခါယမ်းလိုက်သည်။

"ဟင့်အင်း .... မဟုတ်ဘူး"

"ဒါဖြင့်"

"မင်းကိုသတ်ပစ်မလို့"

"ဟား .... ဟား .... ဟား"

ရှမ်းစုသဘောကျစွာရယ်မောလိုက်သည်။

အမျိုးသမီးက....

"ဂမုန်းတောင်ကြားထဲဝင်လာတဲ့ယောက်ျားမှန်သမျှ အသတ်ခံရမှာပဲ"

စကားဆုံးသည်နှင့် ခန္ဓာကိုယ်တစ်ချက်လှုပ်ရှားလိုက်ရာ ရှမ်းစုအနီးသို့ ရိပ်ခနဲရောက်ရှိလာလေသည်။ ရှမ်းစု မပေါ့ဆရဲတော့ပေ။ ထိုအမျိုးသမီးသည် ခေသူမဟုတ်ကြောင်း ထင်ရှားပေါ်လွင်နေသည်မဟုတ်ပါလား။

အမျိုးသမီးက ....

www.burmeseclassic.com

www.burmeseclassic.com



"မင်းသာ ကိုယ့်ကိုယ်ကိုအဆုံးစီရင်လိုက်မယ်ဆိုရင်တော့ ငါခွင့်လွှတ်လိုက်မယ်"

ရှမ်းစုကနှုတ်ခမ်းမဲ့ကာ ....

"ခင်ဗျား ဘယ်လောက်တတ်နိုင်မှာမို့လဲဗျာ"

မထီလေးစားပြောရင်း ခါးမှဓားကိုဆွဲထုတ်လိုက်သည်။

အမျိုးသမီးလက်ထဲရောက်လာပြီဖြစ်သော ဆူးကျာပွတ်ကို ဓားကိုင်ပြီးရင်ဆိုင်ရတော့မည်မဟုတ်ပါလား။

အမျိုးသမီးက ....

"ကောင်းပြီလေ... ငါ့အကြောင်းသိစေရမှာပေါ့၊ ကဲ .... ကျာပွတ်အရသာကို ဖြည်းစမ်းကြည့်လိုက်ပါဦး"

စကားဆုံးသည်နှင့် ဆူးကျာပွတ်ကိုဝှေ့ယမ်း၍ တိုက်ခိုက်လိုက်လေသည်။ ဆူးကျာပွတ်သည် တဝီဝီမြည်သွားပြီး မြွေဟောက်တစ်ကောင်ပမာ ရှမ်းစုထံသို့ တိုးဝင်လာလေသည်။

ဆူးကျာပွတ်နှင့်ရိုက်နှက်ခံလိုက်ရပါက သက်သာလိမ့်မည်မဟုတ်ချေ။ ရှမ်းစု မလှုပ်မယှက်ရပ်နေလိုက်၏။ ဆူးကျာပွတ်က သွားအားရစ်ပတ်လာမှ ....

"ယား"

ဖြသံပေးကာ ဓားကိုဝှေ့ယမ်းလိုက်လေသည်။



သွေးသည် မြောက်ကျွန်းမှအကောင်းစားသံဖြင့် ပြုလုပ်ထားသောဓားဖြစ်သည်။ ကျောက်တုံးကျောက်ခဲများကိုပင် ထက်ပိုင်းပြတ်အောင်ခုတ်နိုင်စွမ်းသောဓားတစ်လက်ဖြစ်ပေသည်။

ရှမ်းစုကဓားကိုဝှေ့ယမ်းလိုက်သည်နှင့် ....

"တောက် .... တောက် .... တောက်"

ဆူးကျာပွတ်သည် အပိုင်းပိုင်းပြတ်တောက်သွားတော့၏။

"ဟား"

အမျိုးသမီးထိတ်လန့်ပြီး လွှတ်ခနဲအော်ကာ နောက်ဆုတ်သွားလေသည်။ ရှမ်းစုက ....

"နောက်မှတွေ့ကြသေးတာပေါ့ဗျာ"

ဟု အော်ပြောပြီး ကိုယ်ဖော့ပညာအသုံးပြု၍ တစ်ဟုန်ထိုးပြေးထွက်သွားလေတော့သည်။ အမျိုးသမီးသတိဝင်လာချိန်တွင် ရှမ်းစုမှာ မြင်ကွင်းမှကွယ်ပျောက်သွားပြီဖြစ်လေသည်။

အမျိုးသမီးသည် အပိုင်းပိုင်းပြတ်ကာ မြေပေါ်ကျနေသော သူမ၏ဆူးကျာပွတ်ကိုကြည့်လျက် ....

"တောက်"

ဒေါသတကြီး တက်ခေါက်လိုက်လေတော့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းစုသည် တောအုပ်ကိုကျော်ဖြတ်လာပြီးနောက် စမ်းချောင်းလေးတစ်ခုရှေ့သို့ ရောက်ရှိလာလေသည်။

စမ်းချောင်းလေးတွင် ချောင်းကူးတံတားတစ်ခုရှိနေ၏။ ဝန်းကျင်တစ်ခုလုံး သာယာလှပနေသလို အေးချမ်းတိတ်ဆိတ်၍နေလေသည်။ တစ်ချက်တစ်ချက် ကျေးငှက်ကလေးများ၏အော်မြည်သံကိုကြားနေရ၏။

ရှမ်းစု တစ်ချက်အကဲခတ်ကြည့်လိုက်၏။ အန္တရာယ်အရိပ်အယောင်မတွေ့ရသဖြင့် ချောင်းကူးတံတားလေးပေါ်မှ ခပ်သွက်သွက်ဖြတ်သွားလိုက်သည်။ သို့သော်... တံတားပေါ်ရောက်သည်နှင့် အန္တရာယ်နှင့်ကြုံတွေ့လိုက်ရလေတော့သည်။

"ဗွမ်း .... ဗွမ်း"

ချောင်းရေများ ဝဲဂယက်အသွင်လှုပ်ရှားသွားသည်။ ရေထဲမှလူရိပ်နှစ်ခုတို့ထွက်လာပြီး တံတား၏ရှေ့ထိပ် နောက်ထိပ်ပိတ်ကာ နေရာယူလိုက်ကြ၏။

အဝတ်အစားများရေစိုနေခြင်းကြောင့် ကျောက်ဆစ်ပန်းပုရုပ်လေးများသဖွယ် ချောမောလှပသည့်မိန်းမကလေးနှစ်ယောက်ဖြစ်နေသည်ကိုတွေ့ရသည်။ သူတို့၏အလှအပများသည် ယောက်ျားသားများအား ညို့ယူဆွဲဆောင်နိုင်စွမ်းရှိမေသည်။



သို့သော် ....

"လက်စသတ်တော့ သူတို့ကမာယာနဲ့ဖြားယောင်းပြီး ငါ့ကိုဒုက္ခပေးကြမလို့ကိုး"

ရှမ်းစုသည် အခြေအနေမှန်ကိုချက်ချင်းဆင်ခြင်လိုက်မိ၏။ ထို့ကြောင့် ....

"မင်းတို့ အေးအေးဆေးဆေးလမ်းဖယ်ပေးကြရင် ကောင်းမယ်"

အသံမာမာဖြင့်ပြောလိုက်သည်။ မိန်းကလေးနှစ်ယောက် အသံလွင်လွင်လေးဖြင့် ရယ်မောလိုက်ကြ၏။

"ကျွန်မတို့က အစ်ကို့ကိုဂုဏ်ပြုဖို့လာခဲ့တာပါရှင်၊ အစ်ကိုဟာ ဒီနေရာအထိရောက်အောင်လာနိုင်တယ်ဆိုတော့ ချီးကျူးဂုဏ်ပြုသင့်တယ်မဟုတ်လား"

သူမတို့သည် ခန္ဓာကိုယ်ကိုယိမ်းနွဲ့ကာ ရှမ်းစု၏အနီးသို့ ချဉ်းကပ်လာကြသည်။

ရှမ်းစုက လက်ထဲမှဓားကိုဝှေ့ယမ်းပြီး ....

"ကျုပ်မင်းတို့နှစ်ယောက်ကိုချမ်းသာပေးမှာမဟုတ်ဘူး"

"အစ်ကို .... ဘာကြောင့် ဒီလောက်တောင် ဒေါသကြီးနေရတာလဲရှင်"

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်ကပြောရင်း လက်တစ်ဖက်ဆန့်ထုတ်ကာ ရှမ်းစု၏လက်ထဲမှဓားကိုဆွဲယူရန် ဟန်ပြင်လိုက်၏။

ကျန်တစ်ယောက်ကလည်း ....

"ဟုတ်ပါတယ်ရှင် ကျွန်မတို့က အစ်ကို့ကိုဂုဏ်ပြုမလို့လာခဲ့ကြတာမဟုတ်ပါလား"

ပြောရင်း ရှမ်းစုအားနောက်ကျောဘက်မှသိုင်းဖက်ရန် ဟန်ပြင်လိုက်သည်။ အမှန်တော့ .... သူတို့နှစ်ယောက်သည် ရှမ်းစုအားပြိုင်တူတိုက်ခိုက်လိုက်ကြခြင်းဖြစ်လေသည်။

သူတို့၏ရူပါရုံကျောကွင်းတွင်တိမ်းညွတ်မိပါက ရှမ်းစုဒုက္ခရောက်သွားလိမ့်မည်ဖြစ်ပေသည်။ ရှမ်းစုက ....

"မင်းတို့ သေချင်ပြီထင်တယ်"

ဟု အော်ငေါက်ရင်းဓားရွေ့ယမ်းလိုက်လေသည်။

ဝင်းလက်တောက်ပသောဓားရောင်များ ထွက်ပေါ်လာလေသည်။ မရှေးမနှောင်းမှာပင် ....

"အမယ်လေး"

မိန်းကလေးနှစ်ယောက် အော်ဟစ်ညည်းတွားရင်း နောက်ဆုတ်သွားကြရလေတော့သည်။ သူမတို့၏ပခုံးများတွင် ဓားဒဏ်ရာအသီးသီးရရှိသွားကြ၏။



မိန်းကလေးနှစ်ယောက်သည် အခြေအနေမဟန်မှန်းသိသည်နှင့် ကပျာကယာချောင်းရေထဲခုန်ဆင်း ပျောက်ကွယ်သွားကြလေတော့သည်။

၀၀၀၀

စမ်းချောင်းကလေးကိုလွန်မြောက်သော် မြေကွက်လပ်တစ်ခုသို့ရောက်လာလေသည်။ ရှမ်းစု မြေကွက်လပ်သို့ ရောက်လာသည်နှင့် အမျိုးသမီးဆယ့်နှစ်ယောက် ဟိုမှသည်မှ ဖြေးထွက်လာကြပြီး ဝိုင်းရံထားလိုက်ကြလေသည်။ ရှမ်းစုက ထိုအမျိုးသမီးများအား ဝေ့ကြည့်လိုက်၏။

အမျိုးသမီးများသည် အပြာရောင်ဝတ်ဆင်ထားကြပြီး ဓားတစ်လက်စီဆွဲကိုင်ထားကြသည်။

အမျိုးသမီးနှစ်ယောက်က ရှမ်းစုအား ရှေ့နောက်ညှပ်ကာ ရပ်လိုက်ကြ၏။ အမျိုးသမီးငါးယောက်က စက်ဝိုင်းပုံထပ်ပြီးဝိုင်းရံလိုက်သည်။ တစ်ဖန် ....

အမျိုးသမီးလေးယောက်က စတုရန်းပုံဝိုင်းရံလိုက်၏။

နောက်ဆုံးကျန်နေသောအမျိုးသမီးက ရှမ်းစုရှေ့ဆက်သွားရမည့်လမ်းကိုပိတ်ဆို့ကာ ရပ်နေလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဝိုင်းရံထားနေပုံကိုကြည့်ကာ ရှမ်းစုမျက်မှောင်ကုတ်သွားလေသည်။ ထိုအမျိုးသမီးများသည် သူ့အား ဝက်ပါအတတ်ပညာတစ်ခုဖြင့်ဝိုင်းရံထားကြခြင်းဖြစ်ကြောင်း ဆင်ခြင်လိုက်မိလေသည်။ ရှမ်းစု မဲ့ပြုံးပြုံးလိုက်သည်။

သူ၏ဖခင်သည် သိုင်းပညာတွင် သိုင်းရာဇာတင်မင်းကဲ့သို့ ထူးချွန်ခြင်းမရှိသော်လည်း စာပေပညာတွင်မူ တစ်ဖက်ကမ်းခတ်ထူးချွန်သည်မဟုတ်ပါလား။

ဖခင်ထံမှ ဝက်ပါထိုးဖောက်သည့်အတတ်ပညာကိုသင်ယူတတ်မြောက်ထားခဲ့ပေသည်။

ထို့အတူ... မိခင်ထံမှသိုင်းပညာတတ်မြောက်ခဲ့သည်။ သိုင်းရာဇာတင်မင်းထံမှ ကေရာဇ်ဓားသိုင်းကို အကုန်အစင်သင်ယူရမည်ဆိုပါက သိုင်းလောကလှုငယ်လူရွယ်များတွင် သူ့အားမီမည့်သူ ရှိတော့မည်မဟုတ်ပေ။ ရှမ်းစုသည် ဝိုင်းရံထားကြသောအမျိုးသမီးများကိုတစ်ချက်ကြည့်လိုက်ပြီး ....

"ကျုပ်ကိုဟန့်တားဖို့ကြိုးစားရင်မှားလိမ့်မယ်၊ အေးအေးဆေးဆေးလမ်းဖယ်ပေးရင်ကောင်းမယ်"

ဝိုင်းရံထားကြသူများ၏နောက်ဘက်အဆုံးမှ တစ်ယောက်တည်းရပ်ကာလမ်းပိတ်ထားသောအမျိုးသမီးက ....



"ရှင်သာ အမျိုးသမီးဂိုဏ်းရဲ့ဝက်ပါကိုထိုးဖောက်နိုင်အောင် အရင်ကြိုးစားကြည့်စမ်းပါ"

သူမ၏အသံကိုကြားလိုက်ရမှ အမျိုးသမီးကြီးတစ်ယောက်မဟုတ်ဘဲ အသက်နှစ်ဆယ်ပတ်ဝန်းကျင်ရှိ မိန်းကလေးတစ်ယောက်ဖြစ်နေကြောင်း သိလိုက်ရလေသည်။

"ကောင်းပြီလေ၊ ကျုပ်ကိုဟန့်တားနိုင်ရင် ဟန့်တားကြပေတော့"

ပြောပြောဆိုဆို ဓားဝှေ့ယမ်းပြီး ရှေ့ဆုံးမှအမျိုးသမီးကိုခုတ်ချရန်ဟန်ပြင်လိုက်၏။ သို့သော် .... ချက်ချင်းပင် ခန္ဓာကိုယ်ကိုချာခနဲလှည့်ကာ နောက်ဘက်ရှိအမျိုးသမီးထံ ဓားဖြင့်ထိုးသွင်းလိုက်သည်။

သူ၏လှုပ်ရှားမှုသည် ရပ်တန့်မနေဘဲ ဝဲဘက်ရှိအမျိုးသမီးအားခြေထောက်ဖြင့်လှမ်းကန်လိုက်ပြန်၏။

တစ်ဖန် .... ခြေတစ်ချောင်းထောက်ကာ ဝှေ့ခနဲခုန်လိုက်ပြီး ခန္ဓာကိုယ်တစ်ပတ်လှည့်၍ ဓားကိုဝှေ့ယမ်းလိုက်လေသည်။

အမျိုးသမီးဂိုဏ်း၏ဝက်ပါအတတ်ပညာမှာ တော်ရုံတန်ရုံလူထိုးဖောက်နိုင်ခြင်းမရှိသဖြင့် ထင်ရှားကျော်ကြားလှပေသည်။

ရန်သူကတိုက်ခိုက်လာသည်နှင့် ....

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးများသည်... အချင်းချင်းနေရာပြောင်းရွေ့ကာ ရန်သူမျက်စိလည်အောင်လှည့်စားပြီး တိုက်ခိုက်ကြသည့်သဘောရှိကြ၏။

ယခုမူ .... ရှမ်းစု၏တိုက်ကွက်ကြောင့် အမျိုးသမီးများအချင်းချင်းနေရာပြောင်းရွေ့ရာတွင် အမှားမှားအယွင်းယွင်းဖြစ်ကာရှုပ်ထွေးသွားတော့သည်။

ဤတွင် ရှမ်းစု၏တိုက်ခိုက်မှုကိုခုခံနိုင်စွမ်းမရှိတော့ဘဲ ....

"အား"

"အင့်"

"အမယ်လေး"

ဒက်ရာအသီးသီးရကာ ဖယိုဖရဲဖြစ်သွားကြလေတော့၏။ ရှမ်းစုသည် အခွင့်အရေးကိုလက်လွှတ်မခံဘဲ ရှေ့သို့ခုန်ထွက်သွားရာ လမ်းပိတ်ထားသောမိန်းကလေးရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိသွားလေတော့၏။

ဝဝဝဝ



မိန်းကလေးမှာ အသက်ဆယ့်ရှစ်နှစ်ခန့်သာရှိသေး၏။ အသားအရေဖြူဝင်းချောမွတ်နေပြီး နတ်မိမယ်အလား ချောမောလှပသူလေးဖြစ်သည်။ သူမရှေ့သို့ ရှမ်းစုရောက်လာသည်ကိုမြင်သည့်အခါ မျက်လုံးလေးဝိုင်းသွားပြီး ....

"ရှင် .... ရှင် ...."

ထစ်ထစ်ငေါ့ငေါ့ရေရွတ်လိုက်လေသည်။

ရှမ်းစုကရယ်မောကာ....

"မင်းတို့ရဲ့ဝက်ပါက ကျုပ်ကိုဘာမှတတ်နိုင်မှာမဟုတ်ဘူးလို့ကျုပ်ပြောပြီးပြီမဲ၊ ကဲ... မင်းလဲ ကျုပ်ရှေ့ကလမ်းဖယ်လိုက်စမ်း"

ပြောပြောဆိုဆိုဓားဖြင့်ထိုးသွင်းလိုက်လေသည်။

"အင့်"

မိန်းကလေးမှာ အံ့ဩထိတ်လန့်နေသည်ဖြစ်ရာ ရှမ်းစု၏ဓားကိုမရှောင်နိုင်ပေ။ သို့သော် .... ရှမ်းစုသည် ဆက်၍ထိုးသွင်းခြင်းမပြုဘဲ ဓားကိုကမျာကယာရုပ်သိမ်းလိုက်၏။

အဘယ့်ကြောင့်မှန်းမသိ မိန်းကလေးအား တိုက်ခိုက်လိုစိတ်ကွယ်ပျောက်သွားသည်။ မိန်းကလေးသည် နောက်သို့ ကမျာကယာဆုတ်ပြီး ဓားဆွဲထုတ်လိုက်သည်။ ရှမ်းစုက လုံးဝဂရုမစိုက်ဘဲ သူ၏ဓားကိုဓားအိမ်ထဲထိုးသွင်းထားလိုက်ပြီး ....

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် မင်းနဲ့မတိုက်ခိုက်ချင်ဘူး"

မိန်းကလေး၏မျက်နှာလေးနီရဲသွားသည်။

"ကျွန်မကတော့ ရှင့်ကိုတိုက်ခိုက်ရမှာပဲ"

ဟုပြောကာ တရကြမ်းတိုက်ခိုက်လိုက်လေသည်။

ရှမ်းစုကအသာအယာပင်ရှောင်တိမ်းပေးလိုက်ပြီး ....

"ကျုပ် မင်းနဲ့နောက်တစ်ခါဆုံတွေ့ချင်ပါသေးတယ်၊ အခုတော့ အချိန်မရလို့သွားလိုက်ဦးမယ်"

ပြောပြီး ရုတ်တရက် အရှေ့ဘက်ခုန်ထွက်လိုက်လေသည်။

"ရပ်လိုက်"

မိန်းကလေးကအော်ငေါက်ရင်း ဓားတွေ့ယမ်းလိုက်၏။ ရှမ်းစုကအလျင်စလိုခုန်ထွက်လိုက်ခြင်းကြောင့် လွတ်လွတ်ကျွတ်ကျွတ်ဖြစ်မသွားဘဲ ....

"ဗြဲ"

ရှမ်းစု၏အင်္ကျီလက်မောင်းမှာ မိန်းကလေး၏ဓားချက်ထိကာစုတ်ပြဲသွားလေသည်။ ရှမ်းစုကခြေလှမ်းရပ်ပြီး မိန်းကလေးကိုလှည့်ကြည့်လိုက်သည်။

"မင်းကျုပ်ကိုသတ်မလို့လား"

မိန်းကလေးက ....



"ရှင် .... ရှင်"

သူမသည် အော်ငေါက်ရန်ဟန်ပြင်ပြီးမှ ရှမ်းစုနှင့်မျက်လုံးချင်းဆုံမိကာ မျက်နှာလေးနီရဲလျက်ခေါင်းငုံ့သွားလေတော့သည်။

ရှမ်းစုပြုံးလိုက်သည်။

"မင်းကသတ်ချင်တယ်ဆိုရင် ကျုပ်သေရပါတယ်၊ ကဲ ကျုပ်ကိုတိုက်လိုက်စမ်းပါ၊ ကျုပ်မရှောင်ပါဘူး"

မိန်းကလေး၏ခန္ဓာကိုယ် တဆတ်ဆတ်တုန်ယင်နေသည်။ သူမသည် တိုက်ခိုက်ခြင်းမပြုသလို စကားလည်းမပြောဘဲ ဦးခေါင်းတွင်တွင်ငုံ့ထားလေသည်။ ရှမ်းစုက ....

"မင်းမတိုက်ဘူးဆိုရင် ကျုပ်သွားတော့မယ်"

ပြောပြောဆိုဆိုထွက်သွားရန်ဟန်ပြင်လိုက်၏။ ထိုစဉ် ....

"မင်းက လာချင်တိုင်းလာပြီး သွားချင်တိုင်းသွားလို့ရမယ်ထင်နေသလား"

ကြိုးဝါးသံတစ်ချက်နှင့်အတူ လူရိပ်တစ်ရိပ်ပျံဝဲရောက်ရှိလာရာ ရှမ်းစုမှာ ထွက်သွားရန်မဖြစ်နိုင်တော့ချေ။ သို့သော် .... မည်သို့မျှအရေးမထားဘဲ ရင်ဆိုင်လိုက်လေသည်။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်မထင်သံယောဇဉ်

အော်ဝေါက်သံနှင့်အတူ အဘွားအိုတစ်ယောက် ရောက်ရှိလာလေသည်။ ထိုအဘွားအိုမှာအသက်ငါးဆယ်ခန့်ရှိပေသည်။

ခရမ်းရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး အနက်ရောင်ဝတ်ရုံကြီးလွှမ်းခြုံထားသည်။ ခန္ဓာကိုယ်ပိန်ပိန်ပါးပါး၊ နှာခေါင်းကောက်ကောက်၊ မျက်လုံးပြူးပြူးနှင့်အလွန်အကျည်းတန်အရုပ်ဆိုးသူဖြစ်လေသည်။ ထိုအဘွားအိုရောက်လာသည်ကိုမြင်သည်နှင့် မိန်းကလေးအပါအဝင် ကျန်အမျိုးသမီးများ မြေပေါ်ဒူးထောက်ကာ ဦးညွတ်ဂါရဝပြုလိုက်ကြလေသည်။

ရှမ်းစု ရင်ထိတ်သွားသည်။

အမျိုးသမီးဂိုဏ်းချုပ်နှင့်တွေ့ရပြီဖြစ်ကြောင်းလည်း ချက်ချင်းရိပ်မိလိုက်သည်။ အဘွားအိုသည် ရှမ်းစုကိုဂရုမစိုက်ဘဲ အမျိုးသမီးများကိုငေ့ကြည့်လိုက်ပြီး ....



"အသုံးမကျလိုက်တာ၊ ဝက်ပါအတတ်ကိုတောင် မှန်ကန်အောင် အသုံးမချနိုင်ကြတော့ဘူးလား"

အမျိုးသမီးများ ခေါင်းငုံ့သွားကြလေသည်။

အဘွားအိုက မိန်းကလေးဘက်သို့လှည့်လိုက်သည်။

"ဝမ်းဝမ်း .... ညည်းဘာပြောချင်သေးသလဲ"

ဟုမေးလိုက်သည်။ မိန်းကလေးခေါင်းငုံ့ထားလိုက်သည်။ မည်သို့ဆိုစေ .... ထိုမိန်းကလေး၏အမည်မှာ ဝမ်းဝမ်းဖြစ်ကြောင်း သိလိုက်ရသဖြင့် ရှမ်းစုကျေနပ်သွားလေသည်။

အဘွားအိုမှာ ရှမ်းစုတွေးထင်ထားသည့်အတိုင်း အမျိုးသမီးဂိုဏ်းချုပ်ဖြစ်သည်။ သူမ၏အမည်မှာ စန့်ကွမ်းလျှံဖြစ်သည်။ စန့်ကွမ်းလျှံက ရှမ်းစုအားခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြီး ....

"မင်းဘယ်သူလဲ မင်းဆရာကောဘယ်သူလဲ"

ရှမ်းစုသည် အကျည်းတန်လှသောစန့်ကွမ်းလျှံကို လုံးဝသဘောမကျပါ။ ထို့ကြောင့် ....

"ခင်ဗျားကောဘယ်သူလဲ၊ ခင်ဗျားဆရာကောဘယ်သူလဲ"

ဟု ခပ်တည်တည်ပြန်မေးလိုက်လေသည်။

"ဘာ .... ဘာပြောတယ်"

စန့်ကွမ်းလျှံ ဒေါသထွက်ကာဒွေ့ဒွေ့ခုန်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းစုသည် စန္ဒကွန်းလျှံဒေါသထွက်သွားသည်ကို သဘောကျသွားပြီး ....

"ဘာကြောင့် ဂမုန်းတောင်ကြားထဲဝင်လာရတယ်ဆိုတာကော မမေးတော့ဘူးလားဗျ"

စန္ဒကွမ်းလျှံမှာဒေါသထွက်လွန်းသဖြင့် မျက်လုံးများပင် ရဲရဲနီလာလေတော့သည်။

"မင်း.... မင်းဘယ်သူပဲဖြစ်ဖြစ် မင်းရဲ့ဆရာဘယ်သူပဲဖြစ်ဖြစ် တောင်ကြားထဲကိုဝင်လာပြီးမှ အသက်ရှင်လျက်ပြန်ထွက်မသွားစေရဘူး"

စကားဆုံးလျှင် သိမ်းငှက်ခြေသည်းပမာ ကောက်ကွေးနေသောလက်ချောင်းများဖြင့် စတင်တိုက်ခိုက်လိုက်လေသည်။

ရှမ်းစုက ....

"ခင်ဗျားသေချင်ပြီထင်တယ်"

ဟုအော်ငေါက်ကာ ဓားကိုလျှပ်တစ်ပြက်ခွဲထုတ်ဖွေ့ယမ်းလိုက်လေသည်။ စန္ဒကွမ်းလျှံသည် သူ၏ဓားချက်ကြောင့် တိုက်ကွက်ကိုရုပ်သိမ်းကာ နောက်ဆုတ်သွားရမည်ဟု ယုံကြည်ထားလေသည်။ သို့သော်.... စန္ဒကွမ်းလျှံသည် နောက်ဆုတ်မသွားသည့်အပြင် ခုတ်ချလိုက်သောဓားကို လုယူရန်ကြိုးစားလိုက်လေသည်။



ကောက်ကွေးနေသောသူမ၏လက်ချောင်းများသည် ရှမ်းစု၏လက်ကောက်ဝတ်ဆီသို့ တိုးဝင်လာ၏။ မမျှော်လင့်သောဖြစ်ရပ်ကြောင့် ရှမ်းစုထိတ်လန့်သွားသည်။ ဆက်၍ တိုက်ခိုက်ဖို့မဆိုထားနှင့် လွတ်အောင်ရှောင်ဖို့ပင် ခက်ခဲနေပေသည်။ ရှမ်းစု မတတ်သာတော့ပါ။ စန္ဒကွမ်းလျှံအား ပေါ့ဆမိလိုက်ခြင်းကြောင့် အမှားကြီးမှားသွားပြီဖြစ်ကြောင်း ဆင်ခြင်မိလိုက်ချိန်မှာ နောက်ကျသွားပြီဖြစ်ပါသည်။

"ခွမ်း"

လက်ကောက်ဝတ် ကုတ်ဆွဲခြင်းမခံရအောင် ဓားကိုလွှတ်ချကာနောက်ဆုတ်လိုက်ရလေတော့သည်။

"ဟား .... ဟား .... ဟား"

စန္ဒကွမ်းလျှံက ဟားတိုက်ရယ်မောလိုက်လေသည်။

"ဘယ်လိုလဲ မင်း လေလုံးထွားနိုင်သေးသလား"

လှောင်ပြောင်လိုက်သည်။

ရှမ်းစုဒေါပွသွား၏။

"ကျုပ် သတိမထားလိုက်မိလို့ ခုလိုဖြစ်သွားတာ၊ သတိသာထားလိုက်ရင် ခင်ဗျားသက်သာမှာမဟုတ်ဘူး"

ဟုပြောလိုက်သည်။

စန္ဒကွမ်းလျှံက ....

www.burmeseclassic.com

www.burmeseclassic.com



"ဩော် .... မင်းက မကျေနပ်သေးဘဲကိုး။ အင်းလေ .... ဘယ်လောက်တတ်နိုင်မလဲ ကြည့်ကြသေးတာပေါ့။ ရော့ .... မင်းရဲ့ ဓားကိုဖမ်းထားလိုက်"

ပြောရင်း မြေပေါ်တွင်ကျနေသောရှမ်းစု၏ဓားကို ခြေဖြင့် ခတ်ထုတ်လိုက်လေသည်။

"ဝှီး"

ဓားသည် အပေါ်သို့မြောက်တက်လာပြီး မြားတစ်စင်းပမာ ရှမ်းစု၏ရင်ဝသို့ တိုးဝင်သွားလေသည်။ ရှမ်းစုသာဖမ်းဆီးခြင်းမပြု နိုင်လျှင် ရင်ဝသို့ဖောက်ထွင်းသွားမည်မှာသေချာလှသည်။

ထိုစဉ် ....

"အမယ်လေး"

ဝမ်းဝမ်း၏အထိတ်တလန့်အော်သံထွက်ပေါ်လာသည်။

ရှမ်းစု ဒုက္ခရောက်သွားတော့မည်ထင်မှတ်ကာ အော်တိုက် ခြင်းဖြစ်ပုံရသည်။ သို့သော် .... ရှမ်းစုကဓားကိုကျင်လည်စွာပင် ဖမ်း ယူထားလိုက်လေသည်။

စန်းကွမ်းလျှံက ဝမ်းဝမ်းကိုမကျေမနပ်ကြည့်ကာ ....

"ဝမ်းဝမ်း ညည်းဘာဖြစ်နေတာလဲ.... နောက်ဆုတ်လိုက် စမ်း"



ဟုငေါက်လိုက်လေသည်။ ဝမ်းဝမ်း ခေါင်းလေးငုံ့ကာ ခပ် ယို့ယို့လေးနောက်ဆုတ်သွားလေသည်။ စန့်ကွမ်းလျှံက ရှမ်းစု ဘက်ပြန်လှည့်လိုက်ပြီး ....

"ကဲ .... ငါ့ကိုတိုက်ခိုက်ပေတော့"

ဟုပြောလိုက်သည်။ ရှမ်းစုအံကြိတ်ကာ ....

"စိတ်ချ .... ဒီတစ်ခါ ခင်ဗျားကိုအနိုင်ယူပြမယ်"

ပြောပြောဆိုဆို ဓားဝှေ့ယမ်းပြီး တရကြမ်းတိုက်ခိုက်လိုက် လေတော့သည်။

၀၀၀၀

ရှမ်းစု ဖြိုင်းဖြိုင်းစန်ထန်တိုက်ခိုက်လိုက်လေသည်။

ဓားကောင်းတစ်လက်ကိုင်ဆောင်ထားသည့်အပြင် ထက် မြက်သောပညာရပ်များကိုအသုံးပြုကာ တိုက်ခိုက်လိုက်ခြင်းဖြစ်ပေ သည်။ စန့်ကွမ်းလျှံက လက်နက်မကိုင်ဘဲ လက်ဆယ်ချောင်းဖြင့် ပြန်လည်တိုက်ခိုက်၏။

ရှမ်းစုသည်-ဓားကိုင်ထားသော်လည်း စန့်ကွမ်းလျှံ၏အကျီ စကိုပင် ထိအောင်တိုက်ခိုက်နိုင်စွမ်းမရှိဘဲဖြစ်နေသည်။

ထို့ပြင် ....

www.burmeseclassic.com

www.burmeseclassic.com



စန္ဒကွမ်းလျှံ၏လက်ချောင်းများက သူ၏ခါးကွက်များကို ထိုးဖောက်ကာဒုက္ခပေးလာသေးသည်။

ကြာတော့ ရှမ်းစုအကျပ်ရိုက်လာလေသည်။

"ဒီအတိုင်းယှဉ်နေလို့မဖြစ်တော့ဘူး... ငါဘယ်လိုလုပ်ရပါ့မလဲ"

အပြေးအလွှားစဉ်းစားလိုက်ရာ .... သိုင်းရာဇာတင်မင်း သင်ကြားပေးလိုက်သည့်သိုင်းကွက်များကိုသတိရလာလေသည်။

"ကျုပ်ရဲ့သိုင်းကွက်ကိုကြည့်ပါဦး"

သူတတ်မြောက်ထားသည့် ကေရာဇ်ခါးဆယ်ကွက်ကို ထုတ်ဖော်တိုက်ခိုက်လိုက်လေသည်။ ပထမခါးကွက်သုံးကွက် ထုတ်ဖော်လိုက်သည်နှင့် စန္ဒကွမ်းလျှံ၏တိုက်ခိုက်မှုကို ဟန့်တားနိုင်လိုက်၏။ ဒုတိယခါးကွက်သုံးကွက် ထုတ်ဖော်ပြီးသောအခါ စန္ဒကွမ်းလျှံကို ပြန်လည်ပိတ်ဆို့ တိုက်ခိုက်လာနိုင်သည်။

တတိယခါးကွက်သုံးကွက်ထုတ်ဖော်လိုက်သောအခါ စန္ဒကွမ်းလျှံ နောက်ဆုတ်သွားရလေတော့သည်။ သိုင်းကွက်ကိုးကွက် အသုံးပြုပြီးချိန်၌ ရှမ်းစုအသာစီးရသွားသည်ဟုဆိုနိုင်၏။

သို့သော် .... နောက်ထပ်ထုတ်ဖော်ရန် သိုင်းတစ်ကွက်သာ ကျန်တော့၏။



ရှမ်းစုမှာ ဆက်တိုက်ရကောင်းနိုး၊ မတိုက်ဘဲနေရ ကောင်းနိုး ဝေခွဲမရဖြစ်သွား၏။ သိုင်းကွက်ဆယ်ကွက်စလုံး ဖော်ထုတ်ပြီးလျှင် ထပ်မံဖော်ထုတ်စရာသိုင်းကွက်မရှိတော့ပေ။

ရှမ်းစုတွေဝေသွားသည့် တဒင်္ဂအချိန်လေးမှာပင် စန္ဒကွမ်းလျှံသည် ရှေ့သို့လျှပ်မြန်စွာတိုးဝင်လာပြီး လက်ငါးချောင်းဖြင့် ကုတ်ဆွဲလိုက်လေသည်။ ရှမ်းစုထိတ်လန့်သွားသည်။

နောက်ဆုံးကျန်နေသည့်ခါးတစ်ကွက်ကို...

ကပျာကယာထုတ်ဖော်လိုက်ရလေသည်။

သို့သော်.... သူ၏လှုပ်ရှားမှု နောက်ကျသွားပြီဖြစ်ပါသည်။

စန္ဒကွမ်းလျှံသည် သူ့အနီးသို့ရောက်ရှိလာပြီး ခါးကိုင်ထားသောလက်ကောက်ဝတ်ကို ကုပ်ဆွဲမိသွားပြီဖြစ်လေသည်။

"အင့်"

ရှမ်းစု မသဲမကွဲညည်းညူပြီး မလှုပ်မယှက်ဖြစ်သွားလေတော့သည်။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



"ဟား .... ဟား .... ဟား"

စန္ဒကွမ်းလျှံက ဟားတိုက်ရယ်မောလိုက်လေသည်။

သူမသည် ရှမ်းစုအားသွေးကြောပိတ်ကာ ဖမ်းဆီးထားနိုင်လိုက်ပြီမဟုတ်ပါလား။

ရှမ်းစုသည် မလှုပ်မယှက်တောင့်တောင့်ကြီးရပ်နေ၏။

စန္ဒကွမ်းလျှံက ရှမ်းစုအားစကားပြောနိုင်အောင်သွေးကြောတချို့ဖွင့်ပေးလိုက်ပြီး ....

"ကဲ .... ပြောစမ်း မင်းနဲ့သိုင်းရာဇာတင်မင်း ဘယ်လိုပတ်သက်နေသလဲ"

ဟုမေးလာလေသည်။ ရှမ်းစုအသုံးပြုခဲ့သောဓားကွက်များသည် သိုင်းရာဇာတင်မင်း၏ဓားကွက်များဖြစ်ကြောင်း သူမသိရှိသွားခဲ့ချေပြီတကား။

ရှမ်းစုက ဘာမှမပြောဘဲနေလိုက်၏။

စန္ဒကွမ်းလျှံက ....

"မင်းက သိုင်းရာဇာတင်မင်းရဲ့ကေရာဇ်ဓားကွက်ကို အသုံးပြုခဲ့တယ်ဆိုတာ ငါသိတယ်၊ ကဲ .... ပြောစမ်း၊ သူက ဘာသဘောနဲ့ မင်းကိုလွှတ်လိုက်တာလဲ"

ရှမ်းစုမပြောဘဲနေလိုက်၏။ စန္ဒကွမ်းလျှံက ....



"ကရုဏာသီလရှင်ကိုလုပ်ကြံဖို့ မင်းကို ဓားသိုင်းသင်ပေးပြီးလွှတ်လိုက်တာမဟုတ်လား"

ယခုတစ်ကြိမ် ရှမ်းစုအံ့သြသွားလေသည်။ သူ၏လာရင်းရည်ရွယ်ချက်ကို စန္ဒကွမ်းလျှံက မှန်မှန်ကန်ကန်တွေးမိနေပြီမဟုတ်ပါလား။ စန္ဒကွမ်းလျှံက ....

"မင်းမပြောချင်လဲနေနိုင်ပါတယ်၊ တစ်ချိန်က ကရုဏာသီလရှင်ဟာ မင်းဆရာကြွားဝါတာကိုမခံနိုင်လို့ လူပုံအလယ်မှာ ဝေဖန်ပြောဆိုဖူးတယ်၊ ဒါကို မင်းဆရာကအငြိုးအတေးထားပြီး လုပ်ကြံခိုင်းတယ်ဆိုတာငါသိတယ်"

သူမသည် သိုင်းရာဇာတင်မင်းအကြောင်းကို သိနေသော်လည်း ရှမ်းစုကမူ ဘာမှမသိပါချေ။ ကေရာဇ်ဓားသိုင်းသင်ယူနိုင်ရေးအတွက် သိုင်းရာဇာတင်မင်းခိုင်းစေသမျှ ပြုလုပ်ပေးနေခြင်းသာဖြစ်သည်။

သူ ထိုသို့ပြုလုပ်ပေးသည်ကိုလည်းကောင်း....

သိုင်းရာဇာတင်မင်းကစေခိုင်းသည်ကိုလည်းကောင်း....

သူ၏မိဘများသိသွားလျှင် လုံးဝခွင့်လွှတ်နိုင်မည်မဟုတ်ကြောင်း ရှမ်းစုနားလည်ထားသည်။

စန္ဒကွမ်းလျှံက ....

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ငါမေးတာကိုမဖြေဘူးဆိုတော့ ငါ့ကိုဂရုမစိုက်တဲ့သဘောပေါ့၊ ကောင်းပြီ .... မင်း ဘယ်လောက်ခေါင်းမာနိုင်မလဲ၊ ကြည့်ကြသေးတာပေါ့"

စကားဆုံးသည်နှင့် ရှမ်းစု၏လက်ကောက်ဝတ်သွေးကြောတစ်နေရာသို့ လက်ညှိုးတစ်ချောင်းဖြင့်ထောက်ချလိုက်လေသည်။ ဤတွင် .... ရှမ်းစုတစ်ကိုယ်လုံး ကျဉ်တက်သွားကာ ထောင်ပေါင်းများစွာသောပိုးကောင်လေးများ ခန္ဓာကိုယ်တွင်း ဝင်ရောက်ကိုက်ခဲနေသကဲ့သို့ ဝေဒနာဆိုးတစ်ရပ်ခံစားလိုက်ရလေတော့သည်။

"အား"

ရှမ်းစု စူးရှစွာအော်ဟစ်လိုက်လေသည်။ သူ၏နဖူးပေါ်တွင် ချွေးသီးချွေးပေါက်များစို့လာသည်။ ခံရခက်အောင် နာကျင်လွန်းသောဝေဒနာကြောင့် မျက်လုံးသူငယ် အိမ်ပင် ကျုံ့သွားလေသည်။

"ဆရာ"

ရုတ်တရက် ....

ဝမ်းဝမ်း၏ခေါ်သံထွက်ပေါ်လာလေသည်။ စန့်ကွမ်းလျှံက သူမအားမျက်မှောင်ကုတ်ကာကြည့်လိုက်ပြီး ....

"ပြောစမ်း.... ညည်းဘာပြောချင်လို့လဲ"

ဝမ်းဝမ်းက ....



"သူအသုံးပြုခဲ့တဲ့ဓားသိုင်းဟာ ကေရာဇ်ဓားသိုင်းဖြစ်ရိုးမှန်ရင် သိုင်းရာဇာတင်မင်းနဲ့သွားတွေ့ပြီးစာရင်းရှင်းသင့်ပါတယ်ဆရာ"

ဟုပြောလိုက်၏။ အမှန်တော့.... သူမသည် ရှမ်းစု ဝေဒနာခံစားနေရသည်ကိုမကြည့်ရက်သဖြင့် စန့်ကွမ်းလျှံ စိတ်ပြောင်းသွားစေရန်ပြောလိုက်ခြင်းဖြစ်သည်။

စန့်ကွမ်းလျှံသည် မျက်မှောင်ကြီးကုပ်သွားပြီး ....

"သူ့ရဲ့ဓားသိုင်းကထက်မြက်နေလို့ သိုင်းရာဇာတင်မင်းရဲ့ ကေရာဇ်ဓားသိုင်းလို့ ငါကမှန်းဆလိုက်တာ၊ ဒါပေမဲ့ မသေချာဘူး၊ သူကိုယ်တိုင်ဖွင့်ပြောတာအကောင်းဆုံးပဲ"

ဝမ်းဝမ်းမျက်နှာပျက်သွားသည်။ သူမအကြံမအောင်တော့သဖြင့် ဘာမှမတတ်နိုင်ဘဲ ငြိမ်နေလိုက်ရတော့သည်။

စန့်ကွမ်းလျှံက ....

"မင်းဆရာဘယ်သူလဲပြောစမ်း"

ငေါက်ငမ်းရင်း ရှမ်းစုပခုံးပေါ်မှသွေးကြောကိုထောက်ချလိုက်ပြန်သည်။ ထိုအခါ.... ရှမ်းစုမှာ ဝေဒနာပို၍ပြင်းပြစွာခံစားလိုက်ရလေတော့သည်။

သူ၏နှုတ်ခမ်းများ တဆတ်ဆတ်တုန်ယင်လာသည်။ ချွေးသီးချွေးပေါက်များလည်းကျဆင်းလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဝမ်းသည် ဝေဒနာခံစားနေမည့်အစား ဖွင့်ပြောလိုက်ပါတော့ဟူသော တောင်းပန်သည့်အကြည့်ဖြင့် ရှမ်းစုကိုလှမ်းကြည့်လာလေသည်။ အကြည့်ချင်းဆုံမိသည့်အခါ ရှမ်းစု၏မျက်နှာတွင် ထူးခြားသောအရိပ်အယောင်များဖြစ်ပေါ်လာပြီး ....

"ကျုပ်ပြောပါ့မယ်၊ ကျုပ်ဆရာကသိုင်းရာဇာတင်မင်းပါ"

စန့်ကွမ်းလျှံဝမ်းသာသွားသည်။

"မင်းဆရာက ဘာ့ကြောင့်ဒီကိုလွှတ်လိုက်တာလဲ၊ ပြောစမ်း"

"ကရုဏာသီလရှင်ကိုလုပ်ကြံခိုင်းလိုက်တာပါ"

စန့်ကွမ်းလျှံနှာခေါင်းရှုံ့လိုက်သည်။

"ဟွန်း .... ငါထင်တဲ့အတိုင်းပါပဲလား"

ပြောရင်း သွေးကြောအချို့ကိုထစ်မံထောက်ချလိုက်ပြန်လေသည်။

"အား"

ရှမ်းစု စူးရှစွာအော်ဟစ်လိုက်၏။ ခန္ဓာကိုယ်ထဲသို့ ပိုးကောင်များဝင်ရောက်ကိုက်ခဲသဖြင့် ကလီစာများမြတ်တောက်ကုန်ပြီဟုပင် ခံစားလိုက်ရလေသည်။ ဝေဒနာသည် အလွန်ဆိုးရွားလှသည်ဖြစ်ရာ မခံနိုင်သည့်နောက်ဆုံး သတိလစ်မေ့မြောသွားလေတော့သည်။



ထိုအခါမှ ....

"ကဲ .... သူ့ကိုခေါ်သွားပြီး ချုပ်ထားလိုက်ကြစမ်း"

စန့်ကွမ်းလျှံကအမိန့်ပေးလိုက်ရာ အမျိုးသမီးနှစ်ယောက်ရှေ့သို့လှမ်းထွက်လာကြပြီး ရှမ်းစုကိုသယ်ဆောင်သွားကြလေ၏။

စန့်ကွမ်းလျှံကဝမ်းဝမ်းဘက်လှည့်လိုက်ပြီး ....

"ဝမ်းဝမ်း.... ငါအပြင်သွားတုန်း ညည်း သူ့ကိုစောင့်ကြည့်နေပါ"

ဟုမှာကြားလိုက်၏။ ဝမ်းဝမ်းက ....

"စိတ်ချပါဆရာ"

စန့်ကွမ်းလျှံက ....

"ဒီကနေ့ဖြစ်ပျက်ခဲ့တဲ့အကြောင်းတွေ ငါ့အစ်မလုံးဝမသိစေနဲ့၊ ငါ့အစ်မဆီသတင်းပေါက်ကြားသွားရင် သေဒဏ်အပြစ်ပေးခံရမယ်လို့ အားလုံးကိုပြောထားလိုက်"

"ကောင်းပါပြီဆရာ"

"ငါ မကြာဘူး ကိစ္စပြီးတာနဲ့ချက်ချင်းပြန်လာခဲ့မယ်"

စကားဆုံးသည်နှင့် စန့်ကွမ်းလျှံသည် မြေပေါ်ခြေတစ်ချက်ဆောင့်ကာပြေးထွက်သွား၏။ တစ်ခဏအတွင်းပင် အဝေးသို့ရောက်ရှိပြီး မြင်ကွင်းမှကွယ်ပျောက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဝမ်း ပင့်သက်ရှိုက်လိုက်သည်။ ယောက်ျားများ မဝင်ရဟုတားမြစ်ထားသည့် အမျိုးသမီးဂိုဏ်း၏ပိုင်နက်ထဲသို့ ယောက်ျားပီသစွာချောမောသောရှမ်းစု ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ဂမုန်းတောင်ကြား၌ အခြေအနေများပြောင်းလဲသွားတော့မည်လော။ ယခုလောလောဆယ်၌မူ သူမ၏အခြေအနေသည် အပြောင်းလဲကြီးပြောင်းလဲသွားပြီဟု နားလည်ထားသည်။

သူမသည် ရှမ်းစုအားယခုမှတွေ့ဖူးသော်လည်း မမျှော်လင့်ဘဲသံယောဇဉ်တွယ်မိခဲ့ပြီမဟုတ်ပါလား။

ဝမ်းဝမ်းသည်.... နှေးကွေးလေးလံသောခြေလှမ်းများဖြင့် ရှမ်းစုအားသယ်ဆောင်သွားသည့်အမျိုးသမီးများနောက်သို့ လိုက်ပါသွားလေတော့သည်။

ဝဝဝဝ



"အား .... ကျွတ် .... ကျွတ်"

ညည်းညူသံသဲ့သဲ့နှင့်အတူ တင်ရှောင်သတိရလာသည်။

မျက်လုံးဖွင့်ကြည့်လိုက်သောအခါ ဖျက်စီးယိုယွင်းနေသော ခေါင်မိုးပျက်တစ်ခုကိုတွေ့မြင်လိုက်ရလေသည်။

တင်ရှောင် ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ငါ စာဆိုတော်ဗိမာန်ရောက်နေတာမဖြစ်နိုင်ဘူး"

ဟု စိတ်ထဲမှရေရွတ်မိလိုက်လေသည်။ စာဆိုတော်ဗိမာန်သို့ ရောက်ရှိလာပြီး စာပေလေ့လာနေထိုင်ခဲ့ရာ ရက်အတော်ကြာခဲ့ပြီဖြစ်သည်။ ထို့ကြောင့်လည်း စာဆိုတော်ဗိမာန်သည် ကိုယ့်အိမ်ကိုယ့်ယာကဲ့သို့ဖြစ်လာသည်။

တင်ရှောင်သည် မိမိကိုယ်ကို စာဆိုတော်ဗိမာန်၌ အိပ်ပျော်နေမိသည်ဟုထင်မိလေသည်။

သို့သော် ပျက်စီးယိုယွင်းနေသော ခေါင်မိုးက စာဆိုတော်ဗိမာန်၌ရောက်ရှိနေခြင်းမဟုတ်ကြောင်းဖော်ပြနေ၏။

တင်ရှောင် ကပျာကယာလူးလှိမ့်ထလိုက်သည်။

ထိုအခါမှ.... ဘုံကျောင်းပျက်တစ်ခု၌ရောက်ရှိနေခြင်းဖြစ်ကြောင်းသိရသည်။ သူ လဲလျောင်းနေသည့်နေရာနှင့်မလှမ်းမကမ်း၌ ....

www.burmeseclassic.com

www.burmeseclassic.com



မီးသေနေပြီဖြစ်သောမီးပုံတစ်ခုနှင့် စားကြွင်းစားကျန်များ ရှိနေသည်ကိုတွေ့မြင်ရသည်။ တင်ရှောင်အံ့ဩသွား၏။ ဥာဏ်ပညာကြွယ်သူမီပီ ဘုံကျောင်းပျက်ထဲ၌ သူတစ်ယောက်တည်းရှိနေခဲ့ခြင်း မဟုတ်ဘဲ အခြားသူတစ်ယောက်ပါရှိနေခဲ့ခြင်းဖြစ်ကြောင်း ဆင်ခြင်မိလိုက်လေသည်။

ထိုစဉ် ....

ခြေသံများထွက်ပေါ်လာပြီး ဘုံကျောင်းပျက်ထဲသို့ လူတစ်ယောက်လှမ်းဝင်လာသည်။ လှပချောမောသောမိန်းမပျိုလေးတစ်ယောက်ဖြစ်သည်။

ထိုမိန်းမပျိုကိုမြင်သည့်အခါ ....

"ဟင် .... ခင် .... ခင်ဗျား"

တင်ရှောင် တစ်ငေါ်ငေါ်ရေရွတ်လိုက်မိသည်။

ထိုမိန်းကလေးမှာ သစ္စာဖောက်များအား လိုက်လံဆုံးမခဲ့သည့် ဓားနှစ်လက်ပိုင်ရှင်မှမိန်းမပျိုဖြစ်နေသည်။

သူမအားတွေ့လိုက်ရမှ အဖြစ်အပျက်များကို တင်ရှောင်ပြန်လည်အမှတ်ရလာတော့သည်။

ထိုမိန်းမပျို၏လက်ဝါးရိုက်ချက်ကြောင့်....

သူသတိလစ်မေ့မြောသွားခဲ့သည်မဟုတ်ပါလား။



မိန်းမပျိုသည် တင်ရှောင်သတိရလာသည်ကိုမြင်သည့်အခါ ဝမ်းသာသွားပြီး ....

"ရှင်သတိရနေပြီကိုး။ သုံးရက်လုံးလုံးသတိမေ့နေတော့ ရှင်ဒုက္ခရောက်တော့မှာပဲလို့ ကျွန်မစိတ်ပူနေတာ"

ဟုပြောလေသည်။

တင်ရှောင်က ....

"ဗျာ.... ခင်ဗျားစိတ်ပူနေတာ"

"ဘာရှင့်"

မိန်းမပျို၏အသံ ကျယ်လောင်စွာထွက်ပေါ်လာသည်။

တင်ရှောင် ဘာမှမပြောဘဲနေလိုက်လေသည်။

မိန်းမပျိုက ....

"ရှင် ခုလိုအသက်ရှင်နေတာကံကောင်းလို့ပြီမှတ်ပါ"

တင်ရှောင်က ....

"အစကတည်းက အသက်ရှင်နေတာပါ.... ခင်ဗျားနဲ့တွေ့တော့မှပဲ"

"ရှင် .... ရှင် ...."

တင်ရှောင်၏စကားကြောင့် မိန်းမပျိုလှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် တင်ရှောင်ထံပြေးဝင်ကာလက်ဝါးဖြင့်ရိုက်ချ ရန်ဟန်ပြင်လိုက်သည်။ တင်ရှောင်က သူမအား မျက်လုံးပြူးကြီးဖြင့် ကြည့်နေမိသည်။

မိန်းမပျိုသည် လက်ကိုရွယ်လိုက်ပြီးမှ ပြန်လည်ရုပ်သိမ်း လိုက်လေသည်။

သူမသည် ကြာဖြူရေကန်အနီး၌ တင်ရှောင်ကိုတိုက်ခိုက် ခဲ့သည်။ သူမ၏လက်ချက်ကြောင့် တင်ရှောင် ဒဏ်ရာရခဲ့ရသည်။

တင်ရှောင်မှာ သိုင်းပညာမတတ်သူဖြစ်ကြောင်းသိရသည့် အခါ သူမသည်မနေနိုင်တော့ဘဲလူသူဝေးသည့်ဘုံကျောင်းပျက်လေး သို့ခေါ်လာပြီး ဆေးကုသပေးခဲ့ခြင်းဖြစ်လေသည်။

သူမ အသင့်ဆောင်ထားသော ရွှေဆေးလုံးကို တိုက်ကျွေး ခဲ့သည့်ပြင် အတွင်းအားဖြင့်ပါ ကုသပေးခဲ့သည်။

သူမသည် ဆေးပညာတတ်ထားသည်က တစ်ကြောင်း၊ ရွှေ ဆေးလုံးရှိနေသည်က တစ်ကြောင်းမို့ တင်ရှောင် အသက်ချမ်းသာရာ ရရှိသွားခြင်းဖြစ်သည်။

နောက်ထပ်တစ်ကြိမ် သူမကြောင့် ဒဏ်ရာရသွားမည် ဆိုလျှင် ထပ်မံကုသပေးစရာဆေးမရှိတော့ပါ။

ထို့ကြောင့် ....



မိန်းမပျိုက စိတ်လျှော့ကာ လက်ဝါးကိုရုပ်သိမ်းလိုက်ခြင်း ဖြစ်လေသည်။

"ရှင်သာသိုင်းပညာတတ်နေရင် ကျွန်မ သည်းခံမှာမဟုတ် ဘူးဆိုတာမှတ်ထားပါ"

တင်ရှောင်ပြုံးလိုက်သည်။

"အင်း.... ဒီတစ်ခါပဲတွေ့ဖူးသေးတယ်"

"ဘာရှင့်"

"သြော် .... ကျုပ်ကိုထောက်ခံမဲ့လူ ဒီတစ်ခါပဲတွေ့ဖူးသေး တယ်လို့ပြောတာပါ"

မိန်းမပျိုကမျက်နှာထားတင်းတင်းဖြင့် ....

"ရှင့်စကားကဘာသဘောလဲ"

တင်ရှောင်က ....

"သြော် .... အားလုံးကတော့ ကျုပ်အဖေကတော့ ကျုပ်ကို သိုင်းပညာသင်ဖို့ ပြောခဲ့ကြတယ်၊ တိုက်တွန်းခဲ့ကြတယ်လေ၊ ကျုပ် သာသိုင်းပညာတတ်နေရင် ခင်ဗျားလက်ချက်နဲ့ဒဏ်ရာရောက်မြဲပေါ့"

မိန်းမပျို ခေါင်းရှုပ်သွားသည်။ တင်ရှောင်၏စကားကို သူမ သဘောမပေါက်နိုင်တော့ချေ။ သိုင်းပညာတတ်လျှင် မိမိကိုယ်ကိုစွ ကာကွယ်နိုင်မှန်းမသိလေရော့သလားဟုတွေးလိုက်မိပြီး....

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို အားလုံးကစိုင်းပြီး သိုင်းပညာသင်ခိုင်းတာတောင် ရှင်ကမသင်ဘူးဟုတ်လား"

"ဟုတ်တယ်"

"ရှင် ဘာကြောင့်မသင်တာလဲ"

"ကျုပ်မှဝါသနာမပါတာ"

မိန်းမပျို့မျက်မှောင်ကုပ်သွားပြီး ....

"လူတိုင်းလူတိုင်းက သိုင်းပညာဆိုရင် သဲကြီးမဲကြီးဖြစ်နေကြတာ ရှင်မသိဘူးလား၊ သိုင်းပညာတတ်ထားရင် သူတစ်ပါးစော်ကားတာမခံရဘူး၊ ကိုယ့်ကိုကိုယ် ခုခံကာကွယ်နိုင်တယ်ဆိုတာ ရှင်မသိဘူးလား"

"ကိစ္စမရှိပါဘူးဗျာ... ကျုပ် ဘယ်သူ့ကိုမှရန်မရှာဘူးဆိုရင် ဘယ်သူကမှလဲ ကျုပ်ကို ရန်ရှာကြမှာမဟုတ်ပါဘူး၊ စော်ကားကြမှာမဟုတ်ပါဘူး၊ ဒီတော့ ခုခံကာကွယ်ဖို့ဆိုတာလဲမလိုတော့ဘူးပေါ့"

မိန်းမပျို့မှာ စိတ်ပျက်လက်ပျက်ဖြစ်ကာ နှာခေါင်းရှုံ့လိုက်မိလေတော့၏။

"ရှင်ပြောတာ သိပ်မှန်တာပဲ၊ ရှင်ကသာ ကျွန်မကိုရန်မရှာခဲ့ဘူးဆိုရင် ခုလိုဘယ်ဖြစ်ပါ့မလဲ"

မိန်းမပျို့ကအချဲ့တိုက်ကာပြောလိုက်လေသည်။



အမှန်တော့ .... သူတို့နှစ်ယောက် စကားအချေအတင်ပြောခဲ့ခြင်းသာဖြစ်ပါသည်။ တင်ရှောင်ကရန်မရှာပါဘဲ မိန်းမပျို့ကတစ်ဖက်သတ်တိုက်ခိုက်လာခြင်းသာဖြစ်သည်။

မိမိက ရန်မရှာသည့်တိုင် အန္တရာယ်နှင့်ကြုံရတတ်ကြောင်း တင်ရှောင် နားမလည်သည်ကို မိန်းမပျို့က အားမလိုအားမရဖြစ်မိခြင်းတည်း။

တင်ရှောင်က ....

"အင်း .... ကျုပ်ကရန်ရှာတာတော့မဟုတ်ပါဘူး၊ ဒါပေမဲ့ ခင်ဗျားရဲ့လုပ်ရပ်တွေဟာ ရက်စက်လွန်းလို့ ဝင်ပြောမိတာ၊ ကျုပ်ကသာ ကိုယ်နဲ့မဆိုင်လို့ ဝင်မပြောဘဲနေခဲ့ရင် ခုလိုဖြစ်စရာအကြောင်းမရှိတော့ဘူးပေါ့"

ထိုစကားကြားသည့်အခါ မိန်းမပျို့ ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

တင်ရှောင်က ....

"ဘာပဲဖြစ်ဖြစ် .... ခုတော့ ခင်ဗျားကျေနပ်ပြီမဟုတ်လား၊ ဒါဆို ကျုပ်သွားတော့မယ်"

ပြောပြောဆိုဆို ထိုင်ရာမှထလိုက်လေသည်။

မိန်းမပျို့ ဆတ်ခနဲခေါင်းငုထောင်လာပြီး ....

www.burmeseclassic.com

www.burmeseclassic.com



"ရှင် မသွားရဘူး"

ဟုအော်ပြောလိုက်၏။

တင်ရှောင် ခြေလှမ်းရပ်တန့်သွားသည်။

မိန်းမပျိုကိုလှည့်ကြည့်လိုက်ပြီး ....

"ဘာဖြစ်လို့လဲဗျ"

ဟုမေးလိုက်၏။

မိန်းမပျိုက ....

"ရှင် ကျွန်မကို မဟုတ်မတရားစွပ်စွဲထားတာကိုဖြေရှင်းပြီးမှသွားလို့ရမယ်"

"ဟာဗျာ .... ကျုပ်ဘာတွေများစွပ်စွဲမိလို့လဲဗျ"

မိန်းမပျိုကအံကြိတ်ရင်း ....

"ကျွန်မကိုရက်စက်ကြမ်းကြုတ်တယ်လို့ ပြောခဲ့တာလေ"

"ဟာ .... ဒါမှန်တဲ့အတိုင်းပြောတာပဲဗျာ"

"ဘာ .... ဘာပြောတယ်"

မိန်းမပျိုမှာဒေါသထွက်ကာ ခွေ့ခွေ့ခုန်သွားလေသည်။

တင်ရှောင်သည် သူမကိုကြည့်ရင်း ထွက်သွားရန်မလွယ်မှန်းတွေးမိပြီး စိတ်ပျက်နေ၏။ မိန်းမပျိုအား အလျှော့ပေးလိုက်လျှင် အေးအေးဆေးဆေးထွက်သွားခွင့်ရနိုင်မှန်း နားလည်ထားသည့်တိုင် ရက်စက်ပြီး မာန်မာနကြီးသောမိန်းမပျိုကိုအလျှော့မပေးလိုချေ။



တင်ရှောင်ကား ခပ်အေးအေးနှင့်အလွန်ခေါင်းမာသူဖြစ်ပေတော့သည်။ မိန်းမပျိုက တင်ရှောင်အနီးသို့ လျှပ်တစ်ပြက်ချဉ်းကပ်လာပြီး ပါးရိုက်ချလိုက်လေသည်။

"ဖြန်း"

တင်ရှောင်၏ပါးပြင်တွင် နီရဲသောလက်ငါးချောင်းရာပေါ်လာ၏။ တင်ရှောင်ခံပြင်းသွားသည်။

"ခင်ဗျားဟာ ရက်စက်တဲ့အပြင် ရိုင်းစိုင်းတယ်"

"ဘာ ...."

မိန်းမပျိုကထအော်သည်။

သူမသည် တင်ရှောင်အား ချက်ချင်းသတ်ပစ်ရန်ဟန်ပြင်ပြီးမှ စိတ်ချုပ်တည်းထားလိုက်ဟန်ဖြင့် လက်ကိုပြန်လည်ရုပ်သိမ်းလိုက်၏။ တင်ရှောင်သည် မကျေမနပ်ဖြင့် သူမအားမျက်နှာလွှဲထားလိုက်သည်။

"ဟုတ်တယ်... ကျွန်မကရက်စက်တယ်၊ ရိုင်းစိုင်းတယ်၊ ဒဲ့ ရှင် ဘာလုပ်ချင်သလဲ၊ ပြောစမ်းပါဦး"

မိန်းမပျိုကအငေါ်တူးလိုက်၏။ တင်ရှောင်က ....

"ခင်ဗျားက မိန်းကလေးဖြစ်နေလို့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘာရှင့်"

"ခင်ဗျားကမိန်းကလေးဖြစ်နေလို့ ကျုပ်ကသည်းခံနေတာ"

"ဩော်… ကျွန်မသာယောကျ်ားလေးဖြစ်ရင် ရှင်ကရင်ဆိုင်တိုက်ခိုက်မယ်ပေါ့၊ ဟုတ်လား"

"ဟုတ်တယ်"

တင်ရှောင်က ဆောင့်ကြီးအောင့်ကြီးပြောလိုက်လေသည်။

မိန်းမပျိုက ….

"ဟွန့် …. အပြောမကြီးစမ်းပါနဲ့၊ သူများလက်ချက်နဲ့ ထိပ်ပေါက်ခေါင်းကွဲဖြစ်သွားမယ်မှတ်ပါ"

တင်ရှောင်မှာ တဖြည်းဖြည်းဒေါသထွက်လာလေသည်။

သူ၏ခန္ဓာကိုယ် တဆတ်ဆတ်တုန်ယင်လာသည်။

မိန်းမပျိုကရန်ပြုလာမည်ကိုပင်မစဉ်းစားတော့ဘဲ မိန်းမပျို၏လက်မောင်းနှစ်ဖက်ကိုဖျတ်ခနဲဆုပ်ကိုင်ကာ ….

"မင်း…. ငါ့ကို ဘာကြောင့်ဒီလောက်တောင်စော်ကားနေရတာလဲ"

မိန်းမပျိုသည် တင်ရှောင်၏အပြုအမူကြောင့် ရုတ်တရက်ကြောင်အမ်းအမ်းဖြစ်သွားသည်။ သူမသည် ဒေါသတကြီးတုံ့ပြန်မည်ပြုပြီးမှ ဒေါသစိတ်များတွယ်ပျောက်သွား၏။



တင်ရှောင်၏လက်ထဲတွင် တစ်ကိုယ်လုံးပျော့ခွေသွား၏။ တင်ရှောင်လည်း သတိလက်လွတ်ဖြစ်သွားပြီးမှ သတိပြန်ဝင်လာသောအခါ မိန်းကလေးတစ်ယောက်၏လက်ကိုပိုင်စိုးပိုင်နင်းဆုပ်ကိုင်ထားမိကြောင်းသတိပြုမိကာ ကပျာကယာလွှတ်ပေးလိုက်၏။

သူ၏မျက်နှာကြီးလည်းနီမြန်းသွားသည်။ ချက်ချင်းပင် ချာခနဲလှည့်ကာ ပြေးထွက်သွားလေတော့၏။ မိန်းမပျိုကဟန့်တားခြင်းမပြုသလို လိုက်သွားခြင်းလည်းမရှိချေ။

ငူငူကြီးရပ်နေမိ၏။

တင်ရှောင် အဝေးသို့ရောက်သွားတော့မှ ….

"ရှင်ဟာ ဘယ်လိုလူစားများပါလဲရှင်"

ဟု တီးတိုးရေရွတ်လိုက်မိလေတော့သည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



တင်ရှောင်သည် ဘုံကျောင်းပျက်မှထွက်လာပြီး ခပ်သွက်သွက် ပြေးလာခဲ့မိလေသည်။ စာဆိုတော်ဗိမာန်သို့ပြန်သွားရန် ဖြစ်သည်။ သို့သော် .... အတော်ဝေးဝေးသို့ရောက်မှ ပတ်ဝန်းကျင်သည် စာဆိုတော်ဗိမာန်ပတ်ဝန်းကျင်နှင့်မတူဘဲ ကွဲပြားခြားနားနေကြောင်း သတိပြုမိလိုက်လေသည်။

တင်ရှောင်၏ခြေလှမ်းများ အလိုလိုရပ်တန့်သွားလေတော့သည်။ သူ မည်သည့်နေရာသို့ရောက်ရှိနေပါသနည်း။

နောက်ကြောင်းလှည့်ကြည့်လိုက်သောအခါ သူထွက်လာသည့်ဘုံကျောင်းပျက်ကိုရေးရေးသာတွေ့မြင်ရလေသည်။

မိန်းမပျိုလိုက်လာသည်ကိုမူ မတွေ့ရပေ။

"သူ ငါ့ကိုခေါ်လာတာပဲဖြစ်မယ်"

ရေကန်ကြီးအနီး၌ သတိလစ်သွားပြီး သတိပြန်ရလာသောအခါ ဘုံကျောင်းပျက်ထဲရောက်နေသည်မှာ မိန်းမပျို၏လက်ချက်ပင်ဖြစ်ရမည်မဟုတ်ပါလား။

ထို့ပြင် ....

သုံးရက်လုံးလုံး သတိလစ်မေ့မြောနေခဲ့သည်ဟု မိန်းမပျိုက ပြောခဲ့သည်ကိုအမှတ်ရလိုက်သည်။ ဘုံကျောင်းပျက်ထဲ၌ မီးပုံဘေးမှ စားကြွင်းစားကျန်များကိုလည်းမြင်ယောင်လာသည်။



မိန်းမပျိုသည် သူ့အားခေါ်ဆောင်လာပြီးဆေးကုပေးခဲ့ခြင်းဖြစ်ရမည်ဟု တဖြည်းဖြည်းသဘောပေါက်လာလေတော့သည်။

တင်ရှောင်ပင့်သက်ရှိုက်လိုက်မိ၏။ မိန်းမပျိုသည် ခက်ထန်မောက်မာသော်လည်း စိတ်ကောင်းစေတနာရှိသေးသည်ဟု တွေးမိသည်။ မည်သို့ဆိုစေ... မိန်းမပျိုနှင့်ဝေးဝေးနေခြင်းက အကောင်းဆုံးဖြစ်သည်ဟုဆင်ခြင်ကာ တွေဝေမနေတော့ဘဲ ရှေ့ဆက်ထွက်ခဲ့လေသည်။

သူသည် အိမ်ပေါ်မှနှင်ချခံခဲ့ရသူဖြစ်သည်။ ခြေဦးတည့်ရာလျှောက်သွားနေ၍လည်း အကြောင်းမဟုတ်ပါ။

ထို့ကြောင့်.... တင်ရှောင်သည် စိုးရိမ်ပူပန်မှုများကိုဖျောက်ကာ အေးအေးဆေးဆေးထွက်သွားလေတော့သည်။

oooo

www.burmeseclassic.com

www.burmeseclassic.com



## နဂါးဂေဟာ

မြစ်ရေတသွင်သွင် စီးဆင်းနေသည်။ တံငါသည်များသည် လှေငယ်လေးများဖြင့် မြစ်ထဲ၌ပိုက်ချကာငါးဖမ်းနေကြသည်။

တင်ရှောင်သည် ခြေဦးတည့်ရာလျှောက်လာရင်း မြစ်ကမ်းပါးတစ်ခုသို့ရောက်လာသောအခါ တံငါသည်များငါးဖမ်းနေသည်ကို တွေ့မြင်ရသဖြင့် စိတ်ဝင်စားစွာကြည့်နေလိုက်မိလေသည်။

လေတဟူးဟူးတိုက်ခတ်နေခြင်းကြောင့် သူ၏အဝတ်အစားများတဖျပ်ဖျပ်လူးလွန့်နေလေသည်။ တင်ရှောင်သည် ဘာကိုမျှ အမှုမထားဘဲ လက်နှစ်ဖက်နောက်ပစ်ကာအေးအေးဆေးဆေးကြည့်နေ၏။ သူ၏စိတ်ထဲ၌ ....

"ငါသာ အိမ်မှာ သိုင်းပညာသင်နေရင် ဒီလိုမြင်ကွင်းမျိုးကို တွေ့မြင်ရမှာမဟုတ်ဘူး"

ဟုတွေးကာကျေနပ်နေမိလေသည်။



အတန်ကြာသောအခါ တံငါသည်များသည် ပိုက်ကွန်များသိမ်းဆည်းလိုက်ကြသည်။ ဖမ်းဆီးရရှိသည့်ငါးများကို ကမ်းစပ်သို့သယ်ဆောင်လာကြသည်။ ငါးအများအပြားဖမ်းဆီးရမိလိုက်သဖြင့် တံငါသည်များပျော်ရွှင်နေကြသည်။

တင်ရှောင်သည် တံငါသည်များကိုကြည့်ကာ အလိုလိုပျော်ရွှင်လာပြီး ကမ်းစပ်သို့ဆင်းသွား၍ အနီးကပ်ကြည့်ရှုလိုက်လေသည်။ တံငါသည်များသည် ငါးများများစားစားရရှိသဖြင့် ငွေစကြေးစရွှင်ကြတော့မည်မို့ ဝမ်းသာနေကြခြင်းဖြစ်သည်။ တင်ရှောင်ကလည်း တောင်ပုံရာပုံဖြစ်နေသော ငါးပုံများကိုလှည့်ပတ်ကြည့်ရှုရင်း သူတို့အတွက် ဝမ်းသာမဆုံးအောင်ဖြစ်နေ၏။

ထိုစဉ် .... ဆူဆူညံညံအသံများ ရုတ်ခြည်းတိတ်ဆိတ်သွားသဖြင့် တင်ရှောင်အံ့ဩသွားသည်။

"ဘာဖြစ်တာပါလိမ့်"

တွေးရင်း ဖိုဖိုသည်သည် လှမ်းကြည့်လိုက်မိ၏။ ကမ်းစပ်သို့ လူတစ်စုရောက်ရှိလာသည်ကိုတွေ့မြင်လိုက်ရလေသည်။

ထိုလူစုသည် ကိုယ်ကျပ်အင်္ကျီများဝတ်ဆင်ထားကြပြီး အားလုံး လက်နက်များ ကိုယ်စီကိုင်ဆောင်ထားကြသည်။ သိုင်းသမားများနှင့်ပက်ပင်းတိုးရပြန်ပြီဟု တင်ရှောင်နားလည်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ခေါင်းဆောင်ဖြစ်ဟန်ရှိသောလူသန်ကြီးတစ်ယောက်က ရှေ့သို့လှမ်းထွက်လာပြီး ....

"မင်းတို့သိပ်တော်ပါလား၊ ငါးတွေအများကြီးရအောင် ဖမ်းနိုင်တာပဲ၊ ငါတို့နဂါးဂေဟာမှာ ညစ်ခံပွဲကြီးတစ်ခုကျင်းပစရာရှိနေတာနဲ့အတော်ပဲ၊ ကဲ .... ဒီငါးတွေအားလုံး ငါတို့သိမ်းလိုက်ပြီ"

ဟု အသံဝါကြီးဖြင့်ပြောလိုက်လေသည်။

"ဟာ"

မမျှော်လင့်သောအဖြစ်ကြောင့် တင်ရှောင်လွှတ်ခနဲရေရွတ်လိုက်မိလေသည်။ တံငါများလည်းငိုင်သွားကြလေသည်။

လူသန်ကြီးက ....

"ကဲ .... ကဲ .... အချိန်မရှိဘူး၊ ငါးတွေကိုတောင်းထဲထည့်ပြီး နဂါးဂေဟာပို့ကြပေတော့"

တံငါသည်များသည် ငါးများဆုံးရှုံးရသည့်အပြင် အလေးအပင်ထမ်းပိုးကာလိုက်လံပို့ဆောင်ပေးရဦးမည်ဖြစ်သဖြင့် နဂါးဂေဟာမှလူများ၏လုပ်ရပ်မှာ တရားလွန်လှပေတော့သည်။

သို့သော် .... တံငါများသည် တစ်ခွန်းတစ်ပါဒမျှမပြောဘဲ နိုင်းသည့်အတိုင်း ထလုပ်ကြလေသည်။

တင်ရှောင် ခေါင်းခါယမ်းလိုက်မိသည်။



"သူတို့ ဘာကြောင့်မတရားလုပ်ချင်ကြတာလဲ"

ထိုစဉ်မှာပင် နဂါးဂေဟာမှလူများသည် တံငါသည်များ ကိုမြန်မြန်သွားရန် ကြိမ်းမောင်းကာ ထွက်ခွာသွားကြလေတော့သည်။

၀၀၀၀

စခန်းကျင်တာတစ်ခုလုံး တိတ်ဆိတ်သွားသည်။ နဂါးဂေဟာမှလူများရောက်ရှိလာကြပြီးနောက်.... တံငါသည်များ၏ပျော်ရွှင်စရာကမ္ဘာလေးပျက်သုဉ်းသွားရပြီဖြစ်သည်။ တင်ရှောင်သည် တံငါသည်များအတွက် စိတ်မကောင်းဖြစ်သွား၏။

"သူတို့က ဘာကြောင့်မတရားလုပ်ချင်ရတာလဲ"

ထိုစဉ် ....

"သူတို့က သိုင်းပညာအားကိုးနဲ့အနိုင်ကျင့်ကြတာပေါ့ကွာ"

စကားသံတစ်ချက်ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ တင်ရှောင် လှမ်းကြည့်လိုက်သောအခါ အဘိုးအိုတစ်ယောက်လှမ်းလာနေသည်ကိုတွေ့ရ၏။

ထိုအဘိုးအို၏အဝတ်အစားများ နွမ်းပါးနေပြီး ခြေပြင်းခေါသထွက်နေဟန်ရှိသဖြင့် တံငါအိုလေးမှပင်ဖြစ်မည်ဟု တင်ရှောင်ထင်မိလိုက်၏။ အဘိုးအိုက ....

www.burmeseclassic.com

www.burmeseclassic.com



"သူတို့က သိုင်းပညာတတ်တော့ တို့တစ်တွေကိုထင်သလို အနိုင်ကျင့်စော်ကားနေကြတာပေါ့ကွာ၊ မကျေနပ်လို့ပြန်ပြောရင် အသတ်ခံရတာပဲ အဖတ်တင်မယ်၊ ဘာမှထူးလာမှာမဟုတ်ဘူးကွ၊ ဒါထက် ခေါင်းတုံးနဲ့ကောင်လေးတစ်ယောက်ကိုမတွေ့မိဘူးလား"

တင်ရှောင် ခေါင်းခါယမ်းလိုက်သည်။

"မတွေ့မိပါဘူးခင်ဗျာ၊ ဘာဖြစ်လို့လဲဟင်"

အဘိုးအိုက ....

"ခေါင်းတုံးလေးက အိပ်ရာထဲလဲနေတဲ့သူ့အမေကို ဆေးကုပေးဖို့ ငွေရှာနေတာ ငါးတွေကို နဂါးဂေဟာကသိမ်းသွားမှန်းသိရင် စိတ်ဓာတ်ကျပြီး ကိုယ့်ကိုကိုယ် အဆုံးစီရင်သွားမှာတောင် စိုးရိမ်ရတယ်ကွ"

သူတို့ပြောဆိုနေစဉ် မလှမ်းမကမ်းမှငိုကြွေးသံသဲ့သဲ့ထွက်ပေါ်လာသည်ကိုကြားလိုက်ရလေသည်။ အဘိုးအိုက ....

"ခေါင်းတုံးလေး"

ဟုခေါ်ကာခပ်သွက်သွက်လှမ်းသွားလေသည်။ တင်ရှောင်လည်းမနေနိုင်တော့ဘဲလိုက်သွားမိလေသည်။ ကျောက်ဆောင်ကြီးတစ်ခုကိုကွေ့ပတ်မိလျှင် ကမ်းစပ်တွင်ဆောင့်ကြောင့်ထိုင်ကာ ငိုကြွေးနေသည့်လူငယ်တစ်ယောက်အား တွေ့မြင်လိုက်ရလေသည်။



"ခေါင်းတုံးလေး"

အနီးသို့ရောက်သွားသောအခါ လူငယ်သည် ထိုင်ရာမှထကာ အဘိုးအိုအားပွေ့ဖက်ရင်း ....

"အဘရယ်.... ကျွန်တော်တို့ကငါးတွေရှာလာလိုက် သူတို့ကအနိုင်ကျင့်ပြီးယူသွားလိုက်နဲ့ ဒီအတိုင်းသာဆို ကျွန်တော့်အမေကို ဘယ်လိုလုပ်ပြီးဆေးကုပေးနိုင်တော့မှာလဲဗျာ"

ဟုပြောကာ ရှိုက်ကြီးတငင်ငိုကြွေးလိုက်လေသည်။

တင်ရှောင် စိတ်မကောင်းဖြစ်သွား၏။ တံငါသည်များ၏ အခြေအနေကိုကြည့်ရခြင်းအားဖြင့် အစဉ်အမြဲ ငါးအများအပြားဖမ်းဆီးရခြင်းမျိုးမဟုတ်တန်ရာဟုနားလည်၏။ ငါးများများဖမ်းဆီးရသဖြင့်ပျော်ရွှင်နေကြခိုက် နဂါးဂေဟာမှ လာရောက်အနိုင်ကျင့်သွားသဖြင့် မည်သို့ခံစားရမည်ကိုတွေးကြည့်နိုင်ပေသည်။

အနိုင်ကျင့်ခံရသူများတွင် ခေါင်းတုံးလေးကဲ့သို့ မိခင်အား ဆေးကုရန်ငွေရှာနေသူများပါဝင်နေသည်မှာ ဝမ်းနည်းစရာကောင်းလှပေသည်။ တင်ရှောင်ခံပြင်းလာသည်။

"သိုင်းပညာတတ်တာနဲ့ မတရားအနိုင်အကျင့်လို့ရမလား"

ဟုကြုံးဝါးလိုက်မိလေသည်။ အဘိုးအိုနှင့်ခေါင်းတုံးလေးတို့က သူ့အားလှမ်းကြည့်မိလိုက်ကြသည်။ တင်ရှောင်က ....

www.burmeseclassic.com

www.burmeseclassic.com



"နဂါးဂေဟာဘယ်မှာရှိလဲဆိုတာ ကျွန်တော့်ကိုပြောပြပါလား"

အဘိုးအို မျက်လုံးပြူးသွားသည်။

"မောင်ရင်လေး ဘာလုပ်မလို့လဲကွယ့်"

"ကျွန်တော်သွားပြီး မတရားတာမလုပ်ဖို့ ပြောပေးပါမယ်"

"ဟာ .... မောင်ရင်လေးဒုက္ခရောက်သွားမှာပေါ့"

"ကိစ္စမရှိပါဘူး.... ကျွန်တော်လဲ သိုင်းပညာတတ်ပါတယ်၊ သူတို့ကိုမကြောက်ပါဘူး"

အဘိုးအိုနှင့်ခေါင်းတုံးလေးမှာ အဟုတ်မှတ်ကာ ဝမ်းသာသွားကြလေသည်။

"မောင်ရင်လေးတကယ်ပြောတာနော်၊ ဒီလိုဆို ကျုပ်တို့ကို ကူညီပါ၊ နဂါးဂေဟာက ...."

"စိတ်ချပါခင်ဗျာ နဂါးဂေဟာ နောက်နောင်မတရားမှုတွေ မလုပ်အောင် ကျွန်တော်တားမြစ်ခဲ့ပါမယ်၊ ဘယ်လိုသွားရမယ်ဆိုတာသာပြောပြပါ"

အဘိုးအိုက နဂါးဂေဟာသို့သွားရမည့်လမ်းကို လိုလိုလားလားပင် ညွှန်ပြလေသည်။ တင်ရှောင်သည် အဘိုးအိုနှင့်ခေါင်းတုံးလေးကိုနှုတ်ဆက်ကာထွက်လာခဲ့၏။



သူသည် အမှန်တကယ်ပင် နဂါးဂေဟာသို့သွားရန်ဆုံးဖြတ်ထားလေသည်။

ဝဝဝဝ

လေးဘက်လေးတန် အုတ်နံရံကာထားပြီး သံတိုင်များဖြင့် တံခါးပြုလုပ်ထားသည့် ခိုင်ခံ့လှသောအခန်းတစ်ခုအတွင်းသို့ ရှမ်းစု ရောက်ရှိနေပြီဖြစ်လေသည်။ အမျိုးသမီးဂိုဏ်းချုပ်စန်ကွမ်းလျှံက သူ့အားတိုက်ခိုက်ဖမ်းဆီးကာ ပိတ်လှောင်ထားခြင်းဖြစ်သည်။

ရှမ်းစုသည် အမျိုးသမီးဂိုဏ်း၏ပထမဆုံးယောက်ျားလေး အကျဉ်းသားဖြစ်ပေတော့သည်။

စန်ကွမ်းလျှံ၏သွေးကြောထောက်ပညာကြောင့် ရှမ်းစုမှာ ဝေဒနာပြင်းထန်စွာခံစားရပြီးသတိလစ်သွားခဲ့၏။ သူသတိရလာသောအခါ အချုပ်ခန်းထဲရောက်နေသည်ကို တွေ့ရပြီး ဝေဒနာမှာလည်းသက်သာပျောက်ကင်းနေပြီဖြစ်သည်။

ရှမ်းစုသည် အခန်းနံရံကိုကျောမှီထိုင်ရင်း ....

"ငါကကေရာစ်ဓားသိုင်းကိုသင်ဖို့လာခဲ့တာ ခုတော့ အမျိုးသမီးဂိုဏ်းမှာအဖမ်းခံနေရပြီ၊ မေမေသာသိသွားရင် ဘယ်လောက် စိတ်ထိခိုက်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟုတွေးနေမိသည်။ သူ့မိခင်မေ့ကျိုးဝါးသည် သူ့အားအလွန်ချစ်မြတ်နိုးသည်။ သူကမိဘနှစ်ပါးစလုံးမသိအောင် တိတ်တဆိတ်ခိုးထွက်လာခဲ့ခြင်းဖြစ်သည်။

ယခု သူ့အားဖမ်းချုပ်ထားသည့်ဗွန့်ကွမ်းလျုံမှာ အရုပ်ဆိုးအကျည်းတန်သလို သဘောဆိုးသူလည်းဖြစ်ပုံရသည်။

သူ့အား သုတ်သင်ပစ်မည်ဆိုပါက မိဘနှစ်ပါးနှင့်မည်သည့်အခါမှပြန်တွေ့ရနိုင်တော့မည်မဟုတ်ပေ။

ရှမ်းစုသည် စိတ်ဓာတ်ကျဆင်းလာသဖြင့် ....

"တော်ပြီ... ငါဆက်တွေးနေလို့ စိတ်ဆင်းရဲရတာပဲရှိမယ်၊ ဖြစ်သမျှရင်ဆိုင်သွားရမှာပဲ"

အားတင်းကာ အတွေးစများကို ဖြတ်ပစ်လိုက်လေသည်။ အချုပ်အနှောင်ခံနေရာမှ လွတ်မြောက်နိုင်မည့်နည်းလမ်းကို ရှာကြံသည်။ ဤတွင် .... ရှမ်းစုသည် ဝမ်းဝမ်း၏မျက်နှာကို ကွက်ခနဲမြင်ယောင်လာလေတော့သည်။

၀၀၀၀



ခြေသံများထွက်ပေါ်လာသည်။ ရှမ်းစု ဆတ်ခနဲခေါင်းထောင်လာပြီး လှမ်းကြည့်လိုက်သည်။ ထိုအခါ .... မိန်းကလေးတစ်ယောက်က အစားအစာများလာပို့ခြင်းဖြစ်ကြောင်းတွေ့ရလေသည်။

ရှမ်းစု ပြုံးလိုက်မိသည်။

အမျိုးသမီးဝိုက်းသည်... သူ့အား ဖမ်းဆီးထားသော်လည်း ယခုတိုင်သတ်မပစ်သေးဘဲ အစားအသောက်မှန်မှန်ကျွေးနေသည်ကိုကျေးဇူးတင်ရမည်မဟုတ်ပါလား။

"ကျုပ်ကို ဟင်းကောင်းကောင်းပါမပေးရင်တော့ ကျုပ်ကစားမှာမဟုတ်ဘူး။ အရက်တစ်အိုးလည်းယူလာခဲ့"

ဟု ခပ်တည်တည်အော်ပြောလိုက်လေသည်။

သူ့ကို မကြောက်မရွံ့ ဘာကိုမှဂရုမစိုက်ဘဲနေလျှင် အမျိုးသမီးဝိုက်းမှလူများ အံ့ဩကုန်ကြမည်မဟုတ်ပါလား။

ရှမ်းစုက အသံမာမာဖြင့် လှမ်းပြောလိုက်ပြီးမှ အစားအစာလာပို့သူသည် ခါတိုင်းလာနေကျမိန်းကလေးမဟုတ်ဘဲ လူသစ်ဖြစ်နေသည်ကို တွေ့ရသဖြင့် သေသေချာချာကြည့်လိုက်ရာ ဝါးဝါးဖြစ်နေသည်ကို တွေ့ရလေသည်။ ရှမ်းစု ဝမ်းသာသွားလေသည်။

"ဝမ်းဝမ်း"

ဝမ်းဝမ်း၏ခန္ဓာကိုယ်လေး ဆတ်ခနဲတုန်ခါသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်... ရှင်... ရှင် ကျွန်မနာမည်ကိုသိနေတယ်ဟုတ်လား"

"ဟဲ.... ဟဲ.... သိတာပေါ့ညီမရယ်၊ ကျုပ်က ညီမကို ဂရုစိုက် နေတာကိုး"

"ရှင် ...."

ဝမ်းဝမ်း မျက်လုံးလေးဝိုင်းသွားပြီး ရှမ်းစုကိုကြည့်လိုက် လေသည်။ ရှမ်းစုက ....

"ညီမ.... ညီမရဲ့စကားကို နားထောင်လိုက်ရင် ကောင်းသား လို့ စဉ်းစားမိတယ်"

"ရှင် ...."

"ဪ... ညီမပြောသလိုရှေ့ဆက်မတိုးဘဲနောက်ကြောင်း လှည့်ပြန်မယ်ဆိုရင် အန္တရာယ်နဲ့ကြုံရတော့မှာမဟုတ်ဘူးလေ"

ဝမ်းဝမ်းက သူ့အား ကရုဏာသက်သောအကြည့်ဖြင့်လှမ်း ကြည့်လာလေသည်။ ရှမ်းစုက ....

"ညီမရဲ့ဆရာက ဘာကြောင့်များ ဒီတောင်ကြားထဲကိုဝင် လာတဲ့ ယောကျ်ားမှန်ရင် သတ်ပစ်ဖို့ကြိုးစားရတာလဲဟင်"

ဟု မေးလိုက်လေသည်။ ဝမ်းဝမ်းက ....

"ဆရာကယောကျ်ားတွေကိုမုန်းတယ်ရှင့်၊ ယောကျ်ားတွေ ဟာ သစ္စာမရှိဘူးတဲ့"



ရှမ်းစုက ....

"ညီမဆရာက တမင်သက်သက်အပြစ်ပြောတာပါ၊ ကေန့ သူကရှုပ်ဆိုးတော့ သူ့ကိုဘယ်သူမှ မကြိုက်ကြလို့ ယောကျ်ားတွေကို မုန်းတီးသွားတာပဲဖြစ်မယ်"

"ရှင် ...."

ဝမ်းဝမ်းမျက်လုံးပြူးသွားသည်။

"ရှင် ဒီလိုပြောတာသာ ဆရာကြားသွားရင် ချက်ချင်းအ သတ်ခံရမှာရှင့်"

"ခုကော ဘာထူးလို့လဲ၊ ကျုပ်ကိုသတ်ပစ်ကြမှာပဲမဟုတ် ဘူး။ ညီမ.... ကျုပ်မသေခင် စကားတစ်ခွန်းပြောသွားချင်ပါတယ်"

ဝမ်းဝမ်းက သူ့အားငေးကြည့်နေ၏။ ရှမ်းစုက ....

"ညီမ .... ကျုပ်တစ်သက်မှာ ဘယ်မိန်းကလေးကိုမှစိတ် မဝင်စားခဲ့မိပါဘူး။ ညီမကိုတွေ့မှ ကျုပ်စိတ်က လှုပ်ရှားခဲ့ရပါတယ်၊ ရှင်းရှင်းပြောရရင် ကျုပ်ညီမကိုမေတ္တာသက်ဝင်နေမိပါပြီ"

"ရှင် ...."

ဝမ်းဝမ်း၏ခန္ဓာကိုယ်လေး ဆတ်ခနဲတုန်ခါသွားလေသည်။ ဓာပျာကယာနောက်ဆုတ်သွားသည်။

ရှမ်းစုက ....

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ရင်ထဲရှိတာပြောလိုက်ရလို့ ကျုပ်သေပျော်ပါပြီညီမရယ်"

ဝမ်းဝမ်းမှာ ရှမ်းစုကဲ့သို့ အလွန်ရဲတင်းသူတစ်ယောက်နှင့် တစ်ကြိမ်တစ်ခါမှမဆုံဖူးချေ။

ရှမ်းစုသည် သူမနှင့်တွေ့သည်မှာ ဘာမှကြာသေးသည်မဟုတ်။ ယခု သူမအား ချစ်ရေးဆိုနေပြီမဟုတ်ပါလား။

"ကျွန်မ .... ကျွန်မ"

သူမသည် ထစ်ထစ်ငေါ့ငေါ့ဖြစ်နေပြီး ဘာပြောရမှန်းမသိတော့ချေ။ ရှမ်းစုက ....

"ညီမရယ်... ကျုပ်သေသွားခဲ့ရင်တောင် ညီမကိုတမလွန်ဘဝရောက်တဲ့အထိဆက်ပြီးသတိရနေတော့မှာပါ"

ဝမ်းဝမ်းခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး... မဟုတ်သေးဘူးရှင့်"

"ဘာဖြစ်လို့လဲ... ညီမ မယုံလို့လားဟင်"

ဝမ်းဝမ်းက ....

"ကျွန်မဆရာက အစ်ကို့ကိုသတ်မယ်လို့မထင်ပါဘူးရှင်"

သူမစကားကြောင့် ရှမ်းစုကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဟင် .... ဘာဖြစ်လို့လဲ"



"ကျွန်မဆရာက အစ်ကို့ဆရာဆီကိုသွားနေပါတယ်၊ သူတို့ချင်းတွေ့လိုက်ကြရင် အဆင်ပြေမယ်လို့ ထင်ပါတယ်ရှင်"

ရှမ်းစု ငိုင်သွားလေသည်။ သူက ဝမ်းဝမ်းကိုစည်းရုံးသိမ်းသွင်းကာလွတ်ရာလွတ်လမ်းရှာဖွေနေခြင်းဖြစ်သည်။

ယခုတော့ .... စန္ဒကွမ်းလျှံသည် သိုင်းရာဇာတင်မင်းထံသို့ သွားနေပြီဟုသိရသည်။ သိုင်းရာဇာတင်မင်းသည် သူ့အတွက်တာဝန်ယူပါမည်လော။

"ကျွန်မသွားတော့မယ်"

ဝမ်းဝမ်းခေါင်းလေးငုံ့ပြီးထွက်သွားသည်။

ရှမ်းစုငေးငိုင်၍ကျန်ရစ်ခဲ့၏။

မည်သို့ဆိုစေ.... စန္ဒကွမ်းလျှံက သူ့အား သုတ်သင်ရန် ဆုံးဖြတ်လိုက်လျှင် ဝမ်းဝမ်းက သူ့အားကူညီလိမ့်မည်ဟု ရှမ်းစုယုံကြည်ထားလိုက်လေတော့သည်။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



ည ....

ကောင်းကင်ပေါ်တွင် လဝန်းထိန်ထိန်သာနေပါသည်။

လရောင်အောက်တွင် ပန်းဥယျာဉ်တစ်ခုလုံး သာယာလှပနေလေသည်။ လေပြည်လေညင်းငွေ့ယမ်းတိုက်ခတ်လာသောအခါ မွှေးကြိုင်သင်းပျံ့သောပန်းရနံ့များ လွင့်ပျံလာလေသည်။

ညဉ့်နက်ပြီဖြစ်သည်။ လူခြေတိတ်မှ သိုင်းရာဇာတင်မင်းသည် ပန်းဥယျာဉ်ထဲဆင်းလာခဲ့လေသည်။ ညဘက်တွင် ပန်းဥယျာဉ်၏အလှကိုကြည့်ရန်မဟုတ်ချေ။

ပန်းဥယျာဉ်ထဲရောက်လျှင် အင်္ကျီအိတ်ထဲမှတစ်စုံတစ်ခုနှိုက်ယူလိုက်လေသည်။ ဝါကြန့်ကြန့်စာရွက်ခေါင်းလေးတစ်ခုပါလာသည်။ ထိုစာရွက်လေးမှာ အလွန်ရှားပါးသော ဝါးတစ်မျိုးမှပြုလုပ်ရှိသောစာရွက်အမျိုးအစားဖြစ်ပေသည်။ စာရွက်ပေါ်တွင် ဘာဆိုဘာမှရေးမထားဘဲ ရှင်းရှင်းလင်းလင်းဖြစ်နေသည်။

သို့သော်.... ထိုစာရွက်လေးသည် သိုင်းလောက၏ ရတနာတစ်ပါးဖြစ်ကြောင်း သိုင်းရာဇာတင်မင်းနားလည်ထားလေသည်။ စာရွက်လေးမှာ ထက်ဝက်ပိုင်းဖြတ်ထားခြင်းခံရကြောင်း ထင်ရှားနေ၏။ သိုင်းရာဇာတင်မင်းက စာရွက်လေးကိုလရောင်အောက်တွင်ဖြန့်ကြည့်လိုက်၏။



သည်အတိုင်းကြည့်လျှင် ဘာမှမထူးခြားသောစာရွက်လေးသည် လရောင်ဖြင့်ကြည့်လိုက်သောအခါ အရေးအကြောင်းများ တဖြည်းဖြည်းထွက်ပေါ်လာသည်ကိုတွေ့ရလေသည်။

သိုင်းရာဇာတင်မင်း စိတ်လှုပ်ရှားလာလေသည်။

"ဒါဟာ ထိုက်စန်းအဘိုးအိုရဲ့ ရှစ်ကွက်အင်းအစစ်ပါလား"

မယုံကြည်နိုင်သောလေသံဖြင့် ရေရွတ်လိုက်လေသည်။

သိုင်းလောကသားများ အငမ်းမရလိုချင်နေသည့်ရှစ်ကွက်အင်းကိုရရှိလိမ့်မည်ဟု ဘယ်တုန်းကမှမမျှော်လင့်ခဲ့ဖူးပါချေ။

သိုင်းရာဇာတင်မင်းက သေချာဂရုစိုက်ပြီးကြည့်လိုက်လေသည်။ စာရွက်လေးပေါ်၌ ပေါ်လွင်လာသောအရေးအကြောင်းများသည် တစ်စထက်တစ်စ ထင်ရှားလာသည်ကိုတွေ့မြင်ရလေသည်။

ထိုအခါမှ ....

အင်းကွက်ချထားသည့်သဘော ရေးထားခြင်းဖြစ်ကြောင်းတွေ့ရသည်။

အဆက်အစပ်မရှိသည့် စာလုံးများလည်းပေါ်လာသည်။

သိုင်းရာဇာတင်မင်းက ....

"ကျားခံတပ်ပိုင်ရှင်ပုလောက်ဆီက ကျန်တဲ့တစ်ပိုင်းကို ရရင်တော့ ဆက်စပ်ကြည့်ရမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ရှစ်ကွက်အင်း ....

ကျန်တစ်ပိုင်းကိုလိုချင်မက်မောစိတ်များ တဖွားဖွားပေါ်ပေါက်လာလေသည်။ ရှစ်ကွက်အင်း ကျန်တစ်ပိုင်းကိုရရှိရန် ကျားခံထပ်ပိုင်ရှင်ပုလောက်ကတောင်းဆိုသည့်အတိုင်း သက်ခြေလက်ကိုသုတ်သင်ရှင်းလင်းပစ်ရလိမ့်မည်ဖြစ်သည်။

ထိုစဉ် .... ပတ်ဝန်းကျင်၌ထူးခြားမှုတစ်ရပ်ဖြစ်ပေါ်လာသည်ကို သိုင်းရာဇာတင်မင်းသတိပြုမိလိုက်လေသည်။

ထို့ကြောင့် .... ချာခနဲလှည့်ကြည့်လိုက်လေသည်။

ခေါင်မိုးပေါ်၌ လူရိပ်တစ်ရိပ်လှုပ်ရှားသွားသည်။

သိုင်းရာဇာတင်မင်း အံ့ဩသွားသည်။

သူ၏ခြံဝင်း၌ အစောင့်အကြပ်များရှိကြသော်လည်း ခေါင်မိုးပေါ်တွင် မည်သူ့ကိုမျှ စောင့်ကြပ်ရန်တာဝန်ချထားခြင်းမရှိပေ။

သို့ဖြစ်ရာ .... ခေါင်မိုးပေါ်မှလူသည် ကျူးကျော်ဝင်ရောက်လာသောလူစိမ်းတစ်ယောက်သာဖြစ်ပေလိမ့်မည်။

သိုင်းရာဇာတင်မင်း မကျေမနပ်ဖြစ်သွားသည်။

"ညအချိန်မတော် ကျူးကျော်လာတာ တော်တော်အတင့်ရဲတာပဲ၊ သေချင်ပြီထင်တယ်"

စိတ်ထဲမှရေရွတ်လိုက်သည်။



တစ်ဆက်တည်းပင် ....

အင်္ကျီအိတ်ထဲမှလက်နက်ပုန်းတစ်ခုထုတ်ကာ ပစ်လွှင့်လိုက်လေသည်။ လက်နက်ပုန်းလေးသည် ခေါင်မိုးပေါ်မှလူရိပ်ထံသို့ တစ်ဟုန်ထိုးပစ်လွှင့်သွားလေသည်။

"ဟင်း .... ဟင်း .... ဟင်း"

ခေါင်မိုးပေါ်မှလူ၏ရယ်သံ လွင့်ပျံ့လာသည်။

သူသည် လက်နက်ပုန်းလေးကို အသာအယာရှောင်တိမ်းပြီး သိုင်းရာဇာတင်မင်းကိုလက်ယပ်ခေါ်လိုက်သည်။

ထို့နောက်.... ခြံဝင်းနောက်ဘက်သို့ ခုန်ဆင်းကာ ပြေးလွှားသွားလေသည်။ ထိုလူရိပ်၏လှုပ်ရှားပုံကိုကြည့်ရခြင်းအားဖြင့် ခေသူမဟုတ်ကြောင်းထင်ရှားနေလေသည်။

သိုင်းရာဇာတင်မင်းအံ့ကြိတ်လိုက်သည်။

"လတ်စသတ်တော့... ငါ့ကိုလာပြီးစိန်ခေါ်နေတာကိုး။ သိကြသေးတာပေါ့"

ချက်ချင်းပင် မြေပေါ်ခြေဆောင့်ပြီး တစ်ဟုန်ထိုးပြေးလိုက်သွားလေတော့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



လရောင်ဖြာကျနေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေလေသည်။

လရောင်အောက်တွင် ရှေ့မှလူသည် ရိပ်ခနဲရိပ်ခနဲပြေးလွှားသွားနေသည်။ သိုင်းရာဇာတင်မင်းသည် အားကျမခံပြေးလိုက်သွားလေသည်။

သူတို့နှစ်ယောက် ရှေ့ဆင့်နောက်ဆင့်ပြေးလွှားသွားကြရာ မြို့စွန်သို့ရောက်မှန်းမသိ ရောက်ရှိသွားကြလေသည်။

လူရှင်းသောနေရာသို့ရောက်လျှင် ရှေ့မှပြေးသွားသူက ခြေလှမ်းရပ်လိုက်သည်။

သိုင်းရာဇာတင်မင်းသည်လည်း ထိုလူနှင့် မလှမ်းမကမ်းတွင် ကိုယ်ရှိန်သတ်ကာရပ်တန့်လိုက်လေသည်။

သိုင်းရာဇာတင်မင်းက ထိုလူအားအကဲခတ်ကြည့်လိုက်လေသည်။ ထိုအခါမှ .... ထိုလူသည် အနက်ရောင်ဝတ်ရုံလွှမ်းခြုံထားသည့်အမျိုးသမီးကြီးတစ်ယောက်ဖြစ်နေသည်ကို တွေ့လိုက်ရ၏။ မည်သို့ဆိုစေ....

သူ၏ခြံဝင်းအတွင်းသို့ ကျူးကျော်ဝင်ရောက်ခဲ့သူကို မည်သို့မျှသည်းခံနိုင်မည်မဟုတ်ချေ။

သိုင်းရာဇာတင်မင်းက ....



"ကျုပ်ရဲ့ခြံဝင်းထဲကို ညအချိန်မတော် ကျူးကျော်ဝင်လာရဲ' တာ နည်းတဲ့သတ္တိမဟုတ်ဘူး"

ဟုပြောလိုက်လေသည်။

အမျိုးသမီးကြီးက ....

"သိပ်လဲဒေါသမကြီးပါနဲ့လေ၊ ကျွန်မ ဒေါသဖြစ်ဖို့လဲ ထားပါဦး"

"ဘာဗျ"

"ကျွန်မ ရှင့်ခြံဝင်းထဲကျူးကျော်ဝင်လာတာကို ရှင်ကအပြစ်မြင်ရင် ရှင့်တပည့်က အမျိုးသမီးဂိုဏ်းရဲ့ပိုင်နက်ဖြစ်တဲ့ ဂမုန်းတောင်ကြားထဲကိုကျူးကျော်ဝင်လာတာကျတော့ကော ဘာပြောမလဲ"

"ဟင် ...."

သိုင်းရာဇာတင်မင်း ရင်ထိတ်သွားသည်။

ထိုအမျိုးသမီးကြီးအား ခြေဆုံးခေါင်းဆုံးအကဲခတ်ကြည့်လိုက်လေသည်။ ပြီးလျှင် ....

"ခင်ဗျား အမျိုးသမီးဂိုဏ်းချုပ်စန္ဒကွမ်းလျှံမဟုတ်လား"

အမျိုးသမီးဂိုဏ်းသည် သိုင်းပညာမခေကြောင်းသိထား၏။ ထိုအမျိုးသမီးကြီး၏ကိုယ်ဖော့ပညာမှာ ထိပ်တန်းအဆင့် ရှိနေသည်ဖြစ်ရာ....

www.burmeseclassic.com

www.burmeseclassic.com



ဝိုဏ်းချုပ်စန္ဒကွမ်းလျှံဖြစ်ရမည်ဟု ခန့်မှန်းမိလိုက်ခြင်းဖြစ်လေသည်။ အမျိုးသမီးကြီးကရယ်မောလိုက်သည်။

"ရှင်မဆိုးဘူး.... မှန်မှန်ကန်ကန်တွေးတတ်သားပဲ"

မှန်ပေသည်။

ထိုအမျိုးသမီးကြီးမှာ အမျိုးသမီးဂိုဏ်းချုပ်စန္ဒကွမ်းလျှံဖြစ်သည်။ သိုင်းရာဇာတင်မင်း မပေါ့ဆဝံ့တော့ပါ။ စန္ဒကွမ်းလျှံသည် ကျားခံတပ်ပိုင်ရှင်ပုလောက်ကဲ့သို့ပင် ခေသူမဟုတ်ကြောင်း သဘောပေါက်ထား၍ဖြစ်သည်။

စန္ဒကွမ်းလျှံက....

"ကျွန်မက ရှင်နဲ့ဖြေရှင်းစရာရှိလို့လာခဲ့တာပဲ"

ဟုပြောလိုက်သည်။

သိုင်းရာဇာတင်မင်းက ....

"ပြောပါဦး .... ဘာကိစ္စများလဲ"

စန္ဒကွမ်းလျှံက ....

"ရှင့်တပည့်က ဂမုန်းတောင်ကြားထဲကျူးကျော်ဝင်ရောက်လာခဲ့တယ်၊ အဲဒီကိစ္စကို ရှင်ဘယ်လိုဖြေရှင်းမလဲ"

သိုင်းရာဇာတင်မင်း အံ့ဩမိသွားဟန်ဖြစ်သည်..... ချိုက်ပြန်သွားသည်။

ဝဝါဟုတ်ရပါဘူးဟု သူက ဆက်ပြင်းချလိုက်သည်။

"ခင်ဗျားကိုယ်တိုင်လာတာဆိုတော့ ကျုပ်က ကြိုဆိုစည့်ခံ



ရမှာပေါ့ဗျာ၊ ဘာကြောင့် ညကြီးအချိန်မတော်လာရတာလဲ၊ ဒီကိစ္စဟာ အေးအေးဆေးဆေးဖြေရှင်းလို့ရတဲ့ကိစ္စပဲမဟုတ်လားဗျာ"

ဟုပြောလိုက်လေသည်။

စန္ဒကွမ်းလျှံက ....

"အေးအေးဆေးဆေးဖြေရှင်းလို့ရတယ်လို့ ဘယ်သူကပြောသလဲ"

သူမသည် မကျေမနပ်ဖြစ်နေကြောင်းထင်ရှားပေသည်။

သိုင်းရာဇာတင်မင်းကလည်းမလျှော့ဘဲ ....

"ကောင်းပြီလေ .... ခင်ဗျား ဘယ်လိုဖြေရှင်းချင်သလဲဆိုတာပြောပါ"

ဟုမေးလိုက်သည်။ သူ၏လက်ဝါးနှစ်ဖက်၌အတွင်းအား စုစည်းကာ တိုက်ခိုက်ရန်အသင့်ပြင်ထားလိုက်၏။

အမှန်တော့ ....

စန္ဒကွမ်းလျှံ၏သိုင်းပညာကို သူ မမှုပါချေ။

သူ့ထံတွင်ကျောက်စာတေးပါလာမည်ဆိုပါက သိုင်းကွက်သုံးဆယ်အတွင်း အနိုင်ရမည်ပင် အာမခံကာပြောဝံ့လေသည်။

ယခု ....

ကျောက်စာတေးသည် သူ၏အိပ်ခန်းထဲ၌ကျန်ရစ်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



စန္ဒကွမ်းလျှံကလည်း ဒေသွးကြောပိတ်ပညာနှင့် လက်နက်ပုန်းပညာ အလွန်ထူးချွန်သူဖြစ်၍ သတိထားနေရခြင်းဖြစ်လေတော့သည်။ စန္ဒကွမ်းလျှံက ....

"ရှင့်တပည့်ကျူးကျော်ဝင်လာတာဟာ ရှင်ခိုင်းလိုက်တာပဲ မဟုတ်လား"

"နေပါဦး .... သူကကျုပ်တပည့်ပါလို့ပြောသလား။ ကျုပ်က ခိုင်းလိုက်တာလို့ပြောသလား"

စန္ဒကွမ်းလျှံက ....

"ရှင့်တတပည့်က အခြေအနေမဟန်တဲ့နောက်ဆုံး ဓကရာစ်ဓားကွက်တွေကိုထုတ်သုံးလိုက်တော့ ရှင့်တပည့်ဆိုတာ ကျွန်မ သိလိုက်တာပေါ့၊ ရှင်ဟာ ကျွန်မရဲ့အစ်မ မေဗ္ဗာသီလရှင်အပေါ်မှာ မကျေမနပ်ဖြစ်နေတယ်ဆိုတာ ကျွန်မ မသိဘူးထင်သလား"

ဟု ပြောသည်။

သိုင်းရာဇာတင်မင်းသည် အခြေအနေအရ ငြင်း၍မရတော့ မှန်းသဘောပေါက်လိုက်လေသည်။

ထို့ကြောင့် ....

"ခင်ဗျားအစ်မက ကျုပ်ကိုလူပုံအလယ်မှာအရှက်ခွဲခဲ့တာ ကျုပ်ကမေ့ပစ်လိုက်ရမှာလား"



ဟုပြောလိုက်လေသည်။

စန္ဒကွမ်းလျှံက ....

"ဒါဆို ရှင့်ကိုယ်တိုင်မဖြေရှင်းဘဲ ဘာကြောင့် လိပ်လိုခေါင်းဝှက်ပြီးနေခဲ့ရတာလဲ၊ အခု ကျွန်မရဲ့အစ်မ သိုင်းလောကက လုံးဝအနားယူလိုက်ပြီဆိုတော့မှ ရှင့်တပည့်ကိုလွှတ်ပြီး လုပ်ကြံခိုင်းတာ ဘာသဘောလဲ၊ ကျွန်မအစ်မသိုင်းပညာအသုံးမပြုတော့ဘူးဆိုတာ သိလို့ တမင်သက်သက်အကောက်ကြံတာမဟုတ်လား"

ဟုစွပ်စွဲပြောဆိုလိုက်လေသည်။

သူမ၏စကားများက သွေးထွက်အောင်မှန်ကန်နေသည်။ ကရုဏာသီလရှင်သည် သိုင်းလောကမှအနားယူကြောင်း လူသိရှင်ကြားကြေညာခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် .... သူမသည် သိုင်းပညာအသုံးပြုတော့မည်မဟုတ်သည်မှာ သေချာနေပေသည်။

သို့ဖြစ်၍လည်း .... သိုင်းရာဇာတင်မင်းက ရှမ်းစုကိုစိတ်ချလက်ချလွှတ်လိုက်ခြင်းဖြစ်သည်။

သိုင်းပညာ အသုံးမပြုတော့သည့် ကရုဏာသီလရှင်အား သာမန်အဆင့်ရှိသည့်သိုင်းသမားတစ်ယောက်ကပင် လွယ်လင့်တကူ လုပ်ကြံနိုင်မည်မဟုတ်ပါလား။

အမှန်တော့ ....

www.burmeseclassic.com

www.burmeseclassic.com



သိုင်းလောကထုံးစံအရ သိုင်းလောကမှအနားယူသွားသူအားရန်ငြိုးနှောင့်ယှက်ခြင်းမပြုရပါ။ သိုင်းရာဇာတင်မင်းအကောက်ကြံလိုက်ခြင်းဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပေတော့သည်။

စန္ဒကွမ်းလျှံက ....

"ကျွန်မတို့ဓားနှစ်လက်ပိုင်ဆိုင်းဟာ ကျွန်မရဲ့အစ်မကိုစောင့်ရှောက်ဖို့ ဂမုန်းတောင်ကြားကိုပြောင်းရွှေ့အခြေစိုက်ထားတာ မကြာသေးဘူး၊ ဒါကို ရှင်မသိလိုက်တော့ ရှင့်တပည့်ကိုလွှတ်လိုက်တာ အမှားကြီးမှားသွားတာပေါ့"

သိုင်းရာဇာတင်မင်း မျက်နှာပျက်သွားလေသည်။

သို့သော် ....

"ခင်များရဲ့အမျိုးသမီးပိုင်ဆိုင်းဟာ သိုင်းလောကမှာ နာမည်ပျက်ထွက်နေပြီဆိုတော့ အကာအကွယ်ရအောင် ကရုဏာသီလရှင်ရဲ့အနီးအနားမှာ သွားနေတာမဟုတ်လား"

ဟု မခံချင်အောင်ပြောလိုက်သည်။

သူ၏စကားကမှန်နေသဖြင့် စန္ဒကွမ်းလျှံ မျက်နှာကြီးစူပုပ်သွားရာ ပို၍အရုပ်ဆိုးအကျည်းတန်သွားလေတော့သည်။

စန္ဒကွမ်းလျှံသည် ငယ်စဉ်ကတည်းက အရုပ်ဆိုးအကျည်းတန်သူဖြစ်၍ ချစ်ခင်နှစ်သက်မည့်သူ မရှိခဲ့ပေ။



ထို့ကြောင့် .... စန္ဒကွမ်းလျှံသည် ယောကျ်ားများအပေါ် နာကြည်းကာ သိုင်းပညာကိုကြိုးစားလေ့လာခဲ့သည်။

ထိပ်တန်းသိုင်းသမားကြီးတစ်ယောက် ဖြစ်လာချိန်တွင် အမျိုးသမီးများချည်းပါဝင်သည့်အမျိုးသမီးဂိုဏ်းကို ထူထောင်ခဲ့လေသည်။

ထိုအမျိုးသမီးဂိုဏ်းသည် သိုင်းလောကအကျိုး၊ အများအကျိုးဆောင်ရွက်ရန်မဟုတ်ဘဲ ယောကျ်ားများကိုဒုက္ခပေးရန်သက်သက်ဖြစ်နေ၍ တဖြည်းဖြည်းနာမည်ပျက်လာခဲ့ခြင်းလည်းဖြစ်ပေတော့သည်။

သိုင်းရာဇာတင်မင်းနှင့်စန္ဒကွမ်းလျှံတို့ တစ်ယောက်ကိုတစ်ယောက် မကျေမနပ်ကြည့်လိုက်ကြလေသည်။

သိုင်းရာဇာတင်မင်းက ....

"ကျုပ်တပည့်ဘယ်မှာလဲ၊ ခင်များသတ်ပစ်လိုက်ပြီလား"

စန္ဒကွမ်းလျှံက ....

"သူ့ကိုဖမ်းထားတယ်၊ ရှင် ဒီကိစ္စကို ကျွန်မကျေနပ်အောင် မဖြေရှင်းနိုင်ရင်တော့ သူ့ကိုသတ်ပစ်လိုက်ရမှာပဲ"

ဟုခပ်ပြတ်ပြတ်ပြောလိုက်သည်။

သိုင်းရာဇာတင်မင်းက ....

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားသဘောပဲ... ကျုပ်က ကရုဏာသီလရှင်ကိုသာမကဘဲ အမျိုးသမီးပိုဏ်းကိုပါ ဆုံးမဖို့ စာရင်းမှတ်ထားလိုက်ရုံပဲပေါ့"

"ထားပါတော့လေ ရှင့်တပည့်ကို ကျွန်မပြန်လွှတ်ပေးလိုက်ပါ့မယ်"

စန္ဒကွမ်းလျှံ ချက်ချင်းစိတ်သဘောထားပြောင်းလဲသွားသဖြင့် သိုင်းရာဇာတင်မင်း အံ့ဩသွားလေသည်။ စန္ဒကွမ်းလျှံသည် ဥာဏ်များသူဖြစ်ကြောင်းသူသိထားသည်။

စန္ဒကွမ်းလျှံက ....

"ကျွန်မ ဒီကိုလာခဲ့တာအကြောင်းနှစ်ခုရှိတယ်၊ တစ်ခုကတော့ ရှင့်တပည့်ကိစ္စပဲ"

သိုင်းရာဇာတင်မင်းက ....

"နောက်တစ်ခုကဘာကိစ္စလဲပြောပါ"

"ရှင်နဲ့ကျားခံတပ်ပိုင်ရှင်ပုလောက်တို့ တွေ့ဆုံခဲ့ကြတဲ့ကိစ္စနဲ့ပတ်သက်လို့ပေါ့ရှင်"

"ဟင် ...."

သိုင်းရာဇာတင်မင်း လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

သူက ရှစ်ကွက်အင်းတစ်ပိုင်းကိုထုတ်ကာ လရောင်အောက်၌ကြည့်ခဲ့သည်ကို စန္ဒကွမ်းလျှံ တွေ့မြင်သွားခဲ့သည်မဟုတ်ပါလား။



စန္ဒကွမ်းလျှံက ....

"ပုလောက်က အရေးအကြောင်းရှိရင် သူ့ကိုကူညီနိုင်မလားလို့ ကျွန်မရဲ့သဘောကို သူ့တပည့်တစ်ယောက်လွှတ်ပြီးစုံစမ်းခိုင်းခဲ့သေးတယ်၊ ဒါပေမဲ့.... သူ့ကို သက်ခြေလက်ကဆုံးမလိမ့်မယ်ဆိုတာကျွန်မသိပြီးပြီလေ၊ ဒါကြောင့် ကျွန်မက အစ်မကို စောင့်ရှောက်ရဦးမှာမို့ မအားဘူးလို့ပြောလွှတ်လိုက်တယ်၊ ပုလောက်ဟာ အရူးမီးဝိုင်းဖြစ်နေတာကို ကျွန်မသိတာပေါ့ရှင်"

သိုင်းရာဇာတင်မင်းက ...

"ဒီကိစ္စ ကျုပ်နဲ့ဘာဆိုင်သလဲဗျ"

ဟု ပြောလိုက်လေသည်။ စန္ဒကွမ်းလျှံက ....

"ဆိုင်တာပေါ့ရှင်.... ပုလောက် ရှင့်ဆီလာပြီးအကူအညီတောင်းတယ်ဆိုတာကျွန်မသိပြီးပါပြီ"

သိုင်းရာဇာတင်မင်းမျက်နှာပျက်နေသည်။

"ကျုပ်ကသူ့ကိုကူညီရမှာလား"

စန္ဒကွမ်းလျှံ ရယ်မောလိုက်သည်။

"ဟင်း.... ဟင်း.... ဟင်း.... ပုလောက်ကို ဘယ်သူမှမကူညီချင်ကြဘူး၊ ဘာကြောင့်လဲဆိုတော့ သက်ခြေလက်နဲ့ မဆိုင်ချင်ကြလို့ပဲ"

www.burmeseclassic.com



သိုင်းရာဇာတင်မင်းက ....

"အမှန်တော့ သက်ခြေလက်ဟာ လူကောင်းတစ်ယောက်လို့ သိုင်းလောကတစ်ခုလုံးကလက်ခံထားကြတာပဲဗျ"

ဟုပြောလိုက်သည်။ စန္ဒကွမ်းလျှံက ....

"အဲဒီအထဲမှာ ရှင်တော့မပါဘူးထင်ပါတယ်"

ဟုအဓိပ္ပာယ်ပါပါပြောလေသည်။

"ဘာဗျ"

သိုင်းရာဇာတင်မင်း၏အသံ ကျယ်လောင်စွာထွက်ပေါ်လာလေသည်။ စန္ဒကွမ်းလျှံက ....

"ရှင် ပုလောက်ကို လက်ခံတွေ့ဆုံခဲ့တယ်မဟုတ်လား"

"အဲဒါဘာဆိုင်လို့လဲ"

"ဆိုင်တာမဆိုင်တာတော့ကျွန်မလဲမသိဘူး၊ ရှင် လရောင်အောက်မှာ တစ်ခုခုကိုတောင်ကြည့်နေတာ စောစောကပဲ ကျွန်မတွေ့ခဲ့ပါသေးတယ်"

"ဘာ ...."

သိုင်းရာဇာတင်မင်း တုန်လှုပ်သွားလေသည်။

သူ့အကြောင်းကို စန္ဒကွမ်းလျှံ သိသွားပြီဟုလည်း နားလည်လိုက်လေသည်။



စန္ဒကွမ်းလျှံက ....

"ပုလောက်ရောက်လာတာရယ် လရောင်အောက်မှာ ရှင့်ကိုတွေ့ရတာရယ် အတော့်ကိုတိုက်ဆိုင်နေပါတယ်ရှင်"

သိုင်းရာဇာတင်မင်းကအံကြိတ်ကာ ....

"ခင်ဗျား ဒီနေရာက အေးအေးဆေးဆေးထွက်သွားရင်ကောင်းမယ်"

ဟုပြောလိုက်လေသည်။ စန္ဒကွမ်းလျှံက ....

"စိတ်ချ .... ကျွန်မသွားကိုသွားမှာ၊ မသွားခင်ပြောစရာရှိတာလေးတွေပြောပြသွားချင်သေးတယ်၊ ရှင့်အတွက် အကျိုးရှိစေမယ်လို့ ကျွန်မအာမခံတယ်"

သိုင်းရာဇာတင်မင်းသည် စန္ဒကွမ်းလျှံအား တိတ်တဆိတ်တိုက်ခိုက်ရန်စဉ်းစားနေလိုက်၏။ သူ့အကြောင်းရိပ်မိနေသည့် စန္ဒကွမ်းလျှံကိုအသက်ရှင်ခွင့်မပေးလိုတော့ချေ။

စန္ဒကွမ်းလျှံက ....

"ဘာလဲ .... ရှင်က ကျွန်မကိုလုပ်ကြံမလို့ စဉ်းစားနေတာလား။ ဒါဆိုရင်တော့ ရှင်အမှားကြီးမှားသွားလိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ ရှင်နဲ့ပုလောက်ကိုကူညီနိုင်တာ ကျွန်မတစ်ယောက်ပဲရှိလို့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေသည်။ သိုင်းရာဇာတင်မင်းက ....

"ခင်ဗျား ဘာတွေပြောနေတာလဲ၊ ကျုပ်ဘာမှနားမလည်နိုင်တော့ဘူး"

သူကမုံသဏ္ဍာန်ပြောင်းလိုက်သည်။ စန္ဒကွမ်းလျှံအား အလစ်တိုက်ခိုက်၍မရနိုင်တော့မှန်းသိလိုက်သဖြင့် ဘာမှနားမလည်သည့်အသွင်ဆောင်လိုက်ခြင်းဖြစ်လေသည်။

စန္ဒကွမ်းလျှံကရယ်မောလိုက်ပြန်သည်။

"မသိချင်ဟန်ဆောင်မနေပါနဲ့ရှင်"

"ခင်ဗျားထွက်သွားရင်ကောင်းမယ်"

"ကောင်းပြီလေ... သွားဆိုရင်လဲသွားရတာပေါ့၊ ဒါပေမဲ့ ပုလောက်ရဲ့ရှစ်ကွက်အင်းကို ရှင်ရထားတာ သိုင်းလောကတစ်ခုလုံး သိသွားရင်တော့ ကျွန်မတာဝန်မယူဘူးနော်"

"ဟင် .... မင်း .... မင်း"

သိုင်းရာဇာတင်မင်း ခြေမကိုင်မိလက်မကိုင်မိဖြစ်သွားလေသည်။ စန္ဒကွမ်းလျှံက ....

"ကျွန်မတို့ဟာ သူငယ်နှပ်စားလေးတွေမဟုတ်တော့ပါဘူးရှင်၊ ဒါကြောင့် တစ်ယောက်ကိုတစ်ယောက် လှည့်စားဖို့မကြိုးစားဘဲ ပွင့်ပွင့်လင်းလင်းပြောကြရင်ကောင်းပါလိမ့်မယ်"



ဟုပြောလိုက်သည်။

သိုင်းရာဇာတင်မင်းက ....

"ကျုပ်တို့နှစ်ယောက် ဘာမှပြောစရာမရှိဘူး"

ဟု ဒေါသတကြီးပြောလေသည်။ စန္ဒကွမ်းလျှံက ....

"ဒါဖြင့် .... ရှင်က သိုင်းလောကတစ်ခုလုံးသိသွားစေချင်ပြီပေါ့ဟုတ်လား"

"မင်း ...."

သိုင်းရာဇာတင်မင်း ဒေါသမထိန်းနိုင်ပါတော့ချေ။

"သေဖို့သာပြင်ထား"

အော်ငေါက်ကာ စန္ဒကွမ်းလျှံထံခုန်ဝင်တိုက်ခိုက်လိုက်လေသည်။ သူ၏တိုက်ခိုက်မှုမှာလျှင်မြန်သွက်လက်ပြီး ကြောက်မက်ဖွယ်ကောင်းလှပေသည်။ စန္ဒကွမ်းလျှံအား အသေသတ်ရန်ကြိုးစားလိုက်ခြင်းဖြစ်သည်။

"ရှင် အကောက်မကြံနဲ့လေ"

စန္ဒကွမ်းလျှံကအော်ပြောလိုက်သည်။ သူမသည် ကြိုတင်သတိထားနေခြင်းကြောင့် အချိန်မီရှောင်တိမ်းနိုင်လိုက်သည်။

"ရှင်ဆက်ပြီးတိုက်ခိုက်မယ်ဆိုရင်တော့ သိုင်းလောကတစ်ခုလုံးသိသွားအောင် ကျွန်မလျှောက်ပြောရတော့မှာပဲရှင်"

www.burmeseclassic.com

www.burmeseclassic.com



ဟုခြိမ်းခြောက်လိုက်သည်။ သူမထွက်ပြေးသွားလျှင် အခြေအနေပိုဆိုးသွားမည်ဖြစ်ကြောင်းဆင်ခြင်မိလိုက်သဖြင့် သိုင်းရာဇာတင်မင်း ရပ်တန့်လိုက်ရလေတော့သည်။ စန္ဒကွမ်းလျှံက ....

"ဒီလိုမှပေါ့ရှင် ရှင် ပုလောက်ဆီကရှစ်ကွက်အင်းကိုရထားတာမဟုတ်လား"

သိုင်းရာဇာတင်မင်း ဘာမှမပြောဘဲနေလိုက်၏။

စန္ဒကွမ်းလျှံက ....

"ပုလောက်ဟာ သက်ခြွေလက်ကိုကြောက်တာနဲ့ သူ့ကိုကူညီဖို့ ရှင့်ကိုလာပြောပြီး ရှစ်ကွက်အင်းနဲ့အပေးအယူလုပ်တာပဲဖြစ်ရမယ်"

သိုင်းရာဇာတင်မင်းက ....

"ခင်ဗျားဘာတွေလျှောက်ပြောနေတာလဲ"

စန္ဒကွမ်းလျှံက ....

"ရှင်က ရှစ်ကွက်အင်းကိုလိုချင်တာနဲ့ သက်ခြွေလက်ကိုရှင်းပေးဖို့သဘောတူလိုက်တာမဟုတ်လား",

"ခင်ဗျားပါးစပ်ပိတ်ထားလိုက်စမ်း"

သိုင်းရာဇာတင်မင်းကအော်ငေါက်လိုက်သည်။

စန္ဒကွမ်းလျှံကလက်ကာပြရင်း....



"ကျွန်မက ရှင့်အကျိုးအတွက်ပြောနေတယ်ဆိုတာ မကြာခင် ရှင်သဘောပေါက်လာမှာပါ"

"မလိုဘူး ကျုပ်ကိစ္စထဲ ခင်ဗျားဝင်မစွက်ဘဲနေရင်ကောင်းမယ်"

"ကျွန်မစကားမှန်တယ်လို့ ရှင်ဝန်ခံလိုက်တဲ့သဘောလား"

စန္ဒကွမ်းလျှံကအချက်ကျကျမေးလိုက်သဖြင့် သိုင်းရာဇာတင်မင်း ပါးစပ်ပိတ်ထားလိုက်လေသည်။

စန္ဒကွမ်းလျှံက ....

"ကျွန်မ ရှင့်ကိုကူညီမှာပါရှင်၊ ရှင်က ရှစ်ကွက်အင်းကိုရဖို့ သက်ခြွေလက်ကိုသုတ်သင်ဖို့ သဘောတူလိုက်တယ်မဟုတ်လား"

သိုင်းရာဇာတင်မင်း ပါးစပ်ပိတ်ထားလိုက်၏။

စန္ဒကွမ်းလျှံက ....

"သက်ခြွေလက်ဘယ်သူလဲ၊ ဘယ်မှာနေသလဲဆိုတာ ရှင်သိသလား"

သိုင်းရာဇာတင်မင်း ဘာမှမပြောနိုင်ချေ။

စန္ဒကွမ်းလျှံက ....

"ရှင်မသိပေမဲ့ ကျွန်မသိတယ်ရှင့်"

"ဘာ ...."

www.burmeseclassic.com



မဖျော်လင့်သောစကားကြားလိုက်ရလသဖြင့် သိုင်းရာဇာ တင်မင်း ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

စန္ဒကွမ်းလျှံက....

"သက်ခြေလက်အကြောင်းကိုသိတဲ့ လောကမှာ ကျွန်မ တစ်ယောက်ပဲရှိတယ်ဆိုတာမှတ်ထားပါ"

ဟုပြောလိုက်လေသည်။

၀၀၀၀

ထိုအချိန်တွင် ....

တင်ရှောင်သည် နဂါးဂေဟာသို့ဦးတည်ခရီးနှင်နေလေ၏။

သိုင်းပညာလုံး၀မတတ်သောတင်ရှောင်သည် ဆိုးသွမ်းရမ်း ကားနေသည့်နဂါးဂေဟာသို့ အကြောက်အလန့်မရှိ သွားနေခြင်းပင် ဖြစ်ပေတော့သည်။

*ပထမပိုင်းပြီး၏။*

*ဒုတိယပိုင်းစာတ်သိမ်းဆက်လက်ဖတ်ရှုပါရန်*

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

BURMESE CLASSIC

# အမွေခံတပည့်မိုက်

(ဒုတိယပိုင်း-စာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၁၃၈၈၀၁၀၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၂၃၀၁၁၁၀

၂၀၀၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဦးကျော်ဟင်း (ယုံကြည်ချက် စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန် အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

ကောက်ကျစ်သူ၏စေတနာ

နဂါးဂေဟာ ....

နဂါးဂေဟာသည် မြစ်အရှေ့ဘက်ကမ်းတွင် ထင်ရှားသော ဂေဟာတစ်ခုဖြစ်သည်။ နဂါးနက်လုံတုသည် သိုင်းလောက၌ အလွန် အရေးပါအရာရောက်လိုသူဖြစ်သည်။ နေရာတကာဝင်ဆံ့လိုသူလည်း ဖြစ်ရာ သိုင်းလောကသားများနှင့်ရင်းနှီးခွင့်ရရန် နည်းလမ်းအမျိုးမျိုး ဖြင့် ကြိုးစားနေသူဖြစ်လေသည်။

နဂါးနက်လုံတုသည် နာမည်ကျော်ကြားသောသိုင်းသမား များထံသို့လက်ဆောင်ပစ္စည်းပေးပို့သည်။ သူ၏နဂါးဂေဟာသို့ ဖိတ် ခေါ်ကာ ညှော်ခံကျွေးမွေးသည်။

ဤသို့ဖြင့် ....

သိုင်းလောကတွင် နဂါးဂေဟာပိုင်ရှင်လုံတုသည် သဘော မနောကောင်းသူ၊ ညှော်ဝတ်ကျေသူ၊ ခင်မင်စရာကောင်းသူဟု ပြော မှတ်ပြုလာကြတော့သည်။

သိုင်းလောကတွင်မျက်နှာပွင့်လာသော်လည်း...

www.burmeseclassic.com

www.burmeseclassic.com



နဂါးနက်လုံတုသည် နဂါးဂေဟာပိုင်နက်၌ မှီတင်းနေထိုင်သူများအပေါ်တွင်မူ ကောင်းသောစိတ်ထားမရှိချေ။

မတူမတန်ဆက်ဆံသည်။

အနိုင်ကျင့်သည်။

ထို့ကြောင့် .... နဂါးဂေဟာသည် ရိုးသားစွာနေထိုင်သူများကြားတွင် နာမည်ဆိုးတွင်နေပေတော့၏။

xxxx

နဂါးဂေဟာ ....

ယနေ့ နဂါးဂေဟာတွင် ဧည့်ခံပွဲပြုလုပ်လျက်ရှိပေသည်။

နဂါးဂေဟာပိုင်ရှင်နဂါးနက်လုံတုသည်....

သိုင်းလောကမှမိတ်ဆွေများဖိတ်ကြားကာ စားသောက်ဖွယ်ရာများ အရက်များဖြင့်ဧည့်ခံကျွေးမွေးခြင်းဖြစ်သည်။

လုံတုက ဤသို့ မိတ်ဆွေများကို မကြာခဏဖိတ်ကြားကာ ဧည့်ခံကျွေးမွေးလေ့ရှိသဖြင့် အလွန်သဘောကောင်းသူဟု ချီးမွမ်းပြောဆိုခြင်းခံရပေသည်။

ယနေ့တွင် .... လုံတုသည် အလွန်အရသာရှိသောငါးဟင်းဖြင့်ဧည့်ခံလေသည်။ ဧည့်သည်များသည် လုံတု၏ငါးဟင်းကို ချီးမွမ်းမဆုံးအောင်ဖြစ်နေကြလေသည်။

ဧည့်သည်များအားကျွေးသည့်ငါးဟင်းသည် တံငါသည်



များထံမှ မတရားရယူလာခဲ့သောငါးများကို ချက်ပြုတ်ကျွေးမွေးခြင်းဖြစ်ကြောင်း ဧည့်သည်များသိကြလိမ့်မည်မဟုတ်ပေ။

ဧည့်သည်များသည် အလွန်အရသာရှိသောငါးဟင်းကို စားပြီးအကောင်းစားအရက်ကိုသောက်ကာ နဂါးဂေဟာပိုင်ရှင်လုံတုအား ချီးမွမ်းပြောဆိုနေကြပေသည်။

ထိုအချိန်တွင် ....

တင်ရှောင်သည် နဂါးဂေဟာသို့ရောက်ရှိလာလေသည်။

xxxx

နဂါးဂေဟာသည် ခံ့ညားထယ်ဝါသောအဆောက်အအုံတစ်ခုဖြစ်၏။ သန်မာထွားကျိုင်းသောလူသန်ကြီးများသည်လက်နက်ကိုယ်စီကိုင်ကာ စောင့်ကြပ်နေကြပြီး ဝတ်ကောင်းစားလှဝတ်ဆင်ထားကြ၏။

ဧည့်သည်များ ဝင်ထွက်သွားလာနေကြ၏။

တင်ရှောင်ရောက်ရှိလာသောအခါ အစောင့်တို့ကဟန့်တားခြင်းမပြုကြချေ။

ဧည့်သည်တစ်ယောက် ရောက်လာသည်ဟုထင်မှတ်ကာ တားဆီးခြင်းမပြုဘဲနေကြခြင်းဖြစ်သည်။

ထို့ကြောင့် .... တင်ရှောင်သည် အခက်အခဲမရှိဘဲ ဧည့်ခံခန်းမဆောင်ကြီးထဲသို့ဝင်လာနိုင်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခန်းမဆောင်အတွင်းသို့ ခြေချလိုက်မှ ....

လူတစ်ယောက်က သူ့အားသတိပြုမိသွားလေသည်။

ထိုလူမှာ နဂါးဂေဟာပိုင်ရှင်လုံတုဏ်ညာလက်ရုံး သွေးနဂါး ဆိုသူဖြစ်လေသည်။ သွေးနဂါးသည် တံငါသည်များထံမှငါးများ အခွေ ယူလာခဲ့သူလည်းဖြစ်ပေသည်။

သွေးနဂါးဆိုသူသည် တင်ရှောင်ကိုမြင်သည့်အခါမျက်မှောင် ကြုတ်သွားပြီး ....

"သူ့ကိုငါတွေ့ဖူးပါတယ်"

ယင်းသို့တွေးကာ....

မည်သည့်နေရာ၌တွေ့ခဲ့ဖူးကြောင်း စဉ်းစားလိုက်သည်။

မကြာပါချေ။

"ဟုတ်တယ်....တံငါသည်တွေကြားမှာ သူ့ကိုငါတွေ့ ဖူးတာကိုး။ သူဒီကိုဘာလာလုပ်တာလဲ"

မြစ်ကမ်းပါး၌ တံငါသည်များကြားတွင်တွေ့ခဲ့ဖူးကြောင်း ချက်ချင်းအမှတ်ရသွားသည်။

ထို့ကြောင့် ....

"မင်း ခဏနေဦး"

ချက်ချင်းလှမ်းသွားပြီးဟန့်တားလိုက်လေသည်။

တင်ရှောင်ကလည်း သူ့အားချက်ချင်းမှတ်မိသွား၏။

"သြော် .... ခင်ဗျားကိုး"



သွေးနဂါးက ....

"မင်းဘယ်သူလဲ၊ ဒီကိုဘာလာလုပ်တာလဲ"

ဟု ခပ်ထန်ထန်မေးလိုက်လေသည်။

တင်ရှောင်က ....

"ကျုပ်က ဂေဟာပိုင်ရှင်နဲ့တွေ့ဖို့ လာခဲ့တာဗျ"

"ဘာကိစ္စ ဂေဟာပိုင်ရှင်နဲ့တွေ့ချင်ရတာလဲ၊ ပြောစမ်း"

"ခင်ဗျား မတရားယူသွားတဲ့ တံငါသည်တွေရဲ့ငါးကိစ္စကို ပြောဆိုဖို့ သူနဲ့တွေ့ရမှာဖြစ်မယ်"

"ဘာ ...."

"ခင်ဗျားတို့ မတရားလုပ်လို့မရဘူး၊ ငါးတွေအတွက် တံငါ သည်တွေကို တန်ရာတန်ဖိုးပြန်ပေးရလိမ့်မယ်"

"အိမယ် .... လာလာချည်သေး၊ မင်းက ဘာကောင်မို့လဲ၊ သေချင်ပြီထင်တယ်"

သွေးနဂါးက ဟောက်လိုက်လေသည်။

တင်ရှောင်က ....

"ဘာပဲဖြစ်ဖြစ် ငါးဖိုးငွေကို ခင်ဗျားတို့ပေးရလိမ့်မယ်ဗျို့"

"ဟေ့ကောင်.... မင်းအခုချက်ချင်းထွက်သွားစမ်း"

"ကျုပ်ထွက်သွားဖို့လာတာမဟုတ်ဘူးဗျ၊ ငါးဖိုးအရောက် တောင်းမလို့ လာတာဗျ"

"မင်း .... မင်း"

www.burmeseclassic.com

www.burmeseclassic.com



သေွးနဂါးဒေါသထွက်သွားသည်။ ရှေ့သို့လျှပ်တစ်ပြက်တိုး သွားပြီး တင်ရှောင်၏ရင်ဝကိုလက်ဝါးဖြင့်ရိုက်ချလိုက်သည်။

သူ၏လှုပ်ရှားမှုက လျှင်မြန်လှသည်။ ရုတ်တရက်တိုက်ခိုက် ခံလိုက်ရသဖြင့် တင်ရှောင် မရှောင်နိုင်ဘဲဖြစ်သွားသည်။

သွေးနဂါး၏လက်ဝါးရိုက်ချက်သည် တင်ရှောင်၏ရင်ဝသို့ ရိုက်ချလိုက်မိလေသည်။

"ဝုန်း"

"အား"

တင်ရှောင် ဒယီးဒယိုင်ဖြင့်လွင့်စဉ်သွားလေတော့သည်။ သူ၏ဗူးရှုသောအော်သံထွက်ပေါ်လာမှုကြောင့် စားသောက်နေကြသော ဧည့်သည်များ လှည့်ကြည့်လာကြကုန်လေသည်။

ဧည့်ခန်းအတွင်း၌ ရုတ်ရုတ်သဲသဲဖြစ်သွားသည်။

"ဘာဖြစ်တာပါလိမ့်"

"ပြဿနာတစ်ခုခုဖြစ်နေပြီ"

"နဂါးဂေဟာကလူတစ်ယောက်နဲ့ လူငယ်တစ်ယောက် ရန် ဖြစ်နေကြတာပဲ"

တစ်ယောက်တစ်ပေါက်ပြောဆိုရင်း ပြဿနာပေါ်ပေါက် လာသည်ကို အားလုံးသိရှိသွားကြလေတော့သည်။

အားလုံးဝိုင်းကြည့်လာကြလေသည်။

သွေးနဂါး၏လက်ဝါးရိုက်ချက်ကြောင့် လွင့်စဉ်သွားသည့်



တင်ရှောင်သည် ချက်ချင်းမြန်ပြီးလူးလိမ့်ထလာလေသည်။

သွေးနဂါးကိုမကျေမနပ်ကြည့်ရင်း ....

"ခင်များမတရားမလုပ်နဲ့"

ဟုအော်ပြောလိုက်လေသည်။ သွေးနဂါးက ဧည့်သည်များရှိ နေခြင်းကြောင့် စိတ်ကိုချုပ်တည်းရင်း ....

"ဟေ့ .... ဒီကောင်ကိုဆွဲထုတ်လိုက်ကြစမ်း"

ဟု အစောင့်များအားအမိန့်ပေးလိုက်သည်။ အစောင့်များ ချက်ချင်းရှေ့တိုးလာကြသည်။ တင်ရှောင်က ....

"ခင်များတို့ မတရားလုပ်ချင်တိုင်း လုပ်လို့မရဘူး။ တံငါ သည်တွေဆီကငါးတွေကို ပိုက်ဆံတစ်ပြားမှမပေးဘဲ အဓမ္မယူသွား ကြတာကောင်းသလား။ တံငါသည်တွေက ပင်ပင်ပန်းပန်းရှာဖွေထား ကြရတာ၊ ခင်များတို့ မတရားယူထားတဲ့ငါးတွေနဲ့ ဧည့်သည်တွေကို မျက်နှာလုပ်နေတာ ကောင်းသလား"

သူ၏အသံကျယ်လောင်စွာထွက်ပေါ်လာရာ ဧည့်သည်များ တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်မိကြလေသည်။

နဂါးဂေဟာပိုင်ရှင်သည် တံငါသည်များထံမှအဓမ္မယူထား သောငါးများဖြင့် သူတို့အား ချက်ပြုတ်ကျွေးမွေးဧည့်ခံခဲ့ကြောင်းသိ လိုက်ရပြီဖြစ်သည်။

တချို့က မကျေမနပ်ဖြစ်သွားလေသည်။

"နဂါးဂေဟာပိုင်ရှင်ရဲ့လုပ်ရပ်က ဘယ်လိုသဘောလဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ကို အလကားရယူထားတဲ့ငါးတွေနဲ့ ချက်ပြုတ်ကျွေးမွေးတာပဲ"

"ဒီလိုမတရားလုပ်ဖို့မကောင်းပါဘူး"

"ကျုပ်တို့သာအမွေယူထားတဲ့ပစ္စည်းမှန်းသိရင် လက်ဖျားနဲ့တောင် တို့မှာမဟုတ်ဘူး"

စသည်ဖြင့် တစ်ယောက်တစ်ပေါက် ပြောဆိုလာကြလေသည်။ ဧည့်ခန်းအတွင်း၌ ဆူဆူညံညံဖြစ်သွားလေတော့၏။

"တောက်"

သွေးနဂါး ဒေါသထွက်သွားသည်။

တင်ရှောင်ကြောင့် နဂါးဂေဟာ သိက္ခာကျစရာဖြစ်လာရပြီမဟုတ်ပါလား။

သွေးနဂါးသည် တင်ရှောင်အားသုတ်သင်ရှင်းလင်းပစ်ရန် ဆုံးဖြတ်ပြီး ဓားကိုဆွဲထုတ်လိုက်လေသည်။

"ခြိမ်း"

တင်ရှောင်အံကြိတ်လိုက်သည်။

"ခင်ဗျားတို့ကမတရားလဲလုပ်သေးတယ်၊ ကျုပ်ကိုလဲ သတ်ဦးမလို့ပေါ့လေ၊ တော်တော်သတ္တိကောင်းကြတာပဲ"

ဟုအော်ပြောလိုက်သည်။

သွေးနဂါးက ....

"ခွေးကောင် .... မင်းပါးစပ်ပိတ်ထားလိုက်စမ်း"



ရှေ့သို့ လှမ်းတစ်ပြက်တိုးသွားပြီး တင်ရှောင်အားဓားဖြင့်ခုတ်ရန်ဟန်ပြင်လိုက်သည်။ တင်ရှောင်က မကြောက်မရွံ့ရင်ကော့ပြီးရပ်နေလိုက်သည်။

ထိုစဉ် ....

"ရပ်လိုက်"

ဟန့်တားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ထိုအသံကိုကြားလိုက်သည်နှင့် အသံရှင်မည်သူမည်ဝါဖြစ်ကြောင်းသိလိုက်သည်။ ထို့ကြောင့် သွေးနဂါးက ဓားကိုရုပ်သိမ်းကာ ကမျာကယာနောက်ဆုတ်လိုက်လေသည်။

ဟန့်တားလိုက်သူမှာ နဂါးဂေဟာပိုင်ရှင် လုံတုဖြစ်နေသည်မဟုတ်ပါလား။

လုံတုရောက်လာသည်ကိုမြင်သည်နှင့် သွေးနဂါးကဦးညွတ်ဂါရဝပြုလိုက်ပြီး ....

"သခင်ကြီးခင်ဗျား ဒီကောင်လေးဟာ ကျုပ်တို့နဂါးဂေဟာသိက္ခာကျအောင် လာပြီးစော်ကားနေပါတယ်"

ဟု လက်ဦးအောင်တိုင်တန်းလိုက်လေသည်။

လုံတုကလက်ကာပြလိုက်ပြီး ....

"နေဦး .... သူ့ကိုငါမေးကြည့်ဦးမယ်"

ဟုပြောကာ တင်ရှောင်နှင့်မျက်နှာချင်းဆိုင်လိုက်၏။

တင်ရှောင်အား ခြေဆုံးခေါင်းဆုံးအကဲခတ်လိုက်ပြီး ....

www.burmeseclassic.com

www.burmeseclassic.com



"ကျူစ်ဂေဟာကလူတွေဟာ တံငါသည်တွေဆီက ငါးတွေကို ဝိုက်ဆံမပေးဘဲအဓမ္မယူခဲ့ကြတယ်ဟုတ်လား"

တင်ရှောင်ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ တံငါသည်တွေဟာ မြစ်ထဲမှာသက်စွန့်ဆံဖျားအပင်ပန်းခံပြီးဖမ်းဆီးခဲ့ကြတာပါ၊ ဂေဟာရှင်ကြီးရဲ့လူတွေက ပိုက်ဆံတစ်ပြားပြားတစ်ချပ်မှမပေးဘဲအဓမ္မယူသွားလို့ ဝမ်းနည်းနေကြပါတယ်"

လို့တုက သွေးနဂါးဘက်လှည့်လိုက်ပြီး ....

"ဟော့ .... သူပြောတာဟုတ်သလားဟေ့"

ဟုမေးလိုက်သည်။

သွေးနဂါးမျက်နှာပျက်သွားသည်။

"တံငါသည်တွေက ဈေးကောင်းပေးတာတောင်မရောင်းကြပါဘူး မြို့ကိုပို့မယ်လို့ပြောနေကြပါတယ်၊ ဒီမှာကလဲ ဧည့်သည်တွေကိုဧည့်ခံစရာရှိနေလို့ မရရင်မဖြစ်တာနဲ့ မတတ်သာတဲ့အဆုံးယူလာခဲ့ရတာပါ"

ဟုလုပ်ကြံပြောဆိုလိုက်လေသည်။

လို့တုက ....

"မင်းတော်တော်ခက်ပါလား။ သူတို့ မရောင်းနိုင်ဘူးဆိုရင်လဲ ကိုယ့်ဘာသာမြို့မှာသွားဝယ်ရမှာပေါ့"

သွေးနဂါးက ....



"ဧည့်သည်တွေအတွက် လတ်လတ်ဆတ်ဆတ်ဖမ်းမိထားတဲ့ငါးတွေနဲ့ ချက်ပြုတ်ကျွေးမွေးချင်လို့ ယူလာမိတာပါသခင်ကြီး"

လို့တုက ....

"အင်း .... မင်းက နဂါးဂေဟာအတွက် စေတနာရှေ့ထားပြီး လုပ်ခဲ့တာကို။ မင်းကိုခွင့်လွှတ်လိုက်ရမှာပေါ့လေ၊ ကဲ.... ကဲ .... တံငါသည်တွေအတွက် ငါးဖိုးကျသင့်ငွေပေးလိုက်၊ နောက် ဒါမျိုးမဖြစ်စေနဲ့၊ နဂါးဂေဟာရဲ့မိတ်ဆွေတွေအပေါ် ဧည့်ဝတ်ကျေပွန်တဲ့အပြင် ဆင်းရဲနွမ်းပါးသူတွေအပေါ်လဲ အမြဲကူညီစောင့်ရှောက်နေခဲ့တာနာမည်ပျက်မခံနိုင်ဘူး။ တံငါသည်တွေ နစ်နာခဲ့ရတဲ့အတွက် ငါးဖိုးကျသင့်ငွေ နှစ်ဆပေးလိုက်ပါ"

ဟုအမိန့်ပေးလိုက်သည်။

သွေးနဂါးက ....

"တောင်းပါပြီသခင်ကြီး"

ချက်ချင်းပင် ငါးဖိုးကျသင့်ငွေ ပေးချေရန်စီစဉ်လိုက်လေသည်။ ငွေတုံးလေးများကို အဝတ်အိတ်တစ်ခုဖြင့်ထည့်ကာ တင်ရှောင်ကို ပေးလိုက်ခြင်းဖြစ်လေသည်။ လို့တုက ....

"ကဲ .... မောင်ရင်လေး ဘာပြောချင်သေးသလဲ"

ဟု မေးလေသည်။ တင်ရှောင် ဘာမှမပြောတော့ပါ။

လို့တုတို့ ဆရာတပည့်နှစ်ယောက် ဧည့်သည်များရှေ့တွင် အတိုင်အဖောက်ညီညီပြောဆိုနေကြမှန်း သဘောပေါက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် .... တံငါသည်များအတွက် ငါးဖိုးငွေနှစ်ဆရလိုက်သည်ဖြစ်ရာ စောဒကမတက်လိုတော့ပေ။

“ဘာမှပြောစရာမရှိတော့ပါဘူး။ တံငါသည်တွေအတွက် ငါးဖိုးရရင် ပြီးတာပါပဲဗျာ”

“ဒါဖြင့် မောင်ရင်လေးကျေနပ်ပြီပေါ့။ ကဲ .... သူ့ကိုကျွေးမွေးစည့်ခံဖို့စီစဉ်လိုက်စမ်းဟေ့”

လုံ့တုကကျွေးမွေးခိုင်းနေသဖြင့် တင်ရှောင်က ....

“နေပါစေဗျာ တံငါသည်တွေဆီကိုသွားရဦးမှာမို့ ကျွန်တော့်ကိုခွင့်ပြုပါဦး”

ဟုပြောကာထွက်လာခဲ့သည်။ လုံ့တုက သူ့အား ကောင်းမွန်စွာဆက်ဆံသည့်အပြင် ငါးဖိုးငွေလျော်ပေးသဖြင့် ဘာမှပြောစရာအကြောင်းမရှိတော့ဘဲ ထွက်လာခဲ့ခြင်းဖြစ်သည်။

အကယ်၍ လုံ့တုသည် ဧည့်သည်များရှေ့တွင် ကောင်းမွန်စွာဆက်ဆံခဲ့သော်လည်း နောက်ကွယ်တွင် အကောက်ကြံရန် စီစဉ်ထားကြောင်းသိနိုင်ခဲ့မည်ဆိုလျှင် ....

xxxx



နဂါးဂေဟာသည် နောက်ဘက်တွင်ကျန်ရစ်ခဲ့ပြီဖြစ်သည်။ တင်ရှောင်သည် ငွေတုံးကလေးများထည့်ထားသည့်ငွေအိတ်ကိုကိုင်ကာ ခပ်သွက်သွက်ထွက်လာခဲ့လေသည်။

နဂါးဂေဟာတွင် သွေးနဂါး၏လက်ဝါးရိုက်ချက်ခံခဲ့ရသော်လည်း သူက ဘာမှမဖြစ်သည့်အတွက် ကိုယ့်ကိုကိုယ်အံ့ဩနေမိလေသည်။ အမှန်ဆိုလျှင် သွေးနဂါး၏လက်ဝါးရိုက်ချက်သည် ပြင်းထန်လှသည်။ တော်ရုံတန်ရုံသိုင်းသမားပင် ဒဏ်ရာပြင်းထန်စွာရသွားနိုင်၏။

သိုင်းပညာမတတ်လျှင်ကား ချက်ချင်းသေဆုံးသွားမည်ဖြစ်လေသည်။

သို့ဖြစ်ရာ... သိုင်းပညာမတတ်သော တင်ရှောင်သည် သွေးနဂါး၏လက်ချက်ဖြင့် သေဆုံးသွားရမည်သာဖြစ်ပေသည်။

သို့သော် သူသည် ဘာမျှမဖြစ်ခဲ့ပေ။

ထူးဆန်းစွာပင် ခံနိုင်ရည်ရှိနေခဲ့သည်။

အဘယ့်ကြောင့်ပါနည်း။

တင်ရှောင်သည် ဘာဆိုဘာမှမသိဘဲ တံငါရွာလေးဆီသို့ ဦးတည်ကာ ခပ်သွက်သွက်ခရီးနှင်နေလေသည်။

သို့ဖြင့် .... တောတန်းလေးတစ်ခုကို ဖြတ်ကျော်လိုက်သည်။ ထိုအခါ အဝတ်အစားလေတိုးသံများထွက်ပေါ်လာပြီး သစ်ပင်များကြားမှလူတစ်စုထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူစုမှာ နဂါးဂေဟာမှလူများဖြစ်ကြောင်း ချက်ချင်းပင် မှတ်မိလိုက်လေသည်။

နဂါးဂေဟာမှလူများသည် သူ့အားဝိုင်းထားလိုက်ကြပြီဖြစ်သည်။ တင်ရှောင်က ----

"ခင်ဗျားတို့ ဘာသဘောလဲဗျ"

ဟုမကျေမနပ်မေးလိုက်သည်။

ထိုစဉ် ----

"ဟား ---- ဟား ---- ဟား"

ကျယ်လောင်သောရယ်သံကြီးနှင့်အတူ လူတစ်ယောက် သစ်ပင်ကြီးတစ်ပင်နောက်ကွယ်မှထွက်လာလေသည်။

ထိုလူမှာ သွေးနဂါးဖြစ်ပါသည်။

သွေးနဂါးကိုမြင်လိုက်ရသည့်အခါ တင်ရှောင်မှာ ပို၍မကျေမနပ်ဖြစ်သွားတော့သည်။

"လက်စသတ်တော့ ခင်ဗျားလိုက်လာတာကိုး"

သွေးနဂါးက ----

"ဟုတ်တယ် မင်းကလူစွမ်းကောင်းလေးဆိုတော့ ချီးကျူးဂုဏ်ပြုချင်လို့ လိုက်လာခဲ့ရတာပေါ့ကွာ"

"မလိုပါဘူး ကျုပ်ကိုမနှောင့်ယှက်ပါနဲ့ အေးအေးဆေးဆေး ပြန်သွားကြတာအကောင်းဆုံးပါပဲ"

သွေးနဂါးက ----



"ငါတို့လာခဲ့တာ ပြန်သွားဖို့မှမဟုတ်တာကွ"

"ဒါဖြင့် ဘာသဘောလဲ"

သွေးနဂါးကအံကြိတ်လိုက်ပြီး ----

"နဂါးဂေဟာကို လူအများကြားမှာလာပြီးအရှက်ခွဲခဲ့တဲ့ မင်းကို မှတ်လောက်သားလောက်အောင်ဆုံးမဖို့ပေါ့ကွ"

"ဘာဗျ"

"မင်းကိုငွေပေးပြီးပြတ်လွှတ်လိုက်တာ နဂါးဂေဟာမှာရှင်းသွားအောင်ကွ၊ ညည်းသည်တွေရှေ့မှာ စကားမပြောချင်လို့ မင်းက လာပြီးလူစွာလုပ်တိုင်း ငါတို့ကအလျှော့ပေးရမှာလား။ မင်းကိုပထုတ်ပြီး ခုလိုလူရှင်းတဲ့နေရာကျမှ မှတ်လောက်သားလောက်အောင် ဆုံးမပေးမလို့လေ"

နဂါးဂေဟာမှလူများ သူ့အပေါ် အကောက်ကြံကြတော့မည်ဖြစ်ကြောင်း တင်ရှောင်နားလည်သွား၏။

"ခင်ဗျားတို့ တော်တော်ယုတ်မာတာပဲ"

"ဟား ---- ဟား ---- ဟား"

သွေးနဂါးက ဟားတိုက်ရယ်မောလိုက်ပြီး ----

"မင်းမကျေနပ်လို့အော်ချင်ရင် ကြိုက်သလောက်အော်လိုက်လေကွာ၊ ဒီနေရာမှာ မင်းအသံကိုဘယ်သူမှ ကြားနိုင်မှာမဟုတ်ဘူး။ ကြားလို့လဲ ဘယ်သူမှလာကူညီစုံကြမှာမဟုတ်ဘူး"

ဟုပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူပြတ်သောနေရာဖြစ်၍ ဘာကိုမှ ဂရုစိုက်စရာမလိုသည့်သဘောဖြစ်လေသည်။

တင်ရှောင်က ....

"ကျုပ်ကတော့ ခင်ဗျားတို့ကိုကြောက်နေရမှာလား"

ဟုပြောလိုက်သည်။

သွေးနဂါးက ....

"နဂါးဂေဟာမှာ ငါ့လက်ဝါးရိုက်ချက်ခံလိုက်ရတာတောင် မင်း ဘာမှမဖြစ်ဘူးဆိုတော့ မခေဘူးဆိုတာ ငါသိပါတယ်၊ ဒါပေမဲ့ မင်းဘာတတ်နိုင်မှာလဲ၊ ကဲ .... သေဖို့သာပြင်ထား"

စကားဆုံးသည်နှင့် ဓါးမှဓားကိုခြွင်ခနဲဖြည်အောင်ဆွဲထုတ်လိုက်လေသည်။

"ခြွမ်း .... ခြွမ်း .... ခြွမ်း"

သူ့လူများသည်လည်း ဓားများကိုဆွဲထုတ်လိုက်ကြလေသည်။ နေရောင်ခြည်အောက်တွင် ဓားရောင်များဝင်းလက်သွားလေသည်။ တင်ရှောင်ရင်ထိတ်သွားသည်။

မမျှော်လင့်ဘဲ လူယုတ်မာများ၏လက်ချက်ကြောင့် ဒုက္ခရောက်ရတော့မည်မဟုတ်ပါလား။

သွေးနဂါးက ....

"ကဲ .... သူ့ရဲကောင်းလေး၊ သေဖို့သာပြင်ထား"

ကြုံးဝါးပြီး ကိုယ်တိုင်ဦးဆောင်ကာရှေ့တိုးလာလေသည်။



နဂါးဂေဟာမှလူများကလည်း ဓားကိုယ်စီဖြင့် ရှေ့တိုးလာကြရာ တင်ရှောင် ပြေးပေါက်မရှိဘဲချောင်ပိတ်မိသွားလေသည်။

တင်ရှောင် အံတင်းထင်းကြိတ်လိုက်သည်။

"ခင်ဗျားတို့ မတရားလုပ်တာ တစ်နေ့ ခင်ဗျားတို့ကို ဆုံးမမဲ့လူပေါ်လာလိမ့်မယ်ဆိုတာမှတ်ထား"

သူ၏အသံ ကျယ်လောင်စွာထွက်ပေါ်လာလေသည်။

"ဟား .... ဟား .... ဟား"

သွေးနဂါးက ဟားတိုက်ရယ်မောလိုက်သည်။

"မင်း ဘာမှမတတ်နိုင်တော့တာနဲ့ ငါတို့ကိုဆုံးမမဲ့လူ ပေါ်လာပါစေလို့ ဆုတောင်းပေးနေတာပေါ့ဟုတ်လား၊ ဘယ်သူလာလာ ငါတို့က ဂရုမစိုက်သေးဘူးဆိုတာမှတ်လား"

စကားဆုံးသည်နှင့် ဓားဖြင့်လှမ်းခုတ်လိုက်သည်။

တင်ရှောင်လန့်သွားပြီး ကပျာကယာတိမ်းရှောင်ရန်ဟန်ပြင်လိုက်သည်။

သို့သော် ....

သွေးနဂါးက ဟန်ပြတိုက်ခိုက်လိုက်ခြင်းသာဖြစ်သည်။

သူ၏ဝေးခုတ်ချက်ကြောင့် တင်ရှောင်ကရှောင်တိမ်းရန်ဟန်ပြင်လိုက်စဉ်မှာပင်....

သွေးနဂါးက ခြေထောက်ဖြင့်လှမ်းကန်လိုက်သည်။

အတွေ့အကြုံမရှိသလို....

www.burmeseclassic.com

www.burmeseclassic.com



သိုင်းပညာလည်းမတတ်သည့်တင်ရှောင်မှာ....

မည်သို့မျှမရှောင်နိုင်ဘဲ ....

"ဝုန်း"

"အား"

ရှူးရှူးအော်ဟစ်ကာ လွှင့်စဉ်သွားလေတော့သည်။

သွေးနဂါး မဲ့ပြုံးပြုံးလိုက်သည်။

"ဟင်း မင်းဟာ တကယ်တမ်းကျတော့ ဘာမှအသုံးမကျတဲ့ ကောင်လေးတစ်ယောက်ပါလားကွ"

ဟုပြောကာ ချဉ်းကပ်သွားလိုက်၏။ တင်ရှောင်က လဲကျသွားရာမှ လူးလိုမ့်ထလိုက်သည်။ သွေးနဂါး မတရားလုပ်နေသည်ကို ခေါင်းငုံ့မခံလိုတော့သဖြင့် ....

"သိကြသေးတာပေါ့"

ကြုံးဝါးကာ သွေးနဂါးထံပြေးဝင်ပြီး လက်သီးဖြင့်ထိုးသွင်းလိုက်သည်။ သူ၏တိုက်ခိုက်မှုသည် သိုင်းပညာတတ်မြောက်သူတစ်ယောက်၏တိုက်ခိုက်ခြင်းမျိုးမဟုတ်ဘဲ ကမူးရှူးထိုးတိုက်ခိုက်လိုက်ခြင်းမျိုးဖြစ်နေသည်ကို သွေးနဂါးသတိပြုမိလိုက်သည်။

ထို့ကြောင့် မျက်မှောင်ကြုတ်သွားပြီး ....

"ဒီကောင့်ကိုကြည့်ရတာ သိုင်းပညာမတတ်သလိုဘဲ"

ဟု တွေးမိလိုက်ပြီး အသာအယာရှောင်တိမ်းကာ လက်ပြန်ရိုက်ထုတ်လိုက်သည်။



"ဖြောင်း"

"အား"

တင်ရှောင်မှာ မရှောင်နိုင်ဘဲ ခန္ဓာကိုယ်တစ်ပတ်လည်ထွက်သွားကာ မြေပေါ်သို့ဝုန်းခနဲလဲကျသွားလေသည်။

သွေးနဂါး၏လက် ချက်ကို သုံးကြိမ်သုံးခါခံလိုက်ရပြီဖြစ်ရာ တင်ရှောင်အနေဖြင့် ဆက်၍ခံနိုင်စွမ်းမရှိတော့ပေ။

ရရှိထားသောဒဏ်ရာများကြောင့် မြေပေါ်မှ ပြန်မထနိုင်ဘဲ ဖြစ်သွားရတော့သည်။

သွေးနဂါးသည် မြေပေါ်လူးလိမ့်ညည်းတွားနေသည့်....

တင်ရှောင်ကိုကြည့်ကာ ....

"ဟား .... ဟား .... ဟား"

ဟားတိုက်ရယ်မောလိုက်လေတော့သည်။

တင်ရှောင်သည် သိုင်းပညာမတတ်သည့်အပြင် လုံးဝမှုစရာမလိုသူဖြစ်ကြောင်း နားလည်သဘောပေါက်သွားပြီဖြစ်ရာ သွေးနဂါးသည် အကျေနပ်ကြီးကျေနပ်နေတော့၏။

တင်ရှောင်သည် သူ၏လက်ချပ်ထဲမှရေ ဖြစ်နေပြီမဟုတ်ပါလား ....

"မင်းကများ နဂါးဂေဟာအထိလိုက်လာပြီး ကြီးကြီးကျယ်ကျယ်ပြောခဲ့သေးတယ်၊ မင်းကို မှတ်လောက်သားလောက်အောင် ချိပ်စက်ပြီးမှသတ်မယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်သည်။

တင်ရှောင်က မြေပေါ်မှအားယူကာ လူးလှိမ့်ထလိုက်သည်။

နှုတ်ခမ်းထောင့်မှစီးကျလာသောသွေးများကို လက်ခုံဖြင့်သုတ်လိုက်ပြီး ....

"ကျုပ်က ခင်ဗျားတို့လိုလူယုတ်မာတွေကိုဘယ်တော့မှအရှုံးမပေးဘူးဆိုတာမှတ်ထား"

ဟုပြောလိုက်၏။

မှန်သည်။

သူ၏စိတ်ဓာတ်သည် လှေခွက်ချည်းကျန် အလံမလှဲဟူသော သူ့ရဲကောင်းစိတ်ဓာတ်ဖြစ်သည်။

"ကောင်းပြီလေ... မင်း ဘယ်လောက်ခေါင်းမာနိုင်မလဲဆိုတာကြည့်ကြသေးတာပေါ့"

သွေးနဂါးကဓားကိုဝှေ့ယမ်းလိုက်ပြီး ....

"ပထမဆုံး မင်းရဲ့လက်နှစ်ဖက်ကိုဖြတ်ပစ်မယ်၊ ပြီးရင် ခြေထောက်၊ နောက်ဆုံးမှ ဦးခေါင်း။ မင်း ဘယ်လောက်သတ္တိရှိသလဲခံနိုင်မလဲကြည့်ကြတာပေါ့၊ တစ်ခုတော့ရှိတယ်၊ ငါ့ကို ဒူးထောက်တောင်းပန်ရင်အနှိပ်စက်ခံရမှာမဟုတ်ဘူး။ ညင်ညင်သာသာနဲ့ အသက်ထွက်သွားအောင်ငါလုပ်ပေးမယ်"

"ထွီ ...."

တင်ရှောင်က မြေပေါ်တံတွေးထွေးချပစ်လိုက်ပြီး ....



"ကျွန်တော်က ဘယ်တော့မှဒူးထောက်အရှုံးပေးမယ့်လူမဟုတ်ဘူးဆိုတာမှတ်ထား"

ဟု ပြန်အော်လိုက်သည်။

သွေးနဂါးကရယ်မောရင်း ....

"အေးလေ .... ကြည့်ကြသေးတာပေါ့"

စကားဆုံးလျှင် ဓားဝှေ့ယမ်းကာခုတ်ချလိုက်၏။

တင်ရှောင်မှာ ရှောင်တိမ်းခြင်းမပြုနိုင်ပါ။

သူက ဒူးထောက်တောင်းပန်လိမ့်မည်မဟုတ်ချေ။

အံတင်းတင်းကြိတ်ကာ သွေးနဂါးကို စိုက်ကြည့်နေလိုက်လေသည်။

သူ့အကြည့်သည် မီးတောက်လောင်စေမည်ဆိုပါက သွေးနဂါးချက်ချင်းပြာကျသွားလိမ့်မည်ဖြစ်သည်။

သို့သော် .... တင်ရှောင်သည် အံပြင်းဖွာကြည့်နေရုံမှတစ်ပါးဘာမျှမတတ်နိုင်ပါချေ။

သွေးနဂါး၏ဓားက သူ၏ခန္ဓာကိုယ်ပေါ်သို့ ကျရောက်လုဆဲဆဲတွင် ရုတ်တရက် သွေးနဂါးသည် ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားပြီး ကပျာကယာနောက်ဆုတ်သွားလေသည်။

မမျှော်လင့်သောအဖြစ်ကြောင့် တင်ရှောင် ကြောင်အမ်းအမ်းဖြစ်သွား၏။

သွေးနဂါးသည် နောက်ဆုတ်သွားပြီးမှအံကြိတ်ကာ ....

www.burmeseclassic.com



"ခိုးကြောင်ခိုးဝှက်လုပ်တာဘယ်ကောင်လဲကွ၊ သတ္တိရှိရင် ထွက်ခဲ့စမ်း"

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် ....

"ခစ် ...."

ရှုံ့လှင်သောရယ်မောသံတစ်ချက်ထွက်ပေါ်လာပြီး လူရိပ် တစ်ရိပ်သည် သစ်ဝင်များကြားမှ ခုန်ပျံထွက်လာသည်ကို တွေ့မြင် လိုက်ရလေသည်။

xxxx



ထူးထူးခြားခြားမိန်းမသား

လူရိပ်တစ်ရိပ်သည် သစ်ပင်များကြားမှထွက်ပေါ်လာ၏။

ထိုလူသည် ရုတ်ခြည်းဆိုသလိုပင်တင်ရှောင်အနီးသို့ရောက် ရှိလာလေသည်။

ထိုလူကိုမြင်သည်နှင့် ....

"ဟင်..."

တင်ရှောင် လွှတ်ခနဲအသံထွက်သွား၏။

သူ လုံးဝမျှော်လင့်မထားသူတစ်ယောက်အား တွေ့မြင် လိုက်ရသည်မဟုတ်ပါလား။

ထိုလူမှာ ချောမောလှပသော မိန်းကလေးတစ်ယောက်ဖြစ် သည်။ အထူးသဖြင့်... တင်ရှောင်နှင့်လုံးဝမတည့်သော မားနှစ်လက် ဂိုဏ်းမှ မိန်းမပျိုဖြစ်နေပေတော့သည်။

တင်ရှောင်မျက်လုံးပြူးသွားပြီး

"ဟင် .... မင်း .... မင်း"

www.burmeseclassic.com

www.burmeseclassic.com



ထစ်ထစ်ငေါ့ငေါ့နှင့် ဘာပြောရမှန်းမသိအောင်ဖြစ်သွားသည်။ မိန်းမပျိုကရယ်မောလိုက်သည်။

"ဘာလဲ.... ရှင်ကသိုင်းပညာသိပ်တော်နေလို့ တွေ့တဲ့လူတိုင်းနဲ့ရန်ဖြစ်နေတာလားရှင့်"

တင်ရှောင်ကမကျေမနပ်ဖြင့် ....

"ကျုပ်က သူများနဲ့လိုက်ပြီးရန်ဖြစ်နေတာမဟုတ်ဘူး၊ သူတို့က မတရားတာလုပ်နေကြလို့ဗျ"

"သူတို့ မတရားတာလုပ်တာ ရှင်နဲ့ဘာဆိုင်သလဲ"

"ဘာကွ"

"ရှင်က သိုင်းပညာလဲတတ်တာမဟုတ်ဘဲ၊ သိုင်းလောကထဲလျှောက်သွားပြီး ကိုယ်နဲ့မဆိုင်တဲ့ကိစ္စဝင်ရှုပ်ချင်သေးတယ်"

"ခင် .... ခင်ဗျား"

တင်ရှောင် မကျေမနပ်ဖြစ်သွားသည်။

မိန်းမပျိုကရယ် မောရင်း သွေးနဂါးဘက်လှည့်လိုက်သည်။

သွေးနဂါးကား ဒေါသထွက်နေလေသည်။

သူ၏ဓားကိုင်ထားသောလက်သည် နီရဲကာ ဖုသီးကြီးတစ်လုံးထ,နေသည်။

တင်ရှောင်အား ဓားဖြင့်ခုတ်ချလိုက်ချိန်တွင် မိန်းမပျိုကလက်နက်စုန်းဖြင့်ပစ်ခတ်လိုက်ခြင်းဖြစ်သည်။

သွေးနဂါးက ....



"မင်းက ကိုယ်နဲ့မဆိုင်ဘဲဝင်ရှုပ်တာ သေချင်လို့ပဲဖြစ်ရမယ်"

မိန်းမပျိုကရယ်မောလိုက်၏။

"ရှင် တော်တော်ဒေါသကြီးပါလား.... နေစမ်းပါဦး ရှင်တို့ဘာတွေမဟုတ်တာလုပ်နေကြလို့လဲ"

သွေးနဂါးပြန်မဖြေမီ တင်ရှောင်ကကြားဝင်ဖြေလိုက်၏။

"သူတို့က တံငါသည်တွေဆီကငါးတွေကို ပိုက်ဆံမပေးဘဲအဓမ္မရယူခဲ့တယ်ဗျ၊ တံငါသည်တွေဒုက္ခရောက်နေတာကို ကျုပ်ကမကြည့်ရက်လို့ ငါးဖိုးငွေတွေအလျော်သွားတောင်းတာ ညှပ်ပရိသတ်တွေရှေ့မှာဟန်လုပ်ပြီး ပိုင်ရှင်ကအလျော်ပေးလိုက်တယ်၊ ပြီးတော့မှ ကျုပ်အပြန်လမ်းမှာ ဒီနေရာကစောင့်ပြီး ကျုပ်ကိုသတ်ဖို့ ကြိုးစားကြတာဗျ"

မိန်းမပျို မျက်မှောင်ကုတ်သွားသည်။

တင်ရှောင်သည်....

မတရားမှုများကို အလွန်ပင် ရွံမုန်းသူဖြစ်ကြောင်း သူမ သိရှိထားပြီးဖြစ်သည်။

လိမ်ပြောမည်မဟုတ်ကြောင်းလည်း နားလည်ထား၏။

ထို့ကြောင့် ....

နဂါးဂေဟာမှလူများသည် သိုင်းလောကသားများရှေ့တွင် အလွန်သဘောကောင်းသူများအဖြစ်ဟန်ဆောင်ထားကြပြီး နောက်ကွယ်တွင် ....

www.burmeseclassic.com

www.burmeseclassic.com



သိုင်းပညာမတတ်သူ… အားနည်းသူများအား အနိုင်ကျင့်နေကြသူများဖြစ်ကြောင်း သူမ ကောင်းကောင်းကြီးသဘောပေါက်သွားလေတော့သည်။

မိန်းမပျို့ကသွေးနဂါးကိုကြည့်လိုက်ပြီး ….

"နဂါးဂေဟာကလူတွေဟာ သူများဆီက မတရားရယူထားတဲ့ပစ္စည်းတွေနဲ့ ညေ့သည်ကိုဧည့်ခံကျွေးမွေးမှန်းသိရင် ကျွန်မမလာပါဘူးရှင်"

ဟု ပြောလိုက်သည်။

သွေးနဂါးမျက်နှာပျက်သွားသည်။

"ဪ… မင်းကလဲကျုပ်တို့နဂါးဂေဟာအကြောင်းသိသွားပြီကိုး၊ ကောင်းပြီလေ… မင်းတို့နှစ်ယောက်စလုံးကိုရှင်းပစ်ရတော့မှာပေါ့"

စကားဆုံးသည်နှင့် သူ၏လူများကို လက်ဟန့်ယမ်းပြလိုက်လေသည်။ ထိုအခါ ….

"ယား …."

နဂါးဂေဟာမှလူများသည် လက်နက်ကိုယ်စီဖြင့် ပြေးဝင်တိုက်ခိုက်လာကြလေတော့၏။

မိန်းမပျို့ကိုကောတင်ရှောင်ကိုပါ တိုက်ခိုက်ကြခြင်းဖြစ်လေသည်။ တင်ရှောင်က ….

"ခင်ဗျားတို့ မတရားမလုပ်နဲ့"



နှုတ်မှသာအော်ပြောနေရသည်။

ခုခံတိုက်ခိုက်နိုင်စွမ်းမရှိ ချေ။

အရူးမီးဝိုင်းသလိုဖြစ်နေ၏။

မိန်းမပျို့ မနေနိုင်တော့ပါ။

တင်ရှောင့်ရှေ့ဝင်ရပ်ကာ နဂါးဂေဟာမှလူများနှင့်ရင်ဆိုင်တိုက်ခိုက်လိုက်လေတော့သည်။

မိန်းမပျို့ဝင်ရောက်တိုက်ခိုက်လိုက်သည်နှင့် ….

"ဝုန်း …."

"အား …."

"အမယ်လေး"

စူးရှသောအော်ဟစ်သံများနှင့်အတူ တရကြမ်းပြေးဝင်လာကြသည့်နဂါးဂေဟာမှလူများ တစ်ယောက်ပြီးတစ်ယောက်လွင့်စဉ်သွားကြလေတော့၏။

"တောက်"

သွေးနဂါးသည် မခံချိမခံသာဖြင့် တက်ခေါက်လိုက်သည်။

မိန်းမပျို့မှာ… ခေသူတစ်ယောက်မဟုတ်ကြောင်းသဘောပေါက်သွားပြီဖြစ်သည်။

"ယား"

သွေးနဂါးသည် ဓြာသံပေးကာ ကိုယ်တိုင်ဝင်ရောက်တိုက်ခိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏တိုက်ခိုက်မှုသည် ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်လှသည်။

သို့သော် ....

"သွားစမ်း"

မိန်းမပျိုက သူ၏ဓားကိုလှုပ်တစ်ပြက်လုယူပြီးခြေတစ်ဖက် ဆန့်ထုတ်ကန်ကျောက်လိုက်ရာ....

"ဝုန်း ...."

သွေးနဂါးမှာ အဝေးသို့လွင့်စဉ်သွားတော့သည်။

သွေးနဂါးခံလိုက်ရသည်ကိုမြင်သည့်အခါ ကျန်လူများသည် ဆက်၍တိုက်ခိုက်ခြင်းမပြုဝံ့ကြတော့ဘဲ ....

"ပြေး .... ပြေး"

အထိတ်တလန့်အော်ဟစ်ကာ ခြေဦးတည့်ရာ သုတ်ခြေတင် ပြေးလွှားထွက်ခွာသွားကြလေတော့၏။

xxxx



သွေးနဂါးတို့လူစု ထွက်ပြေးသွားကြပြီဖြစ်သည်။

တင်ရှောင်က မိန်းမပျိုကိုငေးကြည့်နေမိ၏။

မိန်းမပျိုသာရောက်ရှိမလာခဲ့လျှင် သူ့အနေဖြင့် သွေးနဂါးတို့လူစုလက်ချက်မိကာ သေချာပေါက်အသက်ဆုံးရှုံးသွားရတော့မည်ဖြစ်သည်။

မိန်းမပျိုသည် ခက်ထန်မောက်မာပြီးရက်စက်ကြမ်းကြုတ်သူဟု သူယူဆထားခဲ့သည်။

ယခုမူ...

မိန်းမပျိုသည် သူထင်မှတ်ထားသလိုသက်သက်မဲ့ ခက်ထန်ကြမ်းကြုတ်နေသူမဟုတ်ကြောင်း နားလည်လိုက်ပြီဖြစ်သည်။

သူမသည် မဟုတ်မခံစိတ်ရှိသူသာဖြစ်၏။

သဘောပေါက်လိုက်ပြီဖြစ်သည်။

မိန်းမပျိုက သူ့အားတစ်ချက်လှမ်းကြည့်ကာ....

"ကဲ သူတို့တော့ထွက်ပြေးသွားပြီ၊ ရှင်ဘာဆက်လုပ်မလဲ"

တင်ရှောင်က ....

"နဂါးဂေဟာကအလျော်ပေးလိုက်တဲ့ငွေတွေကို တံငါသည် တွေဆီသွားပေးရမယ်"

မိန်းမပျိုက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ရှင်သွားပေးပြီးရင် နဂါးဂေဟာကိုလိုက်ခဲ့"

"ဗျာ...."

www.burmeseclassic.com

www.burmeseclassic.com



တင်ရှောင် အံ့ဩသွားပြီး ....

"နဂါးဂေဟာကိုလိုက်ခဲ့ရမယ်ဟုတ်လား"

"ဟုတ်တယ်လေ... နဂါးဂေဟာပိုင်ရှင်ကိုသွားပြီးဆုံးရဦးမှာပေါ့။ ဒါမှ နောက်နောင် တံငါသည်တွေအပေါ်မှာ အနိုင်မကျင့်ရဲတော့မှာပေါ့"

တင်ရှောင် ရင်ထိတ်သွားပြီး ....

"ဖြစ် .... ဖြစ်ပါ့မလားဗျာ"

"ဘာကြောင့်မဖြစ်ရမှာလဲ"

"သူ .... သူတို့က ...."

"ဘာလဲ .... ကျွန်မကသူတို့ကိုကြောက်နေမယ်များထင်နေသလား"

တင်ရှောင်ပါးစပ်ပိတ်ထားလိုက်လေသည်။

မိန်းမပျိုက....

"ကဲ .... အချိန်ကြာတယ်၊ ကျွန်မပြောသလိုသာလုပ်၊ ရှင် တံငါသည်တွေဆီသွားပြီးပေးစရာရှိတာပေးလိုက်၊ ကျွန်မက နဂါးဂေဟာကိုသွားမယ်၊ အဲဒီမှာစောင့်နေမယ်။ ရှင် မြန်မြန်လာခဲ့"

မိန်းမပျိုကခပ်ပြတ်ပြတ်ပြောလိုက်ရာ တင်ရှောင်သည် သူမ၏စကားကိုမလွန်ဆန်နိုင်တော့ဘဲ....

"ကောင်းပါပြီဗျာ"

ဟုသဘောတူလိုက်ရသည်။



"ကဲ .... မြန်မြန်သွား။ ကျွန်မလဲသွားတော့မယ်"

မိန်းမပျိုက လက်ဝှေ့ယမ်းပြပြီး ထွက်သွားရာ တင်ရှောင်လည်းတွေဝေငေးငိုင်မနေနိုင်တော့ဘဲ တံငါရွာလေးဆီသို့ဦးတည်ကာ ခပ်သွက်သွက်ပြေးထွက်ခဲ့လေတော့သည်။

xxxx

တင်ရှောင်သည် နဂါးဂေဟာသို့အပြေးတစ်ပိုင်းဖြင့် ခရီးနှင်နေလေသည်။ သူသည် နဂါးဂေဟာမှရခဲ့သော ငွေတုံးလေးများကို တံငါသည်များထံပေးခဲ့ပြီးဖြစ်သည်။ တံငါသည်များက သူ့အား အလွန်ကျေးဇူးတင်သွားကြလေသည်။

မိန်းမပျိုမှာနဂါးဂေဟာသို့သွားနေပြီဖြစ်၍ တင်ရှောင်လည်း အချိန်ဖြုန်းမနေနိုင်တော့ဘဲ တံငါရွာလေးမှ ချက်ချင်းပြန်ထွက်လာခဲ့ခြင်းဖြစ်လေသည်။

နဂါးဂေဟာတွင် မိန်းမပျိုတစ်စုံတစ်ခုဖြစ်သွားမည်ကို စိုးရိမ်ပူပန်နေမိလေသည်။

သို့သော် နဂါးဂေဟာသို့ရောက်သောအခါ သူ၏အထင်နှင့်အမြင်မှာ တခြားစီဖြစ်နေတော့သည်။ အကြောင်းမှာ ....

နဂါးဂေဟာရှေ့သို့ရောက်သွားလျှင် အစောင့်အကြပ်များက ဖျာဖျာသလဲကြို့ဆိုလာကြသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကြွပါခင်ဗျာ .... ကြွပါ"

တင်ရှောင် အံ့သြသွားသည်။

ညွှသည်များပြန်သွားကြပြီဖြစ်သဖြင့် ညွှခန်းအတွင်း၌ လူရှင်းသွားပြီဖြစ်သည်။ ညွှသည်တစ်ယောက်တည်းသာရှိတော့သည်ကိုတွေ့၏။ နဂါးဂေဟာပိုင်ရှင်သည် ထိုညွှသည်ကိုအလွန် ရို ကျိုးစွာဖြင့်ညွှခံပြုစုနေလေသည်။

ထိုညွှသည်မှာ မိန်းမပျိုပင်ဖြစ်ပေတော့သည်။ တင်ရှောင် လျှောက်လာသည်ကိုမြင်သည့်အခါ မိန်းမပျိုက...

"သူဟာကျွန်မမိတ်ဆွေပဲ... သူ့ကိုရှင်တို့စော်ကားမော်ကား လုပ်ခဲ့ကြတယ်မဟုတ်လား၊ အဲဒါ သူကျေနပ်အောင် ရှင်တို့တောင်းပန်ရလိမ့်မယ်"

နဂါးဂေဟာပိုင်ရှင်က ပျာပျာသလဲပင် ....

"စိတ်ချပါသခင်မလေး... ကျုပ်တို့တောင်းပန်ပါ့မယ်"

ချက်ချင်းပင် တင်ရှောင်ကိုနေရာထိုင်ခင်းပေးပြီး ....

"မိတ်ဆွေလေးကိုစော်ကားသလိုပြုမူမိခဲ့တာကို အနူးအညွတ်တောင်းပန်ပါတယ်၊ ကျုပ်ကိုခွင့်လွှတ်ပါဗျာ"

တင်ရှောင် မျက်လုံးပြူးသွားလေသည်။

မိန်းမပျိုက ....

"ကျွန်မမိတ်ဆွေကို ကိုယ်ထိလက်ရောက်စော်ကားခဲ့ကြတဲ့ ရှင့်တပည့်တွေကိုပါတောင်းပန်ခိုင်းလိုက်ပါ"



"ကောင်းပါပြီဗျာ"

နဂါးဂေဟာပိုင်ရှင်သည် သူ၏တပည့်များကို ချက်ချင်းခေါ်ယူကာ တောင်းပန်ခိုင်းလိုက်လေသည်။ တင်ရှောင်အား တိုက်ခိုက်ခဲ့ကြသောသွေးနဂါးတို့လူစုသည် တင်ရှောင်ရှေ့တွင် ဒူးထောက်ကာ ဦးသုံးကြိမ်ချပြီး သူတို့၏အပြစ်များကို ခွင့်လွှတ်ရန်တောင်းပန်လိုက်ကြလေသည်။

တင်ရှောင်သည်... အိပ်မက်မက်နေသည်ဟုပင် ထင်မိလေတော့၏။ မိန်းမပျိုက ....

"ရှင်တို့တစ်တွေ နောက်နောင် တံငါသည်တွေအပေါ်မှာ မတရားအနိုင်ကျင့်တယ်လို့ သတင်းကြားရင် နဂါးဂေဟာကို ကျွန်မကိုယ်တိုင်ဖျက်ဆီးပစ်မယ်ဆိုတာ မှတ်ထားပါ .... ကျွန်မပြောတာ သဘောပေါက်ကြတယ်နော်"

မိန်းမပျိုက တင်းမာခက်ထန်သောလေသံဖြင့်ပြောလိုက်ရာ နဂါးဂေဟာပိုင်ရှင်နှင့်သွေးနဂါးတို့က ....

"စိတ်ချပါသခင်မလေး"

မိန်းမပျိုကျေနပ်သွားပြီး ....

"ကောင်းပြီ... ရှင်တို့ကတိတည်ပါစေ၊ ကျွန်မအချိန်မရလို့ သွားလိုက်ဦးမယ်"

ပြောပြောဆိုဆို ထိုင်ရာမှထလိုက်၏။

ထို့နောက် တင်ရှောင်ကိုပြုံးပြလိုက်ပြီး ....

www.burmeseclassic.com



"ကဲ .... သွားကြစို့"

ဟု ပြောလိုက်သည်။

တင်ရှောင်လည်း အလိုအလျောက်ပင် ထရပ်လိုက်မိသည်။

မိန်းမပျို့သည် အလွန်ပင်ထူးခြားသူဖြစ်ကြောင်း နားလည်သဘောပေါက်မိလိုက်ပြီမဟုတ်ပါလော။

ထို့ကြောင့် ....

သူသည် ဘာမျှပြောမနေတော့ဘဲ ထိုင်ရာမှထကာ မိန်းမပျို့နောက်သို့လိုက်သွားလေတော့သည်။

××××



အကြံသမား

"ဂျိမ်း"

ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။ သံတိုင်များကာရံထားသော ခိုင်ခံ့လှသည့်သံတံခါးကြီး ပွင့်သွားလေသည်။

ရှမ်းစုလှမ်းကြည့်လိုက်၏။

ထိုအခါ ....

အကျဉ်းခန်းအတွင်းသို့ ဝမ်းဝမ်းလှမ်းဝင်လာသည်ကိုတွေ့မြင်ရလေသည်။

ရှမ်းစုမျက်နှာပြုံးရွှင်သွားသည်။

"ညီမ"

ယခုအခါ .... သူတို့နှစ်ယောက်သည် တရင်းတနှီးဖြစ်နေကြပြီဖြစ်သည်။ ဝမ်းဝမ်း၏မျက်နှာပြုံးရွှင်နေသည်။

"အစ်ကို .... အစ်ကို့ကို ဝမ်းသာစရာစကားပြောရဦးမယ်"

"ဝမ်းသာစရာ .... ဟုတ်လားညီမ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ရှင်… ဆရာက အစ်ကို့ကိုလွှတ်ပေးဖို့ အမိန့်ပေးလိုက်ပါတယ်"

"ဟင် …"

ရှမ်းစု အံ့ဩသွားသည်။ အမျိုးသမီးဂိုဏ်းချုပ် စန္ဒကွမ်းလျှံသည် သူ့အား တစ်ချိန်တွင် သုတ်သင်ပစ်လိမ့်မည်ဟုယုံကြည်ထားသည်။ လွှတ်ပေးလိမ့်မည်မထင်ပါ။ အမျိုးသမီးဂိုဏ်းသည် သူတို့ပိုင်နက်ထဲကျူးကျော်ဝင်လာသည့်ယောကျ်ားသားများကို ချမ်းသာပေးရိုးထုံးစံမရှိခဲ့ဖူးချေ။

ထို့ကြောင့် သိုင်းလောကသားများက အမျိုးသမီးဂိုဏ်းကို ဖြစ်တင်မဝံ့ဖန်ရှိ ချနေကြခြင်းဖြစ်သည်။

အမျိုးသမီးဂိုဏ်းသည် ယောကျ်ားသားများနှင့်ပတ်သက်ပြီး အလွန်သဘောထားတင်းမာလှသဖြင့် နာမည်ဖျက်နေရခြင်းလည်း ဖြစ်လေသည်။

ဝမ်းဝမ်းက …

"အစ်ကို့ကိုပြန်လွှတ်ပေးလိုက်တော့မယ်ဆိုတော့ အစ်ကို ဝမ်းမသာဘူးလားဟင်"

ဟုမေးလိုက်လေသည်။

ရှမ်းစုကခေါင်းခါယမ်းလိုက်သည်။

"ဟင့်အင်း ဝမ်းမသာဘူး"

"ဟင်… ဘာဖြစ်လို့လဲအစ်ကို"



"ဒီကထွက်သွားရရင် ညီမနဲ့ခွဲခွာရတော့မှာပေါ့"

"ရှင် …"

ဝမ်းဝမ်းမျက်နှာလေး နီရဲသွားလေသည်။

"အစ်ကို ဒီကထွက်သွားရမယ်ဆိုရင် ညီမနဲ့ဘယ်တော့မှ ပြန်ဆုံနိုင်မယ်ဆိုတာပြောလို့မရနိုင်တော့ဘူးလေ၊ ညီမနဲ့ခွဲနေရမဲ့အစား ဒီမှာနေပြီးအသတ်ခံလိုက်တာကပိုကောင်းဦးမယ်မဟုတ်လား"

"အို … အစ်ကိုရယ်"

ဝမ်းဝမ်း ခေါင်းလေးငုံ့သွားလေသည်။

ရှမ်းစုကဝမ်းဝမ်း၏လက်ကလေးကိုဆုပ်ကိုင်ကာ …

"ညီမ … အစ်ကို ဒီမှာပဲနေမယ်နော်"

ဝမ်းဝမ်းက ပျာပျာသလဲခေါင်းခါယမ်းလိုက်သည်။

"အစ်ကိုနေလို့မဖြစ်ဘူး၊ ညီမဆရာနဲ့အစ်ကို့ဆရာ သဘောတူညီမှုတစ်ခုပြုလုပ်ထားကြတယ်၊ ညီမတို့ပြန်ဆုံတွေ့ကြရမှာပါ။ အခွင့်အရေးရတုန်း အစ်ကိုသွားပါ၊ ညီမတို့ပြန်တွေ့ကြတာပေါ့"

ရှမ်းစုကျေနပ်သွားလေသည်။ ဝမ်းဝမ်းအား သူစည်းရုံးသိမ်းသွင်းနိုင်လိုက်ပြီမဟုတ်ပါလား။

"ဒါနဲ့ အစ်ကို့ဆရာနဲ့ညီမဆရာ ဘယ်လိုသဘောတူညီမှုရသွားကြတာလဲဟင်"

ရှမ်းစုကမေးလိုက်သည်။

ဝမ်းဝမ်းက …

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို မကြာခင်သိရမှာပါ။ ဆရာစိတ်ပြောင်းမသွားခင် ဒီကနေထွက်သွားဖို့အရေးကြီးတယ်၊ ကဲ... လာပါအစ်ကိုရယ်"

ရှမ်းစု၏လက်ကိုဆွဲကာ ခေါ်သွားလေသည်။

ရှမ်းစုလည်း ဇောဒကတက်မနေတော့ဘဲ ဝမ်းဝမ်းခေါ်ရာ နောက်သို့လိုက်ပါသွားလေသည်။ အမျိုးသမီးဂိုဏ်းချုပ်သည် တစ်သက်လုံးစောင့်ထိန်းလာသည့်သူမ၏သိမဂ္ဂီစည်းမျဉ်းကို ချိုးဖောက်ကာ ရှမ်းစုအားပြန်လွှတ်ပေးလိုက်ပြီဖြစ်သည်။

အဘယ်ကြောင့်ပါနည်း။

xxxx

သိုင်းရာဇာခြံဝင်း...

သိုင်းရာဇာခြံဝင်းသို့ ရှမ်းစုပြန်လည်ရောက်ရှိလာပြီဖြစ်ပါသည်။ သူ့အား သိုင်းရာဇာတင်မင်းက အသင့်စောင့်ကြိုနေသည်။ သိုင်းရာဇာတင်မင်းသည် တစ်ဖက်ခန်းထဲ၌ ရှမ်းစုကိုလက်ခံတွေ့ဆုံလေသည်။

လူချင်းဆုံမိလျှင် ရှမ်းစုကဦးညွှတ်ဂါရဝပြုလိုက်သည်။

"ကျွန်တော်အစွမ်းကုန်ကြိုးစားခဲ့ပေမဲ့ ဦးခိုင်းစေလိုက်တဲ့အတိုင်းဖြစ်မြောက်အောင် မဆောင်ရွက်နိုင်ခဲ့ပါဘူး"

အားတုံ့အားနာဖြစ်ဟန်ဖြင့် ရှမ်းစုကပြောလိုက်သည်။

သိုင်းရာဇာတင်မင်းကလက်ကာပြလိုက်ပြီး ...



"ကိစ္စမရှိဘူး၊ ငါစိတ်ပြောင်းသွားပြီ၊ ကရုဏာသီလရှင်ကို သုတ်သင်ဖို့ကိစ္စဘေးဖယ်ထားလိုက်ပြီ၊ ဒါကြောင့် မင်းကိုဘာမှပြောစရာမရှိတော့ဘူး၊ ဘာမှမပူနဲ့"

ထိုစကားကြောင့် ရှမ်းစုအံ့ဩသွားသည်။

သူ့အတွက် နားအံ့ဩစရာကိစ္စများနှင့်ချည်း ဆက်တိုက်ကြုံတွေ့နေရသည်မဟုတ်ပါလား။

သိုင်းရာဇာတင်မင်းသည် သူ့အားအပြစ်လုံးဝမပြောချေ။ ထို့ပြင် ...

"မင်းဟာ အလားအလာရှိတဲ့ လူငယ်တစ်ယောက်ဆိုတာ ထိုအမျိုးသမီးဂိုဏ်းချုပ်ကိုယ်တိုင်တောင် လက်ခံအသိအမှတ်ပြုခဲ့တယ်၊ ငါသင်ပေးတဲ့ဓားသိုင်းဆယ်ကွက်ကို မင်းထိထိရောက်ရောက် အသုံးပြုနိုင်ခဲ့တာပဲ"

ရှမ်းစုက ...

"ဒါပေမဲ့ ကျွန်တော် သူ့ကိုမယှဉ်နိုင်ဘဲရှုံးနိမ့်သွားပါတယ်"

"အေးလေ... ရှုံးမှာပေါ့၊ သိုင်းကွက်ဆယ်ကွက်တည်းတတ်ရုံနဲ့ အမျိုးသမီးဂိုဏ်းချုပ်ကိုဘယ်လိုယှဉ်နိုင်မှာလဲ၊ ဒါကြောင့် ငါက မင်းကို နောက်ထပ်သိုင်းကွက်ဆယ်ကွက်ထပ်သင်ပေးလိုက်မယ်"

"ဗျာ ..."

ရှမ်းစု ကိုယ့်နားကိုပင် ကိုယ်မယုံနိုင်အောင်ဖြစ်သွားရလေသည်။ သူ့အား အပြစ်မတင်သည့်အပြင် ...

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် သိုင်းဆယ်ကွက် သင်ပေးဦးမည်ဟု ပြောနေသည်မဟုတ်ပါလား။

သိုင်းရာဇာတင်မင်းက ....

"ငါ့မှာ အရေးတကြီးဆောင်ရွက်စရာကိစ္စတွေရှိနေတယ်၊ ဒါကြောင့် အချိန်ဆွဲနေလို့မဖြစ်သေးဘူး။ မင်းကိုအမြန်ဆုံးသင်ပေးရမှာပဲ၊ ကဲ .... လာ၊ ငါနဲ့လိုက်ခဲ့"

ဟုပြောပြီးခေါ်သွားသည်။

ရှမ်းစုလိုက်သွားသည်။

သိုင်းလေ့ကျင့်သည့်သီးသန့်အဆောင်သို့ရောက်လျှင် သိုင်းရာဇာတင်မင်းက ဧကရာဇ်ဓားသိုင်းဆယ်ကွက်ကို ထပ်မံသင်ကြားပြသပေးလိုက်လေတော့သည်။

xxxx

ဆယ့်သုံးရက် ....

ဆယ့်သုံးရက်ဟူသော အချိန်အတွင်း၌ ရှမ်းစုသည် စားချိန်အိပ်ချိန်မှလွဲပြီး သိုင်းရာဇာတင်မင်းသင်ကြားပေးသည့်ဓားသိုင်းကို အပြင်းအထန်ကြိုးစားလေ့ကျင့်ခဲ့လေသည်။

အမှိုးသမီးဆိုက်ဖျဉ်စန့်ကွမ်းလျှံနှင့် ရင်ဆိုင်ပြီးကတည်းက ဧကရာဇ်ဓားသိုင်းသည် အစွမ်းထက်ကြောင်းသိခဲ့ပြီးဖြစ်သည်။

အကယ်၍ သူ့အနေဖြင့် သိုင်းကွက်နှစ်ဆယ်တတ်လျှင်ပင်



စန့်ကွမ်းလျှံအား ကောင်းစွာရင်ဆိုင်နိုင်မည်ဟုယုံကြည်လေသည်။

ထို့ကြောင့် သိုင်းရာဇာတင်မင်းကထပ်မံသင်ကြားပေးသည့်အခါ ကြိုးစားလေ့လာသင်ယူခဲ့ခြင်းဖြစ်လေသည်။

ဧကရာဇ်ဓားကွက်များသည် လျှို့ဝှက်နက်နဲပြီးဆန်းကြယ်လှပေသည်။ အလွန်ပရိယာယ်များသော ဓားသိုင်းလည်းဖြစ်သည်။

ရှမ်းစုကဲ့သို့မှတ်ဉာဏ်ကောင်းပြီး ဝီရိယရှိသူဝင်လျှင် ဆယ့်သုံးရက်လုံးလုံးအပြင်းအထန်သင်ယူလေ့ကျင့်လိုက်သည့်အခါမှ တတ်မြောက်သွားခဲ့ခြင်းဖြစ်သည်။

ယင်းကဲ့သို့ သိုင်းကွက်ဆယ်ကွက် ထပ်မံလေ့ကျင့်တတ်မြောက်ခဲ့သည့်အခါမှ ရှမ်းစုသည် သိုင်းရာဇာတင်မင်း၏အကြံအစည်ကိုသိရှိလိုက်ရလေတော့သည်။

xxxx

ဝါကျင့်ကျင့်မီးအလင်းရောင်သည် အခန်းတွင်း၌ယှက်ဖြာကျရောက်နေလေသည်။ သိုင်းရာဇာတင်မင်းသည် စားပွဲ၌ထိုင်ကာဆေးတံဖွာရှိုက်နေ၏။

တစ်ချက်တစ်ချက်တွင် စားပွဲပေါ်အသင့်ရှိနေသောရေနွေးကြမ်းကိုငှဲ့သောက်သည်။

ထိုအချိန်တွင် .... ဝတ်စားကောင်းလှ ဝတ်ဆင်ထားသောရှမ်းစုသည် အခန်းတွင်းသို့ဝင်ရောက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အခုန်တော့ ယခုကဲ့သို့သိုင်းရာဇာတင်မင်းအနားယူချိန်တွင် မည်သူမျှ သွားအားသွားရောက်နှောင့်ယှက်ခြင်းမပြုရချေ။

ယခု ရှမ်းစုရောက်လာသည်မှာ သိုင်းရာဇာတင်မင်းကခေါ်ထားခြင်းကြောင့်သာဖြစ်ပေသည်။

ရှမ်းစုသည် အခန်းအတွင်းသို့ရောက်သည်နှင့် လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ဂါရဝပြုလိုက်လေသည်။

သိုင်းရာဇာတင်မင်းက ဖွာရှိုက်နေသောဆေးတံကို နှုတ်ခမ်းမှ ချလိုက်ပြီး ....

"သြော် .... မင်းရောက်လာပြီကိုး"

"ဟုတ်ပါတယ်ဆရာ"

သိုင်းရာဇာတင်မင်းက ရှမ်းစုကိုစေ့စေ့ကြည့်ကာ ....

"မင်း ငါ့အတွက်ကိစ္စသုံးခုဆောင်ရွက်ပေးရမယ်လို့ပြောခဲ့တာ မင်းမှတ်မိမှာပေါ့နော်"

ရှမ်းစုခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ မှတ်မိပါတယ်ခင်ဗျာ"

"ဒါပေမဲ့ မင်းကငါခိုင်းလိုက်တဲ့ကိစ္စတစ်ခုကိုတောင် အောင်မြင်အောင် မဆောင်ရွက်နိုင်ခဲ့ဘူးမဟုတ်လား"

"ဟုတ်ပါတယ်.... ကျွန်တော်ကြိုးစားပေမဲ့ မအောင်မြင်ခဲ့ပါဘူး"

သိုင်းရာဇာတင်မင်းကခေါင်းညိတ်ကာ....



"ကောင်းပြီ .... မင်းကိုအပြစ်မတင်ပါဘူး။ မင်းကို နောက်ထပ်တစ်ခုထပ်ပြီးခိုင်းချင်တယ်၊ ဒီတစ်ကြိမ်တော့ အောင်မြင်အောင် ဆောင်ရွက်နိုင်မှဖြစ်မယ်"

အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် သိုင်းဆယ်ကွက်ထပ်မံသင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း ရှမ်းစုနားလည်သဘောပေါက်လိုက်သည်။

ထို့ကြောင့် ဦးညွှတ်ဂါရဝပြုလိုက်ပြီး ....

"စိတ်ချပါဆရာ.... ဒီတစ်ကြိမ်တော့ ဖြစ်မြောက်အောင် ကြိုးစားဆောင်ရွက်ပါ့မယ်လို့ ကတိပြုပါတယ်"

သိုင်းရာဇာတင်မင်းက ကျေနပ်သွားဟန်ဖြင့် ခေါင်းညိတ်လိုက်လေသည်။

"မင်းဆောင်ရွက်နိုင်မယ်လို့ ငါယုံကြည်ပါတယ်၊ ကဲ.... မင်း ဘာလုပ်ရမလဲဆိုတာငါပြောပြမယ်"

"ဟုတ်ကဲ့"

"မင်းဟာ ...."

သိုင်းရာဇာတင်မင်းသည် မည်သို့ပြုလုပ်ဆောင်ရွက်ရမည်ကို ရှမ်းစုအားနှစ်ကိုယ်ကြားတိုးတိုးပြောပြလိုက်လေသည်။

×××

www.burmeseclassic.com

www.burmeseclassic.com



## သက်ခြေလက်၏ကြိုးဝါးသံ

ဝူးရန်မြို့ ----

ဝူးရန်မြို့သည် ကျားခံတပ်သို့သွားရာလမ်းပေါ်တွင် တည်ရှိသောမြို့တစ်မြို့ဖြစ်လေသည်။ ဝူးရန်မြို့လေးသည် စည်ကားပြီး ကျားခံတပ်မှလူများ လာရောက်လေ့ရှိကြသည်။ ကျားခံတပ်အတွက် လိုအပ်သောရိက္ခာဆေးဝါးနှင့်အသုံးအဆောင်ပစ္စည်းများကို ဝူးရန်မြို့လေး၌ပင်ဝယ်ယူကြရသည်မဟုတ်ပါလား။

ရှမ်းစုသည် ကျားခံတပ်နှင့်အနီးဆုံးဖြစ်သောဝူးရန်မြို့လေးသို့ ရောက်ရှိနေသည်။ သူသည် ဝူးရန်လေးမြို့၌ နှစ်ရက်ခန့်နေပြီးသည့်အခါ ကျားခံတပ်အကြောင်းကိုအတော်စုံစုံလင်လင်သိရှိသွားခဲ့လေသည်။ ယခု ကျားခံတပ်မှလူများသည် တစ်ဦးချင်းတစ်ယောက်ချင်းသွားလာခြင်းမပြုကြဘဲ အုပ်စုဖွဲ့ကာသွားလာကြတော့သည်။

နေ့စဉ်ရက်ဆက်လာရောက်ခြင်းလည်း မပြုကြတော့ပါ။

တစ်ပတ်လျှင်တစ်ကြိမ်သာရောက်ရှိလာပြီး----



လိုအပ်သည့်ပစ္စည်းများ သိမ်းကျုံးဝယ်သွားတတ်ကြသည်။

ထို့ပြင် ----

ကျားခုတပ်သို့သွားသည့်လမ်းခွဲတွင်လည်း အစောင့်အကြပ်များထူထပ်စွာချထားလေသည်။

ကျားခံတပ်မှလူများ၏လှုပ်ရှားပုံကိုကြည့်ကာ ကျားခံတပ်သည် တစ်စုံတစ်ခုသောအန္တရာယ်ကိုရင်ဆိုင်ရန်ကြိုတင်ပြင်ဆင်နေကြပုံရှိကြောင်း ဝူးရန် မြို့သူမြို့သားများပင် ရိပ်မိကြလေသည်။

မှန်သည်။ ကျားခံတပ်သည် သက်ခြေလက်၏ခြိမ်းခြောက်မှုခံနေရသဖြင့် အန္တရာယ်ကိုရင်ဆိုင်ရန် အဖက်ဖက်မှပြင်ဆင်ထားကြခြင်းဖြစ်သည်။ ရှမ်းစု ဝူးရန်မြို့သို့ရောက်ရှိလာသည်မှာ သိုင်းရာဇာတင်မင်း၏စေခိုင်းချက်ကြောင့်ဖြစ်သည်။

သိုင်းရာဇာတင်မင်းသည် ကျားခံတပ်ပိုင်ရှင်ပုလောက်အားလုပ်ကြံပြီး ရှစ်ကွက်အင်းတစ်ပိုင်းကိုယူလာရန် ရှမ်းစုအားစေခိုင်းလိုက်ခြင်းဖြစ်လေသည်။ ရှမ်းစုသည် ကရုဏာသီလရှင်အား လုပ်ကြံရန်ကြိုးစားစဉ်က အောင်မြင်မှုမရခဲ့ပါ။ ထို့ကြောင့် ယခုတစ်ကြိမ်တွင် အလောတကြီးမလုပ်တော့ဘဲ အခြေအနေစောင့်ကြည့်နေခဲ့သည်။

ယင်းသို့စောင့်ကြည့်ခဲ့သဖြင့် သူသည် မမျှော်လင့်ဘဲ ကျားခံတပ်၏လျှို့ဝှက်ချက်တစ်ခုကိုသိလိုက်ရလေတော့သည်။

xxxx

www.burmeseclassic.com

www.burmeseclassic.com



ပန်းကလေး ....

ပန်းကလေးသည် အလွန်ချောမောလှပသည့်မိန်းကလေးတစ်ယောက်ဖြစ်ပါသည်။ ရှုရန်မြို့၏ပျားဂေဟာတွင် နာမည်အကြီးဆုံး၊ ဈေးအကြီးဆုံးပျော်တော်ဆက်ဖြစ်သည်။

သူမ၏ပြုစုယုယမှုကိုခံယူလိုလျှင် အသပြာသုံးထောင်ပေးရမည်ဖြစ်သည်။ သို့သော် .... လူတိုင်းကိုလက်ခံသည်မဟုတ်ပါ။ သူမစိတ်တိုင်းကျသူကိုသာရွေးချယ်လက်ခံခြင်းဖြစ်သည်။

ထို့ကြောင့် .... သူမအား အလွန်ကြီးကျယ်သူ၊ ဘဝင်မြင့်သူဟု မကျေမနပ်ဖြစ်သူများရှိသည်ထင်လျှင် အမှားကြီးသွားမည်ဖြစ်လေသည်။ သူမ၏ပြုစုယုယမှုခံခွင့်ရမည်ဆိုလျှင် ငွေသုံးထောင်မက၊ ငွေသုံးသောင်းအကုန်ကျခံရမည်ဆိုလည်း အကုန်ခံမည့်သူများရှိကြလေသည်။

ထိုမျှကျော်ကြားလှသောမိန်းကလေးထံ တံခါးမရှိ ဓားမရှိ ဝင်ထွက်နိုင်သူဟူ၍တစ်ယောက်တည်းသာရှိပေသည်။ ထိုလူမှာကျားခံတပ်ပိုင်ရှင်၏သား သခင်လေးပုအိမ်းပင်ဖြစ်လေသည်။

xxxx



ပန်းကလေး ....

ချောမောလှပသော ပန်းကလေးသည် ယနေ့တွင် ပို၍ ချောမောလှပနေလေသည်။ သခင်လေးပုအိမ်းက သူမအား တပ်မက်စွာကြည့်လိုက်သည်။ ပန်းကလေးက ....

"ရော့ .... အစ်ကိုကြီး သောက်လိုက်ဦး"

အရက်တစ်ခွက် ငှဲ့ပေးလိုက်သည်။ သခင်လေးပုအိမ်းသည် ပန်းကလေးထံသို့ရောက်တိုင်း အရက်ကိုမူးအောင်သောက်လေ့ရှိလေသည်။ အရက်မူးလာသောအခါ ခွန်အားပြည့်ဖြိုးကာ အလွန်သန်စွမ်းလာသည်ဟုယုံကြည်ထားခြင်းကြောင့်ဖြစ်သည်။

သို့မှလည်း ပန်းကလေးကသူ့အားသဘောကျမည်ဟုယူဆထားသည်။ သခင်လေးပုအိမ်းသည်ဉာဏ်ကောင်းသူ၊ ပါးနပ်သူ၊ သိုင်းပညာတော်သူဖြစ်သည်။ သို့သော် .... သူ၏ချွတ်ယွင်းချက်မှာ အပျော်အပါးဝါသနာထုံခြင်းဖြစ်သည်။

"ဟား .... ဟား .... ဟား"

သခင်လေးပုအိမ်းသည် သဘောကျစွာရယ်မောလိုက်၏။ အရက်ခွက်ကိုယူကာ တစ်ရှိန်ထိုးမော့ချသည်။

တစ်ဆက်တည်းပင် ....

"ကျုပ် အချိန်မဆွဲနိုင်တော့ဘူး"

ဟုပြောကာ ပန်းကလေးကိုရင်ခွင်တွင်းသို့ဆွဲသွင်းလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း .... ဟင်း .... ဟင်း"

ပန်းကလေးကလည်း ရယ်မောသည်။

"အစ်ကို ခုတစ်လောပျောက်ချက်သားကောင်းနေလိုက်တာ၊ ကျွန်မကမျှော်တောင်နေမိတာရှင့်"

"ဟုတ်တယ် ဖေဖေ့မှာ ပြဿနာပေါ်နေလို့ ဘယ်မှထွက်လို့မရဘူးဖြစ်နေတယ်"

"ဘယ်လိုပြဿနာပေါ်နေတာလဲ၊ ပြောပါဦး"

"ဖေဖေ့ကို ရန်သူတစ်ယောက်ကဒုက္ခပေးမလို့တဲ့ညီမရဲ့"

"ဩော် .... ရန်သူပေါ်လာတာကိုး"

"ဟုတ်တယ်"

"အစ်ကိုတို့ ရန်သူကဘယ်သူလဲ"

သခင်လေးပုအိမ်းက ....

"ဒါတွေမသိချင်ပါနဲ့ကွယ်၊ အချိန်ရှိတုန်း အစ်ကိုတို့...."

သူ စကားကိုဆုံးအောင်မပြောတော့ပါ။

"အို ...."

ပန်းကလေး၏ညည်းတွားသံ ထွက်ပေါ်လာလေသည်။

xxxx



ညဥ့်နက်ပြီဖြစ်သည်။

လမ်းကြားလေးအတိုင်း လူတစ်ယောက်ခြေလှမ်းကျဲကျဲဖြင့် လျှောက်လာလေသည်။ သခင်လေးပုအိမ်းဖြစ်ပါသည်။

ခါတိုင်းဆိုလျှင် မိုးစင်စင်လင်းမှပြန်လေ့ရှိသည်။ ယခုတော့ ပန်းကလေးထံ၌ ကြာကြာမနေနိုင်ဘဲ ပြန်လာခဲ့ခြင်းဖြစ်သည်။

လမ်းကြားလေးမှထွက်ကာ ကျားခံတပ်ဆီဦးတည်သော လမ်းပေါ်ခြေချလိုက်သည်။ ဤတွင် ....

"ဟင် ...."

သခင်လေးပုအိမ်း၏ခြေလှမ်းများ တုံ့ခနဲရပ်သွားလေသည်။

အကြောင်းမှာ .... ရှေ့တွင် လူတစ်ယောက် လမ်းပိတ်ထားသည်ကိုတွေ့မြင်လိုက်ရခြင်းကြောင့်ဖြစ်သည်။

လမ်းပိတ်ထားသူမှာ ရှမ်းစုဖြစ်သည်။

ရှမ်းစုက ....

"သခင်လေးပုအိမ်းကို ကြိုဆိုပါတယ်ခင်ဗျာ"

ပုအိမ်းကထိတ်လန့်တုန်လှုပ်စွာဖြင့် ....

"ခင် .... ခင်ဗျားဘယ်သူလဲ"

ဟုမေးလိုက်၏။ ရှမ်းစုက ....

"ကျုပ်ဘယ်သူဆိုတာအရေးမကြီးဘူး... ကျုပ်စကားကို သခင်လေးနားထောင်ဖို့ပဲလိုတယ်"

"ဘာဗျ"

www.burmeseclassic.com

www.burmeseclassic.com



ပုအိမ်း ဒေါသထွက်သွားသည်။ လက်ဝါးနှစ်ဖက်ဆန့်ထုတ်ကာ ချက်ချင်းတိုက်ခိုက်လိုက်လေသည်။ သို့သော် .... အရက်အလွန်အကျွံသောက်ပြီး ပန်းကလေးနှင့်နေခဲ့ခြင်းကြောင့် သူ၏တိုက်ကွက်သည် ထင်သလိုထိရောက်မှုရှိမည်မဟုတ်ကြောင်းနားလည်ထားလေသည်။

သူကလက်ဝါးကိုအသုံးပြုလိုက်သော်လည်း ရှမ်းစုကမူ ဓား ကိုအသုံးပြုလိုက်လေသည်။

ရုတ်တရက် ဝင်းလက်တောက်ပသောဓားရောင်များ ထွက်ပေါ်လာလေသည်။ ပုအိမ်း ရင်ထိတ်သွားပြီး ကမ္ဘာကယာနောက်ဆုတ်ရန်ဟန်ပြင်လိုက်၏။ ထိုတဒင်္ဂအချိန်အတွင်းမှာပင် ရှမ်းစု၏ဓား သည် ပုအိမ်း၏ရင်ဝ၌ ထောက်မိလိုက်လေသည်။

"အင့်"

ပုအိမ်း အထိတ်တလန့်ရေရွတ်လိုက်သည်။ သူသည် ကျ ခံတပ်ပိုင်ရှင်၏သားဖြစ်သည်နှင့်အညီ ထိပ်တန်းသိုင်းပညာများ တတ် မြောက်ထားလေသည်။

တော်ရုံတန်ရုံလူကို သိုင်းကွက်တစ်ကွက်တည်းဖြင့် ရှုံးနိ သွားစရာအကြောင်းမရှိပါချေ။

"မင်း အသက်မသေချင်ရင် ငါပြောတာနားထောင်ရမယ်"

ပုအိမ်းကအံကြိတ်ကာ ....

"ကျုပ်ဘာလုပ်ပေးရမလဲ"



"မင်းအဖေနဲ့ ငါတွေ့ချင်တယ်"

ပုအိမ်းမျက်နှာပျက်သွားသည်။

"ခင်ဗျား .... ခင်ဗျားဟာ သက်ခြေလက်လား"

ရှမ်းစုရယ်မောလိုက်သည်။

"ငါက သက်ခြေလက်နဲ့တူနေလို့လား"

"သက်ခြေလက်က ဘယ်တော့မှဓားကိုအသုံးမပြုဘူးလို့ ပြောကြတာပဲ"

"အေး .... ငါကသက်ခြေလက်မဟုတ်သလို သက်ခြေလက်နဲ့လဲ ဘာမှမပတ်သက်ဘူး"

"ဒါဖြင့် ခင်ဗျားဘယ်သူလဲ"

"ငါက မင်းအဖေရဲ့ရှစ်ကွက်အင်းတစ်ပိုင်းကိုလိုချင်နေတဲ့ လူပဲ"

ပုအိမ်း၏မျက်လုံးများ အရောင်တစ်ချက်လက်သွားသည်။

"ဟုတ်ပြီ .... ခင်ဗျားဘယ်သူဆိုတာကျုပ်သိပြီ၊ ခင်ဗျားဟာ သိုင်းရာဇာတင်မင်း လွှတ်လိုက်တဲ့လူပဲဖြစ်ရမယ်"

ထိုစကားကြောင့်....

ရှမ်းစု၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားသည်။

ပုအိမ်းသည် အလွန်ပါးနပ်သူဖြစ်နေကြောင်း လက်တွေ့သိလိုက်ရပြီဖြစ်သည်။

ပုအိမ်းက ....

www.burmeseclassic.com

www.burmeseclassic.com



"သိုင်းရာဇာတင်မင်းရဲ့လက်ထဲမှာ ကျုပ်အဖေပေးခဲ့တဲ့ ရှစ်ကွက်အင်းတစ်ပိုင်းရှိနေတယ်၊ အဲဒီတစ်ပိုင်းရထားတော့ရထားတော့ လောဘတက်လာပြီး ကျန်တဲ့တစ်ပိုင်းကိုရယူဖို့ ကြိုးစားခိုင်းလိုက်တာပဲမဟုတ်လား"

ရှမ်းစုက နှာခေါင်းရှုံ့ကာ ....

"မင်းဘာပြောပြော ငါ့အတွက်အရေးမကြီးဘူး၊ အရေးကြီးတာက ရှစ်ကွက်အင်းရဖို့ပဲ"

ပုအိမ်းက ....

"ရှစ်ကွက်အင်းက ကျုပ်အဖေလက်ထဲမှာရှိနေတာဗျ"

"ကိစ္စမရှိပါဘူး၊ မင်းယူပေးလို့ဖြစ်ပါတယ်"

"ဘာ.... ကျုပ်ကယူပေးရမယ်"

"ဟုတ်တယ်"

"ခင်ဗျားရူးနေပြီလား ကျုပ်က ဘာကြောင့်ယူပေးရမှာလဲ"

"မင်းအသက်ကိုမငှဲ့ချင် နေပေါ့"

"ဟား .... ဟား .... ဟား"

ပုအိမ်းက ဟားတိုက်ရယ်မောလိုက်သည်။ သူ့အား ခြိမ်းခြောက်သည်ကို လုံးဝအရေးမစိုက်သည့်သဘောဖြစ်သည်။

ရှမ်းစုက ....

"မင်းနဲ့အတူတူ ပန်းကလေးရဲ့အလောင်းကိုပါ ထည့်သွင်းမြှုပ်နှံပေးဖို့ ငါကတိပေးပါတယ်ကွာ"



"ဘာ...."

"ပန်းကလေးကို မင်းနဲ့တစ်ပါတည်း ခေါ်သွားချင်မယ်ဆိုတာ ငါသိပါတယ်"

"ခင် .... ခင်ဗျား"

ရှမ်းစုက ....

"ဒါမှမဟုတ် ပန်းကလေးကို အရင်သွားခိုင်းလိုက်ရမလား၊ ကြိုက်သလိုသာပြော"

"ခင် .... ခင်ဗျား ယုတ်မာလှချည်လား"

"မင်း ကြိုက်သလိုပြောနိုင်တယ် .... အရေးကြီးတာက ရှစ်ကွက်အင်းကိုရဖို့ပဲ"

"တောက်"

ပုအိမ်း တက်ခေါက်လိုက်သည်။ ရှမ်းစုက ....

"ကဲ .... သွားကြရအောင်"

"ဘယ်ကိုသွားရမလဲ"

"မင်းအဲဖေဆီကိုသွားကြမယ်လေ"

"ဘာကွ"

"မင်းအဖေက ရှစ်ကွက်အင်းနဲ့ မင်းရဲ့အသက် ဘယ်ဟာကို ပိုပြီးတန်ဖိုးထားတယ်ဆိုတာ သွားမေးကြည့်ကြတာပေါ့"

ပုအိမ်း မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားက ကျုပ်တို့ကျားခံတပ်ကိုလိုက်ရဲလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"သိမ်လိုက်ရတာပေါ့"

"ဒါဆိုရင်တော့ ရှစ်ကွက်အင်းရဖို့နီးစပ်ပါတယ်၊ ကဲ.... သွားကြရအောင်"

ရှမ်းစုက ....

"မင်း ရှေ့ကသွား"

ပုအိမ်းထွက်သွားသောအခါ ရှမ်းစုက အလွတ်မပေးဘဲ ခားဖြင့်ထောက်ကာလိုက်သွားသည်။ ပုအိမ်းသည် ရှမ်းစုမှာအလွန်မိုက်မဲသူဟုထင်မှတ်မိလေသည်။ ကျားခံတပ်သို့ လိုက်လာခြင်းသည် ကျားပါးစပ်ထဲသို့ဝင်သည်နှင့်အတူတူပင်မဟုတ်ပါလား။

မည်သို့ဆိုစေ ....

ရှမ်းစုအနေဖြင့်လိုက်လာပုံမှတော့ သူကလည်း ခေါ်ဆောင်သွားရုံသာရှိတော့သည်။

ကျားနှင့်ဆင် လယ်ပြင်မှာတွေ့ကြပေတော့မည်။

××××

ကျားခံတပ် ....

ကျားခံတပ်တစ်ခုလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။ ရန်သူတစ်ယောက်သည် သခင်လေးပုအိမ်းအား ဓားစာခံအဖြစ် ဖမ်းဆီးဝင်ရောက်လာသည်ဟူသောသတင်းသည် ကျားခံတပ်ပိုင်ရှင် ပုလောက်ထံသို့ ချက်ချင်းရောက်ရှိလာလေသည်။



ထိုသတင်းကြောင့် ပုလောက် ဒေါသခြောင်းခြောင်းထွက်သွားသည်။

"တွေ့ကြသေးတာပေါ့ကွာ"

ဒေါသတကြီးကြုံးဝါးပြီး ဓားဆွဲကာထွက်လာလေသည်။

မကြာပါချေ။ ကျားခံတပ်ရှေ့တွင် ပုအိမ်းအား ဖမ်းဆီးလာသည့်ရှမ်းစုနှင့် ရင်ဆိုင်မိလိုက်လေသည်။

"ဖေဖေ"

ပုအိမ်းကအားကိုးတကြီးခေါ်လိုက်သည်။ ပုလောက်က ....

"ဟေ့ကောင်.... ဒါဘာလုပ်တာလဲ၊ ငါ့သားကိုလွှတ်လိုက်စမ်း"

ပုလောက် ဒေါသကြီးနေသလောက် ရှမ်းစုမှာမူ အေးစက်စက်နိုင်လှပေသည်။

သူသည် ဟက်ခနဲရယ်လိုက်ပြီး....

"စိတ်ချပါ ခင်ဗျားသားကိုလွှတ်လိုက်ပါ့မယ်၊ ဒါပေမဲ့ ကျုပ်လိုချင်တာတော့ပေးရလိမ့်မယ်"

"ဘာကွ"

"ခင်ဗျားဆီကရှစ်ကွက်အင်းကိုပေးပါ။ ခင်ဗျား သားကို ချက်ချင်း လွှတ်ပေးလိုက်မယ်"

"ဟင် .... မင်း .... မင်း"

ရှမ်းစုက လက်ဖြန့်ကာ ....

www.burmeseclassic.com

www.burmeseclassic.com



"ရှစ်ကွက်အင်းကိုပေးပါ။ ခင်ဗျားသားကိုလွှတ်ပေးမယ်"

ပုလောက် မျက်မှောင်ကုတ်သွားပြီး ....

"မင်း .... မင်းက သက်ခြွေလက်မဟုတ်ဘူးပေါ့"

"မဟုတ်ဘူးပါ ကျုပ်က ရှစ်ကွက်အင်းအတွက်လာခဲ့တာပါ"

ဝုလောက် မဲ့ပြုံးပြုံးလိုက်သည်။

"ငါသိပြီ... မင်းကိုသိုင်းရာဇာတင်မင်းလွှတ်လိုက်တာပဲဖြစ်မယ်"

"ဒါတွေပြောမနေပါနဲ့တော့လေ၊ ခင်ဗျားဆီကရှစ်ကွက်အင်းပေးမလား မပေးဘူးလားဆိုတာပဲပြောပါ"

"မပေးဘူးကွ"

ပုလောက်က မဆိုင်းမတွပင် ခပ်ပြင်းစွာပြောလိုက်သည်။

ရှမ်းစုကမဲ့ပြုံးပြုံးကာ ....

"ကောင်းပြီလေ... ဒါဆို ခင်ဗျားသားသေရတော့မှာပေါ့"

ပြောပြောဆိုဆို ပုအိမ်းအား ဓားဖြင့်ခုန်ချ၍ဟန်ပြင်လိုက်၏။

ထိုစဉ် ....

"ဟား .... ဟား .... ဟား"

ရယ်မောသံကြီးတစ်သံ ကျယ်လောင်စွာထွက်ပေါ်လာသည်ကိုကြားလိုက်ရလေသည်။ ထိုရယ်သံကြီးကြောင့် ဝုလောက်သာမက ရှမ်းစုပါကြောင်အမ်းအမ်းဖြစ်သွားသည်။ ရယ်သံသည် ကျားခံတပ်၏အဆောက်အအုံခေါင်မိုးပေါ်မှထွက်ပေါ်လာခြင်းဖြစ်၏။



ရှမ်းစုကို ကျားခံတပ်မှလူများကဝိုင်းရံထားကြသည်။

ရှမ်းစုသာ ပုအိမ်းကိုဓားစာခံပြုလုပ်မလာလျှင် စိစိညက်ညက်ဖြစ်အောင်ဝိုင်းဝန်းတိုက်ခိုက်လိုက်ကြမည်မှာ မလွဲကေန်ပင်ဖြစ်သည်။ ရှမ်းစုက ဖြောင်ကျကျ လာရောက်ဒုက္ခပေးနေခြင်းကြောင့် အားလုံးအံ့ဩနေကြသလို ခပ်ပြင်းဒေါသလည်းထွက်နေမိကြ၏။

အကယ်၍သာ... တိတ်တဆိတ်ထိုးဖောက်ဝင်ရောက်လာပါက ယခုကဲ့သို့ လွယ်မည်မဟုတ်ပါ။ တိုက်ပွဲအဆင့်ဆင့်နှင့်ရင်ဆိုင်ရပြီးမှ ကျားခံတပ်ရှေ့သို့ ရောက်ရှိနိုင်မည်ဖြစ်သည်။

ယခု ....

ရှမ်းစုက ပုအိမ်းကို ဓားစာခံအဖြစ်ခေါ်ကာ ဝင်ရောက်လာသကဲ့သို့ မည်သူမှမသိလိုက်ရဘဲ ခေါင်မိုးပေါ်လူတစ်ယောက်ရောက်ရှိလာခဲ့ပြီဖြစ်လေသည်။

အားလုံး မော့ကြည့်လိုက်ကြစဉ်မှာပင် လူရိပ်တစ်ခုသည် ငှက်ကြီးတစ်ကောင်ပမာ ခေါင်မိုးပေါ်မှခုန်ဆင်းလာလေတော့၏။

xxxx

လူတစ်ယောက် ခေါင်မိုးပေါ်မှ ခုန်ဆင်းလာလေသည်။

ထိုလူကို ကျားခံတပ်မှအစောင့်များက ချက်ချင်းဝိုင်းရံထားလိုက်ကြလေသည်။ တိုက်ခိုက်ရန်ဟန်ပြင်လိုက်ကြစဉ် ....

"ရပ်လိုက်"

www.burmeseclassic.com

www.burmeseclassic.com



ကျားခံတပ်ပိုင်ရှင် ပုလောက်က ဟန့်တားလိုက်လေသည်။

ကျားခံတပ်သို့ အန္တရာယ်ကျရောက်လာလိမ့်မည်ဟု မျှော်လင့်ထားခဲ့သည်။ ယခုတော့ အန္တရာယ်သည် ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာခဲ့ပြီ ဖြစ်ပါသည်။

ထို့အတွက် ဘာမှစိုးရိမ်ပူပန်နေစရာလိုတော့မည်မဟုတ်ပါ။ အန္တရာယ်ကို ရင်ဆိုင်လိုက်ရုံသာရှိတော့သည်မဟုတ်ပါ လား။

ခံပြင်းစရာကောင်းသည်မှာ ရှစ်ကွက်အင်းကိုတစ်ဝက်တစ်ခြမ်းပေးခဲ့သည့်တိုင်း သိုင်းရာဇာတင်မင်းက ကူညီခြင်းမပြုသည့်ပြင် အကောက်ကြံလာခြင်းဖြစ်လေသည်။

ပုလောက်က ခေါင်မိုးပေါ်မှ ခုန်ဆင်းလာသူကို မျက်မှောင်ကုတ်ကာကြည့်လိုက်ပြီး ----

"မင်းကသက်ခြေလက်ဝါးလား"

ဟုမေးလိုက်၏။ ထိုလူမှာ လူငယ်တစ်ယောက်ဖြစ်သည်။ သက်ခြေလက်သည် ရုပ်ဖျက်ပညာအလွန်တော်ပြီး ပုံသဏ္ဌာန်အမျိုးမျိုးရုပ်ဖျက်ကာလှုပ်ရှားလေ့ရှိသည်။ ထိုလူငယ်က ----

"ဟုတ်ပါတယ်ဗျာ၊ သက်ခြေလက်ဝါးဆိုတာကျုပ်ပါပဲ"

ဟု ပြောလိုက်သည်။ ပုလောက်က ----

"သက်ခြေလက်ဟာ အတော်ကြောက်စရာကောင်းတယ်လို့နာမည်ကြီးနေတာပဲ၊ ခုတော့လဲ ဘာမှအထင်ကြီးစရာမရှိပါလား"

ဟုပြောကာ ဟားတိုက်ရယ်မောလိုက်သည်။



လူငယ်က----

"ကျုပ်နဲ့တွေ့တဲ့လူတိုင်းက ဒီလိုပြောခဲ့ကြတာချည်းပါပဲဗျာ"

ဟု လေသံအေးအေးဖြင့်ပြောသည်။

ပုလောက်က ----

"နေပါဦး ---- မင်းနဲ့ငါ ဘယ်လိုရန်ငြိုးရန်စရှိလို့လဲ"

ဟုမေးလိုက်သည်။ သက်ခြေလက်က ----

"ခင်ဗျားရဲ့လူတွေက ဒုစရိုက်မှုတွေလုပ်နေတယ်၊ အဲဒါကို ခင်ဗျားကသိလျက်နဲ့ လက်ပိုက်ကြည့်နေခဲ့တယ်၊ ဒါကြောင့် ခင်ဗျားမှာလဲအပြစ်ရှိတယ်"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ ခင်ဗျားတို့ ကျားခံတပ်က ကွယ်ရာမှာ ထင်ရာစိုင်းနေလို့ဒုက္ခရောက်ရတဲ့လူမနည်းတော့ဘူး၊ ခင်ဗျားတို့ရဲ့မကောင်းတဲ့လုပ်ရပ်တွေကိုဟန့်တားဖို့ ကျုပ်ဆုံးဖြတ်လိုက်တာပဲ"

ပုလောက်က ----

"မင်းက နေရာတကာမှာဝင်ရှုပ်တာကို ကျုပ်တို့ကဂရုစိုက်ရမှာလား"

ဟုအော်ပြောလိုက်၏။ သက်ခြေလက်က ----

"ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်ကလဲ လုပ်စရာရှိတာကိုဆက်လုပ်သွားရမှာပါ"

ပုလောက်သည် ဒေါပွလာခြင်းကြောင့် ----

www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင်တွေ .... ဘာလုပ်နေကြတာလဲ၊ ဝိုင်းတိုက်ကြပါတော့လား"

ဟုသူ၏လူများကိုအမိန့်ပေးလိုက်လေသည်။ ထိုအခါ ....

"တိုက်ကြဟေ့"

"ယား"

ကျားခံတပ်မှ အစောင့်များသည် လက်နက်ကိုယ်စီဝှေ့ယမ်းကာ ပြေးဝင်တိုက်ခိုက်လိုက်ကြလေသည်။ သက်ခြေလက်က လက်ဝှေ့ယမ်းကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ကျားခံတပ်၌ တိုက်ပွဲတစ်ခုဖြစ်ပေါ်လာလေတော့သည်။

xxxx

ကျားခံတပ်မှလူများသည် ပုအိမ်းအားဖမ်းဆီးခေါ်ဆောင်လာကြသည့် ရှမ်းစုအား တိုက်ခိုက်ရန်ဟန်ပြင်ထားကြလေသည်။

သို့သော်.... တကယ်တမ်းတွင် သူတို့သည် နောက်မှရောက်လာသည့်သက်ခြေလက်အားတိုက်ခိုက်လိုက်ကြရလေသည်။

တိုက်ပွဲဆင်နွှဲရန် ရှေးမဆွကပင်ပြင်ဆင်ထားကြသူများဖြစ်ရာ တိုက်ပွဲဆင်နွှဲလိုက်သည်နှင့် ကြောက်မက်ဖွယ်ကောင်းအောင်ပြင်းထန်လာလေသည်။

ကြယ်ရောင်လရောင်အောက်တွင် ဓားရောင်၊ လှံရောင်များဖွေးဖွေးလှုပ်သွားလေတော့၏။



ကျားခံတပ်မှလူများ ဝိုင်းရံတိုက်ခိုက်မှုကြောင့် အသက်ခြေလက် လဲကျသေဆုံးသွားရတော့မည်ဟုဝင် ထင်ရလေသည်။

ရှမ်းစုသည် အခြေအနေရှုပ်ထွေးသွားခြင်းကြောင့် မည်သို့ပြုလုပ်ရမည်ကိုစဉ်းစားမရဖြစ်သွား၏။ ထိုစဉ်မှာပင် ....

"ဝုန်း"

"အား"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှသောအော်ဟစ်သံများ ကျယ်လောင်စွာထွက်ပေါ်လာလေသည်။ ကျားခံတပ်မှလူများ ဖရိုဖရဲဖြစ်သွားကြသည်ကို တွေ့လိုက်ရလေသည်။ သက်ခြေလက်က မည်သို့ပြန်လည်တိုက်ခိုက်လိုက်သည်ကိုမူ ရှမ်းစုမတွေ့မမြင်လိုက်ရချေ။ ထိုစဉ် ....

"သက်ခြေလက်က အောက်တန်းကျတဲ့အဆိပ်ပညာကိုလဲအသုံးပြုတတ်သေးတာကိုး"

ကျားခံတပ်ပိုင်ရှင်ပုလောက်၏အသံ ထွက်ပေါ်လာသည်ကိုကြားလိုက်ရလေသည်။

"ဟား .... ဟား .... ဟား"

သက်ခြေလက်က ရယ်မောလိုက်သည်။

"ကျားခံတပ်ကလူတွေကိုဆုံးမရာမှာ သိုင်းလောကစည်းကမ်းစောင့်ထိန်းစရာလိုသေးလို့လား"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်၏။ ပုလောက်က ....

"ကျားခံတပ်ကလည်း မင်းကို သုတ်သင်ရှင်းလင်းရာမှာ သိုင်းလောကစည်းကမ်းကို စောင့်ထိန်းစရာမလိုဘူးပေါ့"

စကားဆုံးလျှင် လက်ရှေ့ယမ်းပြလိုက်သည်။ ထိုအခါ ....

ကျားခံတပ်မှလူများသည် လေးမြားများဆွဲကိုင်ပြီး ပစ်ခတ်ရန် အသင့်ပြင်ထားလိုက်ကြလေသည်။

"ဟား .... ဟား .... ဟား"

သက်ခြေလက် ရယ်မောလိုက်သည်။

"ကျူပ်သာကြောက်တတ်ရင် သိုင်းလောကရဲ့ လူယုတ်မာတွေကိုလိုက်ပြီး ဆုံးမမှာမဟုတ်ဘူး"

စကားဆုံးလျှင် မြေပေါ် ခြေဆောင့်ကာ ပုလောက်ထံခုန်ဝင်သွားလေသည်။ ပုလောက်ထိတ်လန့်သွားပြီး ....

"ပစ် ...."

ဟုအော်ပြောလိုက်၏။

လေးမြားကိုင်ဆောင်ထားကြသူများက တရစပ်ပစ်ခတ်လိုက်ကြလေသည်။ ရှမ်းစုထိတ်လန့်သွားသည်။

ရှုးသွပ်နေကြသူများပမာ တစ်ဖက်နှင့်တစ်ဖက်တိုက်ခိုက်ရန်ကြိုးစားအားထုတ်နေကြသူများကြားတွင်နေလျှင် အန္တရာယ်ရှိကြောင်း ရိပ်မိလိုက်၏။

ထို့ကြောင့် .... ပုအိမ်းကိုဆွဲကာနောက်ဆုတ်လိုက်သည်။



"ဝှစ် .... ဝှစ် .... ဝှစ်"

မြားတံများသည် သက်ခြေလက်ထံသို့ တစ်ဟုန်ထိုးပစ်လွှင့်သွားလေသည်။ သက်ခြေလက်က သူ၏အနက်ရောင်ဝတ်ရုံကြီးကို ရှေ့ယမ်းလိုက်ရာ ....

"ဟူး .... ဟူး .... ဟူး"

လေတိုးသံများထွက်ပေါ်လာပြီး မြားတံများသည် ရိုက်ထုတ်ခံလိုက်ရသည့်ပမာလည်ထွက်သွားပြီး နောက်ကြောင်းပြန်လွှင့်ထွက်သွားလေသည်။ ဤတွင် .... မြားတံများသည် မြားပစ်သူများထံသို့ တန်းတန်းမတ်မတ်ပြန်လည်ပစ်လွှင့်ဝင်ရောက်သွား၏။

"အား"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများထွက်ပေါ်လာလေသည်။

မြားပစ်သူများ၏ရင်ဝသို့ မြားတံများသည် ထုတ်ချင်းပေါက်ဝင်သွားခြင်းကြောင့် မြေပေါ် အတုံးအရုံးလဲကျသွားလေတော့သည်။

"ဟာ ...."

ပုလောက် အထိတ်တလန့်ရေရွတ်လိုက်သည်။ သူ၏လူများ ယခုလိုခံလိုက်ရမည်မထင်မိချေ။ သက်ခြေလက်သည် နှယ်နှယ်ရရလူတစ်ယောက်မဟုတ်ကြောင်း သဘောပေါက်သွားတော့သည်။

သက်ခြေလက်သည် ပုလောက်ထံသို့ခုန်ဝင်လာပြီး ....

www.burmeseclassic.com

www.burmeseclassic.com



"ပြေးနိုင်ရင်ပြေး"

ဟုငေါက်ကာ လက်ဝါးဖြင့်ရိုက်ချလိုက်သည်။ ပုလောက် မျက်လုံးပြူးသွားသည်။ သက်ခြေလက်၏လက်ချက်ဖြင့် ဒုက္ခရောက်ရတော့မည်ဖြစ်ကြောင်း သဘောပေါက်သည်နှင့်အနီးရှိအစောင့်တစ်ယောက်အားဆွဲယူကာ ခုန်ဝင်လာသည့်သက်ခြေလက်ထံပစ်ပေါက်လိုက်လေသည်။ အစောင့်မှာ သက်ခြေလက်၏လက်ဝါးရိုက်ချက်ကို ပုလောက်ကိုယ်စားခံလိုက်ရလေသည်။

"ဝုန်း"

"အား ...."

အစောင့်မှာ အဝေးသို့လွင့်စဉ်သွားတော့သည်။ ပုလောက်သည် အခွင့်အရေးရလိုက်သည်နှင့် ကပျာကယာနောက်ခုန်ဆုတ်ကာ ရှောင်တိမ်းလိုက်သည်။

တစ်ဆက်တည်းမှာပင် ....

"ဟေ့ .... မင်းရဲ့ဆရာကို ငါက ရှစ်ကွက်အင်းတစ်ဝက်ပေးခဲ့တာ သက်ခြေလက်ရဲ့အန္တရာယ်က ကာကွယ်ပေးဖို့ပဲ၊ မင်းဆရာက ဘာမှလုပ်မပေးနိုင်ရင် ကျန်တဲ့တစ်ဝက်ကို ဖျက်ဆီးပစ်လိုက်ဖို့ပဲရှိတော့တယ်ကွ"

ဟု ရှမ်းစုအား အော်ပြောလိုက်သည်။ ထို့နောက် .... အင်္ကျီအိတ်ထဲမှ တစ်စုံတစ်ခုကိုထုတ်ယူလိုက်၏။ ရှစ်ကွက်အင်းတစ်ပိုင်းကို ထုတ်ယူလိုက်ခြင်းဖြစ်သည်။



ရှမ်းစု ထိတ်လန့်သွားသည်။

ရှစ်ကွက်အင်းသည် သိုင်းရာဇာတင်မင်းအတွက် အလွန်အရေးပါကြောင်း သိထားသည်။ ထို့ကြောင့် ....

"မလုပ်နဲ့"

ဟု ကပျာကယာအော်ဟစ်လိုက်လေသည်။

ထိုတဒင်္ဂအချိန်အတွင်းမှာပင် ....

"ပေးစမ်း"

သက်ခြေလက်သည် လျှပ်တစ်ပြက်ရှေ့တိုးပြီး ပုလောက်၏လက်ထဲမှရှစ်ကွက်အင်းကိုလုယူလိုက်လေသည်။

"ဟင် ...."

ပုလောက် ကြောင်အမ်းအမ်းဖြစ်သွားသည်။ သက်ခြေလက်က ရိပ်ခနဲလှုပ်ရှားလိုက်သည်နှင့် ရှစ်ကွက်အင်းသည် သက်ခြေလက်ထံသို့ ဝါသွားသည်မဟုတ်ပါ လား။

ပုလောက်က ....

"ကျုပ်ပစ္စည်းပြန်ပေး"

ဟု အော်ပြောရင်း သက်ခြေလက်၏လက်ထဲမှ ပြန်လုယူရန် ဟန်ပြင်လိုက်သည်။

သက်ခြေလက်က ....

"ခင်ဗျားသိပ်မက်မောတယ်ပေါ့၊ ကောင်းတယ်... ကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း လက်ဖွေ့ယမ်းလိုက်ရာ နာမည်ကျော်လှသော သက်ခြွေလက်၏လက်ချောင်းများသည် ပုလောက်၏ရင်ဝသို့တိုးဝင်သွားလေသည်။ ထိုအခါမှ ....

ပုလောက်မှာ အလောတကြီးတိုးဝင်သွားမိခြင်းမှာမှားလေပြီဟုသဘောပေါက်လိုက်သည်။

ကပျာကယာဝင် နောက်ဆုတ်ရှောင်တိမ်းရန် ဟန်ပြင်လိုက်သော်လည်း နောက်ကျသွားပြီဖြစ်သည်။ သက်ခြွေလက်၏ အသက်ခြွေလက်ချောင်းများက ပုလောက်၏ရင်ဝသို့တိုးဝင်သွားလေတော့သည်။

"အား ...."

စူးရှသော အော်ဟစ်သံထွက်ပေါ်လာလေသည်။

ပုလောက်၏ရင်ဝ၌ သွေးခြင်းခြင်းနီရဲသွား၏။

"ဝုန်း ...."

ပုလောက် မြေပေါ်လဲကျသွား၏။

တစ်ချက်မျှအကြောဆွဲပြီးနောက် ငြိမ်ကျသွား၏။

လူအများရှေ့တွင် အဖြူရောင်သိုင်းအဖွဲ့အမည်ခံပြီးကွယ်ရာ၌ထင်ရာစိုင်းနေသော ကျားခံတပ်ပိုင်ရှင်ပုလောက်သည် သက်ခြွေလက်၏လက်ချက်ဖြင့် အသက်ပျောက်သွားပြီဖြစ်လေသည်။

"ဖေဖေ ...."

ပုအိမ်း တစ်ဟုန်ထိုးပြေးဝင်လာ၏။



"ရပ်လိုက်"

ရှမ်းစုကဟန့်တားလိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်သည်။ ပုအိမ်းသည် လွှတ်မြောက်သွားပြီး ဖခင်ဖြစ်သူ၏အလောင်းကိုဖွေ့ဖက်ကာငိုကြွေးလိုက်လေသည်။

ကျားခံတပ်မှအစောင့်များသည် ဇရိုဖရဲဖြင့် သွေးပျက်နေကြပြီဖြစ်သည်။ ပုလောက်ကိုယ်တိုင်သေဆုံးသွားပြီဖြစ်ရာ မည်သူမျှမနေဝံ့တော့ဘဲ ဇရိုဖရဲထွက်ပြေးကြကုန်လေတော့သည်။

ယခုမှ ပုအိမ်းကိုဖမ်းဆီးထား၍လည်း အကြောင်းထူးတော့မည်မဟုတ်ကြောင်း ရှမ်းစုသဘောပေါက်လိုက်သည်။ ထို့ကြောင့် ....

ရှစ်ကွက်အင်းရသွားသည့်သက်ခြွေလက်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။ သက်ခြွေလက်က သူ့ကိုခြေဆုံးခေါင်းဆုံးကြည့်ပြီး

"မင်းရဲ့ဆရာက ရှစ်ကွက်အင်းတစ်ပိုင်း ရထားလိုက်တယ်ဟုတ်လား"

ဟု မေးလိုက်၏။ ရှမ်းစုက ....

"ဟုတ်တယ်၊ ကျွန်တော်က ပုလောက်ဆီကကျန်တဲ့အပိုင်းကိုရအောင်ယူဖို့လာတာ"

ထိုစကားကြောင့် သက်ခြွေလက်ရယ်မောလိုက်သည်။

"ရှစ်ကွက်အင်းဟာ ဘယ်လိုပစ္စည်းမျိုးလဲဆိုတာကော မင်းသိသလား"

ရှမ်းစုခေါင်းခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် သိဖို့မလိုဘူး။ ကျုပ်ရဖို့ပဲလိုတယ်"

"ဒီပစ္စည်းရဲ့ ပိုင်ရှင်အစစ်ဟာထိုက်စန်းအဘိုးအိုပဲ၊ ထိုက်စန်းအဘိုးအိုကိုသူ့တပည့်ကလုပ်ကြံပြီးခိုးယူသွားခဲ့တယ်၊ အဲဒီ ယုတ်မာတဲ့တပည့်ဟာ ကျားခံတပ်ကိုတည်ထောင်ခဲ့တဲ့လူပေါ့"

ရှမ်းစုက ....

"ဒီကိစ္စတွေကျုပ်နဲ့မဆိုင်ဘူးဗျ"

ဟုပြောလိုက်သည်။ သက်ခြွေလက်က ....

"မင်းနဲ့မဆိုင်ဘူးဆိုရင်.... မင်းဆရာကကော ဘယ်လိုလုပ်သက်ဆိုင်တော့မှာလဲ"

"ကျုပ်မသိဘူး.... ကျုပ်သိတာက ကျုပ်ဆရာအတွက်ရှစ်ကွက်အင်းရယူဖို့ပါပဲ"

သက်ခြွေလက်က ....

"ရပါတယ်.... ကျုပ်လက်ထဲက လုယူနိုင်မယ်ဆိုရင်တော့မင်းကိုပေးလိုက်ပါ့မယ်"

"ကောင်းပြီ"

စကားဆုံးသည်နှင့် ရှမ်းစုသည် ရှေ့သို့လျှပ်တစ်ပြက်ခုန်တိုးပြီး သက်ခြွေလက်ကိုတိုက်ခိုက်လိုက်သည်။ သူ၏တိုက်ခိုက်မှုသည် လျှင်မြန်လှ၏။

သွက်လက်ပြီး ခွင်ကျသည်။ အားမာန်လည်းပါသည်။ ပြင်းထန်သောလှိုင်းလုံးကြီးတစ်လုံးနှင့်ပင်တူနေပေသည်။



သက်ခြွေလက်ကဲ့သို့ ထင်ရှားကျော်ကြားသည့် ထိပ်တန်းသိုင်းသမားတစ်ဦးကိုပေါ့ပေါ့တန်တန်ရင်ဆိုင်၍မဖြစ်သောကြောင့် အလျှင်မြန် အပြင်းထန်ဆုံးသိုင်းကွက်ထုတ်ဖော်ကာ တိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။

သို့သော် သက်ခြွေလက်သည် သူ၏မြင်ကွင်းမှ ရုတ်တရက်ကွယ်ပျောက်သွားသဖြင့် ရှမ်းစု ကြောင်အမ်းအမ်းဖြစ်သွားသည်။ သက်ခြွေလက်သည် သူ၏မျက်စိရှေ့မှောက်မှ မည်သို့မည်ပုံ ပျောက်ကွယ်သွားမှန်းမသိ။ မြူနံ့စားကြီးပျောက်ကွယ်သွားသည်။

သက်ခြွေလက်သည် သူ၏မြင်ကွင်း၌ ရှိမနေတော့ပါ။

"ဟိုက် .... သူဘယ်ရောက်သွားပါလိမ့်"

ဟု တွေးနေစဉ်မှာပင် အေးစိမ့်သောရယ်မောသံတစ်ချက်ထွက်ပေါ်လာသည်ကိုကြားလိုက်ရလေသည်။ ရယ်မောသံက နောက်ကျောဘက်မှကပ်လျက်ထွက်ပေါ်လာခြင်းဖြစ်သည်။

"ဟင်"

ရှမ်းစု ထိတ်လန့်သွားသည်။ ကပျာကယာ နောက်လှည့်ကြည့်လိုက်မိသည်။ ထိုအခါ.... နောက်ကျောဘက်၌ လူတစ်ယောက်ရောက်ရှိနေသည်ကိုတွေ့လိုက်ရလေသည်။ ထိုလူမှာ သက်ခြွေလက်ပင်ဖြစ်ပါသည်။ ရှမ်းစုတစ်ကိုယ်လုံးတောင့်တင်းသွား၏။

ပုလောက်အား သက်ခြွေလက်ကသုတ်သင်ရှင်းလင်းပစ်ခဲ့သည်ကို မျက်မြင်ကိုယ်တွေ့ မြင်ခဲ့ရပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အား သုတ်သင်ရှင်းလင်းပစ်မည်ဆိုလျှင်....

သူလည်း ပုလောက်ကဲ့သို့ ခုခံရန်အချိန်မရတဲ့သေဆုံးသွားမည်ဖြစ်ကြောင်းနားလည်လိုက်သည်။

ရှမ်းစု ထိတ်လန့်တုန်လှုပ်သွားစဉ် ....

"မင်းရဲ့ဆရာ သိုင်းရာဇာတင်မင်းကိုပြောလိုက်ပါ။ မကြာခင် သူ့အလှည့်ရောက်လာလိမ့်မယ်လို့ ကဲ.... ငါသွားမယ်"

စကားဆုံးသည်နှင့် ခန္ဓာကိုယ်ဆတ်ခနဲလှည့်လိုက်ရာ....

တစ်ခဏအတွင်းမှာပင် အဝေးသို့ရောက်ရှိသွား၏။

ရှမ်းစုငေးမောကြည့်နေစဉ် သက်ခြေလက်သည် မှောင်ရိပ်ထဲတိုးဝင်ပျောက်ကွယ်သွားလေတော့သည်။

xxxx



အပေးအယူ

"ဖောက်"

သိုင်းရာဇာတင်မင်း ဒေါသတကြီးဖောက်ခေါက်လိုက်လေသည်။ သူ့ရှေ့တွင် မလှုပ်မယှက်ရှိနေသည့်ရှမ်းစုကိုလည်း မကျေမနပ်ကြည့်လိုက်လေသည်။

"မင်းကိုငါကကိစ္စနှစ်ခုခိုင်းခဲ့တယ်၊ အဲဒီကိစ္စနှစ်ခုလုံးကို မင်းကအောင်မြင်အောင်မလုပ်နိုင်တဲ့အပြင် ငါ့အကြောင်းပေါ်ပေါက်သွားအောင်လုပ်ခဲ့တယ်"

ဟုပြစ်တင်ပြောဆိုလိုက်လေသည်။

ရှမ်းစုက ....

"ကျွန်တော်ကအခိုင်းခံရတဲ့ကိစ္စတိုင်းကို ဖြစ်နိုင်တယ်မဖြစ်နိုင်ဘူးလို့ တစ်ခါမှမမေးဖူးပါဘူး ဘယ်လိုအန္တရာယ်များတယ်ဆိုတာလဲမတွေးမိပါဘူး ခိုင်းရင်လုပ်လိုက်တာပဲ၊ ဒါကြောင့် အောင်မြင်မယ်မအောင်မြင်ဘူးဆိုတာမသေချာပါဘူး တကယ်လို့ ကျွန်တော့်အစွမ်းအစနဲ့ထိုက်တန်တဲ့အလုပ်မျိုးသာဖြစ်ခဲ့မယ်ဆိုရင် အောင်မြင်

www.burmeseclassic.com

www.burmeseclassic.com



အောင်လုပ်နိုင်မှာပါ။ ခုလဲ ကျားခံတပ်ကိုထိုးဖောက်ဝင်ပြီး ရှစ်ကွက်အင်းနဲ့လက်တစ်ကမ်းအကွာကိုတောင် ရောက်နိုင်ခဲ့ပါတယ်၊ သက်ခြေလက်သာဝင်မရှုပ်ခဲ့ရင် အောင်မြင်မှာသေချာပါတယ်"

ရှမ်းစု၏စကားကြောင့် သိုင်းရာဇာတင်မင်း ငိုင်သွားသည်။ ရှမ်းစုအား အပြစ်မတင်သင့်ကြောင်း သူကောင်းစွာသဘောပေါက်သွားလေသည်။ သူက မဖြစ်နိုင်သောကိစ္စများကို ခိုင်းစေခဲ့သည်မဟုတ်ပါလား။

ယခုကိစ္စတွင်လည်း သူ အကောင်းဆုံးစွမ်းဆောင်ခဲ့သည်သာဖြစ်သည်။ သက်ခြေလက်သာဝင်မရှုပ်ခဲ့လျှင် ရှစ်ကွက်အင်းကို ရလာမည်မှာသေချာပေသည်။

သိုင်းရာဇာတင်မင်းသက်ပြင်းချလိုက်သည်။

အမှန်တော့ သူခိုင်းလိုက်သောကိစ္စများသည် ရှမ်းစုအတွက် အသက်ဆုံးရှုံးနိုင်လောက်အောင် အန္တရာယ်ကြီးမားလှသည်ချည်းဖြစ်သည်။ သို့သော်... ရှမ်းစုသည် တစ်ခွန်းတစ်ပါဒမျှကန့်ကွက်ငြင်းဆန်ခြင်းမပြုဘဲ ခိုင်းသည့်အတိုင်းလုပ်ခဲ့သည်ချည်းပင်။

သိုင်းရာဇာတင်မင်းကိုယ်တိုင်ကလည်း သူကိုယ်တိုင် မလုပ်လိုသောကိစ္စများကိုခိုင်းစေရန် ရှမ်းစုကဲ့သို့ နာခံတတ်သောလူတစ်ယောက်လိုအပ်သည်ဖြစ်ရာ ရှမ်းစုကိုသိုင်းပညာသင်ပေးပြီးလက်ခံထားခဲ့ခြင်းဖြစ်သည်။

သို့သော် ယခုအခါ ....



သူ့အကြောင်းသိရှိသူများပေါ်ပေါက်လာပြီဖြစ်သည်။ ရှမ်းစုအားဆက်လက်အသုံးချရန် မဖြစ်နိုင်တော့ကြောင်းဆင်ခြင်မိ၏။

သို့ဖြစ်ရာ ....

"ကောင်းပြီလေ... မင်းကငါ့အတွက် အောင်မြင်အောင် မဆောင်ရွက်နိုင်ခဲ့ပေမဲ့ ငါကတော့ မင်းကိုသိုင်းကွက်နှစ်ဆယ်သင်ပေးခဲ့ပြီးပြီ၊ ဒီတော့ မင်းလဲကျေနပ်လောက်ရောပေါ့။ အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်လာရင် ငါ့ဘက်ကဖြေရှင်းလို့ကောင်းအောင် မင်းငါ့ဆီကထွက်သွားဖို့လိုနေပြီ၊ ဘယ်သူမေးမေး ငါသင်ပေးလို့ ခားကွက်နှစ်ဆယ်တတ်မြောက်တာလို့မပြောရဘူး"

သိုင်းရာဇာတင်မင်းက လိုရင်းကို ခပ်ပြတ်ပြတ်ပင် ပြောလိုက်လေတော့၏။ သို့သော် ရှမ်းစုကခေါင်းခါယမ်းလိုက်၏။

"ကျွန်တော် မသွားနိုင်သေးပါဘူး"

"ဘာကွ"

"ကျွန်တော် သွားလို့မဖြစ်သေးပါဘူး"

ရှမ်းစုက ထွက်မသွားနိုင်ဟုပြောနေသည်မှာ အံ့ဩဖွယ်ရာကောင်းနေပေသည်။

သိုင်းရာဇာတင်မင်း မျက်မှောင်ကြုတ်သွားပြီး —

"ဟဲ .... ပြောစမ်းပါဦး မင်းကဘာကြောင့်ထွက်မသွားနိုင်ဘာလဲ"

ရှမ်းစုက တည်ကြည်သောမျက်နှာထားဖြင့် ....

www.burmeseclassic.com

www.burmeseclassic.com



"ကေရာဇ်မားသိုင်းကို ပြည့်စုံအောင် မသင်ရသေးလို့ပါ"

သိုင်းရာဇာတင်မင်း မဲ့ပြုံးပြုံးလိုက်သည်။

"မင်း တော်တော်လောဘကြီးတာလဲ"

ဟုပြောလိုက်လေသည်။ ရှမ်းစုက ....

"ကျွန်တော့်အဘိုးရဲ့ပညာအမွေကို ကျွန်တော်လဲ ရသင့်တယ်ထင်လို့ပါ"

သိုင်းရာဇာတင်မင်း မျက်မှောင်ကုတ်သွားသည်။

"မင်းအဘိုးရဲ့ပညာအမွေဟုတ်လား။ မင်းအဘိုးက ဘယ်သူများလဲ၊ ပြောစမ်းပါဦး"

ရှမ်းစုက ....

"ကျွန်တော့်အဘိုးဟာ ကေရာဇ်သိုင်းသခင်ပေထင်းလုံဖြစ်ပါတယ်"

သူ၏စကားအဆုံးတွင် ....

"ဟား .... ဟား .... ဟား"

သိုင်းရာဇာတင်မင်းက အားရပါးရရယ်မောလိုက်သည်။ သူ၏ရယ်မောသံက ကျယ်လောင်စွာထွက်လာ၏။ သူသည် အားရအောင်ရယ်မောပြီးမှ ရှမ်းစုကိုခြေဆုံးခေါင်းဆုံးကြည့်ကာ....

"မင်းက ကေရာဇ်မားသခင်ပေထင်းလုံရဲ့မြေးတဲ့လား"

ဟုပြောလိုက်၏။

ရှမ်းစုက မဆိုင်းမတွပင်ခေါင်းညိတ်လိုက်၏။



"ဟုတ်ပါတယ်"

သိုင်းရာဇာတင်မင်းက နှုတ်ခမ်းရှုံ့ကာ ....

"မင်း ငါ့ကိုလာလိမ်လို့ရမလား"

"ကျုပ်လိမ်ပြောနေတာမဟုတ်ပါဘူး"

"မင်းကပေထင်းလုံရဲ့မြေးလို့ပြောတာ လိမ်တာမဟုတ်လို့ဘာလဲကွ"

"ကျွန်တော်ဟာ ဘိုးဘိုးပေထင်းလုံရဲ့မြေးပါ"

ရှမ်းစုကထပ်ပြောသည်။

သိုင်းရာဇာတင်မင်း မျက်မှောင်ကုတ်သွားလေသည်။

"မင်းကပေထင်းလုံရဲ့မြေး"

"ဟုတ်ပါတယ်"

"ကဲ.... ကဲ.... မင်းအဖေအမေအကြောင်း ပြောစမ်းပါဦး"

သိုင်းရာဇာတင်မင်းကမေးလိုက်သည်။ ရှမ်းစုက ....

"ကျွန်တော့်အဖေဟာရှမ်းကျူးလွှေဖြစ်ပါတယ်၊ အမေကတော့ ပေကျိုးဝါဖြစ်ပါတယ်"

သိုင်းရာဇာတင်မင်း မျက်မှောင်ကုတ်လိုက်သည်။

"ရှမ်းကျူးလွှေနဲ့ပေကျိုးဝါက မင်းရဲ့မိဘတွေဟုတ်လား"

"ဟုတ်ပါတယ်"

"ကောင်းပြီ၊ တခြားတစ်ယောက်ယောက်က ရှမ်းကျူးလွှေနဲ့ပေကျိုးဝါတို့ရဲ့သားလို့ပြောရင်ကော ငါကလက်ခံမှာလား"

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းစုက ....

"ကျွန်တော်ကတော့ ရှမ်းကျူးလွေနဲ့ပေ့ကျုံဝါးတို့ရဲ့သား အစစ်ပါ"

"ကောင်းပြီ၊ မင်းဘာယ်လိုအထောက်အထားပြမလဲ"

ရှမ်းစုက ....

"ဟောဒီဆွဲကြိုးကို ဦးသိတယ်လို့ မေမေကပြောခဲ့ဖူးပါ တယ်"

ပြောပြောဆိုဆိုပင် ရှမ်းစုသည် လည်ပင်း၌ဆွဲထားသော ဆွဲကြိုးလေးကိုချွတ်ကာပေးလိုက်သည်။ ထိုဆွဲကြိုးလေးမှာ တန်ဖိုး ရှိသောဆွဲကြိုးလေးတစ်ခုမဟုတ်ပါ။

ပိုးချည်ဖြင့်ပြုလုပ်ထားသော ဆွဲကြိုးလေးသာဖြစ်ပါသည်။

တောသူတောင်သားများသည် မကောင်းဆိုးဝါးများမကပ် စေနိုင်ခြင်းငှာ နတ်ဆရာဂါထာမန်းမှုတ်ထားသောပိုးကြိုးလေးများ ကို မိမိတို့၏ကလေးသူငယ်များအား ဆွဲပေးလေ့ရှိသည်။

သို့သော် ပိုးဆွဲကြိုးလေးကိုတွေ့မြင်လိုက်ရသည့်အခါ သိုင်း ရာဇာတင်မင်းမှာ ကျဉ်စက်နှင့်အတို့ခံလိုက်ရသလို ခန္ဓာကိုယ် ဆတ် ခနဲတုန်ခါသွားလေတော့သည်။

"မင်း .... မင်း ဒီဆွဲကြိုးလေးကိုဘယ်ကရလာတာလဲ"

သိုင်းရာဇာတင်မင်းကမေးလိုက်သည်။

ရှမ်းစုက ....



"ကျွန်တော်ငယ်ငယ်ကတည်းက ကျွန်တော့်အမေ ဆွဲပေး ထားတာပါ။ ဦး မေမေတို့ဆီမှာလာနေတုန်းက မေမေ့ကိုပေးထားတဲ့ အမှတ်တရလက်ဆောင်လို့ပြောဖူးပါတယ်"

သိုင်းရာဇာတင်မင်း မျက်လုံးပြူးသွားသည်။ ရှမ်းစုအား ခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြန်လေသည်။ ရှမ်းစုက ရင်ကော့ပြီးရပ် နေသည်။

သူပြောသည့်စကားများသည် အမှန်ပင်ဖြစ်ကြောင်း သူ၏ ပုံပန်းသဏ္ဌာန်ကသက်သေခံနေသည်။

သိုင်းရာဇာတင်မင်းထံမှ သက်ပြင်းချသံထွက်ပေါ်လာ၏။

"မင်းမိဘတွေ နေထိုင်ကောင်းကြသလားကွယ်"

သိုင်းရာဇာတင်မင်း၏လေသံက စောစောကနှင့်မတူတော့ ပါ။ သိသိသာသာပင် လေသံပြောင်းလဲသွားသည်။

ရှမ်းစုက ....

"ဟုတ်ကဲ့ .... ဖေဖေက မကျန်းမာလို့ အိပ်ရာထဲလဲနေတာ ကြာပါပြီ၊ မေမေကတော့ နေကောင်းပါတယ်"

သိုင်းရာဇာတင်မင်းက ....

"အင်း .... ကျုပ်ဟာ သူတို့နဲ့ကွဲသွားတာ နှစ်ပေါင်းအတော် ကြာခဲ့ပြီပဲ၊ သူတို့ မြောက်ကျွန်းကို ပြောင်းမသွားခင်ကပေါ့၊ ဒါနဲ့ သူတို့ မြောက်ကျွန်းကို ဘာကြောင့်ပြောင်းသွားတာလဲဆိုတာသိသလား"

ရှမ်းစုက ....

www.burmeseclassic.com

www.burmeseclassic.com



"မြောက်ကျွန်းဟာ ဖေဖေ့ခေတ်မှာ ဘိုးဘိုးကွယ်လွန်သွားပြီးတဲ့နောက် ပြည်ပမှာမနေချင်တော့တာနဲ့ပြောင်းရွှေ့သွားခဲ့ကြတာလို့ပြောပါတယ်"

သိုင်းရာဇာတင်မင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ မင်းအဘိုးကော ဘာကြောင့် ကွယ်လွန်သွားခဲ့သလဲဆိုတာ မင်းသိသလား"

ဟုမေးလိုက်သည်။ ရှမ်းစုက ....

"ဘိုးဘိုးက ဦးကို လိုဏ်ဂူတစ်ခုမှာ ကောရာနံမားသိုင်းသင်ပေးပြီး ဦးရဲ့အတွင်းအား မပြည့်ဝတာကိုဖြည့်ဆည်းပေးတဲ့သဘောနဲ့ သူ့ရဲ့အတွင်းအားတွေကို ဦးရဲ့ခန္ဓာကိုယ်ထဲလွှဲပြောင်းပေးခဲ့ရာက မမျှော်လင့်ဘဲရှန်အားတွေအလွန်အကျွံကျဆင်းပြီး သေဆုံးသွားခဲ့ရတာလို့သိရပါတယ်"

သိုင်းရာဇာတင်မင်း သက်ပြင်းချလိုက်သည်။

"မင်းဟာ ရှမ်းကျူးလွေနဲ့မေ့ကျိူးဝါးတို့ရဲ့သားအစစ်ဆိုတာ ငါယုံကြည်ပါပြီကွာ၊ ငါက မင်းကိုဘာမှမစစ်ဆေးဘဲလက်ခံပြီး သိုင်းပညာသင်ပေးခဲ့တာ ဘာကြောင့်လဲဆိုတာ မင်းသိသလား"

ရှမ်းစုက ....

"ဦးကိုယ်တိုင် ဆောင်ရွက်လို့မဖြစ်တဲ့ကိစ္စတွေရှိနေတာလို့ ဦးကိုယ်စား ကျွန်တော့်ကို အသုံးချနိုင်အောင်ဆိုတာ ကျွန်တော်ရိပ်မိပါတယ်"



ဟုပြောလိုက်သည်။ ရှမ်းစုသည် လူညံ့လူအတစ်ယောက်မဟုတ်ကြောင်း ထင်ရှားပေါ်လွင်နေပေတော့သည်။

သိုင်းရာဇာတင်မင်းက ....

"အင်း .... မင်းဟာ ညီမပေ့ကျိူးဝါးရဲ့သား အစစ်ဟုတ် မဟုတ် ငါစုံစမ်းကြည့်ခဲ့ဖို့ကောင်းတာပေါ့၊ ငါကလည်း အသုံးချစရာလုလိုနေတာနဲ့ ဘာမှမမေးတော့ဘဲလက်ခံလိုက်တာ ရှင်းရှင်းပြောရရင် မင်းကငါ့ကိုလာပြီးလိမ်ညာနေတယ်လို့ ငါထင်ခဲ့တာအမှန်ပဲ"

ရှမ်းစုက ....

"ကျွန်တော် အိမ်ကထွက်လာပြီးကတည်းက ကောရာစ်ဓား သိုင်းသင်ရဖို့ ဘယ်လိုအခက်အခဲဒုက္ခမျိုးကိုမဆို ရင်ဆိုင်ကျော်ဖြတ်သွားမယ်လို့ဆုံးဖြတ်ခဲ့ပါတယ်"

သိုင်းရာဇာတင်မင်းက ....

"ငါက မင်းကိုနှစ်ကြိမ်တိုင်တိုင် သေတွင်းထဲပို့သလိုဖြစ်ခဲ့တာကို မင်းမိဘတွေသိသွားကြမယ်ဆိုရင်တော့ ငါ့ကိုအတော်စိတ်ဆိုးသွားကြမှာပဲ"

ရှမ်းစုကပြုံးလိုက်ပြီး .....

"ကျွန်တော် ပြန်ပြောမှာမဟုတ်ပါဘူး"

သိုင်းရာဇာတင်မင်းက ....

"ဒါနဲ့ မင်းကိုဘယ်တုန်းကမွေးခဲ့တာလဲ၊ သူတို့နဲ့ငါ အဆက်အသွယ်ပြတ်သွားပြီးတဲ့နောက် ဘာဆိုဘာမှမကြားရတော့ဘူးကွ"

www.burmeseclassic.com



"မေမေကတော့ ကျွန်တော့်ကို ချယ်ရီပင်အောက်မှာမွေးခဲ့တယ်လို့ပြောပါတယ်"

"ဟင် ...."

သိုင်းရာဇာတင်မင်း မျက်နှာပျက်သွားပြန်လေသည်။

ရှမ်းစုအား ခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြန်သည်။ ရှမ်းစု မလှုပ်မယှက်ရပ်နေသည်။ သိုင်းရာဇာတင်မင်းသည် အတော်ကြာအောင် တွေဝေနေပြီးမှ ....

"မင်းက ကေရာစ်မင်းကိုသင်ချင်လို့ဟုတ်လား"

ဟုမေးလိုက်သည်။ ရှမ်းစုခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

"ကောင်းပြီ .... မင်းကို ငါသင်ပေးမယ်၊ ကေရာစ်ဓားသိုင်းဟာ စုစုပေါင်းသုံးဆယ့်ခြောက်တွက်တိတိရှိတယ်"

ကေရာစ်ဓားသိုင်းနှင့်ပတ်သက်ပြီး ရှင်းပြလိုက်လေသည်။ ယခုတစ်ကြိမ် .... သူ၏စကားများသည် အမှန်အတိုင်းပြောနေခြင်းဖြစ်ကြောင်း ရှမ်းစုယုံကြည်လိုက်မိသည်။

သိုင်းရာဇာတင်မင်းသည် သူ့အပေါ် အလွန်နူးညွှံသိမ်မွေ့စွာဆက်ဆံလာကြောင်းလည်း သတိထားမိလိုက်သည်။ သိုင်းရာဇာတင်မင်း အဘယ့်ကြောင့် ပြောင်းလဲသွားခဲ့ပါသနည်း။

xxxx



### အကြွေတူ ညဏ်တူ

အမျိုးသမီးဂိုဏ်း ....

ရှမ်းစုသည် အမျိုးသမီးဂိုဏ်းသို့ ဒုတိယအကြိမ် ပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်လေသည်။ ယခုတစ်ကြိမ် ....

အမျိုးသမီးဂိုဏ်းမှလူများသည် သူ့အား ရန်မပြုသည့်အပြင် ကောင်းမွန်စွာညှေ့ခံကြိုဆိုခဲ့လေသည်။

အကြောင်းမှာ.... အမျိုးသမီးဂိုဏ်းချုပ်စန့်ကွမ်းလျှံနှင့် သိုင်းရာဇာတင်မင်းတို့ နားလည်မှုရရှိသွားကြခြင်းကြောင့်ဖြစ်သည်။

ဝမ်းဝမ်းသည်.... ရှမ်းစုရောက်ရှိလာသည်ကိုမြင်သည့်အခါ ဝမ်းသာအားရဖြစ်သွားလေသည်။ ရှမ်းစုက ....

"အစ်ကိုပြန်လာမယ်လို့ ညီမကိုပြောခဲ့သားပဲ"

ဟုပြောလိုက်သည်။ ဝမ်းဝမ်းက ....

"ကျွန်မတော့ ဘယ်လိုနားလည်ရမှန်းတောင်မသိတော့ပါဘူးအစ်ကိုရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ညီမဘာမှမပူနဲ့... တစ်နေ့ကျရင် ညီမကိုအမျိုးသမီးဂိုဏ်းထဲက အစ်ကိုဆွဲထုတ်သွားမယ်"

"အစ်ကို တကယ်ပြောတာနော်"

"တကယ်ပြောတာပေါ့ ညီမရယ်"

သူတို့နှစ်ယောက် စကားတတတပြောပြောဖြင့် အဆောက်အအုံအတွင်းသို့ဝင်လာခဲ့ကြရာမှ ဧည့်ခန်းဆောင်ထဲကိုရောက်ရှိလာကြသည်။ ဧည့်ခန်းဆောင်ထဲ၌ အမျိုးသမီးဂိုဏ်းချုပ်ကြီးစန္ဒကွမ်းလျှံကအသင့်စောင့်ဆိုင်းနေသည်ကိုတွေ့ရသည်။ ဝမ်းဝမ်းနှင့်ရှမ်းစုတို့သည် တစ်ယောက်နှင့်တစ်ယောက် နားလည်မှုရထားကြပြီဖြစ်သော်လည်း စန္ဒကွမ်းလျှံ၏ရှေ့တွင်ကိုယ်ရှိန်သတ်ကာ လူချင်းခွဲလိုက်ကြသည်။

စန္ဒကွမ်းလျှံက ....

"သိုင်းရာဇာတင်မင်းကလွှတ်လိုက်တာမဟုတ်လား"

ဟုဆီးကြို၍မေးမြန်းရာ ရှမ်းစုခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

"ကဲ.... ဘယ်လိုကိစ္စရှိသလဲ ပြောစမ်းပါဦး"

ရှမ်းစုက ....

"ဆရာက သက်ခြွေလက်အကြောင်းမေးခိုင်းလိုက်ပါတယ်"

လာရင်းကိစ္စကို တဲ့တိုးပင်ပြောချလိုက်သည်။

စန္ဒကွမ်းလျှံ ပြုံးလိုက်သည်။



"ဘာလဲ .... ကျားခံတစ်ပိုင်ရှင်ပုလောက်ဆီက ရှစ်ကွက်အင်းတစ်ပိုင်း လမ်းစပျောက်သွားလို့ သက်ခြွေလက်အကြောင်းကို သိချင်နေတာမဟုတ်လား"

ရှမ်းစုက ဘာမှမပြောဘဲ နေလိုက်သည်။

စန္ဒကွမ်းလျှံက ....

"သက်ခြွေလက်က ကျားခံတစ်ပိုင်ရှင်ပုလောက်ကိုလုပ်ကြံပြီး ရှစ်ကွက်အင်းတစ်ပိုင်းကိုယူသွားပြီမဟုတ်လား"

ရှမ်းစု ခေါင်းညိတ်ဝန်ခံလိုက်ရသည်။

"ဟုတ်ပါတယ်ခင်ဗျာ"

စန္ဒကွမ်းလျှံ ပြုံးလိုက်သည်။

"မင်းဆရာက သက်ခြွေလက် ဘယ်မှာရှိတယ်ဆိုတာသိချင်နေတယ်မဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ၊ ဂိုဏ်းချုပ်ကြီးက သက်ခြွေလက်ဟာ ဘယ်သူဘယ်ဝါဖြစ်တယ် ဘယ်မှာနေတယ်ဆိုတာသိထားတယ်လို့ ဆရာက ပြောပါတယ်"

စန္ဒကွမ်းလျှံက ....

"ဟုတ်တယ်၊ သက်ခြွေလက် ဘယ်သူလဲဆိုတာကိုသိတဲ့လူ လောကပေါ်မှာတစ်ယောက်တည်းရှိတယ်၊ ဒါပေမဲ့ အဲဒီလူက ငါတော့ မဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူလဲဆိုတာ ပြောပြပါလားဗျာ"

www.burmeseclassic.com

www.burmeseclassic.com



စန္ဒကွမ်းလျှံက ....

"ကရုဏာသီလရှင်ပဲ"

"ဗျာ ...."

"ဟုတ်တယ်... သက်ခြေလက်အကြောင်းကို ကရုဏာသီလရှင်တစ်ယောက်ကလွဲပြီး ဘယ်သူမှမသိနိုင်ဘူး"

"ဝိုဏ်းချုပ်ကြီးပြောတာက ...."

စန္ဒကွမ်းလျှံက ....

"ကရုဏာသီလရှင်ဟာ ငါ့ရဲ့ပညာသင်ဘက်ညီအစ်မပေါ့။ ငါပြောလိုက်တဲ့စကားကိုသာ မင်းဆရာကို ပြန်ပြောပြလိုက်ပါ။ ဒါဆိုသူ သဘောပေါက်နားလည်သွားပါလိမ့်မယ်"

ရှမ်းစု ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီခင်ဗျာ... ကျွန်တော့်ကိုသွားခွင့်ပြုပါဦး"

စန္ဒကွမ်းလျှံခေါင်းညိတ်လိုက်သည်။

ရှမ်းစုလည်းနှုတ်ဆက်ကာထွက်လာခဲ့သည်။

ဝမ်းဝမ်းကိုလည်း အခြေအနေပေးသည်နှင့် လာတွေ့မည်ဖြစ်ကြောင်းနှုတ်သိမ်ခဲ့သည်။ ရှမ်းစုသည် ဝမ်းဝမ်းကိုအမှန်တကယ်ချစ်မြတ်နိုးခြင်းပင်လော ....

သို့မဟုတ် အသုံးချလို၍လော ....

သူ့အကြောင်းကို သူကိုယ်တိုင်သာသိမည်ဖြစ်ပါသည်။

xxxx



ရှမ်းစုသည် မလှုပ်မယှက်ရပ်နေသည်။ သိုင်းဆရာစာတင်မင်းကလက်နှစ်ဖက်နောက်ပစ်ကာ ခေါက်တုံ့ခေါက်ပြန်လျှောက်နေ၏။

ရှမ်းစုသည် အမျိုးသမီးဂိုဏ်းမှပြန်လာခဲ့ပြီဖြစ်သည်။

စန္ဒကွမ်းလျှံပြောပြသည့်စကားများကိုလည်း ပြန်လည်ပြောပြခဲ့ပြီးဖြစ်၏။ သိုင်းဆရာစာတင်မင်းသည် အတန်ကြာလမ်းလျှောက်နေပြီးမှ တစ်စုံတစ်ခုကိုသတိရဟန်ဖြင့် ရှမ်းစုရှေ့တွင်ခြေလှမ်းရပ်လိုက်သည်။ ရှမ်းစုကိုကြည့်ကာ ....

"သူပြောတဲ့စကားကို ငါ နားလည်သဘောပေါက်လိမ့်မယ်လို့ သူကပြောလိုက်တယ်မဟုတ်လား"

ရှမ်းစုခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဆရာ"

သိုင်းဆရာစာတင်မင်းက ....

"လောကပေါ်မှာ သက်ခြေလက် ဘယ်သူလဲဆိုတာကို သိတဲ့လူဟာ သူတစ်ယောက်တည်းပဲရှိတယ်လို့ ငါ့ကိုပြောခဲ့တယ်၊ အခုမင်းသွားတော့ ကရုဏာသီလရှင်တစ်ယောက်ပဲရှိတယ်လို့ပြောပြန်တယ်၊ အဲဒါ ဘာသဘောလဲ၊ သူ့စကားကနှစ်မျိုးဖြစ်မနေဘူးလား"

သိုင်းဆရာစာတင်မင်းကတွေးတွေးဆဆပြောသည်။

ရှမ်းစုက ခေါင်းညိတ်သည်။

"ဟုတ်ပါတယ်ဆရာ"

သိုင်းဆရာစာတင်မင်းက ....

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ သူ့စကားကို ငါသဘောပေါက်လိမ့်မယ်လို့ ပြောခဲ့သေးတယ်၊ ကဲ .... ဘာသဘောလဲ၊ မင်းစဉ်းစားကြည့်စမ်း"

ရှမ်းစုက ....

"သက်ခြွေလက် ဘယ်သူလဲဆိုတာသိတဲ့လူ တစ်ယောက်ပဲရှိတယ်လို့ပြောခဲ့သလို ကရုဏာသီလရှင်တစ်ယောက်ပဲရှိတယ်လို့ထပ်ပြောတာ ရှင်းနေပါပြီဆရာ"

"နေစမ်းပါဦး... ဘယ်လိုရှင်းနေတာလဲကွ"

ရှမ်းစုက ....

"သက်ခြွေလက်ကို အမျိုးသမီးဝိုင်းကသိသလို ကရုဏာသီလရှင်ကလဲသိနေပါတယ်"

"အင်း.... ဆိုပါဦး"

"နှစ်ယောက်စလုံးသိတဲ့လူ လောကပေါ်မှာတစ်ယောက်ပဲရှိတယ်လို့ပြောပြန်ပါတယ်၊ ဒါပေမဲ့ တကယ်သိတာကနှစ်ယောက်ဖြစ်နေပါတယ်"

သိုင်းရာဇာတင်မင်းက ....

"စန္ဒကွမ်းလျှံရဲ့စကားဟာ ရှင်းမလိုနဲ့ ရှုပ်နေတာကွ၊ သူကဘာသဘောနဲ့ပြောလိုက်သလဲဆိုတာ မင်းစဉ်းစားလို့ရသလား"

ရှမ်းစု ခေါင်းညိတ်လိုက်သည်။

"ကျွန်တော် သဘောပေါက်ပါတယ်၊ သက်ခြွေလက် ဘယ်သူလဲဆိုတာ စန္ဒကွမ်းလျှံသိပါတယ်၊ ကရုဏာသီလရှင်ကလဲ သိပါတယ်၊ ဒါပေမဲ့ စန္ဒကွမ်းလျှံက သက်ခြွေလက်ကိုသိတာပါ၊ ကရုဏာသီလရှင်ကတော့ ကိုယ့်ကိုယ်ကိုသိတာပါ"



ထိုစကားကြားသည့်အခါ သိုင်းရာဇာတင်မင်း သဘောကျစွာပြုံးလိုက်လေသည်။

"သိပ်မှန်တာပေါ့ကွ၊ ကရုဏာသီလရှင်ဟာ သက်ခြွေလက်ပဲဖြစ်ရမယ်မဟုတ်လား"

ရှမ်းစုက ....

"ဟုတ်ပါတယ်ဆရာ"

သိုင်းရာဇာတင်မင်းက ....

"စန္ဒကွမ်းလျှံနဲ့ ကရုဏာသီလရှင်ဟာ ပညာသင်ဘက်ညီအစ်မတွေပဲ၊ ဒါကြောင့် စန္ဒကွမ်းလျှံက တိုက်ရိုက်ဖွင့်ပြောလိုက်ရင် သစ္စာဖောက်ရာကျမှာစိုးလို့ သွယ်ဝိုက်ပြီးပြောလိုက်တာပဲ၊ ပြီးတော့ ကရုဏာသီလရှင်ကို ရင်ဆိုင်ဖို့ သူ့ရဲ့အကူအညီရမှ ဖြစ်မယ်ဆိုတဲ့သဘောပဲ"

ရှမ်းစုက ....

"စန္ဒကွမ်းလျှံဟာ အင်မတန်ပါးနပ်ပြီး ဉာဏ်များတဲ့ အမျိုးသမီးတစ်ယောက်ဖြစ်မယ်ဆရာ"

"ဟား .... ဟား .... ဟား ...."

သိုင်းရာဇာတင်မင်း ရယ်မောလိုက်သည်။

"ဘာပဲဖြစ်ဖြစ် နောက်ချိန်မှာတော့ ငါသူနဲ့လက်တွဲမှုတော့မှာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



မင်း ဘယ်လိုသဘောရသလဲ"

ရှမ်းစုက ....

"ဒါကလွဲပြီး တခြားနည်းလမ်းမှမရှိတော့ဘဲဆရာရယ်"

"ကောင်းပြီ ကေရာစ်ဓားသိုင်း သုံးဆယ့်ခြောက်ကွက်စလုံး မင်းလေ့ကျင့်တတ်မြောက်ပြီဆိုရင် သူ့ဆီကို သွားကြတာပေါ့၊ ငါ ကိုယ်တိုင်သေသေချာချာသင်ပေးမယ်၊ မင်းကြိုးစားပါ"

"ဟုတ်ကဲ့ဆရာ"

သိုင်းရာဇဝတင်မင်းသည် ကေရာစ်ဓားသိုင်းကို အစမှအဆုံး ဆရာစားမချန် သေသေချာချာရှင်းပြသင်ကြားပေးလိုက်သည်။ ရှမ်းစု ကလည်း အပြင်းအထန်ကြိုးစားလေ့ကျင့်သင်ယူလေသည်။

xxxx



အခန်းရာယ်

ဓားနှစ်လက်ဂိုဏ်း ....

ဓားနှစ်လက်ဂိုဏ်းသည် သိုင်းလောကတွင်ထင်ရှားသော ဂိုဏ်းတစ်ဂိုဏ်းဖြစ်ပါသည်။ ဂိုဏ်းချုပ်ကျင်းဝူခုံသည် သိုင်းလောက ၏ထိပ်သီးသိုင်းသမားဆယ်ယောက်တွင် ပါဝင်သူဖြစ်သည်။

ကျင်းဝူခုံသည် ဓားနှစ်လက်ပညာအပြင် သွေးကြောပညာ လည်း တစ်ဖက်ကမ်းခတ်ကျွမ်းကျင်သည်။

မကြာသေးမီက .... ကျင်းဝူခုံသည် ဓားနှစ်လက်ပညာနှင့် သွေးကြောပညာကိုအခြေခံကာ လက်ဝါးသိုင်းတချို့တီထွင်လိုက်၏။ သူ၏လက်ဝါးသိုင်းတွင် အဆိပ်ကိုပါထည့်သွင်းအသုံးပြုသဖြင့် အလွန် ကြောက်စရာကောင်းသောပညာတစ်မျိုးဖြစ်လေသည်။

ကျင်းဝူခုံသည် သူ၏လက်ဝါးပညာကိုစမ်းသပ်ရာတွင် သူ ၏ဂိုဏ်းမှဂိုဏ်းသားများကို ပစ်မှတ်သဖွယ်သဘောထားကာ စမ်း သပ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ----

ခါးနှစ်လက်ဂိုဏ်းသည် သိုင်းလောကသားများ၏ ပြောစရာဖြစ်လာလေတော့သည်။

xxxx

ယနေ့ ----

ခါးနှစ်လက်ဂိုဏ်းသို့ ဧည့်သည်တစ်ယောက် ရောက်ရှိလာသည်။ အစောင့်အကြပ်များသည် ဧည့်သည်အား ဂိုဏ်းချုပ်ကျင်းဝူခွန်းထံသို့ ခေါ်ဆောင်သွားလေသည်။ ဧည့်သည်မှာ အခြားသူမဟုတ်ပါ။

ကျားခံတပ်မှသခင်လေးပုအိမ်းဖြစ်လေသည်။

ကျင်းဝူခွန်းကိုယ်တိုင်ကြိုဆိုလိုက်သည်။

"ဧည့်သည်ရောက်လာတယ်ဆိုလို့ ဘယ်သူများလဲ မှတ်တယ်၊ ကျားခံတပ်ကသခင်လေးကိုး"

ပျူပျူငှာငှာဖိတ်ခေါ်ကာ စားသောက်ဖွယ်ရာများဖြင့်တည်ခင်းဧည့်ခံလေသည်။ ပုအိမ်းကား ဘာမှမစားနိုင် မသောက်နိုင်။

"ဂိုဏ်းချုပ်ကြီးခင်ဗျာ ---- ကျွန်တော် ခုက္ခရောက်လာလို့ ဂိုဏ်းချုပ်ကြီးဆီကိုလာအကူအညီတောင်းရတာ ဖြစ်ပါတယ်ခင်ဗျာ"

ဟုပြောလိုက်လေသည်။ ကျင်းဝူခွန်းက ----

"ဇာမောင်ကြီး ဘယ်လိုအခက်အခဲများကြုံတွေ့လာရလို့လဲ၊ ပြောပါဦး"



ဟုမေးလိုက်သည်။ ပုအိမ်းက ----

"ကျွန်တော့်အဖေဟာ သက်ခြွေလက်ရဲ့လက်ချက်နဲ့သေဆုံးသွားခဲ့ပါပြီ"

"ဟင် ----"

မမျှော်လင့်သောစကားကြားရသည့်အခါ ကျင်းဝူခွန်း တအံ့တဩဖြစ်သွားလေသည်။ ကျားခံတပ် ပျက်စီးသွားသည့်သတင်းကိုသူ မသိသေးချေ။ သို့သော် သက်ခြွေလက်ဟူသောအမည်ကြားသည့်အခါ ရင်ထိတ်သွားလေသည်။ ပုအိမ်းက ----

"သက်ခြွေလက်ရဲ့အန္တရာယ်ကို ကာကွယ်နိုင်အောင် ဖေဖေဟာ သိုင်းလောကရတနာပစ္စည်းတစ်ခုကိုပေးပြီး သိုင်းရာဇာတင်မင်းဆီမှာအကူအညီတောင်းခဲ့ပါတယ်၊ ဒါပေမဲ့... သူကသစ္စာဖောက်ခဲ့ပါတယ်"

ဟုပြောလိုက်သည်။ သိုင်းလောကရတနာဆိုသည့်စကားကြောင့် ကျင်းဝူခွန်းမျက်မှောင်ကြုတ်သွားလေသည်။

ထိုက်စန်းအဘိုးအိုနှင့် ကျားခံတပ်၏ပတ်သက်မှုကို သိုင်းလောကသားများ ပြောဆိုနေကြသည်မဟုတ်ပါလော။

ကျားခံတပ်တွင် သိုင်းလောက၏ရတနာဖြစ်သော ရှစ်ကွက်အင်အိုနေသည်ဟုသံသယဖြစ်နေကြသူများတွင် ကျင်းဝူခွန်းလည်းပါဝင်နေတော့သည်။ ကျင်းဝူခွန်းသည် ကျားခံတပ်ပိုင်ရှင်လုပ်ကြံခံလိုက်ရသည်ကိုစွထက်....

www.burmeseclassic.com

www.burmeseclassic.com



သိုင်းလောကရတနာဆိုသည့်ကိစ္စကို ပို၍စိတ်ဝင်စားသွားလေသည်။ ထို့ကြောင့် ----

"သိုင်းရာဇာတင်မင်းကို သိုင်းလောကရတနာ ပေးလိုက်တယ်ဆိုတာ ဘာများလဲ"

ဟုမေးလိုက်လေသည်။ ပုအိမ်းက ----

"ရှစ်ကွက်အင်းပါ"

ဟု အမှန်အတိုင်းဖွင့်ပြောလိုက်သည်။

"ဟေ ----"

ကျင်းဝူခုံး လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

"ရှစ်ကွက်အင်းဟုတ်လား"

"ဟုတ်ပါတယ်"

"နေပါဦး ရှစ်ကွက်အင်းက မင်းအဖေဆီကိုဘယ်လိုလုပ်ပြီး ရောက်နေတာလဲ"

ပုအိမ်းက ----

"ရောက်လာတာမဟုတ်ပါဘူး၊ အစကတည်းက ကျူးခံတစ်မှာရှိနေတာပါ"

ကျင်းဝူခုံးသည် ချက်ချိုးနားခွက်က မီးတောက်သူဖြစ်လေသည်။

"လက်စသတ်တော့ မိတ်ဆွေကြီးပုလောက်က သူ့အဖေဆီကအမွေဆက်ခံခဲ့ရတာကိုး"



ဟုပြောလိုက်လေသည်။ ပုအိမ်းက ----

"ဟုတ်ပါတယ်... ရှစ်ကွက်အင်းဟာ ကျွန်တော်တို့ ကျူးခံတစ်ရဲ့ မူပိုင်ပစ္စည်းလို့ပြောပါတယ်"

ကျင်းဝူခုံးက ----

"မိတ်ဆွေကြီးပုလောက်က အတော့်ကိုလျှို့ဝှက်တဲ့လူတစ်ယောက်ပဲ၊ သူ့ဆီမှာ ရှစ်ကွက်အင်းရှိနေတာ ကျုပ်တို့တောင် မသိခဲ့ရဘူး"

ပုအိမ်းက ----

"ဖေဖေက အန္တရာယ်များလွန်းလို့ ဘယ်သူ့ကိုမှမပြောပြလို့ မဖြစ်ဘူးလို့ပြောပြဖူးပါတယ်"

ကျင်းဝူခုံးက ----

"ဟုတ်တာပေါ့၊ ရှစ်ကွက်အင်းဟာ သိုင်းလောကကရတနာတစ်ပါးပဲ၊ သိုင်းလောကတစ်ခုလုံးက လိုချင်မက်မောနေကြတာပေါ့၊ မင်းအဖေဆီမှာရှိနေတာသတင်းပေါက်ကြားသွားရင် ကျူးခံတစ် ပြာပုံဖြစ်သွားတာကြာပြီ၊ ကျုပ်ပြောတာကိုစိတ်မဆိုးပါနဲ့"

ပုအိမ်းက ----

"စိတ်မဆိုးပါဘူးခင်ဗျာ၊ အခုလဲ ကျွန်တော်တို့ကျူးခံတစ်ဟာ ပြာပုံဖြစ်သွားပါပြီ"

ပြောရင်း ဝမ်းနည်းကြေကွဲလာဟန်ဖြင့် အသံများတုန်ခါလေသည်။ ကျင်းဝူခုံးက ----

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ သက်ခြေလက်ရဲ့အန္တရာယ်ကကာကွယ်ပေးဖို့ သိုင်း ရာဇာတင်မင်းဆီမှာအကူအညီတောင်းပြီး အပေးအယူလုပ်ခဲ့တာ ရှ ကွက်အင်းမဟုတ်လား"

ပုအိမ်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်... ဖေဖေကရှစ်ကွက်အင်းတစ်ပိုင်းကိုပေး ပါတယ်၊ သက်ခြေလက်ကိုသုတ်သင်ပြီးရင် ကျန်တဲ့ရှစ်ကွက်အင် တစ်ဝက်ကိုပေးဖို့သဘောတူထားပါတယ်"

ကျင်းဝူခုံးက ....

"ဒါဖြင့် သိုင်းရာဇာတင်မင်းဟာ ရှစ်ကွက်အင်းကိုရသွာ ပြီပေါ့ဟုတ်လား"

ဟုမေးလေသည်။ ပုအိမ်းက ....

"ဖေဖေပေးထားတဲ့တစ်ဝက်ပဲရသွားပါတယ်ခင်ဗျာ"

"ကျန်တဲ့တစ်ဝက်ကကော"

"သက်ခြေလက်က ဖေဖေ့ကိုလုပ်ကြံပြီး ယူသွားပါတယ ခင်ဗျာ"

"ဪ"

ကျင်းဝူခုံး မျက်နှာပျက်သွားလေသည်။

ရှစ်ကွက်အင်းကို သိုင်းရာဇာတင်မင်းရသွားသည်ဆိုလျှ ကြိုးစားနိုင်ခွင့်ရှိသေး၏။ သက်ခြေလက်ရသွားသည်ဆိုပါ ကြိုးစားဖို့ လွယ်တော့မည်မဟုတ်ပေ။



ကျင်းဝူခုံးက မကျေမနပ်ဖြင့် ....

"သက်ခြေလက်ဟာ တော်တော့်ကိုလူဆိုးလုပ်နေတာပဲ"

ဟုပြောလိုက်သည်။ ပုအိမ်းက ....

"ဟုတ်ပါတယ်၊ သိုင်းရာဇာတင်မင်းကသာ လက်တွဲကူညီ မယ်ဆိုရင် သက်ခြေလက်ကို ဆုံးမနိုင်မယ်လို့ ဖေဖေက ယုံကြည် ထားပါတယ်၊ ဒါပေမဲ့ သိုင်းရာဇာတင်မင်းက သစ္စာဖောက်လိုက်တာ အတော့်ကိုဆိုးပါတယ်"

ဟုမကျေမနပ်ပြောလိုက်လေသည်။

ကျင်းဝူခုံးက ....

"မင်းအဖေတော ကျုပ်နဲ့ မိတ်ဆွေရင်းချာတွေဖြစ်လျက်နဲ့ ဘာ ကြောင့် ကျုပ်ကိုအကြောင်းမကြားတာလဲ၊ ကျုပ်စဉ်းစားလို့မရဘူး"

ဟုပြောသည်။ ရှစ်ကွက်အင်းနှင့်ပတ်သက်နေခြင်းကြောင့် ကျွဲမြီးတိုနေသည့်သဘောဖြစ်လေသည်။ ပုအိမ်းက ....

"ဖေဖေက ဦးကိုအကူအညီတောင်းမလို့ စဉ်းစားပါသေး တယ်၊ ဒါပေမဲ့ ဦးကိုဒုက္ခပေးသလိုဖြစ်သွားမှာစိုးရိမ်လို့ပါ"

ကျင်းဝူခုံးမှဲပြုံးပြုံးလိုက်သည်။

"ကျုပ်ကစားလက်ဝါးသိုင်းကို ရွှေကျင့်အောင်မြင်ခဲ့ပြီ ဆိုတာသူသိနေပြီပဲ၊ တကယ်ဆို ကျုပ်ကိုအကူအညီတောင်းသင့်တ ပေါ့၊ သိုင်းရာဇာတင်မင်းကို အထင်ကြီးပြီး သွားအကူအညီတောင်း တော့ နောက်ဆုံးဒုက္ခရောက်ရတာပဲမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ပုအိမ်းက ....

"ဖေဖေဟာ သူ့အမှားကိုသဘောပေါက်သွားပါတယ်၊ ဒါကြောင့် သူသေဆုံးသွားကာနီးမှာ ဦးဆီသွားပြီး အကူအညီတောင်းဖို့ ကျွန်တော့်ကိုလွှတ်လိုက်တာပါ"

ကျင်းဝူခုံးသက်ပြင်းချလိုက်သည်။

"အင်း .... ကျုပ်က မင်းကိုကူညီချင်ပါတယ်၊ ဒါပေမဲ့ နောက်ကျနေပြီလို့ ကျုပ်ပြောချင်တယ်"

"ဗျာ ...."

ကျင်းဝူခုံးက ....

"မင်း စဉ်းစားကြည့်လေ၊ ခုမှ ငါကမင်းကိုဘယ်လိုလုပ်ပြီး ကူညီရမှာလဲ၊ ပြောပါဦး"

"ကျွန်တော် ...."

"သိုင်းရာဇာထင်မင်းကတစ်ဖက်၊ သက်ခြွေလက်က တစ်ဖက်၊ အန္တရာယ်ကများနေပြီ၊ ဒီကိစ္စထဲကြားဝင်လိုက်လို့ ငါရဲ့ဓားနှစ်လက်ငိုက်းပျက်စီးသွားတာပဲအဖတ်တင်မှာပဲ၊ ငါ့အတွက် ဘာများအကျိုးရှိမှာမို့လဲ"

ပုအိမ်း မကျေမနပ်ဖြစ်သွား၏။

သို့သော် ကျင်းဝူခုံးသက်မှတွေးလျှင် မရွယ်မှန်းနားလည်မိလေသည်။ ယခုအချိန်မှပါဝင်မည်ဆိုလျှင် ဓားခုတ်ရာလက်ဝင်လျှိုသလိုသာရှိတော့မည်မဟုတ်ပါလား။



အကျိုးမရှိဘဲ ဆုံးရှုံးဖို့သာရှိတော့သည်။ ကျင်းဝူခုံးက ....

"ငါပြောတာကို မင်း စိတ်ဆိုးသွားသလား"

ဟု မေးလေသည်။ ပုအိမ်း ခေါင်းခါယမ်းလိုက်သည်။

"စိတ်မဆိုးပါဘူး။ ဦးပြောတာမှန်ပါတယ်"

"ဒါဖြင့် မင်းက ငါ့ဆီကအကူအညီတောင်းဖို့ စဉ်းစားဦးမလား"

ပုအိမ်းက ....

"မစဉ်းစားတော့ပါဘူး"

"ဒါဆို ...."

"ကျွန်တော် သွားပါတော့မယ်ခင်ဗျာ"

ပုအိမ်းက လက်နှစ်ဖက်ဆုပ်ကာဦးညွှတ်လိုက်၏။

ထို့နောက် ဧည့်ခန်းအတွင်းမှ ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

"နေဦး"

ကျင်းဝူခုံးကဟန့်တားလိုက်သဖြင့် ပုအိမ်း ခြေလှမ်းရပ်သွားသည်။ ကျင်းဝူခုံးက ....

"မင်း ငါ့ဆီက အကူအညီမတောင်းတော့ဘူးဆိုတာ သေချာ တယ်နော်"

ဟုမေးလေသည်။

ပုအိမ်းက ....

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် တကယ်ပြောတာပါ"

ကျင်းဝှမ်းက ....

"အေး .... မင်းက ငါ့ဆီက အကူအညီမတောင်းဘူးဆိုရင် ငါကမင်းကိုကူညီမယ်"

"ဗျာ ...."

မမျှော်လင့်သောစကားကြောင့် ပုအိမ်း ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။ ကျင်းဝှမ်းကို လှည့်ကြည့်လိုက်သည်။

ကျင်းဝှမ်းကပြုံးပြရင်း ....

"ထိုင်ပါဦးကွ"

ဟု ပြောလေသည်။ ပုအိမ်းသည် မယုံကြည်နိုင်အောင်ဖြစ်နေပြီး ကျင်းဝှမ်းနှင့်မျက်နှာချင်းဆိုင်ထိုင်ချလိုက်သည်။ ကျင်းဝှမ်းက

"မင်းကို ငါကမကူညီဘူးဆိုရင် မင်းဘာဆက်လုပ်မလဲ၊ ပြော ပါဦး"

ဟု မေးလေသည်။

ပုအိမ်းက ....

"ကျွန်တော် သက်ခြွေလက်ကို လတ်တစ်လော ရင်ဆိုင်နိုင်ဦးမှာမဟုတ်ပါဘူး၊ ဒါကြောင့် သိုင်းရာဇာတင်မင်းကို အရင်ဆုံး ရင်ဆိုင်ရမှာပါ"

ဟုပြောလိုက်သည်။

ကျင်းဝှမ်းက ....



"ဘယ်လိုရင်ဆိုင်မှာလဲ၊ ပြောပါဦး"

ဟုမေးလေသည်။

ပုအိမ်းက ....

"သိုင်းရာဇာတင်မင်းဟာ ကြောက်စရာကောင်းတဲ့တပည့်တစ်ယောက်ရထားပါတယ်၊ သူ့တပည့်ကို ထောင်ချောက်ဆင်ပြီး အရင်ရှင်းပြီးမှ သူ့တပည့်အသွင်ရုပ်ဖျက်ပြီး သိုင်းရာဇာတင်မင်းကို အနီးကပ်ချဉ်းကပ်ပြီးလုပ်ကြံပစ်မှာပါ"

ကျင်းဝှမ်းပြုံးလိုက်သည်။

"မင်း သူ့ကိုလုပ်ကြံလိုက်လို့ကော ဘာအကျိုးထူးမှာမို့လဲ ပြောစမ်းပါဦး"

ဟုမေးပြန်သည်။ ပုအိမ်းက ....

"အကျိုးကျေးဇူးကတော့ သစ္စာမဲ့တဲ့လူတစ်ယောက်ကိုရှင်းပစ်နိုင်ပြီး ရှစ်ကွက်အင်းတစ်ပိုင်းကိုပြန်ပြီးရယူနိုင်မှာပါပဲခင်ဗျာ"

ကျင်းဝှမ်းက ....

"သက်ခြွေလက်ကိုရော"

ပုအိမ်းက ....

"ကျွန်တော့်မှာ ရှစ်ကွက်အင်းတစ်ပိုင်းရှိပြီး ကျန်တဲ့အပိုင်းဟာ သက်ခြွေလက်ဆီမှာရှိတယ်ဆိုတာသိသွားကြရင် ထိပ်သီးသိုင်းသမားကြီးတွေတောင်မှ သက်ခြွေလက်ကိုသုတ်သင်ပစ်ဖို့ဝန်လေးကြတော့မှာမဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မင်းဆိုလိုတာက ...."

"သက်ခြေလက်ကိုသုတ်သင်ရှင်းလင်းပစ်နိုင်ရင် ကျွန်တော်က ရှစ်ကွက်အင်းတစ်ပိုင်းပေးမယ်လို့ကြေညာလိုက်ရုံပါပဲ"

"ဒါဆို မင်းအတော့်ကိုစွန့်စားရလိမ့်မယ်"

ပုအိမ်းက ....

"ကျွန်တော်ဟာ သေလူတစ်ယောက်ဖြစ်နေပါပြီ၊ ဘယ်လိုအန္တရာယ်မျိုးနဲ့ပဲရင်ဆိုင်ရပါစေ ကျွန်တော်မမှုတော့ပါဘူးခင်ဗျာ"

ကျင်းပူခုံးခေါင်းညိတ်လိုက်သည်။

"ငါတော့ မင်းကိုသဘောကျသွားပြီ၊ မင်းမှာလိုအပ်တာရှိရင်ငါကူညီပါ့မယ်၊ သိုင်းရာဇာတင်မင်းလက်ထဲကရှစ်ကွက်အင်းတစ်ပိုင်းကိုသာရအောင်ယူခဲ့ပါ၊ သက်ခြေလက်ကိုငါသုတ်သင်ပေးပါ့မယ်"

ပုအိမ်း၏မျက်နှာပြုံးရွှင်သွားလေသည်။

"ဟာ .... ဝမ်းသာလိုက်တာဦးရယ်"

ဟုပြောလိုက်မိလေသည်။

ကျင်းပူခုံးက ....

"ကဲ .... ငါပြောတာသဘောတူသလား"

"ဟုတ်ကဲ့၊ သဘောတူပါတယ်၊ ဒါပေမဲ့ ...."

"ဒါပေမဲ့ ဘာဖြစ်သလဲ"

"သက်ခြေလက်ကိုရင်ဆိုင်ဖို့ဆိုတာ ...."

ပုအိမ်းက စကားတစ်ပိုင်းတစ်စဖြင့်ရပ်ထားလိုက်သည်။



"ငါက ဓားလက်ဝါးသိုင်းကိုလေ့ကျင့်အောင်မြင်ခဲ့ပြီဆိုတာမင်းမသိသေးဘဲကိုး"

"ကျွန်တော် ...."

ကျင်းပူခုံးက ....

"မင်းဘာမှမပူပါနဲ့ကွာ၊ သက်ခြေလက်ကို ငါခုံးမပြပါ့မယ်ကွာ"

xxxx

www.burmeseclassic.com

www.burmeseclassic.com

သိုင်းဗညာဆိုသည်မှာ

နေခြည်ဖြာကျနေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

မြေနီလမ်းလေးအတိုင်း လှည်းနှစ်ယောက် ပခုံးချင်းယှဉ်ကာ လျှောက်လှမ်းလာနေသည်။ ထိုလူနှစ်ယောက်မှာ တင်ရှောင်နှင့် ဓား နှစ်လက်ဂိုဏ်းမှမိန်းကလေးတို့ဖြစ်လေသည်။

နဂါးဂေဟာမှလူများ၏လက်ချက်ကြောင့် ဒုက္ခရောက်နေ သည့်တင်ရှောင်အား မိန်းကလေးကကူညီခဲ့သဖြင့် အန္တရာယ်မှလွတ် မြောက်ခဲ့ရပြန်ပြီဖြစ်သည်။

သို့သော်... တင်ရှောင်သည် မိန်းကလေးအား သဘောမ ကျနိုင်ဘဲဖြစ်နေပြန်လေသည်။

အကြောင်းမှာ ....

မိန်းကလေးသည်... မောက်မာခက်ထန်ပြီးရက်စက်ကြမ်း ကြုတ်သူဟုယူဆထားခြင်းကြောင့်ဖြစ်လေသည်။



နှစ်ယောက်သားအတူတကွထွက်လာခြင်းမှာ တင်ရှောင်က နဂါးဂေဟာနှင့်ဝေးရာသို့ထွက်လာပြီး မိန်းကလေးကလိုက်လာခြင်း ဖြစ်လေသည်။

မိန်းကလေးသည် သူ့အားကူညီခဲ့ခြင်းကြောင့် သူနှင့်အတူ လိုက်လာသည်ကို မည်သို့မျှပြောမရအောင်ဖြစ်နေသည်။

သို့ဖြင့် .... နှစ်ယောက်သားထွက်လာခဲ့ကြရာ မြို့ငယ်လေး တစ်မြို့သို့ ရောက်လာခဲ့ကြလေသည်။

မြို့ထဲရောက်လျှင် ....

"ကျွန်မတို့ တစ်တစ်ခုခုစားကြရင်ကောင်းမယ်"

ဟုမိန်းကလေးက ပြောလာသည်။ တင်ရှောင်လည်း ဗိုက် ဆာနေသဖြင့်သဘောတူလိုက်သည်။ သူတို့နှစ်ယောက် စားသောက် ဆိုင်တစ်ဆိုင်သို့ဝင်ရောက်စားသောက်လိုက်ကြလေသည်။

စားသောက်ရင်း မိန်းကလေးက ....

"ရှင်ကဘယ်သွားမှာလဲ"

ဟုမေးလာလေသည်။

တင်ရှောင်က ....

"ခြေဦးတည့်ရာပေါ့"

"ဘယ်လို"

"ကျုပ်အဖေက ကျုပ်ကိုအိမ်ပေါ်ကနှင်ချလိုက်တာလေ ဒါ ကြောင့် ကျုပ်ကခြေဦးတည့်ရာလျှောက်သွားနေတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသည် တင်ရှောင်အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး ....

"နေပါဦး... ရှင့်အဖေက ဘာကြောင့်ရှင့်ကိုအိမ်ပေါ်ကနှင်ချလိုက်ရတာလဲ၊ ပြောပါဦး"

ဟုမေးလာလေသည်။ တင်ရှောင်က ....

"ကျုပ်က သိုင်းပညာမသင်ချင်လို့ပါ"

"ဟင် ...."

မိန်းကလေး ပိုပြီးအံ့သြသွားသည်။

"သိုင်းပညာ မသင်ချင်လို့ဟုတ်လား"

"ဟုတ်တယ်"

"နေပါဦး၊ ရှင့်အဖေကဘယ်သူလဲ"

ဟု မေးလိုက်လေသည်။

တင်ရှောင် မဖြေပါ။

မိန်းကလေးနှာခေါင်းရှုံ့လိုက်သည်။

"ရှင့်သဘောပဲလေ၊ မပြောချင်လဲနေပေါ့၊ ကေန္တ ရှင့်အဖေဟာ မဟုတ်တာလုပ်တဲ့လူတစ်ယောက်မို့ ရှင်ကသူ့နာမည်ပြောမပြရဲတာပဲဖြစ်မယ်"

တင်ရှောင်မကျေမနပ်ဖြစ်သွားသည်။

သို့သော် .... မိန်းကလေးက သူ၏စိတ်ကိုဆွပြီး မပြောဘဲမနေနိုင်အောင်လုပ်လိုက်ခြင်းဖြစ်ကြောင်း ဆင်ခြင်မိလေသည်။



ထို့ကြောင့် ....

"ကျုပ်အဖေဟာ လူကောင်းတစ်ယောက်ပါ၊ ကျုပ်ကြောင့် သူ့ဂုဏ်သိက္ခာထိခိုက်သွားနိုင်ပါတယ်၊ ဒါကြောင့် မပြောချင်တာပါ"

ဟု လေသံအေးအေးဖြင့်ပြောလိုက်လေသည်။

မိန်းကလေးက ....

"ဒါဆိုရင် ရှင့်အဖေဟာ သိုင်းသမားတစ်ယောက်ဖြစ်ရမယ်၊ ကျွန်မပြောတာမှန်တယ်မဟုတ်လား"

တင်ရှောင်ခေါင်းညိတ်လိုက်သည်။

"မှန်ပါတယ်ခင်ဗျာ"

"သိုင်းသမားတောင် နာမည်ကြီးသိုင်းသမားဖြစ်ရမယ်"

တင်ရှောင်ပြုံးနေလိုက်လေသည်။

မိန်းကလေးက ....

"ရှင့်အဖေဟာ နာမည်ကျော်သိုင်းသမားဖြစ်ရမယ်၊ သားသမီးဆိုလို့လည်း ရှင့်တစ်ယောက်ပဲရှိရမယ်၊ ဒါကြောင့် သူကပညာအမွေပေးချင်တယ်၊ ရှင်က သိုင်းပညာမသင်ချင်ဘူး၊ သူဟာ အင်မတန်စိတ်ထိခိုက်ကြေကွဲသွားရာက ဒေါသဖြစ်လာမယ်၊ ဒါနဲ့ ရှင့်ကိုအိမ်ပေါ်ကမောင်းချလိုက်တာပဲဖြစ်မယ်၊ တော်ရုံတန်ရုံသိုင်းသမားဆိုရင် ဒီလောက်အထိဖြစ်မှာမဟုတ်ဘူး၊ ကျွန်မပြောတာ မှန်တယ်မဟုတ်လား"

တင်ရှောင်က မှန်သည်မှားသည်မပြောဘဲ ....

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား တော်တော်ဉာဏ်ကောင်းတာပဲ"

ဟုပြောလိုက်လေသည်။

မိန်းလေးက ....

"ထားပါတော့လေ.... ရှင့်အဖေနာမည်မပြောချင်ရင် ရှင့်နာမည်တော့ပြောပြနိုင်မယ်ထင်တယ်"

တင်ရှောင်က ....

"ကျွန်ုပ်နာမည်တင်ရှောင်လို့ခေါ်ပါတယ်ဗျာ"

အမှန်အတိုင်းပြောလိုက်လေသည်။

မိန်းကလေးက ....

"ကျွန်မနာမည်လဲကျင်းလေးလို့ခေါ်ပါတယ်၊ မှတ်ထားပါရှင်"

ဟုပြောလေသည်။

တင်ရှောင်ခေါင်းညိတ်လိုက်သည်။

"ကျွန်ုပ် မှတ်ထားပါ့မယ်ဗျာ"

မိန်းကလေးကျင်းလေးက ....

"ရှင်သိုင်းပညာမသင်ချင်တာကို ကျွန်မ တော်တော်အံ့ဩမိတယ်ရှင်"

ဟုပြောလာလေသည်။ တင်ရှောင် ပြုံးလိုက်သည်။

သူကသိုင်းပညာမသင်လိုခြင်းကြောင့် လူတိုင်းတအံ့တဩခြသည်မဟုတ်ပါလား။



အံ့ဩသည်ဟုပြောဆိုခြင်းမှာ ထူးဆန်းသည်မဟုတ်တော့မဟုတ်ပေ။

ကျင်းလေးက ....

"သိုင်းပညာဟာ သေးထွက်သံယိုတိုက်ခိုက်တဲ့ပညာတစ်ခုလို့ ရှင်ထင်နေသလား"

ဟုမေးလေသည်။ တင်ရှောင် ဘာမှမပြောဘဲနေလိုက်ပြန်လေသည်။ ကျင်းလေးက ....

"သိုင်းပညာဆိုတာပညာတစ်ခုပါရှင်၊ အသုံးပြုသူရဲ့အပေါ်မှာမူတည်တာပါ၊ အသုံးပြုသူက မကောင်းဘူးဆိုရင် သိုင်းပညာဟာမှန်းစရာဖြစ်သွားမှာပေါ့၊ အသုံးပြုသူကကောင်းတဲ့နေရာမှာ အသုံးချမယ်ဆိုရင် မွန်မြတ်တဲ့ပညာဖြစ်သွားမှာပေါ့၊ ကျွန်မပြောတာမှန်ရဲ့လားရှင်"

တင်ရှောင် စောဒကမတက်နိုင်တော့ပါ။

"မှန်ပါတယ်ဗျာ"

ခေါင်းညိတ်ကာ ပြောလိုက်ရလေသည်။ ကျင်းလေးက ....

"သိုင်းလောကသားတွေဟာ စိတ်နေသဘောထား အလွန်ထူးဆန်းကြပါတယ်ရှင်၊ ဒါတွေကို ရှင်နားလည်နိုင်မှာမဟုတ်ပါဘူး။ ကျွန်မပြောချင်တာက သိုင်းပညာတတ်ထားတော့ ကိုယ့်ကိုကိုယ်ကာကွယ်စောင့်ရှောက်နိုင်တယ်၊ ဒုက္ခရောက်နေသူကို ကူညီနိုင်မယ်မဟုတ်လားရှင်"

www.burmeseclassic.com

www.burmeseclassic.com



တင်ရှောင်က သူမကိုတအံ့တသြကြည့်လိုက်မိ၏။

သူမသည် ဉာဏ်ပညာကြွယ်ဝပြီးအတွေးအခေါ်ရှိသော မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း သူဆင်ခြင်မိလိုက်သည်။

သို့ပါလျက် အဘယ်ကြောင့် ခက်ထန်မောက်မာနေရပါသနည်း။

တင်ရှောင်ငေးကြည့်နေသည်ကိုမြင်လျှင် ကျင်းလေးကပြုံးလိုက်လေသည်။

"ဘာလဲ .... ကျွန်မပြောတဲ့စကားနဲ့ ကျွန်မရဲ့အပြုအမူ ကွာခြားနေတယ်လို့ ရှင်ကတွေးနေတာလား"

ဟုလည်းမေးလိုက်လေသည်။

တင်ရှောင်ကဝန်ခံတွန့်လိုက်သည်။

"ခင်ဗျားကိုလိမ်ဖို့မလွယ်ပါလား"

ကျင်းလေးကပြုံးရင်း ....

"ကျွန်မဟာ သာမန်မိန်းကလေးတစ်ယောက်မှမဟုတ်ဘဲ ရှင်၊ ဂိုဏ်းချုပ်တစ်ယောက်ရဲ့သမီးပဲ၊ ဒါကြောင့် ဘယ်နေရာမဆို ရှိသေအောင်နေရတာပေါ့"

"ဟာ ...."

တင်ရှောင်အံ့သြသွားသည်။

ကျင်းလေးကို မျက်လုံးပြူးရှုကြည့်ရင်း ....

"မင်းက ဂိုဏ်းချုပ်ရဲ့သမီးဟုတ်လား"



ကျင်းလေးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင်၊ ကျွန်မအဖေဟာ ဓားနှစ်လက်ဂိုဏ်းချုပ် ကျင်းရှူနိုးပါ"

"ဪ ...."

"ဘာလဲ .... ဓားနှစ်လက်ဂိုဏ်းက ဂိုဏ်းသားတွေအပေါ်မှာ စည်းကမ်းတင်းကျပ်လွန်းတယ်လို့ ရှင်ထင်နေတာလား"

တင်ရှောင် ဘာမှမပြောဘဲနေလိုက်လေသည်။

ကျင်းလေးက ....

"ကျွန်မနဲ့တွေ့ခဲ့တဲ့လူလေးယောက်ဟာ ဂိုဏ်းရဲ့ စည်းကမ်းတိုဖောက်ဖျက်ပြီး မကောင်းမှုတွေကျူးလွန်ခဲ့ကြတယ်၊ သူတို့ကို အပြစ်ပေးမယ်ဆိုတော့ ထွက်ပြေးတိမ်းရှောင်သွားကြတယ်၊ လမ်းခရီးမှာကျွန်မနဲ့တွေ့တော့ အလစ်ချောင်းပြီးဝိုင်းတိုက်ခိုက်ကြတယ်လေ"

တင်ရှောင်သည် ကျင်းလေးကိုကြည့်ရင်း သူ၏အယူအဆမှားယွင်းနေပြီဟု တဖြည်းဖြည်းခံစားလာရလေသည်။

ကျင်းလေးက....

"ကျွန်မဟာ ဂိုဏ်းချုပ်တစ်ယောက်ရဲ့သမီးဖြစ်တယ်၊ ဒါကြောင့် သာမန်မိန်းကလေးတစ်ယောက်လို နေလို့မရဘူး၊ ကျွန်မကို မလေးစားရင် ကျွန်မအဖေကိုလဲ လေးစားကြတော့မှာမဟုတ်ဘူး၊ ဒါဆို ဂိုဏ်းတစ်ခုလုံးကိုဘယ်လိုလုပ်အုပ်ချုပ်တော့မလဲ"

တင်ရှောင်က....

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ဒီလိုနေရတာ စိတ်ကျဉ်းကျပ်စရာကောင်းပါတယ်ဗျာ"

ကျင်းလေးပြုံးလိုက်သည်။

"ရှင်ပြောတာမှန်ပါတယ်၊ ကျွန်မလဲ ရှင့်လိုပဲအိမ်ကထွက်လာခဲ့တာရှင့်"

"ဟင် ...."

တင်ရှောင် အံ့ဩသွားသည်။

ကျင်းလေးကို မျက်လုံးပြူးကာကြည့်လိုက်ပြီး ....

"အိမ်ကထွက်လာတာဟုတ်လား"

ဟုမေးလိုက်လေသည်။

ကျင်းလေးက ....

"ဟုတ်ပါတယ်ရှင်"

"နေပါဦး... ဘာကြောင့်အိမ်ကထွက်လာရတာလဲ၊ ခင်ဗျာ အဖေကမောင်းချလိုက်လို့လား"

တင်ရှောင်ကမေးလိုက်သည်။

ကျင်းလေးပြုံးလိုက်သည်။

"ဖေဖေကမောင်းချတာမဟုတ်ပါဘူး၊ ကျွန်မဘာသာထွက်လာတာပါ"

"ဘာဖြစ်လို့လဲဗျ"

"ဖေဖေနဲ့ သဘောချင်းမတိုက်ဆိုင်လို့ပါ"



"ဪ ...."

ကျင်းလေးက ....

"ဘယ်လိုသဘောထား မတိုက်ဆိုင်ဖြစ်ရသလဲဆိုတာကော ရှင်သိချင်သလား"

ဟုမေးလေသည်။

တင်ရှောင်ခေါင်းခါယမ်းလိုက်သည်။

"သူများကိစ္စကို ကျုပ်မသိချင်ပါဘူးဗျာ"

ကျင်းလေး ပြုံးလိုက်ပြန်သည်။

"ရှင်မသိချင်လဲကျွန်မပြောပြမှာပဲရှင့်၊ ကျွန်မအဖေဟာ သိုင်းပညာတစ်မျိုး လေ့ကျင့်အောင်မြင်ခဲ့တာပါ။ ဖေဖေရဲ့သိုင်းပညာက အတော့်ကိုထက်မြက်တယ်၊ ဒါပေမယ့် ရက်စက်ကြမ်းကြုတ်လွန်းတယ်လို့ထင်မိတယ်၊ ဒါကြောင့် ဝေဖန်ပြောဆိုမိရာက ဖေဖေကလက်မခံတာနဲ့ စိတ်ဆိုးပြီးထွက်လာခဲ့တာရှင့်"

တင်ရှောင် ခေါင်းကုတ်လိုက်လေသည်။ သူနှင့်ကျင်းလေးတို့သည် မတူညီသောအဖြစ်နှစ်ခုနှင့် အိမ်ပေါ်မှဆင်းလာခဲ့ကြသည် မဟုတ်ပါလား။ ကျင်းလေးက ....

"ရှင်ဟာ သိုင်းပညာမတတ်ပေမဲ့ရိုးသားတယ်၊ စိတ်ကောင်းရှိတယ်ဆိုတာ ကျွန်မရိပ်မိတယ်၊ ဒါကြောင့် ရှင့်ကိုကူညီခဲ့တာပေါ့"

တင်ရှောင်က ....

"ကျုပ်ကိုကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်လေသည်။

"ကျွန်မက ရှင့်ကိုတစ်ခုတိုက်တွန်းချင်သေးတယ်"

"ဘာလဲ ---- သိုင်းပညာသင်ဖို့မဟုတ်လား"

ကျင်းလေးခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ကျုပ်မှမသင်ချင်တာ"

"အခြေအနေအရ ရှင့်ကို သိုင်းပညာသင်သင့်တယ်လို့ ကျွန်မထင်တယ်၊ သိုင်းပညာတတ်ထားရင် ရှင်ဟာ သူများကိုပိုပြီးကူညီနိုင်မယ်"

တင်ရှောင်က ----

"သိုင်းပညာမတတ်လဲဖြစ်ပါတယ်ဗျာ"

ဟုပြောလိုက်လေသည်။ ကျင်းလေးကပြုံးလိုက်ပြီး ----

"အင်းလေ ရှင့်မိဘတောင်မှပြောလို့မရတာ၊ ကျွန်မပြောလို့လဲအပိုပဲပေါ့၊ ဗဲ---- အခု ရှင်ဘယ်ကိုသွားမယ်စိတ်ကူးထားသလဲ"

ဟုမေးလေသည်။ တင်ရှောင်က ----

"ကျုပ်ဘာမှစိတ်မကူးဘူး၊ ခြေဦးတည့်ရာသွားမှာပဲဗျ"

ကျင်းလေးက ----

"ဒါဖြင့် ကျွန်မနဲ့လိုက်ခဲ့ပါလား"

တင်ရှောင်မျက်မှောင်ကုတ်လိုက်ပြီး ----

"ဘယ်ကိုလိုက်ရမှာလဲ"



ကျင်းလေးက ----

"ဒုက္ခရောက်နေတဲ့လူတွေဆီကိုလေ"

"ဒုက္ခရောက်နေတဲ့လူတွေ"

"ဟုတ်တယ်"

"နေပါဦး---- ဘယ်သူတွေကဒုက္ခရောက်နေလို့လဲ"

ကျင်းလေးက ----

"ရှင်လိုက်ခဲ့ရင် သိမှာပေါ့"

တင်ရှောင်အနည်းငယ်စဉ်းစားလိုက်ပြီး ----

"ကောင်းပြီလေ---- ကျုပ်လိုက်ခဲ့ပါ့မယ်"

ဟုသဘောတူလိုက်လေသည်။

ထိုစဉ် ----

"သခင်မလေး"

ခေါ်သံနှင့်အတူ လူသုံးယောက်ဆိုင်ထဲသို့ လှမ်းဝင်လာကြသည်ကိုတွေ့မြင်လိုက်ရလေသည်။

xxxx

www.burmeseclassic.com

www.burmeseclassic.com



လူသုံးယောက် ဆိုင်ထဲလှမ်းဝင်လာကြလေသည်။

ထိုလူသုံးယောက်မှာ အစိမ်းရောင်အဝတ်အစားများဝတ်ဆင်ထားကြပြီး ခါးတွင်ဓားကိုယ်စီချိတ်ဆွဲထားကြလေသည်။

ထိုလူသုံးယောက်ကိုတွေ့သည်နှင့် ကြည်လင်ဝင်းပသော ကျင်းလေး၏မျက်နှာ ချက်ချင်းခက်ထန်တင်းမာသွားတော့သည်။

"သြော် .... ကျားသစ်ညီနောင်ကိုး"

ဟုပြောလိုက်သည်။ တင်ရှောင်က ....

"ခင်ဗျား သူတို့ကိုသိတယ်ဟုတ်လား"

ဟုတီးတိုးမေးလိုက်၏။

ကျင်းလေးက ....

"သိတယ်.... သူတို့ဟာ ကျွန်မတို့ဓားနှစ်လက်ဂိုဏ်းက သစ္စာဖောက်တွေပဲ၊ ထင်ရာစိုင်းပြီးဂိုဏ်းထဲကထွက်သွားကြတာ ကြာပြီ၊ ဖေဖေက သူတို့ကိုသေဒဏ်ပေးထားတာ၊ ဘယ်နေရာမှာ တွေ့တွေ့ သတ်ပစ်ရမှာပဲ"

"ဟာ .... မလုပ်ပါနဲ့ဗျာ"

တင်ရှောင် အလန့်တကြားပြောလိုက်မိလေသည်။

ကျင်းလေးက ....

"ရှင် အေးအေးဆေးဆေးဘေးဖယ်နေ၊ တော်ကြာ ရှင်ပါ ဒုက္ခရောက်သွားမယ်"

တင်ရှောင် မကျေမနပ်ဖြစ်သွားသည်။



ကျင်းလေးသည် အပြောင်းအလဲမြန်ဆန်လွန်းလှသည်ဟု တွေးကာ ခေါင်းခါသွားခြင်းဖြစ်လေသည်။

ထို့ကြောင့် ....

"ကောင်းပြီလေ ကိုယ့်ပြဿနာကိုယ်ရှင်းကြတာပေါ့"

ဟုပြောကာ ထွက်သွားရန်ဟန်ပြင်လိုက်သည်။

ထိုစဉ် အစိမ်းရောင်ဝတ်ထားသူတစ်ယောက်က ....

"မိတ်ဆွေလေး .... ဘယ်သွားမလို့လဲဗျာ၊ ထိုင်ပါဦးဗျ"

ပြောပြောဆိုဆို တင်ရှောင်၏ပခုံးကိုလှမ်းပုတ်လိုက်လေသည်။ တင်ရှောင်မှာပခုံးနာသွားသဖြင့် ....

"ဟေ့ လူ .... ခင်ဗျားဘယ်လိုလုပ်လိုက်တာလဲ"

ဟုအော်ပြောလိုက်၏။

"ခြိမ်း"

ထိုလူသည် ခါးမှဓားကို လျှပ်တစ်ပြက် ဆွဲထုတ်လိုက်ပြီး....

"ပြန်ထိုင်လိုက်စမ်း"

တင်ရှောင်၏ရင်ဝကိုဓားဖြင့်ထောက်ကာ ပြန်ထိုင်ခိုင်း၏။

တင်ရှောင်ခံပြင်းသွားပြီး ....

"ဟေ့လူတွေ မတရားမလုပ်နဲ့"

ဟု အော်လိုက်လေသည်။ ကျင်းလေးက ....

"ထိုင်ပါဦးရှင်"

ဟုအေးအေးဆေးဆေးပြောလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တင်ရှောင် ခံပြင်းနေသော်လည်း အကြောင်းရှိမည်ဟုတွေးမိလိုက်သဖြင့် ဘာမှမပြောတော့ဘဲထိုင်ချလိုက်လေသည်။

ကျားသစ်ညီနောင်သုံးယောက်အနက် တစ်ယောက်က ....

"သခင်မလေး ဒီနေရာထိလိုက်လာရဲတာချီးကျူးပါတယ်"

ဟုပြောလိုက်လေသည်။ ကျင်းလေးက ....

"ရှင်တို့က ဒီမြို့လေးမှာလာပုန်းနေကြတာဟုတ်လား"

ဟု ပြုံးစစဖြင့်မေးလိုက်လေသည်။

ကျားသစ်ညီနောင်သုံးယောက်က ....

"ကျုပ်တို့အကြောင်းကိုသိလို့ လိုက်လာပြီးမှမေးနေရသေးလားဗျာ"

ဟု မကျေမနပ်ပြောလေသည်။ ကျင်းလေးက ....

"ရှင်တို့သုံးယောက် ရောက်တဲ့နေရာတိုင်းမှာ ကံဆိုးမှုတွေဖြစ်လာမှာပဲ၊ အင်း .... ကြည့်ရတာ ရှင်တို့သုံးယောက်က ဒီမြို့မှာမင်းမူနေနိုင်ကြပုံရတယ်"

"အပိုတွေပြောမနေပါနဲ့သခင်မလေး။ ကျုပ်တို့က သခင်မလေးကိုစောင့်ကြည့်နေတာကြာပြီ၊ သခင်မလေး ကျုပ်တို့နောက်ကိုလိုက်လာတယ်ဆိုတာသိတယ်၊ သခင်မလေးနောက်မှာ ဘယ်သူမှလဲ ပါလာတာလဲမတွေ့ရဘူး။ ဒါကြောင့် ကျုပ်တို့ကသခင်မလေး ကိုတစ်ခါတည်းရှင်းပစ်ဖို့ဆုံးဖြတ်လိုက်ကြတာပဲ"

ကျင်းလေးက လုံးဝဂရုမစိုက်ပါချေ။



တင်ရှောင်ဘက် လှည့်လိုက်ပြီး ....

"သူတို့သုံးယောက်ဟာ လေနင်လက်ဂိုဏ်းမှာ အားထားရတဲ့ဒွာနမှူးတွေဖြစ်ခဲ့ကြတာပေါ့၊ ဒါပေမဲ့ သူတို့ဟာ လေနင်လက်ဂိုဏ်းရဲ့နာမည်ကိုအလွဲသုံးစားလုပ်ပြီး မကောင်းတဲ့လုပ်ငန်းတွေလုပ်ခဲ့ကြတယ်၊ ဖေဖေသိသွားတော့ အပြစ်ပေးမှာကြောက်ပြီးထွက်ပြေးခဲ့ကြတယ်၊ တကယ်ဆိုရင် လေနင်လက်ဂိုဏ်း သိုင်းလောကမှာ နာမည်ပျက်ခဲ့တာဟာ သူတို့လို လူစားမျိုးတွေကြောင့်ပါပဲရှင်၊ ဖေဖေဟာ သိုင်းပညာကိုလေ့ကျင့်ဖို့အဓိကထားပြီး ငယ်သားတွေနဲ့ အစစအရာရာလွှဲထားချိန်မှာ သူတို့ကထင်ရာစိုင်းခဲ့ကြတာပါပဲရှင်"

ဟု ရှင်းပြလေသည်။ တင်ရှောင်က ....

"သူတို့ ထွက်ပြေးတိမ်းရှောင်သွားတော့ ခင်ဗျားအဖေက ဘာမှမလုပ်ဘူးလား"

ဟု မေးလိုက်သည်။ ကျင်းလေးက ....

"ဖေဖေက အပြစ်ရှိတဲ့လူအားလုံးကို တွေ့တဲ့နေရာမှာ သတ် ပစ်ရမယ်လို့ အမိန့်ထုတ်ထားပါတယ်ရှင်"

ကျားသစ်ညီနောင်သုံးယောက်က ....

"ကျုပ်တို့ကလဲ သခင်မလေးကိုသုတ်သင်ဖို့ဆုံးဖြတ်ပြီးကြပါပြီဗျာ"

ဟု ပြောလိုက်သည်။ ကျင်းလေးက ....

www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့သုံးယောက်ဟာ ပညာမဆိုးပါဘူး။ ဒါပေမဲ့ ကျွန်မကို အနိုင်ရမယ်ထင်ရင် မှားသွားမှာပေါ့"

ကျားသစ်ညီနောင်သုံးယောက်က ....

"ကြည့်ပါဦးလေ"

စကားဆုံးလျှင် ....

"ခွမ်း .... ခွမ်း .... ခွမ်း"

ဓားကိုယ်စီဆွဲထုတ်လိုက်ကြသည်။ ကျင်းလေးက ....

"ရှင်တို့သုံးယောက်ရဲ့ ဓားပညာကို ဖေဖေကိုယ်တိုင်ချီးကျူးဖူးပါတယ်၊ ကျွန်မ လေ့လာကြည့်ရသေးတာပေါ့"

ပြောပြောဆိုဆို တိုင်ရာမှထရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် ....

"အလှူခံပါတယ်ကွယ်"

အဘွားအိုတစ်ယောက် ဆိုင်ထဲဝင်လာသည်ကိုတွေ့လိုက်ရလေသည်။

xxxx



အဘွားအိုတစ်ယောက် ဆိုင်ထဲရောက်လာလေသည်။

အဘွားအိုသည် ကျင်းလေးအနီးသို့တန်းတန်းမတ်မတ်ပင် လျှောက်လှမ်းလာပြီး ....

"အလှူခံပါတယ်ကွယ်"

ဟုပြောလာလေသည်။

ကျင်းလေးက ....

"ကျွန်မက ...."

သူမ၏စကားမဆုံးမီပင် အဘွားအိုကကြားဖြတ်ပြောလိုက်လေသည်။

"ဟောဒီ ကလေးသုံးယောက်ကိုအလှူခံပါတယ်ကွယ်"

ကျားသစ်ညီနောင်များကို ပြောလိုက်ခြင်းဖြစ်သည်။

ကျင်းလေး ရယ်မောလိုက်လေသည်။

"ဩော်.... အဘွားက နို့နံ့မစင်သေးတဲ့ကလေးသုံးယောက်ကိုအလှူခံတာကိုး။ ရပါတယ် ခေါ်သွားပါရှင်"

ဟုပြောလိုက်သည်။

အဘွားအိုက ....

"ကဲ.... ကလေးတို့ ဘွားဘွားနောက်ကလိုက်ခဲ့ပါ"

ဟု ကျားသစ်ညီနောင်သုံးယောက်ကိုပြောလိုက်သည်။

ကျားသစ်ညီနောင်သုံးယောက်သည် ခေါင်းခြောင်းခြောင်းထွက်သွားကြပြီး ....

www.burmeseclassic.com

www.burmeseclassic.com



"သေပေတော့"

ဟုအော်ငေါက်ကာ ဓားကိုယ်စီဖြင့်တိုက်ခိုက်လိုက်ကြလေသည်။ သို့သော် အဘွားအိုက ....

"ဒီကလေးတွေ တော်တော်ဒေါသကြီးကြပါလား"

ဟုပြောကာ လက်ဝှေ့ယမ်းလိုက်လျှင် ....

"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

ကျားသစ်ညီနောင်သုံးယောက်မှာ လက်နက်များလွှင့်စဉ်ပြီး ကြမ်းပြင်ပေါ် လဲကျသွားကြ၏။

အဘွားအိုက ....

"ကလေးတွေ လာခဲ့"

ဟုပြောကာကုပ်မှဆွဲလျက် အပြင်ထွက်သွားလေတော့၏။

တင်ရှောင် ပါးစပ်အဟောင်းသားဖြစ်နေသည်။

"ခစ် .... ခစ် .... ခစ်"

ကျင်းလေးက ရယ်မောလိုက်သည်။

တင်ရှောင်က ....

"ဒီ .... ဒီအဘွားကြီးကဘယ်သူလဲ"

ဟုမေးလိုက်သည်။



ကျင်းလေးကခေါင်းခါယမ်းလိုက်သည်။

"ကျွန်မလဲ မသိဘူးရှင့်"

"ဟင် .... မသိဘူး"

"ဟုတ်တယ်"

"မသိဘဲနဲ့ သူကဘာယ်လိုလုပ်ပြီးဝင်ကူညီရတာလဲ"

"ကျားသစ်ညီနောင်သုံးယောက် သောင်းကျန်းနေတာကို ကြည့်မရလို့နေမှာပေါ့"

တင်ရှောင် သက်ပြင်းချလိုက်သည်။

ကျင်းလေးက ....

"ဒါကြောင့် သိုင်းလောကသားတွေရဲ့ စိတ်ဓာတ်က ထူးခြားတယ်လို့ ကျွန်မပြောတာပေါ့"

တင်ရှောင်က ....

"ဒီအဘွားအိုကလည်း သိုင်းလောကသားတစ်ယောက်ပဲ ဟုတ်လား"

ကျင်းလေးက ....

"သူဟာ အဆင့်မြင့်သိုင်းသမားကြီးတစ်ယောက်ဖြစ်ရမယ်လို့ ကျွန်မထင်တယ်"

တင်ရှောင်က....

"ဘာပဲဖြစ်ဖြစ် သူဟာ မတရားတာကိုမနှစ်သက်တဲ့သူဖြစ်နေလို့ တော်သေးတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"သိုင်းလောကသားတွေဟာ... သိပ်ပြီးထူးဆန်းတယ်လို့ ကျွန်မ ပြောပြီးပါပြီရှင်"

တင်ရှောင်သည် သူမ၏စကားကိုနားမလည်နိုင်အောင်ဖြစ်သွားခဲ့လေသည်။

ထိုစဉ် .... အဘွားအိုသည် ဆိုင်ထဲသို့ပြန်လည်ဝင်ရောက်လာသည်ကိုတွေ့မြင်လိုက်ရလေတော့သည်။

အဘွားအိုက ရယ်မောရင်းလှမ်းလာလေသည်။

အနီးသို့ရောက်လာသောအခါ ....

"အလှူခံပါတယ်ကွယ်"

ဟုပြောလာလေသည်။

ကျင်းလေးက ....

"ဒီတစ်ခါတော့... ကျွန်မ ဘာလှူရမလဲဆိုတာစဉ်းစားရဦးမယ်ရှင်"

ဟုပြောလိုက်လေသည်။

အဘွားအိုက ....

"လှူစရာမရှိရင် သူ့ကိုပဲလှူလိုက်ပါကွယ်"

တင်ရှောင်ကို လက်ညှိုးညွှန်ကာပြောလိုက်လေသည်။

"ဟင် ...."

တင်ရှောင် ထိတ်လန့်သွားလေသည်။

ကျင်းလေးလည်းရုဝ်ထိတ်သွားသည်။



"ဘွားဘွား .... သူက ...."

"ကျုပ်ကိုလှူလိုက်ပါကွယ်"

စကားဆုံးလျှင် အဘွားအိုက တင်ရှောင်ကိုလှမ်းဆွဲလိုက်လေသည်။ တင်ရှောင်ထိတ်လန့်သွားသည်။

"ခင်ဗျားဘာလုပ်မလို့လဲ"

ပြောရင်း ရှောင်တိမ်းရန်ကြိုးစားလိုက်သည်။

သို့သော် အဘွားအိုက သူ၏လက်မောင်းကိုဆုပ်ကိုင်မိသွားပြီဖြစ်လေသည်။

"လွှတ်လိုက်"

ကျင်းလေးကအထိတ်တလန့်အော်ပြောက်ရင်း လက်ဝါးကိုဆန့်ကာ တိုက်ခိုက်လိုက်လေသည်။ အဘွားအိုက ....

"သိပ်လည်း ဒေါသမကြီးနဲ့လေ"

ပြောရင်း တင်ရှောင်အားသူမ၏ရင်ဝရှေ့၌အကာအကွယ်ပြုထားလိုက်လေသည်။ ကျင်းလေးသည် တင်ရှောင်အား ထိသွားမည်စိုးရိမ်ကာ ဆက်၍မတိုက်ခိုက်ပဲတော့ဘဲ လက်ဝါးကို ကမူးကယာရုပ်သိမ်းလိုက်သည်။ အဘွားအိုက ....

"ကျေးဇူးပါပဲကွယ်၊ ကျုပ်သွားတော့မယ်"

ဟုပြောကာ ကြမ်းပြင်ပေါ်ခြေဆောင့်ပြီး ပြတင်းပေါက်တစ်ဆင့် အပြင်ဘက်သို့ခုန်ထွက်သွားလေသည်။

"မပြေးနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းလေးလည်း အော်ငေါက်ရင်းလိုက်သွားသည်။အဘွား အိုသည် ဆိုင်ပြင်ဘက်သို့ရောက်သွားလျှင် အနီးရှိအိမ်ခေါင်မိုးတစ်ခု ပေါ်သို့ ခုန်တက်သွားသည်။

ကျင်းလေးက ....

"ရှင် ပြေးလို့လွတ်မလား"

ဟု အော်ငေါက်ကာ ကိုယ်ဖော့ပညာအသုံးပြုပြီး လိုက်သွား လေသည်။ သို့သော် အဘွားအိုသည် ခေါင်မိုးတစ်ခုမှတစ်ခု ခုန်လွှား ကာ ရိပ်ခနဲ ရိပ်ခနဲပြေးသွားသဖြင့် ကျင်းလေးလိုက်သွားသော်လည်း မမီတော့ပါ။ အဘွားအိုသည် ဝေး၍ဝေး၍သွားပြီး နောက်ဆုံး မြင် ကွင်းမှကွယ်ပျောက်သွားလေတော့သည်။

xxxx



သက်ခြေလက်

လိုဏ်ဂူအတွင်း၌ အေးစိမ့်နေလေသည်။

တင်ရှောင်သည် မီးပုံကြီးအနီး၌ရှိနေသော်လည်း ချမ်းစိမ့် စိမ့်ဖြစ်နေသည်ဟုခံစားရသည်။ သူ၏ခြေလက်များသည် ထုံကျဥ်ကာ လှုပ်ရှားမရဘဲ မြေပေါ်တွင်ခွေခွေလေးဖြစ်နေ၏။

သူ့အားကျောက်ဂူကြီးအတွင်းသို့ အဘွားအိုကဖမ်းဆီးခေါ် ဆောင်လာခဲ့ခြင်းဖြစ်လေသည်။ သူ၏ခြေလက်များ လှုပ်ရှား၍မရ သည်မှာ သွေးကြောပိတ်ထားခြင်းကြောင့်ဟုနားလည်မိသည်။

မည်သို့ဆိုစေ .... အဘွားအို၏လက်တွင်းသို့သက်ဆင်းရ ကာသွေးကြောပိတ်အဖမ်းခံထားရသည်မှာ ကောင်းသော လက္ခဏာ မဟုတ်ဟုယုံကြည်ထား၏။ အကြောင်းမှာ ....

"အား ...."

လိုဏ်ဂူအတွင်းဘက်မှ စူးရှသောအော်ဟစ်သံထွက်ပေါ် လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျားသစ်ညီနောင်သုံးဖော်၏ အော်ဟစ်သံဖြစ်ကြောင်း တင်ရှောင်သိရှိထားလေသည်။ အဘွားအိုသည် ကျားသစ်ညီနောင်သုံးဖော်အားဖမ်းဆီးပြီး စိတ်တိုင်းကျနှိပ်စက်နေသည်ဟု နားလည်ထားလေသည်။ သူ၏ခန္ဓာကိုယ်တွင် ဈေးချွေးများပြန်နေ၏။

သူ့အလှည့် ဘယ်တော့များ ရောက်လေမလဲဟုတွေးတော ပူပန်နေမိခြင်းဖြစ်လေသည်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။

အော်ဟစ်သံများ တိတ်ဆိတ်ကွယ်ပျောက်သွားသည်။

လိုဏ်ဂူအတွင်းနှင့်ငြိမ်သက်သွားသည်။

တင်ရှောင် ရင်တထိတ်ထိတ်ခုန်လာသည်။

ထိုစဉ် ....

ညှင်သာပေါ့ပါးသော ခြေသံများထွက်ပေါ်လာလေသည်။ ခြေသံသည် မလှမ်းမကမ်း၌ရပ်တန့်သွားသည်။

တင်ရှောင်ကြည့်လိုက်သောအခါ အဘွားအိုကသူ့အားပြုံး၍ကြည့်နေသည်ကိုတွေ့ရလေသည်။

တင်ရှောင်ထိတ်လန့်ကာ မျက်လုံးဝိုင်းသွားတော့သည်။

အဘွားအိုကစုပ်တစ်ချက်သတ်လိုက်ပြီး ....

"ကျွတ်... ကျွတ်... ကျွတ်... ခုတော့လဲ မင်းကိုကြည့်ရတာ ယုန်သူငယ်လေးတစ်ကောင်နဲ့တောင် တူနေပါလားကွယ်"

ဟုပြောလေသည်။



တင်ရှောင်က ....

"ကျွန် .... ကျွန်တော်"

သူက စကားပြောဖို့ကြိုးစားလိုက်သော်လည်း အသံမထွက်ချေ။ သွေးကြောပိတ်ခံထားရခြင်းကြောင့်ဖြစ်ပေသည်။

အဘွားအိုက ....

"ဟဲ .... မင်းက ဘာများပြောချင်လို့လဲကွယ်၊ နားထောင်ကြည့်စမ်းရအောင်"

ဟုပြောကာသွေးကြောဖြင့်ပေးလိုက်လေသည်။

ထိုအခါမှ တင်ရှောင် လှုပ်လှုပ်ရှားရှားဖြစ်လာလေသည်။

အဘွားအိုက ....

"မင်းဘာပြောချင်သလဲ၊ ပြောပါ"

ဟုမေးလာလေသည်။

တင်ရှောင်က ....

"ကျွန်.... ကျွန်တော့်ကိုဘာဖြစ်လို့ဖမ်းခေါ်လာရတာလဲဗျာ"

ဟုမေးလိုက်လေသည်။ အဘွားအိုက ....

"မင်းကိုဆုံးမ,မလို့ပေါ့"

"ဗျာ ...."

"ဒါ ကျားသစ်ညီနောင်ကို ဘယ်လိုဆုံးမထားတယ်ဆိုတာ မင်းကြည့်ချင်သလား"

တင်ရှောင်မျက်လုံးပြူးသွားပြီး ....

www.burmeseclassic.com

www.burmeseclassic.com



"မကြည့်ချင်ဘူး"

ဟုလွှတ်ခနဲပြောလိုက်၏။ မှန်ပေသည်။

အနီရှာရှုံမြင်ကွင်းမျိုးကို လုံးဝမကြည့်လိုချေ။

အဘွားအိုက ....

"သူတို့ဟာ အရင်ကလဲဆိုးခဲ့ကြတယ်၊ အခုလဲ ဆိုးသွမ်းေ ကြတုန်းပဲ၊ ဒါကြောင့် သူတို့ရဲ့ သိုင်းပညာနဲ့သွေးကြောတချို့ကိုဖျ ဆီးပြီးလွှတ်ပေးလိုက်ပါပြီကွယ်"

တင်ရှောင်အံ့ဩသွားသည်။

"သူတို့ကိုလွှတ်လိုက်တယ်ဟုတ်လား"

"ဟုတ်တယ်လေ၊ ဘာလဲ မင်းမယုံဘူးလား"

"သူ .... သူတို့"

အဘွားအိုကရယ်မောလိုက်သည်။

"လက်စသတ်တော့ သူတို့ကိုသတ်ပစ်လိုက်တယ်လို့ မ ကထင်နေတာကိုး၊ ဘယ်ကလာသတ်ပစ်ရမှာလဲကွယ်၊ သတ်လို ရင် သူတို့လုပ်ခဲ့တဲ့လုပ်ရပ်တွေအတွက် အသက်ညှာဆုံး အပြစ်ေ လိုက်သလိုဖြစ်သွားမှာပေါ့၊ သူတို့ဟာ ဒုက္ခသုက္ခတွေကို ကိုယ်တ ခံစားနားလည်ဖို့လိုသေးတယ်လေ၊ ခုတော့ သိုင်းပညာလဲ ဖျက်ဆီ လိုက်ရတယ်၊ သွေးကြောတွေလဲဖျက်ဆီးခံလိုက်ရတယ်ဆိုတော့ များကိုစော်ကားဖို့မပြောနဲ့ .... သူများကစော်ကားရင်တောင် သူ ခေါင်းငုံ့ခံရတော့မှာ"



တင်ရှောင် ထိတ်လန့်သွားသည်။ အဘွားအိုသည် အလွန် ကြောက်စရာကောင်းသူဖြစ်ကြောင်း သဘောပေါက်လိုက်လေသည်။

အဘွားအိုက ....

"သူတို့သုံးယောက် မသေမချင်း နောင်တရနေကြတော့မှာ အသေအချာပါပဲကွယ်"

ဟုပြောလေသည်။ တင်ရှောင်က ....

"သူတို့ကလူဆိုးတွေမို့ထားပါတော့ .... ကျွန်တော့်ကိုကော ဘာ့ကြောင့်ဖမ်းလာရတာလဲဗျ"

အဘွားအိုက ရယ်မောလိုက်သည်။ ခွက်ထိုးခွက်လှန်ရယ် မောလိုက်ခြင်းဖြစ်၏။ တင်ရှောင်၏စကားကို အလွန်သဘောကျသွား ပုံရလေသည်။

တင်ရှောင်က ....

"ကျွန်တော့်စကားမှာ ဘာများရယ်စရာပါလို့လဲ"

"ရယ်စရာမို့ရယ်တာပေါ့ကွယ်"

"ဗျာ"

"မင်းကိုယ်မင်း လူကောင်းလေးတစ်ယောက်လို့ပြောချင် လို့လားကွယ်"

တင်ရှောင် မကျေမနပ်ဖြစ်သွားပြီး ....

"ကျွန်တော်က ဘာများမကောင်းတာလုပ်မိလို့လဲ ... ပြော ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"အင်း.... လောကမှာ ကိုယ့်ဆရာကို ကိုယ်ပြန်ပြီးစော်ကားတဲ့လူလောက် အပြစ်ကြီးတဲ့လူမရှိတော့ဘူး"

တင်ရှောင်ခေါင်းခါလိုက်သည်။

"ကျွန်တော်ဘာမှနားမလည်ဘူးဗျ"

အဘွားအိုက ....

"အေး.... မင်းနားမလည်ပေမဲ့ မင်းအဖေကတော့ နားလည်မှာပေါ့လေ"

"ဗျာ.... ကျွန်တော့်အဖေ"

"ဟုတ်တယ် မင်းအဖေလေ"

"နေပါဦး.... ကျွန်တော့်အဖေ ဘယ်သူဆိုတာသိလို့လားဗျာ"

အဘွားအိုက ....

"မင်းက ငါ့ကို သူငယ်နှပ်စားလေးများမှတ်နေသလား။ မင်းအဖေဟာ အကြောင်းမသိကြလို့ လူအထင်ကြီးခံနေရတဲ့ သိုင်းရာဇာ မြဝင်းပိုင်ရှင်တင်မင်းဆိုတာ မသိဘူးထင်လို့လား"

"ဗျာ"

တင်ရှောင် ပါးစပ်အဟောင်းသားဖြစ်သွားသည်။

အဘွားအိုသည် သူ၏ဖခင်အားသိနေသည်မှာ အမှန်ပင်ဖြစ်ပေတော့သည်။ အဘွားအိုက ....

"လောကပေါ်မှာ မင်းအဖေလောက် စောက်ကျစ်စဉ်းလဲတဲ့လူမရှိတော့ဘူး"



ဖခင်အပေါ် မကောင်းပြောလာခြင်းကြောင့် တင်ရှောင်မှာ မကျေမနပ်ဖြစ်သွားလေသည်။

"ကျွန်တော့်အဖေကို ဒီလိုမတရားမပြောပါနဲ့ဗျာ"

ဟုပြောလိုက်မိ၏။ သူ၏အသံက အနည်းငယ်ကျယ်လောင်သွားသည်။ အဘွားအိုက ....

"ဘာလဲ .... မင်းအဖေကိုလူယုတ်မာလို့ပြောတာ မင်းက မကျေနပ်ဘူးဟုတ်လား"

"ကျွန်တော့်အဖေဟာ လူကောင်းတစ်ယောက်ပါဗျ"

တင်ရှောင်ကအလျှော့မပေးဘဲပြောလိုက်သည်။

အဘွားအိုမှာပြုံးပြုံးလိုက်သည်။

"မင်းအဖေအကြောင်း မင်းဘယ်လောက်သိလို့လဲ"

"အို .... ကိုယ့်အဖေအကြောင်းပဲ ဘာဖြစ်လို့မသိရမှာလဲ"

အဘွားအိုက ....

"ဒါဖြင့် မင်းမမွေးခင်က မင်းအဖေဘာတွေဖြစ်ခဲ့သလဲ ဆိုတာ မင်းသိသလား"

"ဗျာ"

တင်ရှောင်ကြောင်အမ်းအမ်းဖြစ်သွားသည်။

အဘွားအိုကပြုံးစေ့စေ့ဖြင့် ....

"ကဲ .... ငါပြောတာဖြေစမ်းပါဦး"

ဟုမေးလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တင်ရှောင်က ....

"ကျွန်တော်မမေးသေးတာ ဘယ်လိုလုပ်ပြီးသိနိုင်မှာလဲ"

ဟုပြောလိုက်၏။ အဘွားအိုက ....

"အေး... အဲဒီအချိန်ကတည်းက မင်းအဖေဟာ လူယုတ်မာ တစ်ယောက်ဖြစ်ခဲ့တာ"

တင်ရှောင်အံကြိတ်မိလိုက်လေသည်။ အဘွားအိုက ....

"မင်း မယုံဘူးလား။ ကောင်းပြီ .... ငါပြောပြမယ်၊ သေသေ ချာချာနားထောင်"

အဘွားအိုသည် တင်ရှောင်လူမဖြစ်မီ လွန်ခဲ့သောနှစ်ပေါင်း နှစ်ဆယ်ကျော်လောက်က အဖြစ်အပျက်များကို ပြန်လည်ပြောပြ လိုက်လေသည်။

xxxx



**အတိတ်၏အရိပ်**

နေခြည်တောက်ပနေသည်။

မှိုင်းညို့ညို့ တောင်ကြီး၏ထိပ်များပိုင်းသည် မိုးကောင်းကင် ထဲသို့တိုးဝင်နေသည်ဖြင့်ရလောက်အောင် မြင့်မားစွာရှိနေလေသည်။

တောင်တန်းတစ်လျှောက်တွင် စိမ်းလန်းသောသစ်ပင်အုပ် များဖုံးလွှမ်းနေလေသည်။

အမျိုးသမီးကြီးကြီးတစ်ယောက်သည် ကြမ်းခြင်းတောင်း တစ်လုံးကိုဆွဲကာ သစ်ပင်ချုံနွယ်များကြားခြံအလုပ်ရှုပ်နေ၏။ သူမ သည် ဆေးဖက်ဝင်သော ပရဆေးပင်များကို လိုက်လံရှာဖွေနေခြင်း ဖြစ်လေသည်။ ချုံဖုတ်ကြီးတစ်ခုအောက်ဘက်တွင် ခရမ်းရောင်ပန်း ပွင့်သေးသေးလေးများပွင့်နေသည့် အပင်ငယ်လေးတစ်ပင်ကို မြင် လျှင် အမျိုးသမီးကြီးဝမ်းသာသွားလေသည်။

ထိုအပင်လေးသည် အလွန်ရှားပါးသောဆေးဖက်ဝင်အပင် တစ်ပင်ဖြစ်နေသည်မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကခေါင်းပင်ကိုခုန်ပေါ်ရန် ချုံဖုတ်အနီးသို့ အလော တကြီးချဉ်းကပ်သွားလိုက်၏။ ထိုစဉ်မှာပင် ....

"ရှူး"

နှာမှုတ်သံနှင့်အတူ ချုံဖုတ်ထဲမှမြွေတစ်ကောင်လျှောခနဲတိုး ထွက်လာလေသည်။ မြွေကြီးကို ရုတ်တရက်တွေ့မြင်လိုက်ရသဖြင့် အမျိုးသမီးကြီးမှာထိတ်လန့်သွားပြီး ....

"အမယ်လေး"

ဟူ၍အော်ဟစ်ပြီး လက်ထဲမှကြိမ်ခြင်းတောင်းကိုလွှတ် ချကာထွက်ပြေးရန်ဟန်ပြင်လိုက်၏။

သို့သော် .... သူမ နောက်ကျသွားပြီဖြစ်၏။

မြွေကြီးသည် သူမ၏ခန္ဓာကိုယ်ကို လျှပ်တစ်ပြက်ရစ်ပတ် လိုက်လေသည်။ အမျိုးသမီးကြီးမှာ မြွေကြီး၏ရစ်ပတ်ညှို့ယှက်ခြင်းခံ ရပြီး မတုန်မလှုပ်ကျောက်ရုပ်ပမာဖြစ်သွားတော့သည်။

တစ်ခဏအတွင်းမှာပင် မြွေကြီး၏အစာအိမ်ဝရောက်ရှိသွား ပေတော့မည်။ မြွေကြီးသည် သူမအား ညှို့ပြီး ဝါးမျိုရန်ဟန်ပြင်နေ စဉ် ရုတ်တရက် လူရိပ်နှစ်ခုထွက်ပေါ်လာလေသည်။

"ဟာ .... အမျိုးသမီးကြီးတစ်ယောက်ကို မြွေမျိုတော့မှာ ပါလား"

"တင်မင်း .... မင်းဘေးဖယ်လိုက်စမ်း။ ဒီကိစ္စကိုငါကြည့် ရှင်းလိုက်မယ်"



စကားသံများနှင့်အတူ လူတစ်ယောက် လျှပ်တစ်ပြက် ရှေ့ တိုးလာပြီး လက်ကိုလှုပ်ရှားလိုက်ရာ ဝင်းလက်တောက်ပသော အ လင်းရောင်များထွက်ပေါ်လာလေသည်။

"ဖုတ်"

မြွေကြီး၏ဦးခေါင်းလည်း မြေပေါ်ပြုတ်ကျသွားတော့၏။

အဖြစ်အပျက်မှာလျှင်မြန်လွန်းလှသည်။

အတိဒုက္ခရောက်နေသောအမျိုးသမီးမှာ ကယ်တင်မည့်သူ ရောက်ရှိလာကာ အသက်ဘေးမှလွတ်မြောက်သွားလေတော့သည်။

xxxx

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီး၏အသက်ကို ကယ်တင်လိုက်သူနှစ်ယောက်မှာ လူရွယ်တစ်ယောက်နှင့်အဘိုးအိုတစ်ယောက်တို့ဖြစ်ကြသည်။ မြွေကြီးအားသုတ်သင်ပစ်လိုက်သူမှာအဘိုးအိုဖြစ်၏။ အဘိုးအို၏လက်ထဲ၌ အလွန်ထက်မြက်သောဓားတစ်လက်ကိုင်ဆောင်ထားသည်။

အမျိုးသမီးကအဘိုးအိုရှေ့ဒူးထောက်ကာ ....

"ကျွန်မအသက်ကို ကယ်တင်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်၊ ဆရာကြီးလိုအပ်တဲ့တစ်နေ့ ကျွန်မ ဘာမဆိုပြန်ပြီးကူညီပါ့မယ်လို့ကတိပြုပါတယ်ရှင်"

ဟုပြောလိုက်လေသည်။ အဘိုးအိုက ....

"မလိုပါဘူးကွယ်၊ ကျုပ်တို့ကကြုံကြိုက်တုန်းကူညီရတာပါ။ ဘယ်လိုမှသဘောမထားပါနဲ့၊ ဒါနဲ့ မင်းကဒီတောင်ပေါ်မှာ ဘာလာလုပ်တာလဲ"

"ကျွန်မက ဆေးဖက်ဝင်ဆေးပင်တွေလာရှာတာပါရှင်"

"ဪ.... ဪ... ဒါနဲ့ မင်းတောင်ထိပ်ပေါ်ကိုများတက်မိသေးသလားကွယ့်"

"တောင်ထိပ်ပေါ်တော့ တစ်ခါမှမတက်ဖူးခဲ့ပါဘူးရှင်"

"ကောင်းတယ်.... ကောင်းတယ်၊ တောင်ထိပ်ပိုင်းဟာ သိပ်မြင့်မားမတ်စောက်လို့ အန္တရာယ်များတယ်၊ မတက်တာ အကောင်းဆုံးပဲ"

"ဟုတ်ကဲ့ရှင့်"



အဘိုးအိုသည် အမျိုးသမီးအားနှုတ်ဆက်လိုက်ပြီး ....

"တင်မင်း။ လာ .... တို့သွားကြမယ်"

ဟုပြောကာထွက်သွားလေသည်။

အမျိုးသမီးသည် မြေပေါ်ဒူးထောက်ကာငေးမောကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

xxxx

www.burmeseclassic.com

www.burmeseclassic.com



ဆယ်ရက် ....

ဆယ်ရက်ဟူသောအချိန် ကုန်ဆုံးသွားပြီဖြစ်သည်။

အမျိုးသမီးသည် ပရဆေးအတော်များများရှာဖွေစုဆောင်းခဲ့ပြီဖြစ်သည်။ ထို့ကြောင့်.... သူမသည် ဆက်မရှာတော့ဘဲ ထွက်သွားရန်ဆုံးဖြတ်လိုက်လေသည်။ ထိုအခါမှ ....

"ငါ့ရဲ့ အသက်သခင်ကျေးဇူးရှင်အဘိုးအိုဟာ တောင်ပေါ်ကို တက်သွားတယ်၊ ခုထိ ပြန်ဆင်းလာတာမတွေ့ရသေးဘူး။ သူ့ကို သွားပြီးဂါရဝပြုဦးမယ်၊ ကိုယ့်ကျေးဇူးရှင်ရဲ့ နာမည် ဘယ်လိုခေါ်တယ်ဆိုတာ သိထားမှဖြစ်မယ်"

ဟုတွေးကာ တစ်ကြိမ်တစ်ခါမှမတက်ဖြစ်ခဲ့သည့် တောင်ထိပ်ပိုင်းသို့တက်လာခဲ့လေတော့သည်။

တောင်အမြင့်ပိုင်းတွင် ကျောက်တုံးကျောက်ခဲများ ပေါများပြီးတောင်နံရံသည် မြင့်မားမတ်စောက်ကာချောမွတ်နေသည်။

အမျိုးသမီးသည် အပေါ်သို့တက်ရန် အတော်ပင်ကြိုးစားခဲ့ရလေသည်။ အတန်ကြာကြိုးစားပြီးမှ တောင်ထိပ်ပိုင်းသို့ရောက်မှန်းမသိရောက်ရှိသွားခဲ့လေသည်။

တောင်ထိပ်တွင် .... မြေကွက်လပ်တစ်ခုနှင့်ကျောက်တုံးကျောက်ခဲပုံကြီးရှိသည်။ ထိုကျောက်တုံးကျောက်ခဲပုံကြီး အောက်တွင် လိုဏ်ဂူပမာအပေါက်ကြီးတစ်ခုရှိနေသည်ကိုတွေ့လိုက်ရလေသည်။



အမျိုးသမီးသည် ကြိုးစားပမ်းစား တက်လာရခြင်းကြောင့် မောပန်းနွမ်းနယ်နေသည်။ ထို့ကြောင့် ....

ကျောက်တုံးတစ်တုံးကိုကျောမှီကာ ထိုင်ချလိုက်လေ၏။

မောမောနှင့်ခဏနားနေစဉ် ....

"အား"

စူးရှသောအသံနက်ကြီးထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ အမျိုးသမီးထိတ်လန့်သွား၏။ ကမျာကယာကျောက်တုံးနောက်သို့ဝင်ပုန်းကာ ချောင်းကြည့်လိုက်လေသည်။

ထိုအခါ .... လိုဏ်ဂူပေါက်ထဲမှ လူရိပ်တစ်ရိပ်ပြေးထွက်လာသည်ကိုတွေ့မြင်လိုက်ရလေသည်။ ထိုလူရိပ်သည် ဟိုဟိုသည်သည်ကြည့်ပြီး တောင်အောက်သို့ပြေးဆင်းသွားသည်ကိုတွေ့ရလေသည်။

အမျိုးသမီးမှာအံ့ဩသွားသည်။

"ဒီလူဟာ ငါ့ရဲ့ ကျေးဇူးရှင်အဘိုးအိုနဲ့လိုက်လာတဲ့ တင်မင်းဆိုတဲ့လူပါလား"

သူမသည် လိုဏ်ဂူပေါက်ဆီသို့ကြည့်မိသည်။ အော်သံရှင်သည် သူမ၏ကျေးဇူးရှင်ဖြစ်ရမည်ဟုလည်းခန့်မှန်းမိလိုက်လေသည်။

ထိုအချိန်တွင်... တင်မင်းသည် တောင်အောက်သို့ပြေးဆင်းကာ မြင်ကွင်းမှပျောက်ကွယ်သွားပြီဖြစ်သည်။ အမျိုးသမီးသည် မရဲ့ဖြင့်ပုန်းကွယ်ရာမှထွက်လာပြီး လိုဏ်ဂူဆီသို့ချဉ်းကပ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွာသို့ရောက်သည့်အခါ...

ညည်းညူသံသဲ့သဲ့ကိုကြားလိုက်ရသည်။

အဘိုးအိုရဲ့အသံဝင်ဖြစ်သည်။

အမျိုးသမီးသည် မနေနိုင်တော့ဘဲလိုဏ်ဂူထဲသို့ဝင်သွား၏။

အတွင်းဘက်ရောက်သည့်အခါ သွေးအိုင်ထဲလဲနေသည့်သူမ၏ကျေးဇူးရှင်အဘိုးအိုအား တွေ့မြင်လိုက်ရလေတော့သည်။

xxxx



အဘွားအိုက စကားရပ်ကာ တင်ရှောင်ကိုကြည့်လိုက်လေသည်။ တင်ရှောင်ကစိတ်ဝင်စားစွာနားထောင်နေလေသည်။

သူမပြောသည့်တင်မင်းဆိုသူမှာ သူ၏ဖခင်အမည်ဖြစ်နေသည်မဟုတ်ပါလား။ အဘွားအိုက ....

"လိုဏ်ဂူထဲမှာလဲနေတဲ့အဘိုးအိုဟာ ဘယ်သူဆိုတာ မင်းသိသလား"

ဟုမေးလိုက်သည်။

တင်ရှောင်က ....

"ကျွန်တော် ဘယ်လိုလုပ်သိမှာလဲ"

ဟုခပ်တည်တည်ပြန်ပြောလိုက်သည်။ အဘွားအိုက ....

"အဲဒီအဘိုးအိုဟာ ကောရာစ်ဓားသိုင်းသခင်ပေ့ထင်းလုံပဲ"

ဟုပြောလိုက်လေသည်။

ကောရာစ်ဓားသိုင်းသခင်ပေ့ထင်းလုံသည် သူ့ဖခင်၏ဆရာဖြစ်ကြောင်း တင်ရှောင်ကြားဖူးထားသည်။ တင်ရှောင် မျက်နှာတွက်ခနဲပျက်သွားသည်။

အဘွားအိုက ....

"ထွက်ပြေးသွားတဲ့တင်မင်းဆိုတဲ့လူကကော ဘယ်သူလဲဆိုတာ ငါပြောပြရဦးမလား"

တင်ရှောင်က ဘာမှမပြောဘဲပါးစပ်ပိတ်ထားလိုက်သည်။

အဘွားအိုက ....

www.burmeseclassic.com



"ဒီကိစ္စကိုလက်တွေ့သိမြင်ခဲ့ရတဲ့ ပရဆေးပင်ရှာတဲ့အမျိုး
သမီးဟာငါပေါ့"

"ဒီကိစ္စ ကျွန်တော်နဲ့ဘာမှမဆိုင်ဘူးထင်ပါတယ်"

"မဆိုင်ဘူးဟုတ်လား .... မင်းအဖေက သူ့ဆရာကိုရက်ရက်
စက်စက်အကောက်ကြံခဲ့တာ မင်းနဲ့ဘာမှမဆိုင်ဘူးဟုတ်လား"

"ဟုတ်တယ်.... ကျွန်တော့်အဖေဟာ ဒီလိုလူစားမျိုးမဟုတ်
ဘူး"

"မင်းအဖေဟာ လောကပေါ်မှာ အယုတ်မာဆုံးဆိုတဲ့လူ
တွေထဲမှာပါတာပေါ့။ သူဟာ ကျေးဇူးရှင်ဆရာသခင်ဆီက ပညာ
ရအောင်ဆရာ့ကိုလုပ်ကြံပြီးရတနာဓားကိုယူသွားခဲ့တယ်၊ သိုင်းလော
မှာ ဟန်တစ်လုံးပန်တစ်လုံးနေခဲ့တယ်၊ ဒီလိုလူစားမျိုးမှ လူယုတ်
မဟုတ်ရင် ဘယ်သူဖြစ်နိုင်ဦးမှာလဲ"

တင်ရှောင်က ....

"ခင်ဗျားဘယ်သူလဲ၊ ဘာကြောင့် ဒီကိစ္စတွေ ကျွန်တော့်
ပြောပြနေရတာလဲ"

အဘွားအိုက ....

"ငါက မင်းအဖေကိုဆုံးမဖို့မလိုလေ၊ သိုင်းပညာအရ သူ့ကို
မမှုပါဘူး။ ဒါပေမဲ့ သူ့လက်ထဲမှာကေရာစ်ဓားရှိနေတော့ ငါ့အတွ
မသေချာဘူး။ အခု မင်းကိုငါကဖမ်းထားလိုက်တော့ သူ့ကိုဆုံးမ
ဖို့သေချာသွားပြီပေါ့"



"ဒါဆိုရင်တော့... ခင်ဗျားလဲ လူယုတ်မာစာရင်းထဲဝင်သွား
မှာပဲဗျ"

"ဘာပြောတယ်"

အဘွားအို၏အသံ ကျယ်လောင်စွာထွက်ပေါ်လာသည်။

တင်ရှောင်က ....

"ဘာမှမဆိုင်တဲ့လူတစ်ယောက်ကိုဓားစာခံလုပ်ပြီး ရင်ဆိုင်
ရဲတာ လူကောင်းတွေရဲ့အလုပ်မှမဟုတ်ဘဲ၊ ဒီအလုပ်မျိုးကို ဘယ်လို
လူစားမျိုးတွေလုပ်ကြမလဲ၊ စဉ်းစားကြည့်ပေါ့ဗျာ"

ထိုစကားကိုကြားသည့်အခါ အဘွားအို ကွက်ခနဲမျက်နှာ
ပျက်သွားလေသည်။ တင်ရှောင်က ....

"ကျွန်တော် သိုင်းပညာကိုစိတ်မဝင်စားဘူး။ သိုင်းလောက
ထဲဝင်ဖို့လဲစိတ်မကူးဘူး။ ဒါကြောင့် ကျွန်တော့်အဖေက စိတ်ဆိုးပြီး
အိမ်ပေါ်ကနှင်ချလိုက်တာ၊ ကျွန်တော့်ကိုဖမ်းပြီးဖေဖေ့ကိုအကျပ်ကိုင်
လို့ရမယ်ထင်ရင် မှားသွားလိမ့်မယ်"

အဘွားအိုမျက်မှောင်ကုတ်သွားသည်။

ရုတ်တရက် ရှေ့သို့လှမ်းလာပြီး တင်ရှောင်၏သွေးကြော
များကိုစမ်းသပ်ကြည့်လိုက်သည်။

"ဟင်...."

သူမ အံ့သြသွားပုံရလေသည်။

"မင်းက တကယ်ပဲ သိုင်းပညာမတတ်ဘဲကိုး"

www.burmeseclassic.com

www.burmeseclassic.com



ဟုရေရွတ်လိုက်လေသည်။

"ဟုတ်တယ်၊ သိုင်းလောကဟာ စိတ်ရှုပ်စရာကောင်းလွန်း

လို့ တမင်ကျွန်တော်မသင်ဘဲနေခဲ့တာ"

အဘွားအို နောက်ပြန်ဆုတ်လိုက်သည်။

ပြီးနောက် တင်ရှောင်အား ခြေဆုံးခေါင်းဆုံးကြည့်ကာ...

"မင်း သွားတော့"

ဟုပြောသည်။

"ဗျာ ...."

မမျှော်လင့်ဘဲကြားလိုက်ရသည့်စကားကြောင့် တင်ရှော

ကြောင်အမ်းအမ်းဖြစ်သွားသည်။ အဘွားအိုက ....

"မင်းသွားနိုင်ပြီ"

"ကျွန် .... ကျွန်တော်"

"ငါစိတ်မပြောင်းခင် မင်းထွက်သွားတာအကောင်းဆုံး

တင်ရှောင်သည် အဘွားအိုအား မည်သို့နားလည်ရမှန်း

ဖြစ်သွားလေသည်။ သို့သော် .... အဘွားအိုပြောသည့်အတိုင်း

စိတ်မပြောင်းခင်ထွက်သွားခြင်းက အကောင်းဆုံးဖြစ်သည်ဟု ယ

ကာ လက်နှစ်ဖက်ဆုပ်၍ဦးညွှတ်လိုက်ပြီး ....

"ကျွန်တော့်ကို လွှတ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတ

ဗျာ"

ထို့နောက် ....



အဘွားအိုရှေ့မှောက်မှ ခပ်သွက်သွက်ထွက်ခဲ့လေသည်။

အဘွားအိုက သူ့နောက်သို့လိုက်မလာချေ။

သူ့အား အမှန်ပင် လွှတ်ပေးလိုက်ခြင်းဖြစ်သည်။

တင်ရှောင်မှာကံကောင်းသည်ဟုတွေးရင်း ခပ်သွက်သွက်

ထွက်သွားလေတော့သည်။

xxxx

www.burmeseclassic.com

www.burmeseclassic.com

## အကြံအစည်

သိုင်းရာဇာခြံဝင်း ....

သိုင်းရာဇာခြံဝင်းမှာ အေးချမ်းတိတ်ဆိတ်နေလေသည်။

အစောင့်များသည် ပုံမှန်အတိုင်း အေးအေးလူလူပင် စောင့်ကြပ်နေကြလေသည်။ သိုင်းရာဇာခြံဝင်းသို့ လာရောက်နှောင့်ယှက်ခဲ့သူ မရှိသဖြင့် ပူပင်ကြောင့်ကြကင်းမဲ့စွာနေနိုင်ကြခြင်းဖြစ်လေသည်။

နေ့လည်နေ့ခင်းအချိန်ဖြစ်၍ အချို့သောအစောင့်တို့သည် ထမင်းစားပြီးနောက် တစ်ရေးတစ်မောအိပ်ကြလေသည်။

ထိုအချိန်တွင်.... လူတစ်ယောက်သည် မယောင်မလည်ဖြင့် သိုင်းရာဇာခြံဝင်းရှေ့သို့ ရောက်ရှိလာလေသည်။ ကျားခံတပ်မှ သခင်လေးပုအိမ်းဖြစ်သည်။ ပုအိမ်းသည် ခမောက်ကြီးတစ်လုံးဆောင်းကာ တောသူတောင်သားပမာ ရုပ်ဖျက်ထား၏။ ခြံဝင်းရှေ့သို့ရောက်လျှင် ငိုက်မျဉ်းနေသောအစောင့်တစ်ယောက်အနီးသို့ချဉ်းကပ်ကာ....



"နောင်ကြီး .... ဆရာတင်မင်းရှိတယ်မဟုတ်လား"

ပုအိမ်း၏ပုံသဏ္ဌာန်ကြောင့် အစောင့်ကအထင်မကြီးချေ။

"မရှိဘူး .... မင်းဘာလုပ်မလို့လဲ"

ဟုပြန်မေးလိုက်၏။

ပုအိမ်းအံ့သြသွားသည်။ သိုင်းရာဇာတင်မင်းသည် သိုင်းရာဇာခြံဝင်း၌မရှိလျှင် မည်သည့်နေရာသို့သွားနေပါသနည်း။

"ဆရာကြီးကိုလာပြီးဂါရဝပြုတာပါခင်ဗျာ၊ ကျုပ်က ...."

"ဆရာကြီးမရှိဘူးကွ၊ ခရီးထွက်သွားတယ်"

အစောင့်မှာ စိတ်မရှည်သလိုအော်လိုက်သည်။

ပုအိမ်းထွက်သွားမှ သူလည်းအေးအေးဆေးဆေးငိုက်မျဉ်းနိုင်မည်မဟုတ်ပါလား။ ပုအိမ်းက ....

"ဆရာကြီးက ဘယ်ကိုသွားတာလဲဗျာ၊ ဘယ်တော့လောက်ပြန်ရောက်မလဲဆိုတာမသိရဘူးလား"

အစောင့်ဖြစ်သူ စိတ်ရှည်နိုင်တော့ဝါ။

"မင်းတော်တော်လျှာရှည်တာပဲ၊ ဆရာကြီးက ဂမုန်းတောင်ကြားကိုသွားတာ၊ မင်းလိုက်ချင် လိုက်သွား၊ ဘယ်တော့ပြန်လာမလဲဆိုတာမမေးနဲ့ ဘာမှပြောသွားတာမဟုတ်ဘူး။ ကဲ .... သွားတော့သွားတော့"

ထပ်၍မေးစရာမရှိအောင်ပိတ်ပြောပြီး မောင်းထုတ်လိုက်သည်။ ပုအိမ်းစိတ်လှုပ်ရှားလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းရာဇာတင်မင်းသည် ဂမုန်းတောင်ကြားသို့ သွားနေပြီ ဖြစ်သည်။ အမျိုးသမီးဂိုဏ်းချုပ်စန္ဒကွမ်းလျှံနှင့်သွားရောက်တွေ့ဆုံခြင်းသာဖြစ်ပေလိမ့်မည်။

မည်သို့သောအကြောင်းကိစ္စရှိနေပါသနည်း။

အကြောင်းထူးရှိ၍သာထွက်သွားခြင်းဖြစ်မည်ဟု နားလည်လိုက်သည်။ ထို့ကြောင့် ....

"ကောင်းပါပြီ .... သွားပါတော့မယ်ဗျာ"

သိုင်းရာဇာခြံရှေ့မှ ဟန်မပျက် ခပ်ကုပ်ကုပ်လေးပြန်ထွက်လာခဲ့လေတော့သည်။

xxxx



ဂမုန်းတောင်ကြား ....

ဂမုန်းတောင်ကြားအတွင်းရှိ အမျိုးသမီးဂိုဏ်း၌ ဧည့်သည်နှစ်ယောက်ရောက်ရှိနေကြလေသည်။ ထိုဧည့်သည်နှစ်ယောက်မှာ သိုင်းရာဇာတင်မင်းနှင့် ရှမ်းစုတို့ဖြစ်သည်။ သူတို့အား အမျိုးသမီးဂိုဏ်းချုပ်စန္ဒကွမ်းလျှံက ကောင်းစွာဧည့်ခံကြိုဆိုလေသည်။

စန္ဒကွမ်းလျှံက သိုင်းရာဇာတင်မင်းကိုကြည့်ကာ ....

"ရှင် အလောတကြီးရောက်လာတယ်ဆိုတော့ အကြောင်းထူးရှိနေပြီထင်တယ်"

ဟု ရယ်ရယ်မောမောပြောလိုက်သည်။

"ဟုတ်တယ် .... ဘယ်လိုအကြောင်းကိစ္စလဲဆိုတာ ခင်ဗျားသိမှာပေါ့ဗျာ"

ဟု မရယ်မပြုံး ခပ်တည်တည်ပြောလိုက်လေသည်။

စန္ဒကွမ်းလျှံက ....

"အလို .... ကျွန်မသိတယ်ဟုတ်လား"

"ဟုတ်တယ်လေ"

"ဘာကိစ္စများဖြစ်နေလို့လဲရှင်"

သိုင်းရာဇာတင်မင်းက စိတ်မရှည်တော့ဘဲ ....

"ကျုပ်တို့ လိုရင်းကိုပြောကြရင်ကောင်းမယ်၊ ကျုပ်မှာ ရှစ်ကွက်အင်းတစ်ခြမ်းရှိနေတယ်၊ ကျန်တဲ့တစ်ပိုင်းက သက်ဖြိုးလက်ဆီမှာရှိနေတယ်၊ ဒါကို ခင်ဗျားသိတယ်"

www.burmeseclassic.com

www.burmeseclassic.com



စန္ဒကွမ်းလျှံခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... သိတယ်လေ"

သိုင်းရာဇာတင်မင်းက ....

"သက်ခြေလက်ဘယ်သူလဲ ... ဘယ်မှာနေသလဲဆိုတာလဲ ခင်ဗျားသိတယ်"

စန္ဒကွမ်းလျှံခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... ကျွန်မရှင့်ကိုလိမ်ပြောလို့လားရှင်"

သိုင်းရာဇာတင်မင်းက ....

"သက်ခြေလက်ဟာ ကရုဏာသီလရှင်ဖြစ်တယ်ဆိုတာ ကျုပ်သဘောပေါက်ပြီဗျ"

"သိုင်းရာဇာကြီးက အတော်ကိုဉာဏ်ကောင်းတာပဲနော်"

စန္ဒကွမ်းလျှံကချီးကျူးလိုက်၏။

သို့သော် .... သိုင်းရာဇာတင်မင်းမှာမူ သူ့အား လှောင်ပြောင်လိုက်သလိုခံစားရလေသည်။

"အခု ကျုပ်လာတာ ကရုဏာသီလရှင်ကိုတွေ့ချင်လို့ပဲ"

ဟုပြောလိုက်သည်။ စန္ဒကွမ်းလျှံက ....

"ဒါတော့ သိုင်းရာဇာကြီး သိပ်တိုလောဘကြီးသွားပါပြီရှင်"

ကရုဏာသီလရှင်နေထိုင်သည့်နေရာကို သူမတစ်ယောက်တည်းသာသိရှိထားသည်။ ထို့ကြောင့် .... သူမ၏လေသံသည် အောင်နိုင်သူတစ်ယောက်၏လေသံမျိုးဖြစ်နေတော့သည်။



သိုင်းရာဇာတင်မင်းက ....

"ခင်ဗျားပြောပြမယ်လို့ ကျုပ်ယုံကြည်ပါတယ်ဗျာ"

စန္ဒကွမ်းလျှံခေါင်းညိတ်လိုက်သည်။

"ဟုတ်တာပေါ့... ပြောပြမှာပေါ့ရှင်"

သူမသည် မလှမ်းမကမ်း၌ရပ်နေသောဝမ်းဝမ်းဘက်လှည့်ကြည့်ပြီး ....

"ဝမ်းဝမ်း .... ဧည့်သည်တွေအတွက် စားစရာသောက်စရာစီစဉ်လိုက်ပါ"

ဟုအမိန့်ပေးလိုက်၏။ ဝမ်းဝမ်းက ....

"ဟုတ်ကဲ့ဆရာ"

သူမသည် အရက်နှင့်စားသောက်ဖွယ်ရာများ ချက်ချင်းစီစဉ်ပေးလိုက်လေသည်။ စန္ဒကွမ်းလျှံက ....

"ကဲ .... သုံးဆောင်ကြပါဦးရှင်"

ဟုဧည့်ဝတ်ပြုလေသည်။ သိုင်းရာဇာတင်မင်းက ....

"ကျုပ်တို့မှာအချိန်မရှိဘူးဗျ"

ဟု ခပ်ပြတ်ပြတ်ပင်ပြောလိုက်သည်။

မှန်ပေသည်။ သူတို့အတွက် အလွန်အရေးကြီးသည့်အချိန်အခါရောက်နေပြီမဟုတ်ပါလား။ စန္ဒကွမ်းလျှံက ....

"ကျွန်မ သိုင်းရာဇာကြီးကိုကူညီရင် ဘယ်လိုအကျိုးကျေးဇူးရှိမလဲလို့စဉ်းစားနေခဲ့တာရှင့်"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေသည်။

"ခင်ဗျား ဘာလိုချင်သလဲပြောပါ"

ဟု သိုင်းရာဇာတင်မင်းကမေးလိုက်၏။

"ဟင်း .... ဟင်း .... ဟင်း"

စန္ဒကွမ်းလျှံကရယ်မောလိုက်သည်။

"သိုင်းရာဇာကြီးက တယ်လဲအလိုက်သိတာကိုး။ ကျုန်မက လောဘကြီးတဲ့လူတစ်ယောက်တော့မဟုတ်ပါဘူးရှင်။ ဒါပေမဲ့ ရှစ်ကွက်အင်းကိုရရင် သိုင်းလောကရဲ့ ရတနာသုံးပါးကိုရမယ်ဆိုတော့ အင်း ...."

သူမသည် ဆက်မပြောသေးဘဲအချိန်ဆွဲထားလိုက်သည်။

သိုင်းရာဇာတင်မင်းက ....

"ခင်ဗျား ဘာလိုချင်သလဲ၊ ပြောပါ"

ဟု စိတ်မရှည်နိုင်သောလေသံဖြင့်မေးလိုက်လေသည်။

ရှမ်းစုကမူ .... သူတို့နှစ်ယောက်အား လုံးဝအမှုမထားဘဲ ဝမ်းဝမ်းကိုငေးကြည့်နေ၏။

စန္ဒကွမ်းလျှံက ....

"ကျွန်မက လောဘမကြီးဘူးလို့ပြောပြီးပါပြီရှင်၊ ကျွန်မတို့ အတူလက်တွဲလုပ်ကိုင်ကြမယ်ဆိုတော့ ဆိုးတူကောင်းဖက်ပေါ့၊ မ ဟုတ်ဘူးလားရှင်"

သိုင်းရာဇာတင်မင်းက ....



"ခင်ဗျားဆိုလိုတာက တစ်ယောက်တစ်ဝက်ယူကြမယ်ဆို တဲ့သဘောလား"

"ဟင်း .... ဟင်း .... သိုင်းရာဇာကြီးက အတော့်ကိုသိတတ် ပါလားရှင်"

စန္ဒကွမ်းလျှံက ရယ်သွမ်းသွေးကာ ပြောလေသည်။

သိုင်းရာဇာတင်မင်း မှုံပြုံးပြုံးလိုက်သည်။

"ဒီကိစ္စမှာ ခင်ဗျားပါဝင်ပတ်သက်ခဲ့တာ ဘာမှမကြာသေး ပါဘူး။ ခင်ဗျားတို့လိုချင်တာ များမနေဘူးလား"

စန္ဒကွမ်းလျှံခေါင်းခါယမ်းလိုက်သည်။

"မများတဲ့အပြင်သေသေချာချာတွက်ကြည့်မယ်ဆိုရင် နည်း တောင်နေပါသေးတယ်ရှင်"

"ဘာ .... ဘယ်လို"

စန္ဒကွမ်းလျှံက ....

"သက်ခြေလက် ဘယ်သူဘယ်ဝါဆိုတာ ကျွန်မပြောပြလို့ ရှင်သိရတာမဟုတ်လား"

သိုင်းရာဇာတင်မင်း ပါးစပ်ပိတ်ထားလိုက်လေသည်။

စန္ဒကွမ်းလျှံက ....

"သူဘယ်မှာရှိတယ်ဆိုတာလဲ ကျွန်မပြောပြမှ သိနိုင်မှာမ ဟုတ်ဘူးလားရှင်"

သိုင်းရာဇာတင်မင်းက ....

www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စတာ ကြာကြာလျှို့ဝှက်ထားလို့ မရနိုင်တဲ့ကိစ္စပါဗျာ"

"ရှင်ပြောသလို ဟုတ်တယ်ပဲထားလိုက်ပါတော့၊ သက်ခြွေလက်ဆီက ရှစ်ကွက်အင်းတစ်ပိုင်းရယူဖို့ရာ ကျွန်မဟာ အဓိကအကျုံးဆိုတာတော့ ရှင်ငြင်းနိုင်မယ်မထင်ပါဘူး"

သိုင်းရာဇာတင်မင်း သက်ပြင်းချလိုက်သည်။ စန္ဒကွမ်းလျှံကို အလျှော့မပေးချင်မရတော့ပေ။ စန္ဒကွမ်းလျှံ ရယ်မောကာ ....

"ဒီလောက်ဆိုရင်တော့ ရှင်လဲ သဘောပေါက်လောက်ပြီထင်ပါတယ်"

သိုင်းရာဇာတင်မင်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီဗျာ .... ခင်ဗျားသဘောအတိုင်းပဲ ဖြစ်ရပါစေမယ်"

စန္ဒကွမ်းလျှံက ....

"ဒီလိုမှပေါ့ရှင်၊ ကျွန်မကမေတ္တာသီလရှင်ဆီကို ရှင့်ကိုခေါ်သွားမယ်၊ သူ့ကိုလုပ်ကြံရာမှာ အကူအညီပေးမယ်၊ သူနဲ့ ကျွန်မက ပညာသင်ဖက်ညီအစ်မဆိုတော့ ကျွန်မကို သူကယုံကြည်စိတ်ချနေမှာပဲ၊ ကျွန်မကရှင့်ကိုကူညီမယ်လို့ထင်မှာမဟုတ်ဘူး၊ ကျွန်မ ပြောတာလက်ခံပါတယ်နော်"

သိုင်းရာဇာတင်မင်း ခေါင်းညိတ်လိုက်သည်။

"လက်ခံပါတယ်ဗျာ"

လက်မခံ၍လည်း မဖြစ်ပေ။



မေတ္တာသီလရှင်(ဝါ) သက်ခြွေလက်သည် ခေသူမဟုတ်တဲ့ ထိပ်သီးသိုင်းပညာရှင်တစ်ယောက်ဖြစ်နေသည်။ ထို့ကြောင့် ....

သူမအား ရင်ဆိုင်ဖို့ လွယ်လှသည်မဟုတ်ချေ။

စန္ဒကွမ်းလျှံက အကောက်ကြံမှသာလျှင် အလွယ်တကူ အနိုင်ရမည့်သဘောရှိလေသည်။ စန္ဒကွမ်းလျှံက ....

"ကျွန်မက ရှင့်ကို အင်တိုက်အားတိုက်ကူညီမယ်လို့ ပြောပြီးပါပြီ၊ သက်ခြွေလက်လို့ခေါ်နေကြတဲ့မေတ္တာသီလရှင်ကိုသုတ်သင်ပစ်နိုင်မှအပြင် ရှစ်ကွက်အင်းကိုလဲ ပိုင်ဆိုင်ကြမှာဆိုတော့ လောကပေါ်မှာ ကျွန်မတို့လောက်ကောင်းတဲ့လူ ရှိနိုင်တော့မှာမဟုတ်ပါဘူး၊ ဒါကြောင့် အရက်တစ်ခွက်စီသောက်ကြပါစို့လားရှင်"

ဟု ပြောကာ အရက်တစ်ခွက်စီငှဲ့ပေးလေသည်။

ရှမ်းစုနှင့်သိုင်းရာဇာတင်မင်းတို့က အရက်ခွက်များယူလိုက်ကြလေသည်။ ထို့နောက် ....

သုံးယောက်သား ပြိုင်တူသောက်လိုက်ကြလေသည်။

အရက်သောက်ပြီးလျှင် သိုင်းရာဇာတင်မင်းက ....

"ဘာပဲဖြစ်ဖြစ် ရတဲ့အကျိုးအမြတ်ကိုကျုပ်တို့တစ်ယောက်တစ်ဝက်ခွဲယူကြမယ်၊ လုပ်စရာရှိတော့လဲ အတူတူလုပ်ကြမယ်ဆိုတာ ခင်ဗျားသဘောတူတယ်နော်"

ဟုမေးလိုက်၏။ စန္ဒကွမ်းလျှံရယ်မောလိုက်သည်။

"သဘောတူပါတယ်ရှင် .... တူပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သိုင်းရာဇာတင်မင်းက ....

"ဒါဖြင့် သက်ခြေလက် ဘယ်မှာနေသလဲဆိုတာပြောပြပါ"

ဟုမေးလိုက်၏။ စန္ဒကွမ်းလျှံက ....

"ထိုက်စန်းတောင်ခြေမှာ နေပါတယ်ရှင်"

"ထိုက်စန်းတောင်ခြေမှာ ...."

"ဟုတ်ပါတယ်"

"ခင်ဗျားပြောတော့ သူ့ကိုရင်ဆိုင်ဖို့ နှေမိုးဆောင်းလူထူး ဆန်းသုံးယောက်ရဲ့ အကူအညီကိုရမှဖြစ်မယ်ဆို"

စန္ဒကွမ်းလျှံက ....

"သူယုံကြည်စိတ်ချလှတဲ့ ကျွန်မတစ်ယောက်လုံးက သူ့ကို သစ္စာဖောက်ပြီး လုပ်ကြံမယ့်ကိစ္စမှာ သူတစ်ပါးအကူအညီကိုလိုဦးမှာလား။ ဘာလဲ .... ရှင်ကသူများတွေပါခေါ်ပြီးဝေစုပေးချင်နေလို့လားရှင်"

သိုင်းရာဇာတင်မင်းက ....

"ကျုပ်က ဘယ်သူ့ကိုမှဝေစုခွဲပေးချင်တာမဟုတ်ဘူးဗျ"

စကားဆုံးလျှင် ထိုင်ရာမှထလိုက်လေသည်။

စန္ဒကွမ်းလျှံက ....

"ရှင် ဘယ်သွားမလို့လဲ"

ဟုမေးလေသည်။

သိုင်းရာဇာတင်မင်းက ....



"ထိုက်စန်းတောင်ခြေကိုသွားမလို့ပါ"

"မေတ္တာသီလရှင်ဆီကိုပေါ့၊ ဟုတ်လား"

"သက်ခြေလက်ဆီကို ဆိုပါတော့ဗျာ"

စန္ဒကွမ်းလျှံက ....

"ရှင်တစ်ယောက်တည်းသွားမယ်ဆိုတဲ့သဘောလား"

"ခင်ဗျားပဲ လူများရင် ဝေစုခွဲပေးနေရမယ်ဆို၊ တစ်ယောက်တည်းသွားတော့ ဘယ်သူ့ကိုမှဝေစုမပေးရတော့ဘူးပေါ့"

စန္ဒကွမ်းလျှံက ....

"ရှင်တစ်ယောက်တည်း သူ့ကိုရင်ဆိုင်နိုင်မယ်လို့ ယုံကြည်နေသလား"

သိုင်းရာဇာတင်မင်း မဲ့ပြုံးပြုံးလိုက်သည်။

"စိတ်ချ၊ သူ့ကိုရင်ဆိုင်နိုင်တဲ့နည်းလမ်း ကျုပ်မှာရှိပါတယ်"

စန္ဒကွမ်းလျှံကခေါင်းခါယမ်းလိုက်သည်။

"ရှင် မှားသွားပြီ၊ ရှင်ဟာ ကိုယ့်ကိုကိုယ်သိပ်ပြီး အထင်ကြီးနေတဲ့လူတစ်ယောက်ပဲ"

သိုင်းရာဇာတင်မင်းက ....

"ကျုပ်ကိုယ်ကျုပ်အထင်ကြီးတာမဟုတ်ဘူး... ခင်ဗျားရဲ့ သိုင်းပညာက အထင်သေးစရာဖြစ်နေတာပါ"

"အဲဒါ ပြောတာပေါ့... ကျွန်မကို အထင်သေးတာကကိုက ရှင့်အမှားပဲလေ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား သေချာရဲ့လား"

"သေချာပါတယ်၊ ဘာကြောင့်လဲဆိုရင် ရှင်တို့သောက်ခဲ့တဲ့ အရက်ထဲမှာ ကျွန်မတပည့်ဝမ်းဝမ်းက အတွင်းအားယုတ်လျော့ဆေး ထည့်ထားလိုက်လို့ပါပဲ"

စကားဆုံးလျှင်... သူမသည် သဘောကျစွာရယ်မောလိုက်လေသည်။ သိုင်းရာဇာတင်မင်းက ....

"ခင်ဗျားလက်ဦးအောင်အကောက်ကြံတာကိုး"

ဟုပြောလိုက်သည်။ စန္ဒကွမ်းလျှံက ....

"ကျွန်မ ဒီလိုမလုပ်လို့မရဘူးလေ... ဘာကြောင့်လဲဆိုရင် ရှင့်ကိုယုံကြည်စိတ်ချလို့မရဘူးဆိုတာ နားလည်ထားလို့ပေါ့ရှင်"

သိုင်းရာဇာတင်မင်းက ....

"တကယ်လို့ ခင်ဗျားရဲ့ဆေးခတ်ထားတဲ့အရက်ကို ကျုပ်တို့ ကမမှူးဘူးဆိုရင်ကော"

ဟုမေးလိုက်၏။

စန္ဒကွမ်းလျှံက ....

"ရှင်က ခုချိန်ထိ ရယ်စရာပြောနိုင်သေးတာပဲကိုး"

"ကျုပ်တကယ်ပြောတာဗျ"

စန္ဒကွမ်းလျှံပခုံးတွန့်လိုက်လေသည်။

"ရှင် မမူးဘူးဆိုရင်တော့ အင်း .... ကျွန်မက ဓေစုကို လက်လွှတ်လိုက်ဖို့ပဲရှိတာပေါ့"



သိုင်းရာဇာတင်မင်း ခေါင်းခါယမ်းလိုက်သည်။

"ဒါတင်ဘယ်ကမလဲဗျ"

"ရှင် ဘာကိုဆိုလိုတာလဲ"

"ခင်ဗျား လောကပေါ်မှာ ဆက်နေစရာကြောင်းမရှိတော့ ပေါ့"

စန္ဒကွမ်းလျှံသည် အော်ဟာစ်ရယ်မောလိုက်လေသည်။

သို့သော် ....

"ခွမ်း"

သိုင်းရာဇာတင်မင်းက ဓါးမှဓားကိုဆွဲထုတ်ကာ လျှပ်တစ် က်ထိုးသွင်းလိုက်သည်နှင့် သူမ၏ရယ်မောသံ ရုတ်ခြည်းရပ်တန့် းသည်။ သိုင်းရာဇာတင်မင်းက ဓားကိုဓားအိမ်ထဲသို့ ပြန်လည် းသွင်းလိုက်ပြီး ....

"ခင်ဗျား ယုံပြီထင်တယ်"

ဟုပြောလိုက်သည်။

စန္ဒကွမ်းလျှံ၏ရင်ဝ၌ ဓားဒဏ်ရာ ဟောင်းလောင်းကြီးဖြစ် ါနေ၏။ သွေးများစီးကျလာသည်။

အဖြစ်အပျက်မှာ မယုံနိုင်စရာကောင်းလှသည်။

ဆေးခတ်ထားသောအရက်ကို သောက်ထားသည့်တိုင် င်းရာဇာတင်မင်းသည် အဘယ်ကြောင့် သိုင်းပညာကိုအသုံးပြုနိုင် ါသနည်း။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ အတွင်းအားကုန်ခန်းစေသောဆေးသည် အလွန်အစွမ်းထက်ကြောင်း ယုံကြည်ထားပါသည်။

ဆေးအစွမ်းမပြရခြင်းမှာ ....

စန္ဒကွမ်းလျှံက မျက်လုံးကြီးပြူးကာ ဝမ်းဝမ်းဘက်လှည့်ကြည့်လိုက်လေသည်။

ထိုအခါ .... ဝမ်းဝမ်းသည် မျက်နှာဖြူဖပ် ဖြူရော်ဖြစ်ကာ နောက်ဆုတ်သွားသည်။

ယခု .... ဆေးစွမ်းမပြရသည့်အကြောင်းရင်းကို စန္ဒကွမ်းလျှံ နားလည်လိုက်ပြီဖြစ်ပေသည်။

xxxx



"ဝုန်း"

စန္ဒကွမ်းလျှံသည် ကြမ်းပြင်ပေါ် အရုပ်ကြိုးပြတ်လဲကျသွား၏။ သိုင်းရာဇာတင်မင်း သက်ပြင်းချလိုက်သည်။

အေးအေးဆေးဆေးထိုင်နေသောရှမ်းစုကိုကြည့်ကာ ....

"တို့သွားကြမယ်"

ဟုပြောလိုက်သည်။

ရှမ်းစုထိုင်ရာမှထလိုက်သည်။

ကြောက်ရွံ့ထိတ်လန့်နေသည့်ဝမ်းဝမ်းထံသို့ လှမ်းသွားကာ သိုင်းဖက်လိုက်ရင်း ....

"လာ .... ညီမ၊ အစ်ကိုတို့သွားကြမယ်"

ဟုပြောလိုက်လေသည်။

xxxx

www.burmeseclassic.com

www.burmeseclassic.com



ဂမုန်းတောင်ကြား ....

ဂမုန်းတောင်ကြားသည် အဝေးတွင် ကျန်ရစ်ခဲ့ပြီဖြစ်လေသည်။ သိုင်းရာဇာတင်မင်း၊ ရှမ်းစုနှင့်ဝမ်းဝမ်းတို့ ထိုက်စန်းတောင်ဦးတည်ခရီးနှင်နေကြလေသည်။ ဂမုန်းတောင်ကြားနှင့်ဝေးကွာသွားပြီး အမျိုးသမီးဂိုဏ်း၏ပိုင်နက်ကိုလွန်မြောက်သည်နှင့် သိုင်းရာဇာတင်မင်းက ခြေလှမ်းရပ်လိုက်သည်။

ပြီးနောက် ရှမ်းစုကိုလှည့်ကြည့်ကာ ....

"စန့်ကွမ်းလျှံကိုလုပ်ကြံပြီးတဲ့နောက် ဂမုန်းတောင်ကြားမှာ အေးအေးဆေးဆေးထွက်လာကြဖို့ဆိုတာ မဖြစ်နိုင်ဘူးမဟုတ်လား"

ဟုမေးလိုက်သည်။ ရှမ်းစုက ....

"ဟုတ်ပါတယ်"

သိုင်းရာဇာတင်မင်းက ....

"စန့်ကွမ်းလျှံမှာ သိပ်ချောတဲ့တပည့်မတစ်ယောက်ရှိတယ် သူဟာ အမျိုးသမီးဂိုဏ်းမှာ စန့်ကွမ်းလျှံပြီးရင် သိုင်းပညာအတော်ဆုံး ဩဇာအရှိဆုံးပဲ"

ဟုပြောလေသည်။ ရှမ်းစုက ဝမ်းဝမ်းကိုလှည့်ကြည့်လိုက်၏။ ဝမ်းဝမ်း ခေါင်းလေးငုံ့ထားလိုက်လေသည်။

သိုင်းရာဇာတင်မင်းက ....

"သူ့ကိုဒါတို့နဲ့အတူတူခေါ်လာရင် အမျိုးသမီးဂိုဏ်းကလူတွေ လှုပ်ရှားကြမှာမဟုတ်ဘူး"



ဟုပြောလေသည်။ ရှမ်းစုကငြိမ်နေလိုက်သည်။

သိုင်းရာဇာတင်မင်းက ....

"အခု အမျိုးသမီးဂိုဏ်းပိုင်နက်ထဲကလွတ်မြောက်လာခဲ့ကြပြီလေ"

ထိုစကားကိုကြားသည့်အခါ ရှမ်းစု၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားလေသည်။ ဝမ်းဝမ်းလည်းမျက်နှာပျက်သွားသည်။

သိုင်းရာဇာတင်မင်းက ....

"ငါက အကျိုးမရှိတဲ့ကိစ္စဘာတစ်ခုမှမလုပ်ဘူး"

စကားဆုံးသည်နှင့်.... သူ၏လက်သည် ဓားရိုးဆီသို့ရောက်သွား၏။ ဝမ်းဝမ်းမှာ ခေသူမဟုတ်ပါ။ အခြေအနေမဟန်မှန်းသိလျှင် အင်္ကျီလက်အိုးထဲမှလက်နက်ပုန်းများဖြင့် လျှပ်တစ်ပြက်တိုက်ခိုက်လိုက်လေသည်။

"ဝှစ် .... ဝှစ် .... ဝှစ်"

လက်နက်ပုန်းလေးများသည် သိုင်းရာဇာတင်မင်းထံသို့ တစ်ဟုန်ထိုးပစ်လွှင့်သွားသည်။

"ရွှမ်း...."

သိုင်းရာဇာတင်မင်းက ဓားဆွဲထုတ်လိုက်သည်။

ဝင်းလက်တောက်ပသော ဓားရောင်များထွက်ပေါ်လာပြီးနောက် လက်နက်ပုန်းလေးများသည် လာရာလမ်းအတိုင်း ပြန်လည်ပစ်လွှင့်သွားကာ ဝမ်းဝမ်း၏ရင်ဝ၌စိုက်ဝင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး"

ဝမ်းဝမ်းသည် စူးရှစွာ တစ်ချက်အော်ဟစ်လိုက်ပြီး မြေပေါ်သို့ ဝုန်းခနဲလဲကျသွားလေသည်။

ရှမ်းစုကား ကျောက်ရုပ်ကြီးပမာရပ်လျက် ....

သိုင်းရာဇာတင်မင်းက ဓားကိုပြန်လည်သိမ်းဆည်းပြီး ....

"သွားကြမယ်"

ဟုပြောကာ ခပ်သွက်သွက်လှမ်းထွက်သွား၏။

ရှမ်းစုသည် ဝမ်းဝမ်း၏အလောင်းကို တစ်ချက်မျှပင် စောင်း၍ မကြည့်ဘဲ သိုင်းရာဇာတင်မင်းနောက်သို့လိုက်ပါသွားလေတော့သည်။

xxxx

## သံသရာ

အဘွားအို၏လိုအပ်ရှုသည့် အနေဝက်ဘက်တွင်ကျန်ရစ်ခဲ့ပြီ ဖြစ်လေသည်။ တင်ရှောင်သည် အဘွားအိုစိတ်ပြောင်းမသွားမီ ခပ်သွက်သွက်ထွက်လာခဲ့လေသည်။ အဘွားအိုသည် သူ၏ဖခင်အပေါ် မကျေမနပ်ဖြစ်နေကြောင်းထင်ရှားပေသည်။

သို့တိုင် .... သူ့အားလွှတ်ပေးလိုက်ခြင်းကြောင့် ကံကောင်းလှသည်ဟုဆိုရပေတော့မည်။

တင်ရှောင်ခပ်သုတ်သုတ်လျှောက်လာစဉ် ရုတ်တရက် ပြေးလွှားလာသောခြေသံများထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ တင်ရှောင် ရင်ထိတ်သွား၏။ ကျောက်ယာ သစ်ပင်ချုံငယ်များကြား ဝင်ပုန်းလိုက်သည်။ ခြေသံများသည် တစ်စထက်တစ်စ နီးကပ်လာပြီး လူနှစ်ယောက်ရောက်ရှိလာသည်ကိုတွေ့ရ၏။

ထိုလူနှစ်ယောက်မှာ ဓားနှစ်လက်ပိုက်ထားချုပ် ကျင်းဖေးနှင့် ပုအိမ်းတို့ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မုအိမ်းသည် သိုင်းရာဇာတင်မင်း ခရီးထွက်သွားကြောင်း သိလျှင် ဓားနှစ်လက်ဂိုဏ်းချုပ်ကျင်းဝူခိုးထံသွားရောက်သတင်းပို့ ခဲ့လေသည်။

ထို့နောက် .... နှစ်ယောက်သား ဂမုန်းတောင်ကြားသို့ လိုက်လာခဲ့ကြသည်။ ဂမုန်းတောင်ကြားတွင် စနံ့ကွမ်းလျှံသော သွားပြီး သိုင်းရာဇာတင်မင်းတို့ ထိုက်စန်းတောင်သို့ထွက်သွားကြ ကြောင်းသိရသဖြင့် ဖြတ်လမ်းမှလိုက်လာခဲ့ကြခြင်းဖြစ်လေသည်။

ကျင်းဝူခိုးကပတ်ဝန်းကျင်ကိုအကဲခတ်လိုက်ပြီး ....

"သိုင်းရာဇာတင်မင်းတို့ကို အရိပ်အယောင်တောင် မတွေ့ ရသေးဘူး၊ သူတို့ရောက်မလာကြသေးဘူးထင်တယ်"

ထိုစကားကိုကြားလျှင် တင်ရှောင်အံ့သြသွားသည်။

"ဟင် .... ဖေဖေဒီနေရာကိုလာမယ်ဆိုပါလား၊ ဘယ်လို အကြောင်းကိစ္စများရှိနေလို့ပါလိမ့်"

သူ၏ဖခင်သည် သိုင်းလောကထဲမဆင်းဘဲနေခဲ့သည်မှာ ကြာပြီဖြစ်သည်။ ယခု သိုင်းလောကထဲဆင်းလာသည်ဟုသိရခြင်း ကြောင့် ထူးခြားမှုတစ်စုံတစ်ခုရှိမည်ဟုနားလည်လိုက်၏။

ထို့ဖြင့် ....

"သူတို့ ဘယ်သူတွေပါလိမ့်"

ပုအိမ်းနှင့်ကျင်းဝူခိုးတို့အကြောင်း တွေးနေလိုက်မိသည်။

ထိုစဉ် ပုအိမ်း၏စကားသံထွက်ပေါ်လာသည်။



"သူဟာ ရှစ်ကွက်အင်းတစ်ပိုင်းရထားပြီးပြီဆိုတော့ နောက် တစ်ပိုင်းကိုသေကြီးမကြီးလိုက်ရှာနေတာပဲဖြစ်မယ်၊ ရှစ်ကွက်အင်းဟာ ထိုက်စန်းတောင်နဲ့ပတ်သက်နေတာပဲ"

ကျင်းဝူခိုးက ....

"အေး.... မင်းပြောမှပါလဲသတိရတော့တယ်၊ ရှစ်ကွက်အင်း ရဲ့အညွှန်းဟာ ထိုက်စန်းတောင်ဖြစ်တယ်လို့ပြောဆိုနေကြတာတော့ ကြာပြီ၊ တကယ်လို့ သူတို့ကရှစ်ကွက်အင်းကိုဆက်စပ်မိပြီး ရတနာ ပစ္စည်းသိုက်ကိုရှာတွေ့ပြီဆိုရင်တော့ သိပ်ကောင်းတာပေါ့ကွာ"

မှန်သည်။ သိုင်းရာဇာတင်မင်းက ရှာတွေ့ပြီဆိုလျှင် သူတို့ အပင်ပန်းခံပြီး လိုက်ရှာစရာလိုတော့မည်မဟုတ်ချေ။

မုအိမ်းက ....

"ဒါဖြင့် တစ်နေရာရာမှာပုန်းပြီးစောင့်ကြည့်နေကြတာ ပို ကောင်းမယ်ထင်တယ်"

ဟုပြောလိုက်သည်။

ကျင်းဝူခိုးခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

သူတို့ ပုန်းအောင်းစရာနေရာရှာဖွေလိုက်ကြရာ တင်ရှောင် ပုန်းအောင်းနေသည့်နေရာနှင့် မလှမ်းမကမ်းရှိချုံပုတ်ကြီးတစ်ခုကို သဘောကျသွားကြလေသည်။

"လာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းဝှခုံးက ပုအိမ်းကိုခေါ်ကာ ချုံပုတ်ကြီးနောက်ကွယ်၌ ပုန်းအောင်းနေလိုက်ကြလေသည်။

တင်ရှောင်လည်း ရင်တထိတ်ထိတ်ခုန်လာသည်။

အကယ်၍ …. သူပုန်းအောင်းနေသည်ကိုသာသိရှိသွားလျှင် ချမ်းသာပေးကြမည်မဟုတ်မှန်း သဘောပေါက်မိသည်။ ထို့ကြောင့် အသက်ပြင်းပြင်းမရှူဝံ့ဘဲငြိမ်နေလိုက်ရလေသည်။

ထိုစဉ်…. တောင်ခြေရှိကျောက်လိုဏ်ဂူထဲမှအဘွားအို ထွက်လာသည်ကိုတွေ့လိုက်ရလေသည်။ တင်ရှောင် ရင်ထိတ်သွားသည်။ ပုန်းအောင်းနေသည့်ကျင်းဝှခုံးတို့ကရန်ပြုကြလျှင် အဘွားအိုဒုက္ခရောက်သွားမည်ဟု ယုံကြည်မိ၏။

အဘွားအို အဝေးသို့ထွက်သွားပါစေဟုဆုတောင်းလိုက်မိသည်။ သူ့ဆုတောင်းပြည့်သွားသည်ဟုဆိုရပေမည်။ အဘွားအိုသည် ဟိုဟိုသည်သည်ကြည့်ပြီး အရှေ့ဘက်သို့ပြေးထွက်သွား၏။

တစ်ခဏအတွင်းမှာပင်…သစ်ပင်ချုံနွယ်များကြား တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။

တင်ရှောင်သည် အသက်အောင့်ထားခဲ့ရာ ယခုမှ အသက်ပြင်းပြင်းရှူလာနိုင်လေသည်။ အဘယ်ကြောင့်မှန်းမသိ၊ ထိုအဘွားအိုသည် လူကောင်းတစ်ယောက်ဖြစ်ရမည်ဟုယုံကြည်ပြီး ဒုက္ခဖြစ်မသွားစေလိုချေ။

အဘွားအိုကွယ်ပျောက်သွားလျှင် ….



"ဒီအဘွားကြီးကဘယ်သူပါလိမ့်"

ကျင်းဝှခုံးထံမှစကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ တင်ရှောင် အသာငြိမ်၍နားစွင့်နေလိုက်သည်။

ပုအိမ်းက ….

"ဒီနေရာမှာ လူတစ်ယောက်နေထိုင်တာကိုကထူးခြားနေတယ်၊ ကျွန်တော်တို့ လိုဏ်ဂူထဲဝင်ကြည့်ကြရင်ကောင်းမလား"

ကျင်းဝှခုံးသဘောတူလိုက်သည်။

"ကောင်းသားပဲ၊ သွားကြတာပေါ့"

သူတို့နှစ်ယောက် ပုန်းကွယ်ရာမှထွက်ရန်ဟန်ပြင်လိုက်ကြစဉ် လူရိပ်တစ်ရိပ်ပြေးလွှားရောက်ရှိလာသည်ကိုတွေ့မြင်လိုက်ရလေသည်။ အဘွားအို ပြန်လည်ရောက်ရှိလာခြင်းဖြစ်လေသည်။

အဘွားအိုသည် မိမိအားလိုက်ရှာနေခြင်းဖြစ်ပြီး ရှာမတွေ့၍ပြန်လာခြင်းဖြစ်ကြောင်း တင်ရှောင်ထင်မြင်မိလိုက်လေသည်။

အဘွားအိုက ဟိုဟိုသည်သည်ကြည့်ကာလိုဏ်ဂူထဲဝင်ရန်ဟန်ပြင်လိုက်သည်။ ထိုစဉ် ….

"ဟား …. ဟား …. ဟား"

ရယ်သံများ ကျယ်လောင်စွာထွက်ပေါ်လာသည်ကိုကြားလိုက်ရလေသည်။

တင်ရှောင်မျက်လုံးပြူးသွားသည်။

"ဒါ ဖေဖေ့ရယ်သံပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူတွေးနေစဉ် လှရိပ်နှစ်ခု ရိပ်ခနဲ ရိပ်ခနဲရောက်ရှိလာကြသည်ကိုတွေ့မြင်လိုက်ရလေသည်။

ထိုလှနှစ်ယောက်မှာ သိုင်းရာဇာတင်မင်းနှင့် ရှမ်းစုတို့ ဖြစ်ကြသည်။ သူတို့ရောက်ရှိလာသည်နှင့် ပတ်ဝန်းကျင်၏အေးချမ်းသာယာမှုမှာ ပျက်စီးသွားရလေတော့၏။

xxxx

သိုင်းရာဇာတင်မင်းနှင့် ရှမ်းစုတို့ရောက်ရှိလာကြလေသည်။ အဘွားအိုသည် လိုဏ်ဂူထဲဝင်ရန်ဟန်ပြင်ပြီးမှ သိုင်းရာဇာတင်မင်းတို့ရောက်ရှိလာကြသည်ကိုမြင်သည့်အခါ ချာခနဲလှည့်ကာ ဂူပေါက်ဝတွင် မားမားမတ်မတ်ရပ်နေလိုက်လေသည်။

သိုင်းရာဇာတင်မင်းက ....

"သက်ခြေလက်... နောက်ဆုံးတော့ ခင်ဗျားကို ကျုပ်ဖော်ထုတ်နိုင်တာပဲမဟုတ်လား"

ဟုပြောလိုက်လေသည်။

အဘွားအိုမှဲ့ပြုံးပြုံးလိုက်သည်။

"ငါက လာမရှာရသေးဘဲ မင်းကလာရှာတာဆိုတော့ ပိုပြီးအခန့်သင့်သွားတာပေါ့။ မင်းက ဒီနေရာအထိလိုက်လာနိုင်တယ်ဆိုတော့ ဧန့်ကွမ်းလျှံပြောဖြို့လိုက်တာထင်တယ်"

သိုင်းရာဇာတင်မင်းက ....



"ခင်ဗျားမဆိုးဘူး"

"မင်း သူ့ကိုရှင်းပစ်လိုက်ပြီလား"

"ဟုတ်တယ်"

"ဒါတော့မင်းမှားသွားပြီ၊ တကယ်ဆို သူ့ကိုခေါ်လာပြီးငါ့ကိုမယုံသွင်းနိုင်းဖို့ကောင်းတာ"

သိုင်းရာဇာတင်မင်း ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က ဒီလောက်တော့လဲ နားလည်ပါသေးတယ်ဗျာ၊ ဧန့်ကွမ်းလျှံနဲ့အတူ လှစိမ်းပါလာပြီဆိုတာနဲ့ ခင်ဗျားရိပ်မိသွားမှာပဲ၊ ခင်ဗျားကိုလှည့်စားလို့မရမှန်းသိလို့ ခုလိုတိုက်ရိုက်လာခဲ့တာပဲဗျ"

အဘွားအိုက ....

"မင်းရဲ့ တွေးခေါ်မြော်မြင်မှုပညာမဆိုးဘူးဘဲ၊ တင်မင်း.... တစ်ချိန်တုန်းက ကေရာဇ်ဓားသိုင်းသခင်ကို ယောဒီတောင်ပေါ်မှာ မင်းလုပ်ကြံသွားတာမှတ်မိသေးသလား"

သိုင်းရာဇာတင်မင်း အံ့အားသင့်သွားလေသည်။

"ဘာဗျ"

"မင်းဆရာကို မင်းပြန်ပြီးလုပ်ကြံသွားတာလေ"

"ခင်ဗျား ဘာတွေပြောနေတာလဲ"

"မင်းရဲ့ဆရာက မင်းကို ဒီတောင်ပေါ်ခေါ်လာပြီး ကေရာဇ်ဓားကျမ်းကိုလျှို့ဝှက်သင်ပေးတယ်၊ ပညာလဲစုံရော မင်းက ဆရာကို လုပ်ကြံပြီးထွက်သွားတာ ဘာပြောချင်သေးသလဲ"

www.burmeseclassic.com

www.burmeseclassic.com



သိုင်းရာဇာတင်မင်းမျက်နှာပျက်သွားသည်။

အဘွားအိုအား စိုက်ကြည့်လိုက်ပြီး ----

"ခင်ဗျားဘယ်သူလဲ"

ဟုမေးလိုက်၏။ အဘွားအိုက ----

"မင်းရဲ့ဆရာက မြွေတစ်ကောင်ကိုသတ်ပြီး ငါ့အသက်ကို ကယ်လိုက်တာလေ၊ မင်းမှတ်မိမှာပေါ့"

သိုင်းရာဇာတင်မင်း နှာခေါင်းရှုံ့လိုက်သည်။

"လက်စသတ်တော့ ခင်ဗျားကိုး"

အဘွားအိုက ----

"ဟုတ်တယ် --- မင်းကသေပြီထင်ပြီးထားပစ်ခဲ့ပေမဲ့ မင်းရဲ့ ဆရာပေ့ထင်းလုံဟာမသေခဲ့ဘူး။ ငါ အချိန်မီရောက်သွားပြီး ငါ့ရှာဖွေထားတဲ့ပရဆေးပင်တွေနဲ့ကုသပေးနိုင်ခဲ့တယ်၊ မင်းရဲ့ဆရာဟာ မင်းကိုဆုံးမနိုင်မဲ့ပညာကိုငါ့ကိုသင်ပေးပြီးမှ ကွယ်လွန်သွားခဲ့တယ်ဆိုတာ မှတ်ထားစမ်း"

သိုင်းရာဇာတင်မင်း ရင်ထိတ်သွားသည်။

ထို့သော် အမူမထားဟန်ဖြင့် ----

"ဆရာပေ့ထင်းလုံရဲ့ပညာမှာ ကေရာစ်ဓားသိုင်းဟာ အစွမ်းအထက်ဆုံးပဲ၊ ကျုပ်ကိုဆုံးမနိုင်မယ့်ပညာ ထပ်ပြီးသင်ပေးနိုင်ခဲ့တယ်ဆိုတာ ရယ်စရာကောင်းပါတယ်ဗျာ"

ပြောရင်း ဟားတိုက်ရယ်မောလိုက်လေသည်။



အဘွားအိုက ----

"စိတ်ချ--- မင်းကိုနိုင်တဲ့သက်ခြွေလက်ပညာ ငါ့ကိုသင်ပေးခဲ့တာ မင်းမယုံရင် လက်တွေ့စမ်းကြည့်ကြတာပေါ့"

စကားဆုံးသည်နှင့် လက်နှစ်ဖက်ဆန့်တန်းကာ တိုက်ခိုက်ရန်ဟန်ပြင်လိုက်သည်။

"နေဦး"

သိုင်းရာဇာတင်မင်းက ဟန့်တားလိုက်သည်။ အဘွားအိုက

"မင်း ဘာပြောချင်သေးလို့လဲ"

သိုင်းရာဇာတင်မင်းက ----

"ကျားခံတပ်ပိုင်ရှင်ဆီကလုယူသွားတဲ့ ရှစ်ကွက်အင်းတစ်ပိုင်းဟာ ခင်ဗျားဆီမှာရှိနေတုန်းပဲလား"

"သိပ်ရှိတာပေါ့၊ ဟောဒီမှာလေ"

အကျီရင်ဘတ်ကြားလက်နှိုက်ကာ ရှစ်ကွက်အင်း တစ်ပိုင်းကိုထုတ်ယူလိုက်သည်။ ရှစ်ကွက်အင်းကိုမြင်သည့်အခါ သိုင်းရာဇာတင်မင်း၏မျက်လုံးများ အရောင်တဖိတ်ဖိတ်ဝင်းလက်တောက်ပလာလေသည်။ သူရရှိထားသော ရှစ်ကွက်အင်းတစ်ပိုင်းကိုထုတ်ကာ..

"ကျုပ်ဆီမှာလဲတစ်ခုရှိတယ်၊ ခင်ဗျားနဲ့ကျုပ် ယှဉ်ပြိုင်ကြမယ်၊ နိုင်တဲ့လူဟာ ရှစ်ကွက်အင်းကိုရယူကြေးပေါ့၊ ဘယ့်နှယ်လဲ"

အဘွားအိုက ----

"မင်းက ငါ့ကိုနိုင်မယ်များထင်နေလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ကြသေးတာပေါ့လေ"

"ကောင်းပြီ.... သတိတာထားပေတော့"

အဘွားအိုသည်... ငှက်ကြီးတစ်ကောင်ပမာ ရုတ်ခြည်းချ
ထွက်လာပြီး သိုင်းရာဇာတင်မင်းအားတိုက်ခိုက်လိုက်လေတော့

xxxx

သိုင်းရာဇာတင်မင်းနှင့် အဘွားအိုတို့ သူတစ်ပြန်ကိုယ်တစ်
ပြန်တိုက်ခိုက်နေကြလေသည်။ အဘွားအို၏လက်ချောင်းလေးများ
သည် အလွန်ကြောက် စရာကောင်းသော လက်နက်များပမာရှိနေ
သိုင်းရာဇာတင်မင်းသာ ရောစ်ဓားကဲ့သို့ ဓားကောင်းတစ်လက် ရ
ထားလျှင် တစ်ခဏအတွင်း အရေးနိမ့်သွားနိုင်လောက်ပေသည်။

သူတို့နှစ်ယောက် တိုက်ပွဲကိုကြည့်ရင်း သိုင်းရာဇာတင်မင်
၏ကေရာစ်ဓားသိုင်းမှာ အလွန်အစွမ်းထက်သလို အဘွားအို၏သက်
ခြေလက်တိုက်ကွက်မှာလည်း ကြောက်မက်ဖွယ်ရာကောင်းကြောင်
ရှမ်းစု တွေးတောနေမိလေသည်။

အဘွားအိုသည် လက်နက်မဲ့တိုက်ခိုက်နေသည့်တိုင် အသာ
စီးရနေသည်ဟုလည်း နားလည်မိသည်။ သိုင်းရာဇာတင်မင်းသည်
အဘွားအို၏သက်ခြေလက်ပညာကို ယှဉ်နိုင်မည်မဟုတ်ဟု ရှေးမ
ကပင် နားလည်ထားခဲ့သည်။ သို့သော် .... သူကမကြောက်မရွံ့ ရ
ဆိုင်နေသည်မှာ အကြောင်းရှိပါသည်။



သူ့တွင် ထက်မြက်လှသောကေရာစ်ဓားရှိသည့်အပြင် ရှမ်းစု
လည်း ရှိနေသေးသည်မဟုတ်ပါလား။

သူ့အခြေအနေမဟန်သည်ကိုမြင်လျှင် ရှမ်းစုကပါဝင်တိုက်
ခိုက်လာလိမ့်မည်ဖြစ်သည်။ တိုက်ပွဲအတွင်းသို့ ရှမ်းစု ဝင်ရောက်လာ
လျှင် အခြေအနေတစ်မျိုးတစ်ဖုံပြောင်းလဲသွားမည်ဖြစ်ကြောင်း ယုံ
ကြည်ထားသည်။

ထိုအချိန်တွင် သူတို့ သဲကြီးမဲကြီးယှဉ်ပြိုင်တိုက်ခိုက်နေကြ
သည်ကို တိတ်တဆိတ်ခြောင်းခြောင်းကြည့်ရှုနေသူများ ရှိနေကြ၏။

တင်ရှောင်၊ ကျင်းဖူခုံးနှင့်ပုအိမ်းတို့ဖြစ်သည်။ ပုအိမ်းသည်
သိုင်းရာဇာတင်မင်းအပေါ် ခံပြင်းဒေါသထွက်နေသူဖြစ်ရာ....

"ခုနေ လက်နက်ပုန်းနဲ့ပစ်လိုက်ရင် သိုင်းရာဇာတင်မင်း ဘာ
မှတတ်နိုင်တော့မှာမဟုတ်ဘူး"

ဟုတီးတိုးပြောလိုက်၏။ ကျင်းဖူခုံးက ....

"သိုင်းရာဇာတင်မင်း ဒုက္ခရောက်တာတော့ဟုတ်တယ်၊ သူ
ဒုက္ခရောက်သွားရင် ဟိုအဘွားကြီးကိုဘယ်သူရင်ဆိုင်ကြမလဲ"

ပုအိမ်းငြိမ်သွားသည်။ အဘွားအိုသည် သိုင်းရာဇာတင်မင်း
ထက်ပင် ကြောက်စရာကောင်းသူဖြစ်သည်မဟုတ်ပါလား။

ကျင်းဖူခုံးက ....

"အခြေအနေမကောင်းရင် ကျုပ်တို့ကသူ့ကိုတောင်ကူ
သင့် ကူညီရဦးမှာ ...."

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်၏။ ပုအိမ်းကမကျေမနပ်ဖြင့် ----

"သူတို့နှစ်ယောက်စလုံး ကျားခံတပ်ကိုခုက္ခပေးခဲ့ကြတဲ့ လူတွေပဲ"

ကျင်းဝူခုံးလက်ကာပြလိုက်သည်။

"ဒီအချိန်မှာ ဒါတွေကိုမေ့ထားလိုက်စမ်းပါ"

ပုအိမ်းက ကျင်းဝူခုံးကိုစိုက်ကြည့်လိုက်၏။

ကျင်းဝူခုံးက ----

"အရေးကြီးဆုံးက မြေပေါ်ကျနေတဲ့ ရှစ်ကွက်အင်းနှစ်ပိုင်းပဲ၊ ဒီပစ္စည်းနှစ်ခုကို ရအောင်ယူနိုင်မယ်ဆိုရင် ဘယ်သူ့ကိုမှကြောက်စရာမလိုတော့ဘူး"

"တကယ်လို့ ကျွန်တော်သာဒီပစ္စည်းနှစ်မျိုးစလုံးကိုရအောင်ယူပေးနိုင်ရင် သူတို့နှစ်ယောက်ကိုရှင်းပစ်ဖို့ ဦးတာဝန်ယူနိုင်မလား"

ပုအိမ်းကမေးလိုက်သည်။ ကျင်းဝူခုံးက ----

"မင်းအလောတကြီးမလုပ်ဘူးဆိုရင်တော့ ငါတာဝန်ယူနိုင်ပါတယ်"

"ဘာပဲဖြစ်ဖြစ် သူတို့နှစ်ယောက်စလုံး သေဆုံးသွားတာကိုပဲမြင်ချင်တယ်"

"ဒါတော့မဝူနဲ့ သူတို့နှစ်ယောက်စလုံး ဘယ်နည်းနဲ့မှပြေးလို့မရပါဘူး"

ပုအိမ်းက ----



"ဒီလိုဆိုရင်တော့ သူတို့နှစ်ယောက်စလုံး သတိမထားနိုင်ခင် ရှစ်ကွက်အင်းကိုရယူနိုင်တဲ့နည်းလမ်းရှိပါတယ်"

"ဘယ်လိုနည်းလမ်းများလဲ၊ ပြောပါဦး"

"ကျားခံတပ်ရဲ့ပရိယာယ်ကို အသုံးပြုရမှာပါ၊ ကျားခံတပ်ရဲ့ပရိယာယ်ဟာ ရန်သူကိုမျှားခေါ်တဲ့သဘောဆောင်ပါတယ်"

ကျင်းဝူခုံးပြုံးလိုက်သည်။

"မင်းတို့ကျားခံတပ်ကလူတွေဟာ အစော်ကိုထူးဆန်းတဲ့လူတွေပဲ၊ ကဲ ---- မင်းတို့ပရိယာယ်သုံးကြည့်ပါဦး"

ဟုပြောလိုက်သည်။ ပုအိမ်းက ----

"ဒီနေရာကနေစောင့်ကြည့်နေပါဗျာ"

ပြောပြောဆိုဆို သစ်ပင်ချုံနွယ်များကြားတိုးဝှေ့ကာထွက်သွားလေသည်။

xxxx

www.burmeseclassic.com

www.burmeseclassic.com



မကြာပေါချေ။

"ဝေါင်း .... ဝေါင်း .... ဝေါင်း"

အဝေးမှမာန်ဖီသံများ ထွက်ပေါ်လာသည်ကိုကြားလိုက်ရလေသည်။ ကျားခြသေ့်စသော သားရဲတိရစ္ဆာန်များ၏မာန်ဖီသံဖြစ်လေသည်။ ရုတ်တရက်ထွက်ပေါ်လာသည်ဖြစ်ရာ ကြားလိုက်ရသူအပေါင်းတုန်လှုပ်ချောက်ချားသွားနိုင်လောက်ပေသည်။

သိုင်းရာဇာတင်မင်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

သူ၏သိုင်းကွက်များ နှေးကွေးသွားပြီး တုံ့ဆိုင်းဆိုင်းဖြစ်သွားလေသည်။ ထိုတခဏ်အချိန်အတွင်းမှာပင် အဘွားအိုက ပြင်းပြင်းထန်ထန်တိုက်ခိုက်လိုက်လေရာ ....

"ဝုန်း ...."

"အမယ်လေး"

သိုင်းရာဇာတင်မင်းသည် အဘွားအို၏ခြေထောက်ကန်ချက်ထိသွားပြီး ဒယီးဒယိုင်ဖြင့်နောက်ဆုတ်သွားရလေတော့သည်။

အဘွားအိုက ....

"ကျားခံတပ်ကလူတွေ ခုထိတောင်မိုက်လုံးကြီးနေကြတုန်းပဲလား"

ဟုအော်ငေါက်ကာ ကျားဟိန်းသံမာန်ဖီသံများထွက်ပေါ်လာရာဘက်ဆီသို့လက်ညှိုးညွှန်လိုက်လေသည်။ လက်နက်ပုန်းလေးများသည် မှားပီတုန်းပမာတစ်ဟုန်ထိုးပစ်လွှင့်သွားလေသည်။



"ဝှစ် .... ဝှစ် .... ဝှစ်"

မရှေးမနှောင်းမှာပင် ....

"အား ...."

စူးရှသောအော်သံတစ်ချက်ထွက်ပေါ်လာ၏။ ထို့နောက် ကျားဟိန်းသံမာန်ဖီသံများပျောက်ကွယ်သွား၏။ ကျင်းငွှန်း သက်ပြင်းချလိုက်သည်။ ပုအိမ်းတစ်ယောက်ကံဆိုးသွားပြီဖြစ်ကြောင်း နားလည်လိုက်လေသည်။

ထိုစဉ် ....

"ယား"

တိုက်ပွဲအတွင်းသို့ ရှမ်းစုပါဝင်တိုက်ခိုက်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

xxxx

www.burmeseclassic.com

www.burmeseclassic.com



"ယား"

"ဝုန်း"

"ခြွမ်း .... ခြွမ်း .... ခြွမ်း"

တိုက်ပွဲအရှိန်အဟုန်ပို၍မြင့်မားလာလေသည်။ ရှမ်းစုသည် တိုက်ပွဲအတွင်းသို့ပါဝင်တိုက်ခိုက်လိုက်ပြီဖြစ်သည်။ သိုင်းရာဇာတင်မင်းကလည်းရှေ့သို့ပြန်လည်ခုန်တိုးလာပြီး တရကြမ်းတိုက်ခိုက်လိုက်၏။ သူတို့နှစ်ယောက်ပူးပေါင်းတိုက်ခိုက်လိုက်သောအခါ တိုက်ပွဲအရှိန်အဟုန်မှာ ကြောက်စရာကောင်းအောင်ပြင်းထန်လာတော့သည်။ ကျင်းဝူခုံးကတိုက်ပွဲကိုကြည့်ရင်း ....

"အင်း.... ခုချိန်မှာ တစ်ယောက်ယောက်ကသာ သူတို့ဘက်ကဝင်ပြီးကူညီလိုက်မယ်ဆိုရင်တော့ သက်ခြေလက်ဆိုတဲ့အဘွားကြီးဘာမှတတ်နိုင်တော့မှာမဟုတ်ဘူး"

ဟုတွေးလိုက်မိလေသည်။ သိုင်းရာဇာတင်မင်းသည် ရှမ်းစုအား ကေရာဇ်ဓားသိုင်း ဆရာစားမချန်သင်ပေးရသည့်အကြောင်းရင်းမှာ ယခုအခါ ထင်ရှားစွာပေါ်လွင်လာပြီဖြစ်သည်။

သူသည် သက်ခြေလက်အား တစ်ယောက်တည်းရင်ဆိုင်ရန် မလွယ်ကြောင်းနားလည်ထားသည်။

ထို့ကြောင့် .... သူလိုပင် ကေရာဇ်ဓားသိုင်းတတ်မြောက်ထားသူ နောက်တစ်ယောက်မွေးထုတ်လိုက်ခြင်းဖြစ်သည်။ ကေရာဇ်ဓားသိုင်းသည် ပြိုင်စံရှားသောဓားသိုင်းတစ်ခုဖြစ်သည်။



ကျွမ်းကျင်စွာတတ်မြောက်ထားသူ တစ်ယောက်အား ရင်ဆိုင်ရန်ခက်ခဲမည်ဖြစ်သည်။ ကျွမ်းကျင်စွာတတ်မြောက်ထားသူ နှစ်ယောက်ရှိနေပြီဆိုပါက ရင်ဆိုင်ရန်လွယ်တော့မည်မဟုတ်ပေ။

သိုင်းရာဇာတင်မင်းသည် ကြိုတင်အကွက်မြင်သူဖြစ်သည်ဟုဆိုရပေတော့မည်။

သိုင်းရာဇာတင်မင်းနှင့်ရှမ်းစုတို့က ညှပ်ပူးညှပ်ဖိတ်တိုက်ခိုက်လိုက်သည့်အခါ အဘွားအိုအခက်ကြုံသွားလေတော့သည်။

သိုင်းရာဇာတစ်မင်း အားတက်သွားသည်။

"ခင်ဗျား ဘာတတ်နိုင်သေးသလဲ"

အဘွားအိုက နှုတ်ခမ်းမဲ့ကာ ....

"မင်းကကော အနိုင်ရမယ်ထင်လို့လား"

အော်ငေါက်ကာ လက်ကိုဝှေ့ယမ်းလိုက်၏။ လက်နက်ပုန်းလေးများ တရစပ်ပစ်လွှင့်သွားလေသည်။

သိုင်းရာဇာတင်မင်း ရင်ထိတ်သွား၏။

"ရှမ်းစု .... သတိထား"

ရှမ်းစုကိုသတိပေးရင်း....

ကပျာကယာနောက်ဆုတ်ရှောင်တိမ်းလိုက်သည်။

ရှမ်းစုလည်း နောက်သို့ခုန်ရှောင်လိုက်သည်။

အဘွားအိုက ....

"မင်းတို့ဘာတတ်နိုင်မှာမို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟုအော်ပေါက်ရင်း လက်နက်ဝှန်းများဖြင့် တရစပ်ပစ်လွှင့်လိုက်၏။ သိုင်းရာဇာတင်မင်းက ....

"ရှမ်းဖူ .... ငါနောက်လိုက်ခဲ့"

ဟုအော်ပြောကာ ချာခနဲလှည့်ပြီးထွက်ပြေးသွားလေသည်။ ရှမ်းဖုကလည်း ပြေးလိုက်သွားသည်။ သူတို့သည် အဘွားအိုနှင့် ရင်မဆိုင်တော့ဘဲ ရှောင်တိမ်းသွားကြခြင်းဖြစ်သည်။

အဘွားအိုက ....

"လွတ်အောင်ပြေးနိုင်ရင် ပြေးကြ"

အော်ပေါက်ရင်းပြေးလိုက်သွားသည်။

သူတို့သုံးယောက်သည် ရှေ့ဆင့်နောက်ဆင့်ပြေးလွှားသွားကြရာ တစ်ခဏအတွင်းမှာပင် မြင်ကွင်းမှပျောက်ကွယ်သွားကြလေတော့သည်။

xxxx



သိုင်းရာဇာတင်မင်းနှင့် ရှမ်းဖုတို့ထွက်ပြေးသွားကြလေသည်။ အဘွားအိုကအလွတ်မပေးဘဲလိုက်သွားရာ သုံးယောက်သား တစ်ခဏအတွင်းမှာပင် မြင်ကွင်းမှပျောက်ကွယ်သွားကြရလေသည်။

"ဟား .... ဟား .... ဟား"

ကျင်းဝှုခုံး သဘောကျစွာရယ်မောလိုက်သည်။

သူက စိတ်ရှည်လက်ရှည်စောင့်ဆိုင်းနေခြင်းဖြစ်ရာ ယခုအခွင့်အရေးပေါ်လာပြီမဟုတ်ပါလား။

ရှစ်ကွက်အင်းသည် ပိုင်ရှင်မဲ့စွာဖြင့် မြေပေါ်တွင်ရှိနေပြီဖြစ်လေသည်။ ကျင်းဝှုခုံးက ....

"ငါ့အတွက်ကလွဲပြီး ဘယ်သူ့အတွက်ဖြစ်ဦးမှာလဲ"

ကြုံးဝါးကာ တစ်ဟုန်ထိုးပြေးထွက်ကောက်ယူလိုက်၏။

ရှစ်ကွက်အင်းနှစ်ပိုင်းစလုံးသည် သူ၏လက်ထဲသို့ရောက်ရှိလာလေသည်။ ကျင်းဝှုခုံးသည် ရှစ်ကွက်အင်းကိုရသည်နှင့်ထွက်သွားရန်ဟန်ပြင်လိုက်သည်။ ထိုစဉ်....

"ရပ်လိုက်"

ဟန့်တားသံနှင့်အတူ သစ်ပင်ချုံနွယ်ကြားမှလူတစ်ယောက်ခုန်ထွက်လာသည်ကိုတွေ့ရ၏။ ထိုသူကားတင်ရှောင်ဖြစ်လေသည်။

ကျင်းဝှုခုံး မကျေမနပ်ဖြစ်သွားသည်။

"မင်း ဘာဝင်ရှုပ်တာလဲ၊ သေချင်ပြီထင်တယ်"

ဟုအော်ပေါက်လိုက်၏။ တင်ရှောင်က ....

www.burmeseclassic.com

www.burmeseclassic.com



"ဒီပစ္စည်းဟာပိုင်ရှင်ရှိတဲ့ပစ္စည်းပါ .... ဒါကြောင့် ခင်ဗျားယူသွားလို့မဖြစ်ဘူး"

"မင်းပါးစပ်ပိတ်ထားလိုက်စမ်း။ ငါယူသွားမယ်ဆိုရင်တော့ဘာဖြစ်သလဲ"

"ကျွန်တော်ကဖြစ်တဲ့နည်းနဲ့ ဟန့်တားရပါလိမ့်မယ်"

"မင်းသေချင်ပြီကိုး"

ကျောင်းဝူခုံးသည် ရှေ့သို့လှုပ်တစ်ပြက်တိုးလာပြီး လက်ဝါးနှင့်ရိုက်ချရန်ဟန်ပြင်လိုက်သည်။ ထိုစဉ် ....

"သေချင်ပြီထင်တယ်"

လူရိပ်တစ်ရိပ်သည် မြေးလျှားလာပြီး ကျောင်းဝူခုံးထံ တိုးဝင်တိုက်ခိုက်လိုက်လေသည်။ ကျောင်းဝူခုံးထိတ်လန့်သွားပြီး လက်နှစ်ဖက်ဝှေ့ယမ်းကာရိုက်ချလိုက်၏။ ပြေးဝင်လာသူနှင့်ထိပ်တိုက်ရင်ဆိုင်မိလိုက်ရာ ....

"ဝုန်း"

"အား"

စူးရှသော အော်ဟစ်သံများထွက်ပေါ်လာ၏။ ပြေးဝင်လာသောလူရိပ်ကောကျောင်းဝူခုံးပါ လွင့်စဉ်သွားလေတော့သည်။

xxxx



"ဝုန်း .... ဝုန်း"

ကျောင်းဝူခုံးနှင့်ပြေးဝင်တိုက်ခိုက်လာသောလူရိပ်တို့ မြေပေါ်လဲကျသွားကြသည်။ ကျောင်းဝူခုံးကား မြေပေါ်လဲကျနေရာမှပြန်ထမလာနိုင်တော့ချေ။

ကျောင်းဝူခုံးအား တိုက်ခိုက်ခဲ့သောလူမှာမူ ပြန်လည်လူးလိမ့်ထလာနိုင်လေသည်။ ထိုလူမှာ သက်ကြွေလက်ခေါ် အဘွားအိုဖြစ်လေသည်။ အဘွားအို၏ခန္ဓာကိုယ်ပေါ်၌ ဒဏ်ရာသုံးလေးချက်မျှရရှိထားသည်ကိုတွေ့ရ၏။

ထို့ပြင် .... လက်နက်ပုန်းလေးများ သုံးလေးခု စိုက်ဝင်နေသလို နှုတ်ခမ်းမှလည်းသွေးမည်းများစီးကျနေလေသည်။ အဘွားအိုကိုကြည့်ရသည်မှာ အခြေအနေမဟန်ကြောင်း တင်ရှောင်ရိပ်မိလိုက်သည်။ စိတ်မကောင်းလည်းဖြစ်သွားလေသည်။ အဘွားအိုက ....

"ဪ .... မင်းက ထွက်မသွားသေးဘဲကိုး"

ဟု ပြောလာလေသည်။ တင်ရှောင်က ....

"ကျွန် .... ကျွန်တော်"

အဘွားအိုက ....

"မင်းအဖေလူယုတ်မာက ငါ့ကိုအကောက်ကြံပြီးလုပ်ကြံဘယ်လေ၊ သူသာ ရှစ်ကွက်အင်းကိုရသွားရင် သိုင်းလောကတစ်ခုလုံးဒုက္ခရောက်တော့မှာပဲ"

ဟုပြောလေသည်။ တင်ရှောင်က ....

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်အဖေကို အကျိုးအကြောင်းပြောပြပါမယ်ဗျာ"

အဘွားအိုက ....

"မင်းအဖေက သူ့ဆရာကိုကိုယ်တိုင်သတ်ပစ်ဖို့ကြိုးစားတာကိုဝန်ခံတာ မင်းမကြားမိဘူးထင်တယ်၊ သူ့လိုလူစားမျိုးကို ဘယ်သူကဆုံးမလို့ရမှာလဲ"

တင်ရှောင်မျက်နှာပျက်သွားသည်။

သူ၏ဖခင်သည် လူကောင်းတစ်ယောက်မဟုတ်ကြောင်း သိလိုက်ရပြီဖြစ်ပေသည်။ ကျေးဇူးရှင်ဆရာအပေါ် ကျေးဇူးကန်းကာ လုပ်ကြံဖို့သူသည် မည်သို့သောနည်းနှင့်လူကောင်းတစ်ယောက်ဖြစ်နိုင်ပါအံ့နည်း။

အဘွားအိုက ....

"လောကပေါ်မှာ မင်းအဖေလောက်ယုတ်မာတဲ့လူရှိတော့မှာမဟုတ်ဘူး"

ဟုပြောရင်း ဒူးများကွေးညွတ်ကာမြေပေါ်ခွေခနဲလဲကျသွားလေသည်။

"ဟာ ...."

တင်ရှောင်ရင်ထိတ်သွားလေသည်။

အဘွားအိုအား ကပျာကယာဖေးမလိုက်သည်။

အဘွားအိုက ....

"မင်းသေချင်ပြီထင်တယ်"



ဟုအော်ငေါက်ကာ လက်ဝါးဖြင့်ရိုက်ချရန်ဟန်ပြင်လိုက်လေသည်။ တင်ရှောင်ကတည်ကြည်သောမျက်နှာထားဖြင့် ....

"ကျွန်တော် ဘွားဘွားကိုကူညီပါရစေဗျာ"

ဟုပြောလိုက်လေသည်။

အဘွားအိုအံ့သြသွားသည်။

"မင်းကငါ့ကိုကူညီချင်တယ်ဟုတ်လား"

"ဟုတ်ပါတယ်"

"ဘာကြောင့်ကူညီချင်ရတာလဲ၊ ပြောစမ်းပါဦး"

တင်ရှောင်က ....

"ဘွားဘွားဒဏ်ရာရထားလို့ပါ"

အဘွားအိုက ....

"ငါ ဒဏ်ရာရမထားဘူးဆိုရင်ကော"

တင်ရှောင်က ....

"ကျွန်တော်ဟာ အကူအညီလိုအပ်နေတဲ့ ဘယ်သူ့ကိုမဆို တတ်စွမ်းသရွေ့ ကူညီစောင့်ရှောက်သွားမှာပါ"

ဟုပြောလိုက်သည်။

အဘွားအိုက သူ့အားခြေဆုံးခေါင်းဆုံးကြည့်လိုက်သည်။ တင်ရှောင်သည် ယောက်ျားပီသစွာတည်ကြည်ရိုးသားသော အသွင်ရှိနေသည်ကိုတွေ့မြင်ရလေသည်။

အဘွားအိုမျက်မှောင်ကုတ်သွားပြီး ....

www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာ မင်းရဲ့အဖေတင်မင်းနဲ့ တခြားစီဖြစ်နေပါလား။ မင်းအဖေတင်မင်းက သိုင်းပညာနဲ့ပတ်သက်လာရင် ကိုယ့်ဆရာကို တောင် ပြန်ပြီးခုက္ခပေးခဲ့တယ်၊ ဘာမဆိုလုပ်ဝံ့တယ်ဆိုတဲ့ လူစားမျိုး ပဲ၊ မင်းကျတော့ သိုင်းပညာဝါသနာမပါဘူးဟုတ်လား"

တင်ရှောင်ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

အဘွားအိုက ....

"မင်းက သူတစ်ပါးကိုကူညီစောင့်ရှောက်ချင်တယ်၊ မင်းရဲ့ အဖေကတော့ရက်စက်ကြမ်းကြုတ်တယ်"

တင်ရှောင် ဘာမှမပြောဘဲနေလိုက်သည်။

အဘွားအိုက....

"မင်းတို့နှစ်ယောက်ဟာသားအဖဆိုပေမဲ့ အကျင့်စရိုက်ချင်း ကျတော့ ဆန့်ကျင်ဘက်ဖြစ်နေပါလား၊ အံ့သြစရာတောင် ကောင်း နေပြီ"

တင်ရှောင်က ....

"ဘွားဘွား .... တစ်နေရာရာမှာသွားပြီး အနားယူလိုက်ရင် ကောင်းပါလိမ့်မယ်၊ ဘွားဘွားအတွက်ဆေးကုဖို့ဝဲလိုပါလိမ့်မယ်"

အဘွားအိုက ....

"မလိုတော့ပါဘူးကွယ်"

"ဗျာ"



"ငါ့အခြေအနေကိုငါသိပါတယ်၊ ငါ ကြာကြာနေရတော့မှာ မဟုတ်ပါဘူး"

"ဟာ .... ဘွားဘွားကလည်း အားမလျှော့ပါနဲ့ဗျာ"

တင်ရှောင် စိတ်မကောင်းဖြစ်သွားရလေသည်။

အဘွားအိုမှာ မောဟိုက်နေသည်။ သူမ၏မျက်နှာ တဖြည်း ဖြည်းပြာနှမ်းလာသည်ဟုထင်မှတ်ရသည်။ တင်ရှောင်က ....

"သမားတော်တစ်ယောက်ယောက်ဆီကို ကျွန်တော်ပို့ပေး ပါ့မယ်"

ပြောပြောဆိုဆို အဘွားအိုအား ပွေ့ထူရန်ဟန်ပြင်လိုက်၏။

"ငါ့ကိုမထိနဲ့"

အဘွားအိုကအော်ဟစ်လိုက်၏။ တင်ရှောင် ထိတ်လန့်သွား သည်။ အဘွားအိုအား မထိဝံ့မကိုင်ဝံ့ဘဲနောက်ဆုတ်လိုက်ပြီး...

"ကျွန်တော်က စေတနာနဲ့သမားတော်ဆီကိုခေါ်သွားမလို့ ပါ"

ဟုပြောလိုက်လေသည်။ အဘွားအိုက ....

"မင်းရဲ့စေတနာကိုငါနားလည်တယ်.... ငါ့ကိုထိတွေ့ကိုင် တွယ်လိုက်တာနဲ့ မင်းလဲအဆိပ်မိပြီးဒုက္ခရောက်သွားမှာပဲ"

"ဗျာ ...."

တင်ရှောင် ပါးစပ်အဟောင်းသားဖြစ်သွားသည်။

အဘွားအိုက ....

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရဲ့တစ်ကိုယ်လုံးမှာအဆိပ်တွေပျံ့နှံ့နေပြီ၊ ဒါကြောင့် ငါ့ကိုထိတွေ့ကိုင်တွယ်မိတာနဲ့အဆိပ်ကူးသွားလိမ့်မယ်"

တင်ရှောင် စိတ်မကောင်းဖြစ်သွားလေသည်။

"ဘွားဘွား ဘယ်လိုလုပ်ပြီးအဆိပ်မိသွားတာလဲဟင်"

"မင်းအဖေလူယုတ်မာရဲ့လက်ချက်ကြောင့်ပေါ့"

တင်ရှောင် ပါးစပ်ပိတ်ထားလိုက်သည်။ အဘွားအိုက...

"မင်းအဖေလိုစိတ်ထားမျိုး ဘယ်တော့မှမမွေးနဲ့၊ ရှစ်ကွက်အင်းကိုဖျက်ဆီးပစ်လိုက်ပါ"

"ကောင်းပါပြီဘွားဘွား"

တင်ရှောင်က အဘွားအိုကျေနပ်သွားစေရန် ရှစ်ကွက်အင်းကိုကောက်ယူလိုက်လေသည်။ ထိုစဉ် ....

"ဟား .... ဟား .... ဟား"

ကျယ်လောင်သောရယ်မောသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ တင်ရှောင်လှမ်းကြည့်လိုက်၏။

ထိုအခါ .... သိုင်းရာဇာတင်မင်းနှင့်ရှမ်းစုတို့ လှမ်းလာကြသည်ကိုတွေ့မြင်လိုက်ရလေတော့သည်။

××××



"ဟား .... ဟား .... ဟား"

သိုင်းရာဇာတင်မင်းက သဘောကျစွာရယ်မောနေလေ၏။ သူက ရှမ်းစုကိုခေါ်ကာထွက်ပြေးသွားသည်မှာ သက်ခြေလက် (၈) အဘွားအိုအားအကောက်ကြံရန် စီစဉ်လိုက်ခြင်းဖြစ်လေသည်။

အဘွားအိုက သူတို့နောက်လိုက်လာမည်ဟုယုံကြည်သည့်အတိုင်း အဘွားအိုလိုက်လာသောအခါ ရုတ်ခြည်းပြန်လည်ရင်ဆိုင်လိုက်သည်။

လျှို့ဝှက်စွာဆောင်ထားသော အဆိပ်လက်နက်ပုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်လိုက်သည်။ အဘွားအိုမှာအငိုက်မိကာအဆိပ်လက်နက်ပုန်းထိသွားလျှင် နစ်ယောက်ပေါင်းပြီး ဝိုင်းတိုက်ကြလေသည်။ ဤတွင် အဘွားအိုသည် ဒဏ်ရာရပြီး နောက်ဆုတ်သွားရခြင်းဖြစ်သည်။ ယခု သိုင်းရာဇာတင်မင်းနှင့်ရှမ်းစုတို့ရောက်ရှိလာကြပြီဖြစ်သည်။ အဘွားအိုသည် မည်သည့်နည်းနှင့်မျှ အသက်ရှင်သန်လွတ်မြောက်နိုင်တော့မည်မဟုတ်ပါချေ။

"ဖေဖေ ...."

တင်ရှောင်ကခေါ်လိုက်လေသည်။

သိုင်းရာဇာတင်မင်းသည် တင်ရှောင်ကိုတွေ့သော်လည်း ဂရုမစိုက်ပါတော့ချေ။ တင်ရှောင်က ....

"ဖေဖေ .... ဖေဖေရဲ့မကောင်းတဲ့လုပ်ရပ်တွေကို ဆက်ပြီးမလုပ်ပါနဲ့တော့၊ ရပ်တန်းက ရပ်လိုက်ပါတော့ဖေဖေ"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက် လေသည်။

သိုင်းရာဇာတင်မင်း၏မျက်နှာ ခက်တန်တင်းမာသွားလေသည်။ တင်ရှောင်ကိုစိုက်ကြည့်လိုက်ပြီး ....

"ဟေ့ကောင် .... မင်းပါးစပ်ပိတ်ထားလိုက်စမ်း"

ဟုငေါက်လိုက်လေသည်။

"ဗျာ ...."

တင်ရှောင်ကြောင်အမ်းအမ်းဖြစ်သွားသည်။

ဖခင်ဖြစ်သူကိုတအံ့တသြကြည့်ရင်း ....

"ဖေဖေ .... ဖေဖေရယ်၊ မဟာရားတဲ့အလုပ်တွေ ဆက်မလုပ်ပါနဲ့တော့၊ ကျွန်တော်တောင်းပန်ပါတယ်"

ဟုပြောလိုက်သည်။ သိုင်းရာဇာတင်မင်းက ....

"ဟေ့ကောင်.... မင်းပါးစပ်ပိတ်ထားလို့ပြောနေတာ မကြားဘူးလား"

"ဗျာ .... ဖေဖေ"

သိုင်းရာဇာတင်မင်းသည် ဒေါသထွက်သွားဟန်ဖြင့် ....

"မင်းသေချင်ပြီထင်တယ်"

"ဗျာ ...."

"မင်းမသေချင်ရင် ဒီနေရာကမြန်မြန်ထွက်သွားစမ်း"

တင်ရှောင်သည် အဖြစ်အပျက်ကိုမယုံကြည်နိုင်အောင် ဖြစ်နေပါသည်။



သူ့အားချစ်သော သူ၏ဖခင်သည် ယခုတော့ အော်ငေါက်မာန်မဲနေပါသည်။ တင်းမာခက်ထန်သောမျက်နှာထားဖြင့် သတ်ပစ်မည်ဟုပင်ကြုံဝါးနေသေးသည်။ သူ၏ဖခင် မူးသွပ်သွားပြီလော။

သိုင်းရာဇာတင်မင်းက ....

"ဟေ့ကောင် .... ဒီနေရာက မြန်မြန်ထွက်သွားလို့ပြောနေတာ မကြားဘူးလားကွ"

ဟုထပ်မံအော်ငေါက်လိုက်လေသည်။

တင်ရှောင်မှာ သူတွေ့ရသည့်သူသည် သူ၏ဖခင်တင်မင်း မဟုတ်ဘဲ တင်မင်းအဖြစ်ဟန်ဆောင်ထားသူဖြစ်မည်ဟုပင် ထင်မှတ်လာ၏။ သို့သော်.... သူ၏ရှေ့၌ရှိနေသူမှာ သိုင်းရာဇာတင်မင်းအစစ်ဖြစ်သည်။ တင်ရှောင် ပါးစပ်အဟောင်းသားဖြင့်ငေးကြည့်နေမိ၏။

"ဒီကောင်သေချင်နေတာကိုး"

သိုင်းရာဇာတင်မင်းက ခြေထောက်ဖြင့်လှမ်းကန်လိုက်၏။

တင်ရှောင် လုံးဝမရှောင်နိုင်လိုက်ချေ။

"ဝုန်း ...."

"အား ...."

ခပ်လှမ်းလှမ်းသို့လွင့်စဉ်သွားပြီး မြေပေါ်လိမ့်သွားသည်။ သူ့ကိုကောင်းသွားသည်မှာ သူ၏လက်ထဲ၌ ရှစ်ကွက်အင်းပါသွားခြင်းဖြစ်သည်။ သိုင်းရာဇာတင်မင်းသည် တင်ရှောင်အား ကန်ထုတ်ပြီးနောက် သက်ခြွေလက်အဘွားအိုထံလှမ်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



တင်ရှောင်ထိတ်လန့်သွားသည်။

"ဖေဖေ .... မလုပ်ပါနဲ့"

ဟုအော်ပြောလိုက်သည်။ သို့သော်... သိုင်းရာဇာတင်မင်း ကလုံးဝဂရုမစိုက်ချေ။ အဘွားအိုကိုစိုက်ကြည့်ပြီး....

"ခင်ဗျား ဘာတတ်နိုင်သေးသလဲ"

အဘွားအိုကအံကြိတ်ကာ ....

"ငါက မင်းကိုကြောက်နေရမှာလား"

သူမသည် ရှိသမျှခွန်အားဖြင့်ခုန်ထပြီးတိုက်ခိုက်လိုက်လေသည်။ သိုင်းရာဇာတင်မင်းကမဲ့ပြုံးပြုံးကာ ....

"ဒါ .... ခင်ဗျားအစွမ်းကုန်ပဲလား"

ဝေါက်ငမ်းလျက် ဓါးမုခားကိုဆွဲထုတ်ပြီး ခုတ်ချလိုက်လေသည်။ ဝင်းလက်တောက်ပသောဓားရောင်များ ပြိုးပြိုးပြက်ပြက် ထွက်ပေါ်လာရာ တင်ရှောင်မှာ မျက်လုံးပြာသွေးသွားသည်ဟု ခံစားလိုက်ရ၏။

"အား ...."

အဘွားအို၏စူးရှသောအော်ဟစ်သံ ထွက်ပေါ်လာသည်။

ထို့နောက်....

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားလေတော့၏။

xxxx



သက်ခြေလက် ....

သိုင်းလောကအကျိုး၊ အများအကျိုးဆောင်ရွက်ခဲ့သော သိုင်းသမားတစ်ယောက်သည် မမျှော်လင့်ဘဲလုပ်ကြံခံရကာ သေဆုံးသွားရပြီဖြစ်သည်။ တင်ရှောင်၏ခန္ဓာကိုယ် တဆတ်ဆတ်တုန်ယင်နေလေသည်။ သူ၏ဖခင်သည် လူယုတ်မာတစ်ယောက်ဖြစ်ကြောင်း လက်တွေ့မြင်လိုက်ရပြီမဟုတ်ပါလား။

သေဆုံးနေသောအဘွားအိုကိုကြည့်ကာ တင်ရှောင်၏မျက်ဝန်းအစုံ၌ မျက်ရည်များရစ်ဝဲလာလေသည်။

"ဟား .... ဟား .... ဟား"

သိုင်းရာဇာတင်မင်းက ဟားတိုက်ရယ်မောလိုက်သည်။

ယခု သူ့အားနှောင့်ယှက်တားဆီးမည့်သူမရှိတော့ပြီမဟုတ်ပါလား။ မြေပေါ်လဲကျနေသည့်ဓားနှစ်လက်ဝိုက်အိုးချပ်ကျင်းဂူခုံအား တစ်ချက်ရွှေကြည့်လိုက်ပြီး ....

"ဟင်း .... အချောင်သမားတစ်ယောက် ရောက်လာသေးတယ်၊ နောက်ဆုံးတော့ ကံဆိုးသွားတာပါပဲလေ"

ရှမ်းစုက ဘာမှမပြောဘဲမလှုပ်မယှက်ရပ်နေသည်။

သိုင်းရာဇာတင်မင်းက ....

"ရှစ်ကွက်အင်းကိုရပြီဆိုရင် သိုင်းလောကရတနာသုံးပါးကို ရမယ်၊ ငါ့ကိုယှဉ်နိုင်တဲ့လူရှိဦးမှာလား"

ဟုကြုံးဝါးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် တင်ရှောင်က ....

"ဖေဖေ ဖေဖေ့လုပ်ရပ်တွေ မှားနေပြီ"

ဟုအော်ပြောလိုက်သည်။

သိုင်းရာဇာတင်မင်းက ....

"မင်း ခုထိထွက်မသွားသေးဘဲကိုး။ သေချင်နေပြီပေါ့လေ"

ပြောရင်း တင်ရှောင်လက်ထဲ၌ကိုင်ထားသောရှစ်ကွက်အင်းကိုတွေ့မြင်သွား၏။

"မင်းလက်ထဲကရှစ်ကွက်အင်း ငါ့ကိုပေးစမ်း"

လက်ဖြန့်ပြီးလှမ်းတောင်းလိုက်သည်။

တင်ရှောင်ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော် မပေးနိုင်ဘူးဖေဖေ"

"ဘာကွ"

"ဖေဖေဟာ ကိုယ့်ဆရာအပေါ်အကောက်ကြံပြီး လုပ်ကြံခဲ့တယ်၊ ဘာပဲဖြစ်ဖြစ် ဖေဖေရဲ့သိုင်းပညာဟာ ထိပ်တန်းအဆင့်မှာရှိနေပါပြီ၊ ထပ်ပြီးမလိုအပ်တော့ပါဘူး။ ဒါကြောင့် မကောင်းတဲ့လုပ်ရပ်တွေကို ရပ်တန်းကရပ်လိုက်တာအကောင်းဆုံးပါပဲဖေဖေ"

သိုင်းရာဇာတင်မင်းဒေါသထွက်သွားလေသည်။

"မင်းကများ ကြီးကြီးကျယ်ကျယ်နဲ့ ငါ့ကိုဆရာလုပ်ရသေးတယ်"

"ဖေဖေ"



"ဟော့ကောင်.... မင်းပါးစပ်ပိတ်ထားလိုက်စမ်း။ ငါ့ကို ဖေဖေလို့မခေါ်နဲ့"

"ဗျာ"

"မင်းဟာငါ့သားမဟုတ်ဘူး"

"ဖေဖေ ...."

သိုင်းရာဇာတင်မင်းကနှာခေါင်းရှုံ့လိုက်ပြီး ....

"မင်းက ငါ့သားအရင်းမဟုတ်ဘူးဆိုတာ မင်းမှမသိသေးဘဲကိုးကွ"

"ဗျာ ...."

"အေး .... ရှင်းရှင်းပြောလိုက်မယ်၊ ငါ့ဆရာကိုလုပ်ကြံပြီးထွက်လာခဲ့တဲ့အချိန်မှာ သိုင်းလောကကလဲရပ်တည်ဖို့ သိုင်းပညာတစ်ခုတည်းနဲ့မလုံလောက်ဘူးဆိုတာ ငါသိလိုက်တယ်၊ ဥစ္စာစနချမ်းသာကြွယ်ဝဖို့လဲလိုတယ်၊ ဒါကြောင့် ကလေးအမေ မုဆိုးမတစ်ယောက်ကို ငါလက်ထပ်ယူလိုက်တယ်၊ မုဆိုးမလေးဖြစ်တာကလွဲပြီး ချမ်းသာတယ်၊ ရုပ်ချောမောတယ်၊ ဒါနဲ့ပဲ ငါဟာ မပူမပင် မကြောင့်မကြရဘဲကြိုက်သလိုသုံးဖြုန်းနေနိုင်ခဲ့တာပေါ့"

တင်ရှောင်ခေါင်းခါယမ်းလိုက်သည်။

"ဖေဖေလိမ်ပြောနေတာပါ၊ ကျွန်တော်မယုံပါဘူး"

ဟုပြောလိုက်သည်။

သိုင်းရာဇာတင်မင်းက ....

www.burmeseclassic.com

www.burmeseclassic.com



"မင်းမယုံရင်မြို့တော်ဝန်ဆီသွားမေးကြည့်ပါလား၊ ကလေးအမေမုဆိုးမလေးကိုငါကလက်ထပ်ယူခဲ့တဲ့ကိစ္စ မင်းသိလာရမှာပေါ့"

တင်ရှောင်က ....

"ဒါ .... ဒါဆို...."

"ဟဲ .... ဟဲ .... ငါကမင်းရဲ့အဖေအရင်းမဟုတ်ဘူးပေါ့ကွာ၊ ဒါပေမဲ့ မင်းဟာငါ့လက်ထဲကြီးပြင်းလာခဲ့တော့ မင်းကို ငါ့သံယောဇဉ်ရှိပါတယ်၊ ဒါကြောင့် ငါ့ရဲ့ဓားပညာသင်ပေးဖို့ဆုံးဖြတ်ခဲ့တာပေါ့"

"ကျွန်တော်မှာသိုင်းပညာမသင်ချင်တာ"

"အေး.... မင်းဝါသနာမပါဘူးဆိုတာငါသိတယ်၊ မင်းကိုသင်မပေးတော့ဘူး၊ ကဲ .... မင်းလက်ထဲကရှစ်ကွက်အင်း ငါ့ကိုပေးပါ"

တင်ရှောင်က ခေါင်းခါယမ်းလိုက်သည်။

"မပေးနိုင်ဘူးဖေဖေ"

"မင်းသေချင်ပြီထင်တယ်"

တင်ရှောင် ပြတ်ပြတ်သားသားဆုံးဖြတ်ထားပြီးဖြစ်သည်။

"ကျွန်တော့်ကိုသတ်ချင်သတ်ပစ်လိုက်ပါ၊ ရှစ်ကွက်အင်းကို ကျွန်တော်မပေးနိုင်ပါဘူး"

"ငါ့ကိုမပေးရင် မင်းဘာလုပ်မလဲ"

တင်ရှောင်က ....

"ဖျက်ဆီးပစ်လိုက်ပါ့မယ်"

"ဘာ ...."



"ရှစ်ကွက်အင်းသာ ဖေဖေ့လက်ထဲရောက်သွားရင် ကျားကိုအတောင်တပ်ပေးသလို ဖြစ်သွားမယ်ဆိုတာ ကျွန်တော် သဘောပေါက်လိုက်ပါပြီ၊ ဒါကြောင့် မပေးနိုင်တော့ပါဘူးဖေဖေ"

"ခွေး .... ခွေးကောင်၊ မင်းသေချင်ပြီထင်တယ်"

"ကျွန်တော့်ကိုကြိုက်သလိုပြောနိုင်ပါတယ်၊ ကျွန်တော်မပေးနိုင်ပါဘူးဖေဖေ"

"မင်း ...."

တင်ရှောင်က ....

"ရှစ်ကွက်အင်းကိုဖျက်ဆီးပစ်ရမှာပါပဲ"

"တောက်"

သိုင်းရာဇာတင်မင်းသည် ဒေါသတကြီးဖြင့် ....

"ကောင်းပြီ .... မင်းကိုငါသတ်ပစ်ရတော့မှာပေါ့"

"ကဲ .... ရှမ်းစု၊ ဒီကောင့်ကိုရှင်းပစ်လိုက်စမ်း"

တကယ်တမ်း သူတ်သင်ရှင်းလင်းပစ်ဖို့ကား သူကိုယ်တိုင်မလုပ်ရက်ပေ။ တင်ရှောင်သည် သူ၏လက်ပေါ်တွင် ကြီးပြင်းလာခဲ့သူတစ်ယောက်မဟုတ်ပါလား။

ထို့ကြောင့် ရှမ်းစုအား အမိန့်ပေးခိုင်းစေလိုက်ခြင်းဖြစ်ပေသည်။ ရှမ်းစုက ....

"ရှစ်ကွက်အင်းကိုပေးလိုက်ပါ"

ဟုတင်ရှောင်ကိုပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းစုသည် သိုင်းရာဇာတင်မင်းကစေခိုင်းလျှင် တစ်ခွန်း တစ်ပါဒမျှစောဒကမတက်ဘဲ ခိုင်းသည့်အတိုင်းပြုလုပ်နေကျဖြစ်ပါသည်။ ယခု .... သိုင်းရာဇာတင်မင်းက တင်ရှောင်ကိုသတ်ပစ်ခိုင်းလိုက်သော်လည်း ချက်ချင်းမသတ်ဘဲ ရှစ်ကွက်အင်းကိုပေးလိုက်ရန်သာပြောနေ၏။

တင်ရှောင်ခေါင်းခါယမ်းလိုက်သည်။

"ဝမ်းနည်းပါတယ်ဗျာ၊ မပေးနိုင်ပါဘူး"

ရှမ်းစုက ....

"ငါ့ညီ ပေးလိုက်တာအကောင်းဆုံးပါပဲကွာ"

"ဟင့်အင်း .... မပေးနိုင်ဘူး"

သိုင်းရာဇာတင်မင်းစိတ်မရှည်တော့ဘဲ ....

"ရှမ်းစု မင်းဘာလုပ်နေတာလဲ၊ သတ်လိုက်ပါတော့လား"

ဟုအော်ပြောလိုက်သည်။ ရှမ်းစုက ....

"ညီလေး ပေးလိုက်ပါ"

ရုတ်တရက် ရှေ့သို့ဖျတ်ခနဲတိုးပြီး တင်ရှောင်လက်ထဲမှ ရှစ်ကွက်အင်းကိုလုယူလိုက်သည်။

"တာ ...."

တင်ရှောင် လွှတ်ခနဲအော်လိုက်မိသည်။ ရှစ်ကွက်အင်းသည် ရှမ်းစု၏လက်ထဲ ပါသွားပြီမဟုတ်ပါလား။

"ဟား .... ဟား .... ဟား"



သိုင်းရာဇာတင်မင်း ဟားတိုက်ရယ်မောလိုက်လေသည်။

"တင်ရှောင်.... မင်း အခုတော့ဘာတတ်နိုင်သေးသလဲ"

ဟုပြောလိုက်သည်။

မှန်ပေသည်၊ တင်ရှောင် ဘာမှမတတ်နိုင်တော့ပါ။

ရှမ်းစုကသိုင်းရာဇာတင်မင်းအနီးသို့လှမ်းသွားပြီး ရှစ်ကွက်အင်းကိုပေးလိုက်၏။ သူက ရှစ်ကွက်အင်းတစ်ဝက်ကိုသာပေးလိုက်ခြင်းဖြစ်သည်။

သိုင်းရာဇာတင်မင်း မျက်မှောင်ကုတ်သွားပြီး ....

"မင်းကဘာ့သဘောလဲကွ"

ဟုမေးလိုက်၏။ ရှမ်းစုက ....

"ကျန်တဲ့တစ်ဝက်ကို ဓေကရာဇ်မင်းနဲ့လဲမယ်"

ဟုအေးတိအေးစက်ပြောလိုက်လေသည်။

"ဟား .... ဟား .... ဟား"

သိုင်းရာဇာတင်မင်း ဟားတိုက်ရယ်မောလိုက်လေသည်။

"မင်းလဲ ငါလိုပဲလောဘကြီးတဲ့လူစာစ်ယောက်ကိုး။ ကဲ .... မင်း ဒီလောက်လိုချင်နေတယ်ဆိုရင်လဲ ငါပေးရမှာပေါ့ကွာ"

ပြောပြောဆိုဆို ခါးမှဓေကရာဇ်ဓားကိုဆွဲထုတ်ကာပစ်ပေးလိုက်လေသည်။

"ဒုတ်"

ဓေကရာဇ်ဓားသည် မြေပေါ်တွင်စိုက်ဝင်သွား၏။

www.burmeseclassic.com



ရှမ်းစုက ရှေ့သို့လှမ်းသွားပြီး ကေရာစ်ဓားကိုဆွဲနုတ်ယူပြီး ရှစ်ကွက်အင်းကျန်တစ်ပိုင်းကို သိုင်းရာဇာတင်မင်းအား ပေးလိုက်၏။

"ဟား .... ဟား .... ဟား"

သိုင်းရာဇာတင်မင်းကဟားတိုက်ရယ်မောရင်း လှမ်းယူ၏။ ထိုစဉ် ရှမ်းစုက ကေရာစ်ဓားဖြင့် လျှပ်တစ်ပြက်ထိုးသွင်းလိုက်လေသည်။ ကေရာစ်ဓားသည် သိုင်းရာဇာတင်မင်း၏ရင်ဝ၌ တန်းတန်းမတ်မတ်စိုက်ဝင်သွားလေတော့သည်။

သိုင်းရာဇာတင်မင်း မျက်လုံးပြူးသွားသည်။

အလွန်ထိတ်လန့်သောအသံဖြင့် ....

"သား ...."

ဟုခေါ်လိုက်သည်။ ထို့နောက် ....

"ဝှန်း"

မြေပေါ်လဲကျသွားလေသည်။

\+ + +



ရှမ်းစုက တင်ရှောင်ဘက်လှည့်လိုက်သည်။

"သူ သစ္စာဖောက်ပြီးလုပ်ကြံမှစ်ခဲ့တဲ့ သူ့ဆရာပေ့ထင်းလုံဟာကျုပ်အဘိုးပါ၊ သူဟာကျုပ်အမေကိုလဲ ဓော်ကားမော်ကားပြီး စွန့်ပစ်ခဲ့တယ်၊ ဒါကြောင့် ကျုပ်ဖေဖေက အမေ့ကိုလက်ထပ်ယူခဲ့တာပါ၊ သူ့စိတ်ထဲမှာ ကျုပ်အမေကိုဓော်ကားခဲ့လို့ ကျုပ်အမေမှာ သူနဲ့ရခဲ့တဲ့ကိုယ်ဝန်ရှိမယ်၊ အဲဒီကလေးဟာ ကျုပ်ပဲလို့ထင်မှတ်သွားပုံရတယ်၊ ဒါပေမဲ့ ကျုပ်ဟာ သူ့ရဲ့သားမဟုတ်ပါဘူး၊ ကျုပ်အမေနဲ့အဘိုးအတွက် သူ့ကိုဆုံးမဖို့လာခဲ့တယ်ဆိုတာ သူသိမသွားဘူး"

တင်ရှောင်ဘာမှပြန်မပြောနိုင်ဘဲငိုင်နေ၏။ ရှမ်းစုက....

"ကျုပ်ဟာ ကေရာစ်ဓားသိုင်းကိုရော ကေရာစ်ဓားကိုပါ ပြန်ရအောင်ယူနိုင်ခဲ့ပါပြီ၊ လူယုတ်မာကိုလဲ သုတ်သင်နိုင်ခဲ့ပြီမို့ တာဝန်ကျေပါပြီ၊ မြောက်ကျွန်းကိုပြန်သွားပါတော့မယ်၊ ဇာတ်ညီ ကျုပ်အပေါ်မှာနားလည်မယ်လို့ထင်ပါတယ်"

စကားဆုံးလျှင် ခြေလှမ်းကျဲကျဲဖြင့်ထွက်သွားလေသည်။

xxxx

www.burmeseclassic.com



ရှမ်းစုထွက်သွားပြီဖြစ်သည်။

လောဘ၊ ဒေါသ၊ မောဟ၊ အာဃာတ တရားများချုပ်ငြိမ်း ကွယ်ပျောက်သွားပြီဟုဆိုနိုင်၏။

တင်ရှောင်ငိုင်နေဆဲ ....

ထိုစဉ် ပြေးသွားလာနေသည့်ကျင်းလေးကိုတွေ့လိုက်ရ၏။

ကျင်းလေး၏ဖခင်ကျင်းရှုန်းလည်း သေဆုံးသွားခဲ့ချေပြီ။

ယခု တင်ရှောင်နှင့်ကျင်းလေးတို့သည် ဘဝတူများဖြစ်သွား ပြီဟုဆိုနိုင်ပါသည်။

သူတို့၏ရှေ့ခရီးသည် ....

ပြီး၏။

*တက္ကသိုလ်နေလင်းအောင်*

www.burmeseclassic.com